The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL. 19, NO. 24 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | July 1, 2019

# ဆန်အရည်အသွေးနှင့် ပြည်ပတင်ပို့ရေး၏ အနာဂတ်

စာမျက်နှာ - ၈ ➢



## ပြည်တွင်းကုန်သည်များ ကုန်သွယ်မှုနှင့် ပတ်သက်၍ သတင်းအချက်အလက် လေ့လာမှု အားနည်း

စာမျက်နှာ - ၂၅ ➢

## အီးဗီဇာ လျှောက်ထားမှုအတွက် ဝက်ဘ်ဆိုဒ်များမှ လျှောက်ထားခြင်းကို ခွင့်မပြုတော့

စာမျက်နှာ - ၂၆ ➢

## CB Bank နှင့် Shop.com.mm တို့ပူးပေါင်း၍ အတိုးမဲ့ အရစ်ကျစနစ်ဖြင့် ဝယ်ယူနိုင်

စာမျက်နှာ - ၂၆ ➢

## တစ်ခါသုံးပစ္စည်းများအန္တရာယ် ကာကွယ်ဖို့ ကိုယ်စီအသိစိတ်ဓာတ်ဖြင့် ပူးပေါင်းကာကွယ်စို့

စာမျက်နှာ - ၂၀ ➢



# Grand Royal Group ၏ ၂၀၁၉ ခုနှစ်အတွင်းထပ်မံအောင်မြင်သည့် CSR Project အားဖိတ်ဆက်ခြင်း












Grand Royal Group ၏ ခံယူချက်တစ်ခုဖြစ်သည့် မိမိနှင့် ဆက်နွယ်နေသူများအတွက် ရေရှည်တည်တံ့ဖွံ့ဖြိုးစေရန် "Being A Good Corporate Citizen" ဆိုသည့် အချက်ကို အမြဲဦးစားပေး လုပ်ဆောင်လျှက်ရှိပါသည်။ ကျွန်တော်တို့နဲ့ ဆက်နွယ်နေသူတွေအတွက် လူနေမှုဘဝနဲ့ သဘာဝပတ်ဝန်းကျင် အကျိုးအမြတ်တွေအတွက်လည်း ကျွန်တော်တို့ရဲ့လူမှုစောင့်ရှောက်ရေး အစီအစဉ် (CSR) ကို အရှိန်အဟုန်မြင့်တင်ဆောင်ရွက်လျှက်ရှိပါသည်။ Grand Roayl Group ၏ CSR လုပ်ငန်းစဉ်များ အတွက် နှစ်စဉ် ကျပ် ၁.၅ ဘီလီယံမှ ၂ ဘီလီယံအထိ နှစ်စဉ်လျာထားသုံးစွဲလျက်ရှိပါသည်။ အချုပ်အားဖြင့်ဆိုရရင် ကျွန်တော်တို့ရဲ့ "Clean Water Project" သန့်စင်သော ရေစက်တိုင်းရဲ့အဖိုးတန်မှုဆိုတဲ့ ရေတွင်းတူးဖော်ခြင်းလုပ်ငန်းဟာဆိုရင် ယခုအချိန်အထိ အိမ်ခြေပေါင်း ၆,၀၀၀ ကျော်ခန့်နှင့် လူပေါင်း ၄၀,၀၀၀ ခန့်ကို ရေသန့်ရရှိနိုင်ရန် လုပ်ပေး နိုင်ခဲ့ပြီဖြစ်သည်။ ထို့အပြင် ကျွန်တော်တို့ရဲ့မျက်စိကုသခြင်းလုပ်ငန်းဟာလည်း လူပေါင်း ၈၀,၀၀၀ ကျော်ရဲ့အမျိုးမျိုးသော မျက်စိဝေဒနာတွေကို ကုသပေးနိုင်ခဲ့ပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့CSR လုပ်ငန်းများအတွက် အမေရိကန် ကုန်သည်ကြီးများအသင်းမှ ပေးအပ်တဲ့ ၂၀၁၈ ခုနှစ် တစ်နှစ်စာလုံးရဲ့အကောင်းဆုံး CSR လုပ်ငန်းဆုကို ၃ နှစ်တိတိ အသိအမှတ်ပြု လက်ခံရရှိခဲ့ပြီး ဖြစ်ပါသည်။

ထို့အပြင် Grand Royal Group သည် ကော်ပိုရိတ်တာဝန်ကျေမှုများထဲမှ အရေးကြီးသည့် အချက်ဖြစ်သော အခွန်ပေးဆောင်မှုကိုလည်း အစဉ်အမြဲ အလေးထားလိုက်နာလျှက်ရှိသည်။ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်အတွက် ကျပ်ဘီလီယံ ၁၀၀ ကျော်ခန့်ကို ပေးဆောင်ခဲ့ပြီး မြန်မာနိုင်ငံ၏ ထိပ်တန်းအခွန်ထမ်းကြီးများစာရင်းတွင် ဆယ်စုနှစ်များစွာကတည်းက နှစ်စဉ်ဖော်ပြခံရလျှက်ရှိသည်။ ထို့အပြင် နိုင်ငံတော်သမ္မတမှပေးအပ်သည့် ထိပ်တန်းအခွန်ထမ်းကြီးများအတွက် ဂုဏ်ပြုဆုများကိုလည်း နှစ်စဉ်ရရှိလျှက်ရှိသည်။

Grand Royal Group ၏ "Clean Water Project" ကို ၂၀၁၆ ခုနှစ်မှ စတင်အကောင်အထည်ဖော်ခဲ့ရာ ရန်ကုန်နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ဦးစားပေးအကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ပြီး ကော့မှူးမြို့နယ်၊ သာစည်မြို့နယ်၊ မိတ္ထီလာနှင့် ကျောက်ပန်းတောင်းခရိုင်တို့တွင် အောင်မြင်စွာနဲ့ အကောင်အထည်ဖော်နိုင်ခဲ့ပြီဖြစ်သည်။ ယခုဆိုလျှင် ကျွန်တော်တို့ရဲ့ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်အတွက် နောက်ဆုံး အကောင်အထည်ဖော်ခဲ့သည့် "Clean Water Project" ကို ၂၀၁၉ ခုနှစ် မတ်လတွင် ဧရာဝတီတိုင်းဒေသကြီး၌ အောင်မြင်ခဲ့ပြီး ဒေသခံ ပြည်သူများ အသုံးပြုလျှက်ရှိနေကြပြီဖြစ်ပါသည်။ ထို့ Project ကို ၂၀၁၈၊ ဒီဇင်ဘာလမှစတင်ခဲ့ပြီး ဧရာဝတီတိုင်းဒေသကြီးပုသိမ်မြို့ ပန်းတနော်နှင့် မအူပင်မြို့များတွင်ရှိသော သောက်သုံးရေခက်ခဲနေသည့် ရှမ်းကွင်း၊ ဘုရားချောင်း၊ ပလောင်နှင့် အကွီကျေးရွာတို့တွင် အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်သည်။ ယခုဆိုလျှင် ကျွန်တော်တို့ရဲ့ ၎င်း Project သည် အိမ်ခြေပေါင်း ၁,၃၈၀ နှင့် လူပေါင်း ၆,၁၉၉ တို့ကို သန့်စင်သော သောက်သုံးရေရရှိနိုင်ရန် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါသည်။ ထို့အပြင် ၂၀၁၉ ခုနှစ် အတွက် Clean Water Project ရဲ့ နောက်ထပ် ခြေလှမ်းဖြစ်တဲ့ ပဲခူးတိုင်းဒေသကြီး သောက်သုံးရေ ရှားပါးသောဒေသများတွင် အကောင်အထည်ဖော်ရန် Survey ဆင်းနေပြီဖြစ်သည်။

"ကျွန်တော်တို့ရဲ့ဒီ Project အတွက် သိန်း ၄၀၀ ခန့် ကုန်ကျခံခဲ့ပြီး ရေသန့်စက်အဆောက်အဦး ၄ ခု၊ ရေသန့်စင်စက် ၄ ခုနဲ့ ရေစုကန် ၄ ခုကို တည်ဆောက်ပေးနိုင်ခဲ့ပါတယ်။ Project ကတော့ မတ်လ ၂၀၁၉ ခုနှစ်ထဲက အောင်မြင်လို့ စတင်လည်ပတ်ခဲ့တာ အကြောင်းကြောင်းကြောင့် အခမ်းအနားကတော့ ဖွန်လ ၂၀၁၉ မှ လုပ်ခဲ့ရတာဖြစ်တယ်။ ကျွန်တော်တို့ အနေနဲ့ နိုင်ငံတော်အစိုးရမှ တာဝန်ရှိသူများနဲ့အတူ Survey လုပ်ပြီးမှ တကယ်လိုအပ်နေတဲ့ ရွာတွေကို ရွေးထုတ်ပြီး ဆောင်ရွက်ပေးတာဖြစ်ပါတယ်။" ဟု CSR Manger ဦးတင့်ဝေမှ ပြောပါသည်။

"ကျွန်တော်တို့ Grand Royal Group အနေဖြင့် ပြည်သူတွေရဲ့လူနေမှုဘဝ တိုးတက်စေဖို့အတွက် အစဉ်အမြဲ တတ်အားသရွေ့ ဆောင်ရွက်ပေးခြင်းကလည်း ကျွန်တော်တို့ရဲ့ အလေးထားရတဲ့ အချက်လည်းဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ CSR လုပ်ငန်းတွေအနေနဲ့ မျက်စိကုသခြင်း၊ သောက်ရေတူးဖော်လှူဒါန်းခြင်း၊ စာသင်ကျောင်းများ ဆောက်လုပ်လှူဒါန်းခြင်းနဲ့ နိုင်ငံအားကစားအတွက် ဘောလုံးအသင်းအား ပံ့ပိုးပေးခြင်းအစရှိတဲ့ ပုံမှန်လုပ်ငန်းတွေအပြင် သဘာဝဘေးအန္တရာယ် ကျရောက်သော ဒေသများတွင်လည်း ထောက်ပံ့လှူဒန်းခြင်းတွေကို ကျွန်တော်တို့ရဲ့ Being A Good Corporate Citize ဆိုတဲ့ ဆောင်ပုဒ်အတိုင်း လုပ်ဆောင်ခဲ့ပါတယ်။ ရှေ့ဆက်ပြီးလည်း ကျွန်တော်တို့အနေနဲ့ CSR အကျိုးပြုလုပ်ငန်းတွေကို ထပ်မံ အကောင်အထည်ဖော် ဆောင်ရွက်သွားမှာပါ" ဟု Grand RoyalGroup ၏ တွဲဖက်ဥက္ကဋ္ဌ ဦးအောင်မိုးကျော်မှ ပြောကြားပါသည်။

"ကျွန်တော်တို့ရွာမှာ အစက သောက်သုံးရေတော်တော်ကို အဆင်မပြေခဲ့ဘူး။ မိုးတွင်းတော့ မိုးရေခံသောက်ရတယ်။ ကျန်တဲ့အချိန်တွေဆို ချောင်းရေနဲ့ လက်ယက်တွင်းပဲ အားကိုးရတာ။ အခုတော့ တစ်ရွာလုံး ကျန်းကျန်းမာမာ အန္တရာယ်ကင်းကင်းနဲ့ သန့်စင်တဲ့ရေကို သောက်သုံးနိုင်ပြီ။" ဟု အကွီကျေးရွာမှ ဦးအုန်းသိန်းက ပြောပါသည်။

ယခင် ဒေသခံပြည်သူများ သောက်သုံးခဲ့သည့် ရေ၏ အခြေအနေ


ပလောင်ကျေးရွာ၊ မအူပင်မြို့နယ်


အကွီကျေးရွာ၊ ပန်းတနော်မြို့နယ်


ရှမ်းကွင်းကျေးရွာ၊ ပုသိမ်မြို့နယ်


ဘုရားချောင်းကျေးရွာ၊ ပုသိမ်မြို့နယ်

ယခု Grand Royal Group မှ သောက်ရေသန့်စက်များနှင့် အဆောက်အဦးများ လှူဒါန်းပြီးစီးသည့် အခြေအနေ






# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပသည့် CLMVT Forum သို့ တက်ရောက်ဆွေးနွေး

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ Renaissance Bangkok Ratchaprasong Hotel ၌ ဇွန် ၂၄ ရက်တွင် ကျင်းပသည့် CLMVT Forum 2019 သို့ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ဝန်ကြီးများနှင့်အတူ ပါဝင်တက်ရောက်ဆွေးနွေးခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲတွင် ထိုင်းနိုင်ငံဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ပြည်ထောင်စုဝန်ကြီးသည် ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ မှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ဝန်ကြီးများနှင့်အတူ Ministerial Conversation– CLMVT ၌ Region of Endless Opportunities ခေါင်းစဉ်ဖြင့် Panelist အဖြစ်ပါဝင်တက်ရောက်ဆွေးနွေးခဲ့ရာတွင် ဒေသတွင်းနိုင်ငံများအနေဖြင့် အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုတွင် ဖြစ်ပေါ်နေသည့်

**စာမျက်နှာ ၁၆ သို့**




## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Chen Hai အား လက်ခံတွေ့ဆုံ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Chen Hai ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ဇွန် ၂၆ ရက် ညနေ ၃ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ (၁) ၌ လက်ခံတွေ့ဆုံခဲ့သည်။

ယင်းသို့တွေ့ဆုံစဉ် ကျောက်ဖြူအထူးစီးပွားရေးဇုန်ရှိ ရေနက်ဆိပ်ကမ်းစီမံကိန်းနှင့် စက်မှုဇုန်စီမံကိန်းများ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရေး၊ နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးဇုန် တည်ထောင်ရေးအတွက် နှစ်ဖက်တာဝန်ရှိသူများအကြား ဆောလျင်စွာ တွေ့ဆုံဆွေးနွေးသွားနိုင်ရေး၊ မြန်မာ့လယ်ယာထွက်ကုန်များ အထူးသဖြင့် ဆန်၊ ပြောင်း၊ သကြားနှင့် ရေထွက်ပစ္စည်းများ တရုတ်နိုင်ငံသို့ တိုးမြှင့်တင်ပို့နိုင်ရေးတို့အတွက် နှစ်ဖက်ညှိနှိုင်းဆောင်ရွက်သွားရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**MOC(IR)**

## ဒုတိယဝန်ကြီး ဦးအောင်ထူး Tier 2 Project Orientation Workshop သို့တက်ရောက် အမှာစကားပြောကြားပြီး ILO Liaison Office in Myanmar မှ Liaison Officer ဖြစ်သူ Mr. Rory Mungoven ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ




စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးသည် ဇွန် ၂၅ ရက် နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ Horizon Lake View Resort Hotel ၌ကျင်းပသည့် Tier 2 Project Orientation Workshop သို့ တက်ရောက်အမှာစကား ပြောကြားသည်။

ဒုတိယဝန်ကြီး ဦးအောင်ထူးက အမှာစကားပြောကြားရာတွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့က ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ၏ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ပေးသော အစီအစဉ်ဖြစ်သည့် Enhanced Integrated Framework (EIF) အစီအစဉ်အရ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်အဆင့် (၂) ဖြစ်သော Tier 2 အဆင့်အား ဆောင်ရွက်နိုင်ရေး Myanmar Services Trade Enhancement Project (မြန်မာ့ဝန်ဆောင်မှု ကုန်သွယ်ရေးကဏ္ဍ မြှင့်တင်ခြင်းစီမံကိန်း) အဆိုပြုလွှာကို ၂၀၁၇ ခုနှစ်မှ စတင်ရေးဆွဲခဲ့ပြီး ၂၀၁၉ ခုနှစ် ဧပြီလတွင် EIF Board မှ အဆိုပါစီမံကိန်းအား အတည်ပြုခဲ့ပြီးဖြစ်ကြောင်း၊ စီမံကိန်းကာလမှာ ၂၀၁၉ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ သုံးနှစ်ဖြစ်ပြီး စီမံကိန်းတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၁ သန်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ဂျီဒီပီနှင့် အလုပ်အကိုင်ရရှိနိုင်စွမ်းကို အထောက်အကူပြုရန် အလားအလာကောင်းများရှိသည့် ဝန်ဆောင်မှုကဏ္ဍအား

**စာမျက်နှာ ၁၆ သို့**

Commerce
J O U R N A L

**အတိုင်ပင်ခံစာတည်း**
မြင့်လွင်
မင်းမင်း
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
အောင်သူရ

**အုပ်ချုပ်ရေးမှူး**
အေးအေးမော်

**တာဝန်ခံစာတည်း**
စိန်သံ

**စာတည်းအဖွဲ့**
ရဲမင်းနိုင်

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
သန်းထိုက်အောင်(ပြင်ပ)၊ စုမြတ်လှိုင်(ပြင်ပ)
ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)၊
ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မွန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်-၂၂၈/၂၄၀၊ ကမ်းနားလမ်း၊
ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၁၁၉၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊ အောင်မျိုး၊
အုန်းခင် (၀၉-၄၃၀၄၁၇၄၉)

**ကွန်ပျူတာ**
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်း)၏ ဆန်ဝင်ရောက်မှုနှင့် ဆန်ဈေးနှုန်းအခြေအနေ

ဆန်စပါးအဓိကထွက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး၊ မြစ်ဝကျွန်းပေါ်ဒေသများဖြစ်သော ဖျာပုံ၊ မြောင်းမြ၊ ပုသိမ်၊ ဒေးဒရဲ၊ ကွမ်းခြံကုန်း၊ ဝါးခယ်မ၊ အိမ်မဲ၊ ဘိုကလေး၊ မော်လမြိုင်ကျွန်း၊ လပွတ္တာ၊ လှိုင်းဘုန်း၊ ကျိုက်လတ်၊ ကျိုက်ပိတို့မှ ဆန်များကို သင်္ဘောဖြင့် ရေလမ်းခရီးမှ ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်း)သို့ ဝင်ရောက်မှုရှိပြီး ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်း)မှ ရန်ကုန်မြို့ဒေသတွင်းနှင့် မြန်မာနိုင်ငံတစ်ဝန်းသို့ တင်ပို့ရောင်းချမှုများရှိသည်။

ဆန်စပါးကုန်စည်ဒိုင်(ဝါတန်း)သို့ ဧရာဝတီတိုင်းဒေသကြီးမှ ဇွန် ၂၁မှ ၂၆ ရက်အထိ ဆန်အိတ်ရေ ၁၁၀၃၄၈ ဝင်ရောက်ခဲ့သည်။ ဆန်ဈေးနှုန်းများမှာ ပေါ်ဆန်းဆန်ထိပ်စတစ်အိတ် ၃၆၀၀၀ ကျပ်၊ လတ်စတစ်အိတ် ကျပ် ၃၄၀၀၀၊ အောက်စတစ်အိတ် ကျပ် ၃၃၀၀၀ ဖြစ်သည်။ ပေါ်ကျွဲဆန် ထိပ်စတစ်အိတ် ကျပ် ၂၈၀၀၀၊ လတ်စတစ်အိတ် ကျပ် ၂၇၀၀၀၊ အောက်စ တစ်အိတ်ကျပ် ၂၆၅၀၀ ဖြစ်သည်။ ဧည့်မထဆန်ထိပ်စ တစ်အိတ် ကျပ် ၂၀၀၀၀၊ လတ်စတစ်အိတ် ကျပ် ၁၉၅၀၀၊ အောက်စ တစ်အိတ် ကျပ် ၁၉၀၀၀ ဖြစ်သည်။ မိုးသုခဆန် ထိပ်စတစ်အိတ် ကျပ် ၂၄၅၀၀-၂၆၀၀၀၊ ရက်၉၀ ရှယ် တစ်အိတ် ကျပ် ၂၁၅၀၀-၂၂၀၀၀၊ သီးထပ်ရှယ် တစ်အိတ် ကျပ် ၂၀၅၀၀-၂၁၀၀၀ ဖြစ်ပြီး ငစိန်ဆန် ထိပ်စတစ်အိတ် ကျပ် ၁၉၇၀၀၊ လတ်စတစ်အိတ် ကျပ် ၁၉၅၀၀၊ အောက်စတစ်အိတ် ကျပ် ၁၉၀၀၀ နှင့် ရွှေဘိုပေါ်ဆန်းဆန် တစ်အိတ်ကို ကျပ် ၄၈၅၀၀-၅၄၀၀၀တို့ ဖြစ်သည်။

ကုန်စည်ဒိုင်သို့ ပုံမှန်ဝင်ရောက်မှုရှိပြီး ရောင်းဝယ်မှုအခြေအနေမှာ ယခုအချိန်တွင် ဆန်ကြမ်းဖြစ်သော ဧည့်မထဆန်၊ ရက် ၉၀ ဆန်နှင့် သီးထပ်ရှယ်တို့မှာ ဈေးငြိမ်လျက်ရှိပြီး အရောင်းအဝယ်ပုံမှန်ရှိကြောင်း၊ လက်လီဆိုင်သမားနှင့် ပွဲရုံသမားများ၏ လိုအပ်ချက်ရှိသလောက် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ဆန်ချောဖြစ်သည့် ပေါ်ဆန်းဆန်နှင့် ပေါ်ကျွဲဆန်တို့မှာ အရောင်းအဝယ်အေးလျက်ရှိကြောင်း သိရှိရသည်။ မြန်မာ့ဆန်နှင့်ဆန်ကွဲ ပြည်ပတင်ပို့မှုမှာ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်၊ အောက်တိုဘာလ ၁ ရက်မှ ဇွန် ၂၁ ရက်အထိ ဆန်တင်ပို့မှုမှာ တန်ချိန် ၁၃၈၂၄၂၃ ဒသမ ၉၃၂၊ အမေရိကန်ဒေါ်လာ ၄၃၁ ဒသမ ၅၂၀ ဖြစ်၍ ယခင်နှစ်ကာလတူထက် တန်ချိန် ၇၆၄၈၈၆ ဒသမ ၆၂၂၊ အမေရိကန်ဒေါ်လာ ၃၁၆ ဒသမ ၆၄၂ လျော့နည်းတင်ပို့နိုင်ခဲ့ပြီး ဆန်ကွဲတင်ပို့မှုမှာ တန်ချိန် ၃၃၇၇၇၂ ဒသမ ၂၆၀၊ အမေရိကန်ဒေါ်လာ ၉၁ ဒသမ ၁၃၈ ဖြစ်၍ ယခင်နှစ်ကာလတူထက် တန်ချိန် ၈၁၆၇၃ ဒသမ ၂၇၅၊ အမေရိကန်ဒေါ်လာ ၂၇ ဒသမ ၈၅၉ လျော့နည်းတင်ပို့နိုင်ခဲ့သည်။

CSM

## ပုသိမ်မြို့နယ် ဆန်/စပါးဈေးကွက် ပုံမှန်ရှိပြီး နွေစပါးဈေးနှုန်းအနည်းငယ်မြင့်တက်

ပုသိမ်မြို့နယ် ဆန်စပါးဈေးကွက်မှာ ယခုဇွန်လတွင် ယခင်မေလအတိုင်း ဈေးနှုန်းပြောင်းလဲမှုမရှိဘဲ နွေသီး ထပ်ရင်စပါးဈေးနှုန်းသာ အနည်းငယ်ပြောင်းလဲမှုရှိကြောင်း သိရသည်။ ဧရာဝတီပေါ်ဆန်း ၅၂ ပေါင်တင်း ၁၀၀ ကို ကျပ် ၁၂ သိန်း ၁၃ သိန်းဝန်းကျင်၊ ရွှေသွယ် စပါးပေါင် ၅၀ တင်း ၁၀၀ ကို ကျပ်ရှစ်သိန်းခွဲဝန်းကျင်၊ မိုးမနောသုခ၊ မျိုးပွား ပေါင် ၅၀တင်း ၁၀၀ ကို ကျပ် ၆၂၀၀၀၀-၆၃၀၀၀၀ နှင့် ဈေးကွက်တွင် ပေါ်ဆန်း၊ ဧည့်မထဆန်အမြင့်အုပ်စုများဖြစ်သော ရွှေသွယ်၊ မီးကောက် ဈေးကွက်မှာ ပုံမှန်ရောင်းဝယ်မှုရှိပြီး ဈေးတန်းအနိမ့်ဆုံးနှင့် အရောင်းအဝယ် အများဆုံးဖြစ်သော နွေသီးထပ်ရင်စပါးဈေးမှာ ပေါင် ၅၀ တင်း ၁၀၀ ကို ကျပ် ၅၀၀၀၀၀-၅၂၀၀၀၀ ဈေးရှိသော်လည်း စပါးကောင်း၍ ကြိတ်ခွဲရာတွင် အကျိုးအကြေနည်းပါးလျှင် ကျပ် ၅၃၀၀၀၀-၅၄၀၀၀၀ ဈေးရှိကြောင်း သိရသည်။

**မင်းမင်းဦး(ပုသိမ်)**

## ယခုတစ်ပတ် ဆန်နှင့်ဆန်ကွဲတန်ချိန် သုံးသောင်းကျော်တင်ပို့

ဇွန်၁၅ရက်မှ ၂၁ရက်အထိ သီတင်းတစ်ပတ်အတွင်း မြန်မာ -တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ တစ်သန်းကျော်တန်ဖိုးရှိ ဆန်တန်ချိန် ၆၅၅၀ ကျော်တင်ပို့ခဲ့ပြီး မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ဆန်တန်ချိန် ၆၁၈၀ကျော်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ တန်ချိန်၁၇၀ ကျော်နှင့် လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှတန်ချိန် ၁၉၀ ကျော်တင်ပို့ခဲ့သည်။ ယခင်တစ်ပတ် တင်ပို့မှုနှင့်နှိုင်းယှဉ်ပါက ချင်းရွှေဟော်နှင့်လွယ်ဂျယ်မှ ပိုမိုတင်ပို့ခဲ့သော်လည်း မူဆယ်မှ အပို့လျော့ကျခဲ့သည်။ ယခုတစ်ပတ်ဆန်ကွဲတင်ပို့မှုမှာမူဆယ်မှ တန်ချိန်၂၀၀နှင့် လွယ်ဂျယ်မှတန်ချိန် ၂၀ကျော်ဖြစ်သည်။ လွယ်ဂျယ်မှ ပုံမှန်တင်ပို့မှုရှိသော်လည်း မူဆယ်မှအပို့လျော့ကျခဲ့ကြောင်း သိရသည်။



ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဇွန် ၁၆ ရက်မှ ၂၂ ရက်အထိ သီတင်းတစ်ပတ်အတွင်း အမေရိကန်ဒေါ်လာငါးသန်းကျော်တန်ဖိုးရှိဆန်တန်ချိန်၁၈၃၀၀ကျော်တင်ပို့ခဲ့ကြောင်း သိရသည်။ ယခု တစ်ပတ်တွင် အာရှ၊ အာဖရိကနှင့် အီးယူနိုင်ငံများသို့ ပုံမှန်တင်ပို့သည့်အပြင် အရှေ့တီမောနှင့် အာဘေးနီးယန်းတို့ကိုပါဈေးကွက်သစ်အနေဖြင့် တင်ပို့နိုင်ခဲ့သည်။ အများဆုံး တင်ပို့မှုများမှာ မက်ဒါဂါစကားနိုင်ငံသို့တန်ချိန် ၅၃၅၀၊ ဖိလစ်ပိုင်နိုင်ငံသို့ တန်ချိန် ၄၈၀၀၊ အီးယူနိုင်ငံများသို့ တန်ချိန်၃၂၆၀ ကျော်၊ တရုတ်နိုင်ငံသို့ တန်ချိန် ၁၆၀၀ကျော်နှင့်ဈေးကွက်သစ်ဖြစ်သည့် အရှေ့တီမောသို့ တန်ချိန် ၃၉၀ နှင့်အာဘေးနီးယန်းသို့တန်ချိန် ၂၆၀တင်ပို့ခဲ့ကြောင်းသိရသည်။

ယခင်တစ်ပတ်တင်ပို့မှုနှင့်နှိုင်းယှဉ်ပါက ထက်ဝက်ခန့်လျော့ကျခဲ့သည်။ ဆန်တင်ပို့မှုလျော့ကျခဲ့သော်လည်း ဆန်ကွဲပိုမိုတင်ပို့နိုင်ကြောင်းသိရသည်။ ယခုတစ်ပတ် ဆန်ကွဲတင်ပို့မှုမှာ တန်ဖိုးအမေရိကန်ဒေါ်လာနှစ်သန်းကျော်နှင့် တန်ချိန် ၉၈၁၀ဖြစ်ပြီး စင်ကာပူ၊ အင်ဒိုနီးရှား၊ မက်ဒါဂါစကားနှင့်အီးယူနိုင်ငံများသို့တင်ပို့ခဲ့သည်။ ယခင်တစ်ပတ်တင်ပို့မှုနှင့်နှိုင်းယှဉ်ပါက တန်ချိန် ၆၀၀ ကျော်ပိုမိုတင်ပို့နိုင်ခဲ့သည်။

ယခုတစ်ပတ်ဆန်နှင့်ဆန်ကွဲတင်ပို့မှုစုစုပေါင်းမှာဆန်တန်ချိန် ၂၄၉၀၀ နှင့် ဆန်ကွဲတန်ချိန် ၁၀၀၀၀ ကျော်ဖြစ်သည်။

**ယဉ်ယဉ်အေး**

## အာရှနိုင်ငံများမှ FOB ဆန်ဈေးနှုန်းများ

၂၈-၆-၂၀၁၉ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၄၀၂ | ၄၀၄ | △ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၉၂ | ၃၉၄ | △ | ၃၃၀ | ၃၂၈ | ▽ | ၃၉၀ | ၃၈၀ | ▽ | ၃၆၀ | ၃၅၉ | ▽ |
| ဆန်ဖြူ ၁၀% | ၃၉၁ | ၃၉၃ | △ | ၃၂၈ | ၃၂၅ | ▽ | - | - | - | ၃၅၅ | ၃၅၄ | ▽ |
| ဆန်ဖြူ ၁၅% | ၃၈၇ | ၃၈၉ | △ | ၃၂၅ | ၃၂၃ | ▽ | - | - | - | ၃၅၀ | ၃၄၉ | ▽ |
| ဆန်ဖြူ ၂၅% | ၃၇၈ | ၃၈၀ | △ | ၃၀၇ | ၃၀၆ | ▽ | ၃၆၀ | ၃၆၅ | △ | ၃၂၀ | ၃၂၀ | □ |
| ပေါင်းဆန် | ၄၂၇ | ၄၂၉ | △ | - | - | - | ၃၆၆ | ၃၆၆ | □ | - | - | - |

*Source: liverice*

## ပြည်တွင်းမြို့ကြီးများ၏ (၂၈-၆-၂၀၁၉)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| ဆန်ပိုဒေသများ | | | | | | | | |
| ပြည် | ၄၃၂၀ | ▽ | ၂၀၀၀၀ | □ | ၉၁၅၀ | □ | ၄၀၀၀၀ | □ |
| ပုသိမ် | ၅၇၈၀ | △ | ၂၄၀၀၀ | △ | ၉၂၀၀ | □ | ၄၁၀၀၀ | □ |
| ပဲခူး | ၅၄၅၀ | □ | ၂၂၀၀၀ | □ | - | - | ၄၃၀၀၀ | □ |
| ရွှေဘို | ၈၅၀၀ | □ | ၃၂၀၀၀ | □ | ၁၄၅၀၀ | □ | ၄၆၀၀၀ | □ |
| စစ်တွေ | ၅၅၀၀ | □ | ၂၅၀၀၀ | △ | ၉၆၀၀ | □ | ၄၁၀၀၀ | □ |
| ဆန်လိုဒေသများ | | | | | | | | |
| နေပြည်တော် | ၆၇၀၀ | □ | ၂၆၀၀ | □ | - | - | ၄၇၅၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၅၃၀၀ | △ | ၂၈၀၀၀ | □ | - | - | ၅၂၀၀၀ | □ |
| မန္တလေး | ၇၀၀၀ | □ | ၂၅၀၀၀ | □ | - | - | ၅၀၀၀၀ | □ |
| မကွေး | ၇၀၀၀ | □ | ၂၄၀၀၀ | | - | - | ၅၃၀၀၀ | □ |
| မော်လမြိုင် | ၅၅၀၀ | □ | ၂၂၀၀၀ | □ | ၉၆၆၀ | □ | ၃၈၀၀၀ | □ |
| လှိုင်ကော် | ၈၆၉၀ | □ | ၄၃၀၀၀ | □ | - | - | ၆၇၀၀၀ | □ |
| မြိတ် | ၅၆၀၀ | □ | ၂၄၅၀၀ | △ | - | - | ၄၇၀၀၀ | △ |
| ဘားအံ | ၅၅၀၀ | □ | ၂၁၀၀၀ | □ | - | - | ၄၈၅၀၀ | □ |

မှတ်ချက်။ ။ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင် မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

| ၂၁-၆-၂၀၁၉ မှ ၂၇-၆-၂၀၁၉ ထိ Online CO Application မှ CO / Proudct Card / CE လျှောက်ထားမှုစာရင်း | | | | | | | |
|---|---|---|---|---|---|---|---|
| No | Form Tpye | New | Amend | Extension | Cancel | True Copy | Total |
| 1. | Certificate of Origin (COs) | | | | | | |
| | Form A | 306 | 13 | - | - | - | 319 |
| | Form AANZ | 14 | - | - | - | - | 14 |
| | Form AI | 128 | 10 | - | - | - | 138 |
| | Form AJ | 25 | 3 | - | - | - | 28 |
| | Form AK | 188 | 12 | - | - | - | 200 |
| | Form CNINA | - | - | - | - | - | - |
| | Form D | 164 | 13 | - | - | - | 177 |
| | Form DFTP | 4 | 1 | - | - | - | 5 |
| | Form E | 101 | 9 | - | - | - | 110 |
| | Form Korea | 14 | - | - | - | - | 14 |
| 2. | Product Card | - | - | - | - | - | - |
| 3. | Certified Exporter | - | - | - | - | - | - |
| | Total | 944 | 61 | - | - | - | 1005 |

# ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၂၈-၆-၂၀၁၉ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၂၁/၆ | ၂၈/၆ | ပြောင်းလဲမှု | ၂၁/၆ | ၂၈/၆ | ပြောင်းလဲမှု | ၂၁/၆ | ၂၈/၆ | ပြောင်းလဲမှု | ၂၁/၆ | ၂၈/၆ | ပြောင်းလဲမှု |
| မတ်ပဲ | ၁၄၁၉ | ၉၅၄ | ▼ | ၁၄၀၀ | ၁၃၆၇ | ▼ | ၁၃၀၀ | ၁၃၀၀ | ■ | ၁၄၀၀ | ၁၃၇၅ | ▼ |
| ပဲစင်းငုံ | ၁၅၄၃ | - | - | ၁၇၁၇ | ၁၆၈၃ | ▼ | ၁၇၀၀ | ၁၆၂၅ | ▼ | ၁၇၀၀ | ၁၆၇၅ | ▼ |
| ပဲတီစိမ်း | ၁၇၀၀ | ၁၆၆၅ | ▼ | ၁၆၇၁ | ၁၇၆၀ | ▲ | ၁၆၀၅ | ၁၆၈၄ | ▲ | ၁၅၃၀ | ၁၅၅၅ | ▲ |
| ကုလားပဲရိုးရိုး | ၁၉၂၅ | ၁၉၀၀ | ▼ | ၁၄၅၉ | ၁၄၁၅ | ▼ | ၁၄၄၇ | ၁၄၂၁ | ▼ | ၁၄၆၀ | ၁၄၂၀ | ▼ |
| ပဲလွန်းဖြူ | ၁၁၀၀ | ၁၁၀၀ | ■ | ၁၁၃၃ | ၁၁၆၇ | ▲ | ၁၉၀၀ | ၁၀၀၀ | ▼ | ၁၁၀၅ | ၁၁၆၀ | ▲ |
| ထောပတ်ပဲ | ၁၇၃၅ | ၁၆၅၀ | ▼ | ၁၇၉၆ | ၁၇၉၃ | ▼ | ၁၅၇၉ | ၁၅၂၆ | ▼ | ၁၅၈၀ | ၁၅၈၀ | ■ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

# အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၁၅.၆.၁၉)ထိ | ယခုတစ်ပတ် (၂၂.၆.၁၉)ထိ | (၁.၁.၁၉) မှ (၂၂.၆.၁၉) ထိ |
| မတ်ပဲ | ၁၅၁၅၉၃ | ၆၂၂၅ | ၁၅၇၈၁၈ |
| ပဲတီစိမ်း | ၁၃၆၇၈၆ | ၄၃၄၃ | ၁၄၁၁၂၉ |
| ပဲစင်းငုံ | ၄၁၇၁၈ | ၁၁၈၈ | ၄၂၉၀၆ |
| ကုလားပဲ | ၄၆၀၅၂ | ၁၅၇ | ၄၆၂၀၉ |
| ပဲလွန်းဖြူ | ၂၇၅၂၈ | ၂၉၃ | ၂၇၈၂၁ |
| မြေထောက်ပဲ | ၇၂၁၄ | ၁၃၃ | ၇၃၄၇ |

# ကယားပြည်နယ်အတွင်း ကုန်စည်စီးဆင်းမှုနှင့် ဈေးနှုန်းဈေးကွက်အခြေအနေ

ဇွန် ၁၅ ရက်မှ ၂၁ ရက်အထိ မယ်စဲ့နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းဖြစ်သော ကယားပြည်နယ်၊ လွိုင်ကော်မြို့မှ ထိုင်းနိုင်ငံ၊ မယ်ဟောင်ဆောင်သို့ကုန်ပစ္စည်းတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၆၃၀တန်ဖိုးရှိ ကြက်သွန်နီ နှစ်တန် တင်ပို့နိုင်ခဲ့ပြီး ထိုင်းနိုင်ငံ၊ မယ်ဟောင်ဆောင်ဘက်မှတစ်ဆင့် ပြန်လည်တင်သွင်းမှုမှာ အမေရိကန်ဒေါ်လာ ၃၉၀၀ တန်ဖိုးရှိ ဟင်းချိုမှုန့် သုံးတန်ကျော်၊ အမေရိကန်ဒေါ်လာ ၁၁၈ တန်ဖိုးရှိ ပဲနို့ဘူး အရေအတွက် ၂၀၀ တို့ဖြင့် ယခုတစ်ပတ်အတွင်း စုစုပေါင်း ကုန်သွယ်မှုပမာဏတန်ဖိုး ၄၆၄၈ ဒေါ်လာ ကုန်သွယ်မှုပြုနိုင်ခဲ့ပြီး ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် ကုန်သွယ်မှုပမာဏ တန်ဖိုး ၄၁၅၂ ဒေါ်လာကုန်သွယ်မှု လျော့နည်းသွားကြောင်း မယ်စဲ့ကုန်သွယ်ရေးစခန်းစာရင်းများအရ သိရှိရသည်။

ဇွန် ၂၀ရက်မှ ၂၆ရက်အထိ ကယားပြည်နယ်မှမန္တလေးမြို့သို့ ဒေသထွက် ဧည့်မထဆန်အိတ် စုစုပေါင်း ၁၉၂၀ အိတ် တန်ချိန်အားဖြင့် ၉၆ တန်ခန့်တင်ပို့ခဲ့ကြောင်း၊ ရန်ကုန်မှ လွိုင်ကော်သို့ ဆန်တင်သွင်းမှုမှာ ၂၇၄၅ အိတ်၊ ရွှေဘိုမြို့မှ ၁၀၀၀ အိတ် တင်သွင်းခဲ့ရာ ဆန်အိတ်စုစုပေါင်း ၃၇၄၅ အိတ်၊ တန်ချိန်အားဖြင့် ၁၈၈ ဒသမ ၀၄ တန် တင်သွင်းခဲ့ပြီး ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် ကယားပြည်နယ်၊ လွိုင်ကော်မြို့မှ မန္တလေးမြို့သို့ ဒေသထွက် ဧည့်မထဆန်တင်ပို့မှု ၇၈ ဒသမ ၈၃ တန်ခန့် တင်ပို့မှုပိုမိုလာပြီး ပြည်နယ်အတွင်းသို့ အခြားမြို့ကြီးများမှ ၁၀၈ တန်ခန့် တင်သွင်းမှုလျော့နည်းခဲ့သည်။ ပြောင်းတင်ပို့မှုအနေဖြင့် ကယားပြည်နယ်မှ မန္တလေးနှင့်အခြားမြို့ကြီးများသို့ စုစုပေါင်း ပြောင်း ၁၈၄၇၀ အိတ် တန်ချိန်အားဖြင့် ၉၀၄ ဒသမ ၇၉ တန်ခန့် တင်ပို့ခဲ့ကြောင်း ပြည်နယ်အထွက်ဂိတ်စာရင်းများအရ လေ့လာသိရှိရသည်။

ကယားပြည်နယ်အတွင်း လက်ရှိစပါးဈေးနှုန်းများမှာ ဧည့်မထ(မိုး)စပါးတင်း ၁၀၀ လျှင် ကျပ် ၈၆၉၀၀၀ ဈေးပေါက်ကြောင်း၊ ဆန်ဈေးနှုန်းများမှာ ပေါ်ဆန်းဆန်တစ်အိတ်လျှင် ကျပ် ၆၇၀၀၀၊ ဧည့်မထဆန် တစ်အိတ်လျှင် ကျပ် ၄၃၀၀၀၊ ငစိန်ဆန်တစ်အိတ်လျှင် ကျပ် ၂၇၅၀၀၊ စားသုံးဆီဈေးနှုန်းများမှာ ပဲဆီ (စည်ပင် လက်လီဈေး) ကျပ် ၆၀၀၀၊ နှမ်းဆီ(စည်ပင် လက်လီဈေး)ကျပ် ၇၀၀၀၊ စားအုန်းဆီ (စည်ပင် လက်လီဈေး) ကျပ် ၂၃၀၀၊ ပြောင်း (ခြောက်) တစ်ပိဿာလျှင် ကျပ် ၄၀၅၊ စားဖိုဆောင်သီးနှံဈေးနှုန်းများမှာ ငရုတ်သီးခြောက်အရှည် တစ်ပိဿာလျှင် ကျပ် ၇၀၀၀၊ ငရုတ်သီးခြောက်အပု တစ်ပိဿာလျှင် ကျပ် ၁၈၀၀၀၊ ကြက်သွန်နီတစ်ပိဿာလျှင် ကျပ် ၁၀၀၀၊ ကြက်သွန်ဖြူတစ်ပိဿာလျှင် ကျပ် ၁၈၀၀ဖြင့်ဈေးကွက်အတွင်းအရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ကယားပြည်နယ်စားသုံးသူ ကုန်ဈေးနှုန်းသတင်းများအရ သိရှိရသည်။

**ဖြိုးဝေအောင်(ကယား)**

# ပြည်ကုလားပဲ ဟော်လန်အမျိုးအစား ခွဲစက်သမားများ နေ့စဉ်ဝယ်ယူ

ယခုတစ်ပတ် ပြည်ဈေးကွက်သို့ ကုလားပဲသီးနှံဝင်ရောက်မှု နည်းနေသော်လည်း လှောင်ပဲများရှိနေသည့်အတွက် ခွဲစက်သမားများ ဝယ်ယူသလောက် ရောင်းချနိုင်ခဲ့သည်။ ထို့ကြောင့် နေ့စဉ်အိတ် ၃၀၀ကျော်အထိ အရောင်းအဝယ် ဖြစ်ခဲ့ပြီး ပဲဈေးမှာတစ်တင်း ကျပ် ၂၉၀၀၀ဖြင့်ရရှိနေသည်။ ကုလားပဲသီးနှံအမျိုးအစားမှာ ဟော်လန်ပဲဖြစ်ပြီး အခြားအမျိုးအစားဖြစ်သောမြကြေးမှုံနှင့်ဖြူလုံးကြီး အမျိုးအစားများမှာ ဟော်လန်ကဲ့သို့ နေ့စဉ်ရောင်းဝယ်မှုမဖြစ်ဘဲ ရက်ခြားသာရောင်းဝယ်မှုဖြစ်ခဲ့သည့်ပဲဈေးနှုန်းမှာတော့ မြကြေးမှုံကတစ်တင်း ကျပ်၃၁၀၀၀၊ ဖြူလုံးကြီးကတစ်တင်း ကျပ် ၂၈၂၀၀ ဖြင့် ရောင်းဝယ်ခဲ့ကြောင်း သိရသည်။

**ခင်ဆွေဝင်း(ပြည်)**

# ရေနံချောင်း၌ ပဲလွန်းကောင်းထောင်ကျော်စိုက်ရန် လျာထား

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်၌ မိုးပဲနှင့်ဆောင်းပဲအဖြစ် ပဲလွန်းကိုစိုက်ကြရာ၌ ယခုနှစ်တွင် ပဲလွန်းစိုက်ဧကေါင်းထောင်ကျော်စိုက်ရန် လျာထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်နှင့်ချောက်မြို့နယ်တို့၌ ပဲလွန်းကို မိုးပဲအဖြစ် စိုက်နေကြပြီဖြစ်ရာ ပြည်တွင်းဈေးကွက်နှင့်ပြည်ပဈေးကွက်အဓိကအားထားရောင်းဝယ်သည့်သီးနှံဖြစ်ပြီး တောင်သူများဝင်ငွေရနေကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

“ပဲလွန်းကိုစိုက်ရာမှာတော့ မြေပဲ၊ နှမ်းတို့လို မဟုတ်ဘူး။ မြေပဲသုံးဧကကို အရင်းအနှီးအနည်းဆုံး မြေပဲဆန်ဖိုးကျပ်သုံးသိန်းဝန်းကျင်ကုန်တယ်။ ပဲလွန်းကတော့ သုံးဧကကို ပဲလွန်းစေ့ဖိုးကျပ် ၂၀၀၀၀ ကုန်တယ်။ ဒါကြောင့် ပဲလွန်းစိုက်သူက စရိတ်သက်သာခြင်းနဲ့ဈေးကွက်၌ အသုံးများ အဝယ်များခြင်းကြောင့်ဖြစ်တယ်”ဟုရေနံချောင်းမြို့နယ်မှ ဦးထွန်းဦးက ပြောသည်။

“ပဲဈေးကွက်အနေအထားကလည်း ပဲတစ်တင်းကျပ် ၂၂၀၀၀၊ လက်လီပဲလွန်းတစ်ပြည်ကျပ်၁၇၀၀ရောင်းရတယ်။ မုန့်လုပ်ငန်းက ပဲလွန်းကို ယိုအဖြစ်သုံးတယ်။ မြန်မာ့ရိုးရာအစားအစာမှာ အမျိုးအစား ၂၀နီးပါး သုံးတာတွေ့ရတယ်။ ပြည်ပဈေးကွက်ကိုလည်း ပို့တာကြောင့် စိုက်ကြတာ”ဟု ရေနံချောင်းမြို့ ပဲဈေးကွက်မှပွဲစားတစ်ဦးက ပြောသည်။

၂၀၁၉ ခုနှစ်မိုးရာသီတွင်ပဲလွန်းဧက ၃၆၁၀ နှင့် ဆောင်းတွင် ဧက ၁၄၁၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ တစ်ဧကလျှင် ပဲထွက်နှုန်းမိုးပဲကို တင်း၈ ဒသမ ၅၈နှင့်ဆောင်းပဲကတင်း၁၀ ဒသမ ၈၇တင်းထွက်ဖြစ်ပြီး စုစုပေါင်းတင်း၄၆၇၂၈ထွက်ရန် လျာထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။

**ရွှေဇင်(ရေနံချောင်း)**

# ပြည်ပဲနီပြားသီးနှံ လက်ကျန်ပဲအချို့ လက်လီရောင်းဝယ်မှုဖြစ်

ပြည်ဈေးကွက်၌ ပဲနီပြားသီးနှံသည် ဈေးကောင်းရရှိနေသည့် သီးနှံထဲတွင်ပါဝင်နေပြီး ယခုလအတွင်း ဈေးအနည်းငယ်လျော့သွားခြင်းကြောင့် တစ်တင်း ကျပ် ၂၄၀၀၀ဖြင့် လက်ကျန်ပဲအချို့ရောင်းဝယ်နေခဲ့ကြသည်။ ဒေသတွင်းလက်လီသမားများ ဝယ်ယူနေသလို ရန်ကန်-ပြည်ရထားလမ်းတစ်လျှောက် မြို့နယ်များ၌လည်း ဝယ်ယူမှုရှိခဲ့ကြသည်။

ပဲနီပြားသီးနှံမှာ ယခင်နှစ်ကလည်း ဈေးကွက်အတွင်း ဈေးကောင်းဝင်သီးနှံဖြစ်ခဲ့ကာ တစ်တင်း ကျပ်၃၅၀၀၀အထိ ရရှိခဲ့ပြီး ယခုနှစ်ဈေးမှာဈေးကောင်းနေသည်ဆိုသော်လည်း ယခင်နှစ်ဈေးထက်တော့ ကျပ်တစ်သောင်းအောက် လျော့နည်းနေခဲ့ကြောင်း လေ့လာသိရှိရသည်။

**ခင်ဆွေဝင်း**

# အဝင်နည်းသော်လည်း အရောင်းအဝယ် ပုံမှန်ဖြစ်နေသည့် ပြည်မြေပဲဆန်

ပြည်ဈေးကွက်သို့ မြေပဲဆန်များ ရခိုင်ပြည်နယ်နှင့်မင်းတုန်းဘက်မှ တစ်နေ့လျှင် အိတ် ၁၀၀ ခန့် ဝင်ရောက်လျက် ရှိသည်။ စိုက်ပျိုးချိန်ဖြစ်၍ ဈေးကွက်တွင် မြေပဲဆီဆန်လက်ကျန်အနည်းငယ်သာရှိသေးသဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ဆီဆန်ကိုဆီစက်သမားများက ပုံမှန်အဝယ်ရှိ၍ လုံးဆန်မှာဈေးကွက်တွင် ပစ္စည်းပျက်သော်လည်း ဈေးရှိနေသည်။ တချို့ပွဲရုံများက လှောင်ထားတဲ့ မြေပဲလုံးဆန်(နီ)ကို အဝယ်ရှိ၍ ရောင်းချသည့်အခါ ဈေးမြင့်ပြီးရောင်းချသည့်အတွက် လုံးဆန်(နီ)ဈေးက မြင့်လာတာတွေ့ရသည်။

ယခုတစ်ပတ် မြေပဲဆန်ဈေးများမှာ ဆီဆန်တစ်ပိဿာလျှင် ကျပ် ၃၀၀၀၊ လုံးဆန်(ဖြူ)တစ်ပိဿာလျှင် ကျပ် ၃၃၅၀ ဖြင့် ယခင်တစ်ပတ်ကအတိုင်း ဈေးငြိမ်နေပြီး လုံးဆန်(နီ)တစ်ပိဿာလျှင် ကျပ် ၃၇၀၀ ထိ မြင့်တက်လာသည်။

**ဝေဝေမင်း(ပြည်)**

# ပြည်ဈေးကွက်တွင် မိုးနှမ်းစိုက်ချိန် အရောင်းအဝယ်အေးနေ

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်အနေဖြင့်မိုးနှမ်းများစိုက်ပျိုးနေချိန်ဖြစ်၍ ပြည်ဈေးကွက်တွင် နှမ်းအရောင်းအဝယ်အေးနေသည်ကို တွေ့ရသည်။

နှမ်းနီမှာဈေးကွက်တွင် ပစ္စည်းမရှိ၍ အရောင်းအဝယ်မဖြစ်သော်လည်း ကျန်နှမ်းများသည် အရောင်းအဝယ် အနည်းငယ်ဖြစ်နေသည်ကို တွေ့ရသည်။ နှမ်းနက်ကိုဆီစက်သမားများက နှမ်းနီမရှိ၍ ဝယ်ယူဆီကြိတ်ရသဖြင့် အရောင်းအဝယ်ဖြစ်သကဲ့သို့ စမုံနက်နှမ်းကို ဝယ်လက်အနည်းငယ်ရှိ၍ တစ်နေ့လျှင် အိတ် (၁၀၀-၁၅၀) လောက်သာ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ယခုတစ်ပတ် ပြည်ဈေးကွက်တွင် နှမ်းဈေးများမှာ နှမ်းနီတစ်တင်းလျှင် ကျပ် ၅၆၀၀၀ ဖြင့်ပစ္စည်းမရှိသော်လည်း ယခင်တစ်ပတ်က ဈေးအတိုင်းဖြစ်နေပြီး စမုံနက်နှမ်းတစ်တင်းလျှင် ကျပ်၈၀၀၀၀ဖြင့် ဝယ်လက်ရှိ၍ ဈေးမြင့်လာသည်ကို တွေ့ရသည်။

နှမ်းနက်ကတော့ ဆီစက်သမားများက လိုမှဝယ်ယူသဖြင့် ရံဖန်ရံခါမှ အရောင်းအဝယ်ဖြစ်လို့ ဈေးမှာ ယခင်အပတ်ကထက်ကျလာလို့ ကျပ်၅၃၀၀၀ ထိ ဈေးကျလာသည်ကို တွေ့ရသည်။

**ဝေဝေမင်း(ပြည်)**

# ပြည်ပဲစင်းငုံ ပဲဟောင်း/ပဲသစ် ဈေးကွာခြားမှုရှိခဲ့

ပြည်ပဲမျိုးစုံဈေးကွက်အတွင်း ပဲစင်းငုံသီးနှံ ဝင်ရောက်မှုမရှိသော်လည်း လက်ကျန်လှောင်ပဲများရှိမှုအပေါ် အရောင်းအဝယ်ဖြစ်ခဲ့သည်။ နေ့စဉ်ရောင်းဝယ်မှုမဖြစ်ဘဲ ရက်ခြားရန်ကုန်ဝယ်လက် ဝယ်ယူမှုရှိခြင်းကြောင့် အရောင်းအဝယ်ဖြစ်သည့်ရက်တွင် အိတ် ၃၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့သည်ကို တွေ့ရသည်။ ပဲဈေးမှာ ပဲသစ်ဈေးအနေ ဖြင့် တစ်တင်းကျပ် ၃၄၅၀၀ နှင့် ပဲဟောင်းမှာ တစ်တင်း ကျပ် ၂၉၅၀၀ အသီးသီး ရောင်းဝယ်မှုဖြစ်ခဲ့သည်။ ပဲစင်းငုံသီးနှံဈေးမှာ ယခုနှစ်အတွင်း မတ်ပဲသီးနှံဈေးထက် ဈေးပိုရလျက်ရှိကြောင်း သိရှိရသည်။

**ခင်ဆွေဝင်း(ပြည်)**

# တောင်ကြီး၌ ကြက်သွန်ဖြူကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအလုပ်ရုံဆွေးနွေးပွဲ ကျင်းပ



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ တောင်ကြီးမြို့ ကမ္ဘောဇ ကုန်သွယ်မှုဗဟိုဌာနခန်းမတွင် ကြက်သွန်ဖြူကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၂၂ ရက်က ကျင်းပသည်။

ဆွေးနွေးပွဲတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်စိုးက အဖွင့်အမှာစကားပြောရာ ကြက်သွန်ဖြူစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချရာတွင် အခက်အခဲများကို တင်ပြပေးကြရန်နှင့် စိန်ခေါ်မှုများကို ပူးပေါင်းဖြေရှင်းသွားကြရမည်ဖြစ်ကြောင်း၊ ကြက်သွန်ဖြူ တွက်ခြေမကိုက်၍ မစိုက်လျှင် ဝယ်စားရမည့်အဆင့်ကိုရောက်သွားနိုင်ကြောင်း၊ စိုက်လည်းစိုက် ပိုလျှံတာကိုလည်း ပြည်ပသို့တင်ပို့နိုင်ရေးနှင့် ဈေးနှုန်းတည်ငြိမ်ရေးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဌာနအနေဖြင့် အသင်းအဖွဲ့များဖွဲ့စည်း ဆောင်ရွက်ပေးရေးနှင့် ချေးငွေရရှိရေးအတွက် ချိတ်ဆက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့က ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကြက်သွန်ဖြူပြည်ပတင်ပို့နိုင်မှုမများသော်လည်း ဒီဒေသ၌ လုပ်ကိုင်စားသောက်သူများအနေဖြင့် ဒီကဏ္ဍဖွံ့ဖြိုးတက်ရေးဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ သီးနှံရဲ့သဘာဝက ပေါ်ချိန်မှာ ဈေးကျတတ်သည့်သဘောရှိကြောင်း၊ ကြက်သွန်ဖြူသီးနှံကို ဝယ်ယူပြီး ထိန်းသိမ်းထားသည့်ကုမ္ပဏီ၊ သိုလှောင်ရုံများရှိရမည်ဖြစ်ကြောင်း၊ ဈေးကွက်စီးပွားရေးစနစ်အရ ယှဉ်ပြိုင်မှုဆိုတာကိုတော့ ခွင့်ပြုရမည်ဖြစ်ပြီး ကြက်သွန်ဖြူများ တရားမဝင်ဝင်ရောက်မှုကိုတော့ ဖမ်းဆီးမှုများပြုလုပ်ရမည်ဖြစ်ကြောင်း၊ နယ်စပ်ဧရိယာရှည်လျားသဖြင့် မှောင်ခိုဝင်ရောက်မှုရှိနေသည်ကို တားဆီးရမည်ဖြစ်ကြောင်း၊ သီးနှံထုတ်လုပ်သူများ များပြားလာအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စုပေါင်းလုပ်ဆောင်တတ်သည့် အလေ့အထများရှိလာရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကြက်သွန်ဖြူကို ပြည်ပနိုင်ငံတွေမှာ တန် ထောင်၊ သောင်း၊ သိန်းချီပြီး တင်ပို့နေကြကြောင်း၊ မြန်မာ့ကြက်သွန်ဖြူ စားသုံးပိုလျှံမှုအပေါ် နှစ်စဉ်တန် ၃၀၀၀ ပတ်ဝန်းကျင် ပြည်ပတင်ပို့နေမှုအပေါ် ပမာဏများ၍ ဈေးကွက်ရှာဖွေရန် မခဲယဉ်းနိုင်ကြောင်း၊ မြန်မာ့ကြက်သွန်ဖြူမှာ အရသာကောင်းကြောင်း၊ အမျိုးသားပို့ကုန်မဟာဗျူဟာ အရေးကြီးသီးနှံများထဲတွင် ကြက်သွန်ဖြူကဏ္ဍပါဝင်လာရန် ကြိုးပမ်းရမည်ဖြစ်ကြောင်း၊ ယခုဆွေးနွေးပွဲမှ ကြက်သွန်ဖြူ ပြည်ပပိုမိုတင်ပို့နိုင်ရေး ကြိုးပမ်းအားထုတ်သွားကြရန် ဆွေးနွေးပြောကြားသည်။

ဆွေးနွေးပွဲတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ကြက်သွန်ဖြူ စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးခွန်ဘဟိန်းက ကြက်သွန်ဖြူ စိုက်ပျိုးထုတ်လုပ်ရောင်းချမှုအခြေအနေများကိုလည်းကောင်း၊ စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သင်းသင်းခိုင်က ပြည်တွင်းကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးမျိုးသူက ကြက်သွန်ဖြူနှင့်ပတ်သက်၍ တွေ့ရှိရသောအခြေအနေ၊ ပြည်ပဈေးကွက်အခြေအနေနှင့် အနာဂတ်အလားအလာများကိုလည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးညီညီအောင်က တစ်ဧက စိုက်ပျိုးထုတ်လုပ်မှုကုန်ကျစရိတ်များနှင့် မျိုးတင်သွင်းမှုအခြေအနေများကိုလည်းကောင်း၊ ကြက်သွန်ဖြူ စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ ဦးထွန်းစိန်က ကြက်သွန်ဖြူ စံပြစိုက်ကွက်များ လုပ်ဆောင်သွားကြရန် လိုအပ်ကြောင်းကိုလည်းကောင်း၊ စိုက်ပျိုးရေးသုတေသနအရာရှိ ဒေါ်လုဘူကကြက်သွန်ဖြူသုတေသနစာတမ်းဖတ်ကြားခြင်းကိုလည်းကောင်း၊ ကြက်သွန်ဖြူစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ ဦးခွန်သောင်းစိန်က ကြက်သွန်ဖြူဈေးကွက်ခိုင်မာရေးအကြောင်းကိုလည်းကောင်း၊ ရွှေမြေကြီးအော်ဂဲနစ်အသင်းဥက္ကဋ္ဌ ဦးလှမြင့်ကျော်က ကြက်သွန်ဖြူမျိုးပြောင်းလဲခြင်းဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍လည်းကောင်း၊ Potato ကုမ္ပဏီ ဦးအောင်သန်းကျော် တရုတ်ကြက်သွန်ဖြူမျိုးနှင့် မြန်မာကြက်သွန်ဖြူမျိုးများအကြောင်းကိုလည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ကြပြီး သိရှိလို၍ မေးမြန်းသည်များကိုလည်း တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးအောင်စိုး၊ မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးမျိုးသူနှင့် တာဝန်ရှိသူများ၊ စားသုံးသူရေးရာဦးစီးဌာနနှင့် အစိုးရဌာန အဖွဲ့အစည်းများ၊ ကြက်သွန်ဖြူစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ၊ အဖွဲ့အစည်းများ တက်ရောက်ခဲ့ကြသည်။

**စောမောင်**

## မြန်မာ့ဆိပ်ကမ်းတွင် ၂၇.၆.၂၀၁၉ နေ့ ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ထီးတန်းဆိပ်ကမ်း(၁) | - PACITA | TEU 830 တင်TEU 573 ချဆဲ |
| ထီးတန်းဆိပ်ကမ်း(၂) | - ISEACO GENESIS | TEU 774 တင်TEU 596 ချဆဲ |
| အလုံဆိပ်ကမ်း(၁) | - BISCAYNE LIGHT | ဆန်တန်ချိန် ၂၀၀၀၀ တင်ဆဲ |
| အလုံဆိပ်ကမ်း(၂) | - TAN BINH-257 | SteelProduct ၁၆၀၅၀ ချဆဲ |
| စက်မှုဆိပ်ကမ်း(၂) | - SINAR BINTAN | TEU 620 တင်ဆဲ |
| စက်မှုဆိပ်ကမ်း(၄) | - MCC HALONG | TEU 878 တင်ဆဲ |
| ဆူးလေဆိပ်ကမ်း(၁) | - TAN BINH-79 | Corn(In Bulk) ၇၃၀၀ တင်ဆဲ |
| ဆူးလေဆိပ်ကမ်း(၃) | - ATLANTIC TRADE | ဆန်တန်ချိန် ၂၅၀၀၀ တင်ဆဲ |
| ဆူးလေဆိပ်ကမ်း(၆) | - TRUON MINH STAR | Urea (In Bulk) ၈၅၈၅ချဆဲ |
| ဗိုလ်အောင်ကျော်ဆိပ်ကမ်း(၃) | - BOX ENDEAVOUR | TEU 889 တင်TEU 340 ချဆဲ |
| သီလဝါဆိပ်ကမ်း(၁) | - AREZOO | TEU810 တင်TEU 393ချဆဲ |
| MMTM JETTY | - MT OCEAN GOBY | Diesel Oil ၁၆၄၆၀ ချဆဲ |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| SPRING AMIR | PKG Project Cargo ၅၂ ချရန် | MITT | ၂၈.၆.၂၀၁၉ |
| SIBI | Clinker (In Bulk) ၂၃၅၀၀ ချရန် | MALAYSIA | ၂၉.၆.၂၀၁၉ |
| VENTO GRECALE | Steel D,Bars ၂၅၀၀၀ ချရန် | UAE | ၂၉.၆.၂၀၁၉ |
| LADA | G/C,(4 Unite Contr) ၇၃ ချရန် | RUSSIA | ၁.၇.၂၀၁၉ |
| LE LI | City Bus &G/C ၁၅၄၄ ချရန် | CHINA | ၁.၇.၂၀၁၉ |
| MOON LIGHT | Concrete X Block ၁၆၁၂ ချရန် | BINGALARDESH | ၂.၇.၂၀၁၉ |
| PACIFIC MERIT | Steel& Fertilizer ၂၃၆၁၇ ချရန် | CHINA | ၅.၇.၂၀၁၉ |
| HONG KAI | Steel ၁၀၀၀၀ ချရန် | CHINA | ၅.၇.၂၀၁၉ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| CHERRY VESTA | SINGAPORE | စက်မှုဆိပ်ကမ်း | ၂၇.၆.၂၀၁၉ |
| ALS SAT SUKI | SINGAPORE | စက်မှု/သီလဝါဆိပ်ကမ်း | ၂၇.၆.၂၀၁၉ |
| CAPR FLORE | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၉.၆.၂၀၁၉ |
| MCC DHAKA | SINGAPORE | သီလဝါ/ဗိုလ်အောင်ကျော်ဆိပ်ကမ်း | ၂၉.၆.၂၀၁၉ |
| IAL-001 | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃၀.၆.၂၀၁၉ |
| KUO HSIUNG | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃၀.၆.၂၀၁၉ |
| SINAR BANDUNG | SINGAPORE | စက်မှုဆိပ်ကမ်း | ၁.၇.၂၀၁၉ |
| ALS SUZURAN | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂.၇.၂၀၁၉ |
| PACAO | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃.၇.၂၀၁၉ |
| PRESIDIO | SINGAPORE | စက်မှု/သီလဝါဆိပ်ကမ်း | ၄.၇.၂၀၁၉ |
| OCEAN PROBE | SINGAPORE | စက်မှုဆိပ်ကမ်း | ၄.၇.၂၀၁၉ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.ORCA PACIFIC | DIESEL OIL | - | ၂၇.၆.၂၀၁၉ |
| MT.OCEAN MORY | DIESEL OIL | - | ၂၈.၆.၂၀၁၉ |
| MT.VL-21 | P.Oil(In Bulk) | INDONESIA | ၂၉.၆.၂၀၁၉ |
| MT.CHAO ANOMA | P.Oil(In Bulk) | INDONESIA | ၂၉.၆.၂၀၁၉ |
| MT.AU VIRGO | P.Oil(In Bulk) | INDONESIA | ၂၉.၆.၂၀၁၉ |
| MT.KIRANA HASTA | DIESEL OIL | SINGAPORE | ၂၉.၆.၂၀၁၉ |
| MT.VIET STAR | P.Oil(In Bulk) | INDONESIA | ၂၉.၆.၂၀၁၉ |
| MT.YU HAI | DIESEL OIL | SINGAPORE | ၂၉.၆.၂၀၁၉ |
| MT.GLORY SRTAR | DIESEL OIL | SINGAPORE | ၃၀.၆.၂၀၁၉ |
| MT.YU DONG | DIESEL OIL | SINGAPORE | ၁.၇.၂၀၁၉ |
| MT.OCEAN PORPOISE | DIESEL OIL | SINGAPORE | ၁.၇.၂၀၁၉ |
| MT.PRIMROSE | P.Oil(In Bulk) | INDONESIA | ၂.၇.၂၀၁၉ |
| MT.GLORY OCEAN | DIESEL OIL | SINGAPORE | ၄.၇.၂၀၁၉ |
| MT.ANTARES | P.Oil(In Bulk) | INDONESIA | ၅.၇.၂၀၁၉ |
| MT.MESON | P.Oil(In Bulk) | INDONESIA | ၆.၇.၂၀၁၉ |
| MT.AU GEMINI | P.Oil(In Bulk) | INDONESIA | ၇.၇.၂၀၁၉ |
| MT.POLE STAR | P.Oil(In Bulk) | INDONESIA | ၁၀.၇.၂၀၁၉ |

# နာနတ်သီးစိုက်ပျိုးထုတ်လုပ်သူ အမျိုးသမီးတောင်သူအဖွဲ့ တည်ငြိမ်းကုန်းလက်ကားဈေးကြီးသို့ လာရောက်လေ့လာ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဆီဆိုင်မြို့နယ်၊ ကျောင်းချယ်၊ လိုင်းကင်၊ ထီအွန်ကျေးရွာများမှ နာနတ်သီး စိုက်ပျိုးထုတ်လုပ်သူအမျိုးသမီးတောင်သူအဖွဲ့၏အဖွဲ့ခေါင်းဆောင် ဦးချစ်ဦးမောင် ဦးဆောင်သော အဖွဲ့ဝင် ၁၅ ဦးပါဝင်သည့် ဈေးကွက်လေ့လာရေးအဖွဲ့သည် ရန်ကုန်မြောက်ပိုင်းခရိုင် ဦးစီးမှူးနှင့် ဝန်ထမ်းများလိုက်ပါ၍ အင်းစိန်မြို့နယ်၊ တည်ငြိမ်းကုန်းလက်ကားဈေးကြီးသို့ ဇွန် ၂၇ ရက် နံနက် ၆ နာရီတွင် နာနတ်သီးနှင့်ပတ်သက်ပြီး မိမိတို့စိုက်ပျိုးထုတ်လုပ်ထားသော နာနတ်သီးများကို ဈေးကွက်သို့တိုက်ရိုက်တင်ပို့ရောင်းချနိုင်ရန်အတွက် လာရောက်လေ့လာခဲ့ကြရာ တည်ငြိမ်းကုန်းသစ်သီးဝလံဈေးတွင် မန်နေဂျာ ဦးရဲထွန်းနှင့်အဖွဲ့ဝင်များက ဈေးအတွင်း ရောင်းဝယ်မှုအခြေအနေများကို လိုက်လံရှင်းလင်းပြသပေးခဲ့ပြီး ဈေးကွက်လေ့လာရေးအဖွဲ့မှ သိလိုသည်များကို ဖြေကြားပေးခဲ့ကြောင်း၊ တည်ငြိမ်းကုန်းသစ်သီးဝလံဈေး၌ ရောင်းဝယ်ဖောက်ကားမှုများ၊ သစ်သီးဝလံဈေးနှုန်းများ၊ သယ်ယူပို့ဆောင်ခနှုန်းထားများစသည်တို့ကို လေ့လာခဲ့ကြကြောင်း သိရှိရသည်။

ဆက်လက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် Myanmar Agro Exchange Public Ltd (MAEX)တို့ အကျိုးတူပူးပေါင်းဆောင်ရွက်နေသော တည်ငြိမ်းကုန်းသစ်သီးဝလံဈေးသစ်၏ လက်ရှိဆောင်ရွက်နေမှုအခြေအနေ၊ အနာဂတ်စီမံကိန်းများကိုလည်း (MAEX))၏ CEO ဦးအောင်ကြီးက ရှင်းလင်းပြောကြားခဲ့ကြောင်း သိရှိရသည်။

**နီလာသန်း(ရန်ကုန်)**

## သနပ်ပင်မြို့နယ်အတွင်းရှိ ဆန်၊ စပါး ပေါက်ဈေးများ

ယခုတစ်ပတ် သနပ်ပင်မြို့နယ်တွင် ဧည့်မထ(အပု) စပါးပေါက်ဈေးမှာ ပေါင် ၅၀ တင်း ၁၀၀ လျှင် ကျပ် ၆၀၀၀၀၀၊ ဆန်ဈေးမှာ တစ်အိတ်လျှင် ကျပ် ၂၀၀၀၀၊ ဧည့်မထ(အရှည်) ပေါက်ဈေးမှာ တင်း ၁၀၀ လျှင် ကျပ် ၄၈၀၀၀၀၊ ဆန်ဈေးမှာ တစ်အိတ်လျှင် ကျပ် ၁၈၀၀၀ အသီးသီး ပေါက်ဈေးရှိပြီး သယ်ယူပို့ဆောင်ခမှာ ရန်ကုန်ဘုရင့်နောင်ပွဲရုံသို့ တစ်အိတ်လျှင် ကျပ် ၄၅၀ နှင့် မန္တလေးကို တစ်အိတ်လျှင် ကျပ် ၉၅၀ ပေးရသည်။ ယခုပေါက်ဈေးများသည် အချိန်နှင့်တစ်ပြေးညီ အပြောင်းအလဲရှိနိုင်ပါသည်။ **သိန်းဆွေ(သနပ်ပင်)**

## ကြက်သွန်

# ဝယ်လက်ရှိသလောက် အဝင်ရှိနေသည့် ပြည်ကြက်သွန်ဖြူ

ပြည်ကြက်သွန်ဖြူပွဲရုံများသို့ ကြက်သွန်ဖြူအိတ်ဝင်ရောက်မှုမှာ တစ်နေ့နှင့်တစ်နေ့မတူဘဲ အရောင်းအဝယ်သွက်သလောက် ဝင်ရောက်နေသည်။ ရာသီဥတုသာလျှင် အရောင်းအဝယ်ပိုဖြစ်လျက်ရှိပြီး မိုးဆက်တိုက်ရွာနေလျှင် အရောင်းအဝယ်အေးလျက်ရှိနေသည်။ ယခုတစ်ပတ် ကြက်သွန်ဖြူဈေးမှာ ဆက်တက်မြဲတက်နေသည်ကိုတွေ့ရသည်။ ကြက်သွန်ဖြူ တစ်ပိဿာလျှင် (ပွဲရုံဈေး) ရှမ်းစ ကျပ် ၂၇၀၀ မှ ကျပ်၃၀၀၀ နှင့် (ကြူကုတ်)အသစ် ကျပ်၃၆၀၀ ကျပ် ၃၇၀၀ တို့ဖြင့် ရောင်းချလျက်ရှိသည်။ ဒေသတွင်းလက်လီဈေးများတွင် (ရှမ်းစ) ကျပ်၃၂၀၀ မှ ကျပ်၃၆၀၀ နှင့် (ကြူကုတ်စ) ကျပ်၄၀၀၀ မှ ကျပ်၄၄၀၀ ဈေးတို့ဖြင့် ရောင်းချနေသည်။ ယခင်တစ်ပတ်ကထက် တစ်ပိဿာလျှင် ကျပ် ၃၀၀ မှ ကျပ်၅၀၀ထိ ဈေးမြင့်တက်သွားသည်ကိုတွေ့ရသည်။

**နီနီဝင်း(ပြည်)**

# ပြည်ကြက်သွန်နီဈေးကွက်အတွင်း ဈေးမြင့်၍ အရောင်းအဝယ်ပါး

ယခုတစ်ပတ်တွင် ပြည်ကြက်သွန်နီဈေးကွက်သို့ ကျောက်ပန်းတောင်း၊ ဆိပ်ဖြူ ဆင်ဖြူကျွန်း၊ ရေနံချောင်း၊ အောင်လံစသည့်နယ်များမှ ကြက်သွန်နီများဈေးနှုန်းအမြင့်ဖြင့် ဝင်ရောက်မှုရှိလာပြီး အရည်အသွေးမှာကောင်းမွန်မှုရှိကြောင်း သိရသည်။ ဝင်ရောက်မှုမှာ ပိဿာ ၃၀ ဝင်အိတ် ၁၀၀ မှ ၁၅၀ ခန့်သာ အဝင်ရှိကြောင်းသိရပြီး စားသုံးသူပြည်သူများက ယခင်ဈေး အနိမ့်ဖြင့် ဝယ်ယူစုဆောင်းထားရှိပြီးဖြစ်သဖြင့် ယခုလိုဈေးမြင့်သည့်အခါ ဝယ်ယူစားသုံးမှုနည်းသွားကြောင်းသိရသည်။

ပြည်ပွဲရုံလုပ်ငန်းရှင်များကလည်း ဈေးနှုန်းများမြင့်တက်နေသဖြင့် စားသုံးသူလိုအပ်ချက်ရှိသလောက်သာ မှာယူရောင်းချနေတာတွေ့ရပြီး အရောင်းအဝယ်မှာသိသိသာသာပါးနေကြောင်းသိရသည်။ဈေးနှုန်းများအနေနဲ့ပွဲရုံလက်ကားဈေးတစ်ပိဿာလျှင် (ကြီး/လတ်/သေး) ကျပ် (၁၀၀၀/၉၀၀/၈၅၀)ရှိပြီး လက်လီဈေး အသေးများတွင် (ကြီး/လတ်/သေး) ကျပ် (၁၃၀၀/ ၁၂၀၀-၁၁၀၀/၁၀၀၀-၉၀၀)စသည်ဖြင့်အသီးသီးရောင်းဝယ်မှုရှိနေသည့်အတွက် ယခင်တစ်ပတ်ဈေးနှုန်းထက် လက်လီ/ လက်ကား တစ်ပိဿာကိုကျပ် ၁၀၀ခန့် မြင့်တက်သွားကြောင်းသိရသည်။

**ဝင်းလဲ့ဝါ(ပြည်)**

## မန်ကျည်း

# ပြည်မန်ကျည်းမှည့် အဝင်ရှိပြီး နယ်အစွဲနည်းနေ

ယခုတစ်ပတ် ပြည်မန်ကျည်းမှည့်ပွဲရုံများသို့ ဝင်ရောက်မှုပုံမှန်ရှိနေပြီး နယ်ဝယ်လက်နည်းနေကြောင်း သိရသည်။ အရောင်းအဝယ်အနည်းငယ်အေးသော်လည်း မန်ကျည်းမှည့်ဈေးသည် ပြီးခဲ့သည့်တစ်ပတ်အတိုင်း ဈေးနှုန်းသာဖြစ်ခဲ့သည်။ ဈေးအတက်အကျမဖြစ်ဘဲ ယခုတစ်ပတ်မန်ကျည်းမှည့်တစ်ပိဿာ (ပွဲရုံဈေး) ကျပ်၁၉၀၀ဖြစ်ပြီး ဒေသတွင်း လက်လီဈေးမှာ ကျပ် ၂၅၀၀ မှာ အစေ့လွတ်အသားဈေးဖြစ်သည်။ လှော်သမားများလက်ဝယ် မန်ကျည်းမှည့်ပိဿာချိန် အများအပြားရှိကြောင်းလည်း သိရသည်။

**နီနီဝင်း(ပြည်)**

# ယခင်တစ်ပတ်ထက် မန်ကျည်း တန်ချိန် ၅၀ ကျော် ပိုမိုတင်ပို့

ဇွန် ၁၆ ရက်မှ ၂၂ ရက် သီတင်းပတ်အတွင်းမန်ကျည်း ၁၅၂ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့သည်။ ယခုတစ်ပတ် ပါကစ္စတန်နိုင်ငံသို့ ၁၀၂တန်နှင့် ယီမင်နိုင်ငံသို့ တန်ချိန် ၅၀ တင်ပို့ခဲ့သည်။ ယခင်သီတင်းပတ်က မန်ကျည်း ၉၆ ဒသမ ၅တန် တင်ပို့ခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်ပို့မှုနှင့် နှိုင်းယှဉ်လျှင် ၅၅ ဒသမ ၅ တန် ပိုမိုတင်ပို့နိုင်ခဲ့သည်။ ယခုတစ်ပတ် မန်ကျည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၅၅၂၀ ဒေါ်လာဝင်ငွေရရှိခဲ့သည်။

**သီတာဝင်း(DOT)**

# တည်းကုန်းလက်ကားဈေးကြီးတွင် ရက်သတ္တပတ်အတွင်း ရောင်းချနေသော ကုန်ဈေးနှုန်းအခြေအနေ

အင်းစိန်မြို့နယ်ရှိ တည်းကုန်းလက်ကားဈေးကြီးအတွင်းသို့ ဇွန် ၁၇ ရက်မှ ၂၃ ရက်အတွင်း ညောင်တုန်း၊ မှော်ဘီ၊ သာရဝေါ၊ ညောင်နှစ်ပင်ကျေးရွာ၊ ကြာကန်စုကျေးရွာ၊ နေပြည်တော် တပ်ကုန်း၊ ရွှေဒါး၊ မင်္ဂလာဒုံ၊ အင်းစိန်၊ခရမ်း၊ သုံးခွနှင့်ရှမ်းပြည်နယ်တို့မှ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်များ အများဆုံးဝင်ရောက်ရောင်းချနေကြောင်း သိရသည်။ ထိုသို့ ဝင်ရောက်ရာတွင် ယခုရက်သတ္တပတ်အတွင်း ခရမ်းချဉ်သီးထိုင်ဝမ် (ပိဿာ)ကျပ် ၁၄၀၀ မှ ၁၄၇၀ အတွင်း၊ ဂေါ်ဖီထုပ် (တစ်ထုပ်)ကျပ် ၉၀၀ မှ ၁၅၀၀ အတွင်း၊ ပန်းဂေါ်ဖီ(တစ်ထုပ်)ကျပ် ၈၀၀ မှ ၁၁၀၀ အတွင်း၊ အာလူး (ပိဿာ) ကျပ် ၈၅၀၊ မုန်လာဥနီ (ပိဿာ) ကျပ် ၁၂၀၀၊ ရွှေဖရုံသီး(လုံး)ကျပ် ၂၀၀၀ မှ ၃၅၀၀ အတွင်း၊ ဘူးသီး(လုံး)ကျပ် ၄၀၀ မှ ၉၀၀ အတွင်း၊ မုန်ညှင်း(ထုပ်) ကျပ် ၁၅၀၀ မှ ၁၈၀၀အတွင်း၊ ကြက်သွန်နီ(ဆိပ်ဖြူ) (ပိဿာ) ကျပ် ၈၅၀၊ ကြက်သွန်ဖြူ (ရှမ်း) (ပိဿာ) ကျပ် ၂၀၀၀၊ ကြက်သွန်ဖြူ(ကြူကုတ်) (ပိဿာ) ကျပ် ၃၂၀၀၊ ချင်း (ပိဿာ)ကျပ် ၂၆၀၀၊ ဆလတ်ရွက်(စီး)ကျပ် ၂၀၀၊ ရုံပတီသီး (တောင့်) ၈ ကျပ် မှ ၁၂ ကျပ် အတွင်း၊ ကန်စွန်းရွက်(တရုတ်) (စီး) ကျပ် ၂၀၀ မှ ၂၂၀ အတွင်း၊ ချဉ်ပေါင်ရွက်(စီး)ကျပ် ၄၀ မှ ၆၀ အတွင်း၊ ခရမ်းသီး (မီးဖုတ်ခရမ်း)(လုံး) ကျပ် ၁၀၀ မှ ၂၀၀ အတွင်း၊ သံပရာသီး (လုံး)ကျပ် ၂၀ မှ ၃၅ ကျပ်အတွင်း၊ ပဲသီး(စီး) ကျပ် ၁၅၀ မှ ၂၅၀ အတွင်း၊ ငရုတ်သီးစိမ်း (ကျောက်စိမ်း) (ပိဿာ) ကျပ် ၁၀၀၀ မှ ၁၆၀၀ အတွင်း၊ သရက်သီးမှည့် (ရင်ကွဲ/သေး) တစ်တောင်းကျပ် ၇၀၀၀၊ သရက်သီးမှည့် (ရင်ကွဲ /လတ်) တစ်တောင်းကျပ် ၉၀၀၀ မှ ၁၀၀၀၀ အတွင်း၊ သရက်သီးမှည့် (ရင်ကွဲ/ကြီး)တစ်တောင်းကျပ် ၁၂၀၀၀ မှ ၁၅၀၀၀ အတွင်း ဈေးအသီးသီးရှိကြောင်း သိရသည်။ ယခုရက်သတ္တပတ်အတွင်း ဂေါ်ဖီထုပ်၊ ခရမ်းချဉ်သီး(ထိုင်ဝမ်)၊ မုန်ညင်း(ထုပ်)၊မုန်လာဥနီ၊ ဘူးသီး၊ ချဉ်ပေါင်ရွက်၊ ခရမ်းသီး(မီးဖုတ်ခရမ်း)၊ ငရုတ်သီးစိမ်း(ကျောက်စိမ်း)တို့၏ဈေးနှုန်းများမှာအနည်းငယ်ဈေးကျနေပြီး တည်းကုန်းလက်ကားဈေးကြီးအတွင်းသို့ ယခုရက်သတ္တပတ်အတွင်း သံပရာသီးအလုံးပေါင်း ၄၇၀၀၀ ကျော်၊ ခရမ်းသီး (မီးဖုတ်ခရမ်း)(လုံး) ၁၀၀၀၀ ကျော်၊ ဘူးသီးအလုံးပေါင်း ၂၁၀၀၀ ကျော်၊ ရွှေဖရုံသီး အလုံးပေါင်း ၃၇၀၀၀ကျော်၊ ဂေါ်ဖီထုပ်ပေါင်း ၅၅၀၀၀ ကျော်၊ ပန်းဂေါ်ဖီထုပ်ပေါင်း ၄၀၀၀၀ကျော်နှင့်မုန်ညှင်း(ထုပ်)ပေါင်း ၅၂၀၀ကျော်အသီးသီး ကုန်အဝင်ရှိခဲ့သည်။ သရက်သီးမှည့်(ရင်ကွဲ) (သေး/လတ်/ကြီး) တောင်းပေါင်း ၁၄၀၀ ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

**ခိုင်ရွှေ(ရန်ကုန်)**

## ချင်း

# ပုံမှန်အရောင်းအဝယ်ဖြစ်နေသည့် ပြည်ချင်းဈေးကွက်

ပြည်ပွဲရုံချင်းဈေးကွက်တွင်လက်ကျန်ချင်းများသာ အရောင်းအဝယ်ဖြစ်နေပြီး ချင်းဈေးမှာလည်း ပုံမှန်ဈေးဖြင့်သာ ရောင်းဝယ်လျက်ရှိသည်။ ချင်းဥမအသစ်မပေါ်မီ ချင်းကတော့ အရောင်းအသွေး သိပ်မလှသော်လည်း လက်ရှိချင်းကိုသာ အရောင်းအဝယ်ပြုနေသည်ကို တွေ့ရသည်။

ယခုတစ်ပတ် ချင်းတစ်ပိဿာဈေး (ပွဲရုံဈေး) ကျပ်၂၅၀၀၊ ကျပ်၂၆၀၀နှင့် (လက်လီ)ဈေး ကျပ်၃၆၀၀မှ ကျပ်၄၀၀၀ဈေးတို့ဖြင့် ရောင်းချလျက်ရှိနေသည်။ ဒေသတွင်းအရောင်းအဝယ်သမားတို့ ပုံမှန်ရှိနေပြီး ခေးလို့းချင်းတစ်ပိဿာ ကျပ် ၄၀၀၀ဖြင့် ရောင်းချနေသည်။

**နီနီဝင်း(ပြည်)**

# ဈေးကောင်းရနေသည့် ရှမ်းချင်း

ဒီတစ်ပတ်အောင်ပန်းဈေးကွက်မှာ ချင်း(ဥမ)တွေစပြီးတော့ ဈေးကွက်ကိုဝင်ကာစဖြစ်လို့ ပစ္စည်းကတော့ များများစားစားမရှိသေးပါဘူး။ တစ်ပတ်ကို ပိဿာချိန် လေး/ငါးရာခန့်သာ အဝင်ရှိတယ်လို့ သိရပါတယ်။ မိုးကလည်း သိပ်မရွာသေးတာကြောင့် ပစ္စည်းတွေကဖော်လို့မရဖြစ်နေတယ်လို့ တောင်သူတွေထံက သိရပါတယ်။ ချင်းတက်တွေက လက်ကျန်ရှိနေပြီး ဈေးကလည်းကောင်းနေတာကြောင့် ဝယ်လက်တွေက ဥမပေါ်ချိန်မှာ ဈေးသက်သာတဲ့ဥမကို ပိုပြီးအဝယ်လိုက်လာပါတယ်။ ချင်း(ဥမ)က အဝယ်လိုက်နေပြီး Export အတွက် လိုချင်ပေမယ့် ပစ္စည်းမရှိတာကြောင့် အရောင်းအဝယ်သိပ်မဖြစ်ဘူးလို့လည်း သိရပါတယ်။ အခုချိန်မှာ ပစ္စည်းသာရှိနေရင် ရှိသလောက်အရောင်းအဝယ်ဖြစ်နိုင်တယ်လို့လည်း ပွဲရုံတွေထံက သိရပါတယ်။

ယခင်တစ်ပတ်က ချင်းတက်ဈေးက ကျပ် ၂၄၀၀ ဝန်းကျင်အထိ ဈေးတက်သွားခဲ့ပြီး အခုချင်း(ဥမ)ပေါ်လာတော့ (ဥမ)ဈေးကိုမှီပြီး ပြန်ကျလာပါတယ်။ ရှမ်းချင်းက အခုချိန်ထိ ဈေးကောင်းရနေဆဲဖြစ်ပြီး ရန်ကုန်နဲ့မုံရွာ ဝယ်လက်တွေက အများဆုံးဝယ်ယူပါတယ်။ ဈေးပတ်သမားတွေကလည်း ဝယ်ယူမှုရှိပြီး အခုလောလောဆယ်မှာတော့ ချင်း(တက်)ထက် ချင်း(ဥမ)ကပိုပြီး အဝယ်လိုက်နေတယ်လို့လည်းသိရပါတယ်။ချင်းခြောက်ကတော့ ပွဲရုံကဝယ်ယူပြီးလှောင်နေတဲ့ဈေးကွက်ပဲရှိပြီး ဈေးကွက်မှာတော့ သိပ်ပြီး အရောင်းအဝယ်မဖြစ်ပါဘူး။

ဒီတစ်ပတ်အောင်ပန်းဈေးကွက်မှာ ချင်းတစ်ပိဿာပေါက်ဈေးတွေက ချင်း(တက်)ကအရည်အသွေး ပေါ်မူတည်ပြီး တစ်ပိဿာကို ကျပ် ၁၅၀၀ မှ ၂၀၀၀၊ ချင်း(ဥမ)ကတော့ တစ်ပိဿာကိုကျပ် ၁၆၅၀ နဲ့ ချင်းခြောက် ကျပ် ၁၇၀၀ ရှိပါတယ်။

**ဇေခိုင်၊ တောင်ကြီး**



## နနွင်း

# နနွင်း ပုံမှန်တင်ပို့လျက်ရှိ

ဇွန် ၁၆ ရက်မှ ၂၂ ရက်သီတင်းပတ်အတွင်း နနွင်း ၅၆၅ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့သည်။ ယခုတစ်ပတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၅၆ တန်၊ ဂျာမနီနိုင်ငံသို့ နှစ်တန်၊ အိန္ဒိယနိုင်ငံသို့ ၃၉၇ တန်၊ ကိုရီးယားနိုင်ငံသို့ နှစ်တန်၊ ပါကစ္စတန်နိုင်ငံသို့ ၂၆ တန်၊ စင်ကာပူနိုင်ငံသို့ ၇၄ တန်နှင့် ယီမင်နိုင်ငံသို့ ရှစ်တန်တင်ပို့ခဲ့သည်။

ယခုတစ်ပတ် အိန္ဒိယနိုင်ငံသို့ အများဆုံးတင်ပို့ခဲ့ကြောင်း သိရသည်။ ယခုတစ်ပတ် ကိုရီးယားနိုင်ငံသို့ နနွင်းမှုန့်လည်း တင်ပို့ခဲ့ကြောင်း သိရသည်။ ယခင်သီတင်းပတ်က နနွင်း၅၅၈ တန်ကျော် တင်ပို့ခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်ပို့မှုနှင့်နှိုင်းယှဉ်လျှင် နနွင်းခုနစ်တန်နီးပါး ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း သိရသည်။ နနွင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃၆၃၈၇၅ ဒေါ်လာ ဝင်ငွေရရှိခဲ့ကြောင်း သိရသည်။

**သီတာဝင်း(DOT)**



# ဆန်အရည်အသွေးနှင့် ပြည်ပတင်ပို့ရေး၏ အနာဂတ်

[မျိုးသူ-ကုန်သွယ်မြင့်]

**ဆန်** ဆိုလျှင် စားစရာအဖြစ် လူတိုင်းသိရှိထားသော်လည်း စားစရာအဖြစ်နှင့်ထိုက်တန်အောင် ထားပါ၏လောဟု မေးချင်ပါသည်။ ဤမေးခွန်းကို မေးချင်သည်မှာ ကြာပါပြီ။ စားစရာဆန်ဆိုသော်လည်း စပါးသိုလှောင်ရုံများ၊ ဆန်စက်များ၊ ဆန်သိုလှောင်ရုံများကို သွားရောက်ကြည့်လျှင် နေရာအများအပြားတွင် စားစရာဟူသော အဆင့်မျိုးဟု မထင်ရအောင် ဆောင်ရွက်နေမှုများကို တွေ့နေရဆဲဖြစ်သည်။ စားစရာဟူသော ဆန်ကို အခြားသော အဖိုးတန်မုန့်၊ အဖိုးတန်စားစရာ၊ အဖိုးတန် အသုံးအဆောင်များကဲ့သို့ ထားသိုသင့်သည်ဟူသော အယူအဆသည် မြန်မာနိုင်ငံရှိ စားစရာ ဆန်ကို စပါးစိုက်ပျိုးသည်မှ ဆန်ဖြစ်သည်အထိ၊ ထမင်းဖြစ်သည်အထိ ပါဝင်ပတ်သက်နေသူအားလုံးသည် အဖိုးတန် လက်ဝတ်ရတနာတစ်မျိုး၊ အဖိုးတန် စားစရာတစ်မျိုးအဖြစ် သဘောထားပြီး ထိတွေ့ကိုင်တွယ်ကြရန် အထူးလိုအပ်ပါသည်။

## ကမ္ဘာ့ဆန် တင်သွင်းမှုများ

၂၀၁၈ခုနှစ် အတွက် ကမ္ဘာတွင် ဆန်အများဆုံး တင်သွင်းသောနိုင်ငံမှာ တရုတ်နိုင်ငံဖြစ်ပြီး စုစုပေါင်း ဆန်တင်သွင်းမှု၏ ၆ ဒသမ ၅ ရာခိုင်နှုန်း(တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံ) ရှိပါသည်။ အစဉ်လိုက်အားဖြင့် ဒုတိယ အီရန် မှာ ၄ ဒသမ ၉ ရာခိုင်နှုန်း(အမေရိကန် ၁ ဒသမ ၂၁ ဘီလီယံ)၊ အမှတ်(၃) မှာဆော်ဒီအာရေဗီးယားဖြစ်ပြီး ၄ ဒသမ ၉ ရာခိုင်နှုန်း (အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံ)၊ အမှတ်(၄)မှာ အင်ဒိုနီးရှားဖြစ်ပြီး ၄ ဒသမ ၂ ရာခိုင်နှုန်း (အမေရိကန် ဒေါ်လာ ၁ ဘီလီယံ)၊ အမှတ် (၅) မှာ အမေရိကန်ပြည်ထောင်စုဖြစ်ပြီး ၃ ဒသမ ၉ ရာခိုင်နှုန်း(အမေရိကန်ဒေါ်လာ ၉၅၉ ဒသမ ၅ သန်း)၊ အမှတ်(၆)မှာ ဘီနင်ဖြစ်ပြီး ၃ ဒသမ ၈ ရာခိုင်နှုန်း(အမေရိကန်ဒေါ်လာ ၉၃၀ ဒသမ ၅ သန်း)၊ အမှတ် (၇)မှာ ဖိလစ်ပိုင်ဖြစ်ပြီး ၃ ရာခိုင်နှုန်း (အမေရိကန် ဒေါ်လာ ၇၃၆ ဒသမ ၆ သန်း)၊ အမှတ်(၈) မှာ အိုင်ဗရီကို့စ်ဖြစ်ပြီး ၂ ဒသမ ၈ ရာခိုင်နှုန်း( အမေရိကန်ဒေါ်လာ ၆၈၈ ဒသမ ၉ သန်း)၊ အမှတ်(၉)မှာ ယူအေအီးဖြစ်ပြီး ၂ ဒသမ ၈ ရာခိုင်နှုန်း (အမေရိကန်ဒေါ်လာ ၆၈၂ ဒသမ ၄ သန်း)၊ အမှတ် (၁၀) မှာ အီရတ်ဖြစ်၍ ၂ဒသမ ၇ ရာခိုင်နှုန်း(အမေရိကန်ဒေါ်လာ ၆၆၉ သန်း)၊ အမှတ် (၁၁) မှာ ပြင်သစ်ဖြစ်ပြီး၂ ဒသမ ၁ ရာခိုင်နှုန်း (အမေရိကန်ဒေါ်လာ ၅၂၂ ဒသမ ၅ သန်း)၊ အမှတ်စဉ် (၁၂)အဖြစ် တောင်အာဖရိကမှာလည်း ၂ဒသမ ၁ ရာခိုင်နှုန်း (အမေရိကန်ဒေါ်လာ ၅၁၈ ဒသမ ၈ ရာခိုင်နှုန်း)၊ အမှတ်စဉ်(၁၃) ဖြစ်သော ဂျပန်မှာ ၂ ရာခိုင်နှုန်း (အမေရိကန်ဒေါ်လာ ၄၉၄ ဒသမ ၅ သန်း)၊ အမှတ်စဉ်(၁၄) ဖြစ်သော အင်္ဂလန်မှာ ၁ ဒသမ ၉ ရာခိုင်နှုန်း (အမေရိကန် ဒေါ်လာ ၄၈၀သန်း) နှင့် အမှတ်စဉ် (၁၅)အဖြစ် ဂါနာနိုင်ငံမှာ ၁ဒသမ၈ရာခိုင်နှုန်း (အမေရိကန်ဒေါ်လာ ၄၅၁ ဒသမ ၉ သန်းဖိုး) စသဖြင့် အသီးသီး တင်သွင်းကြကြောင်း သိရသည်။ ၂၀၁၈ ခုနှစ်တွင် အဆိုပါ ၁၅ နိုင်ငံ၏ ဆန်တင်သွင်းမှုမှာ ကမ္ဘာ့ဆန်တင်သွင်းမှု စုစုပေါင်း၏ ၄၉ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

## ဆန်တင်ပို့ နိုင်ငံများ

ဆန်တင်ပို့နိုင်ငံများမှာ ထိပ်တန်းတွင် ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ပါကစ္စတန်နိုင်ငံ၊ အမေရိကန်နိုင်ငံတို့သည် ကမ္ဘာပေါ်တွင် နံပါတ် တစ်၊နှစ်၊ သုံး စသဖြင့် နေရာသာ ပြောင်းလဲသွားသော်လည်း အမြဲတမ်းပင် ထိပ်တန်းမှ ဆန်တင်ပို့လျက်ရှိကြသည်။ ၂၀၁၈ ခုနှစ်တွင် အိန္ဒိယနိုင်ငံသည် ကမ္ဘာ့ဆန်တင်ပို့မှုတွင် တန်ဖိုး အမေရိကန်ဒေါ်လာ ၇ ဒသမ ၄ ဘီလီယံ၊ အရေအတွက် စုစုပေါင်း၏ ၃၀ ဒသမ၁ ရာခိုင်နှုန်းဖြင့် အဆင့်တစ်နေရာကို ရရှိခဲ့ပြီး၊ ထိုင်းနိုင်ငံသည် အမေရိကန်ဒေါ်လာ ၅ဒသမ၆ဘီလီယံ၊ ၂၂ ဒသမ ၇ ရာခိုင်နှုန်း ဝေစုရရှိခဲ့သည်။ ဗီယက်နမ်သည် ဆန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၂ ဘီလီယံဖြင့် ကမ္ဘာ့ဝေစု ၉ရာခိုင်နှုန်း ရရှိခဲ့သည်။ ပါကစ္စတန်မှာ အမေရိကန်ဒေါ်လာ ၂ဘီလီယံကို ဆန်တင်ပို့မှုမှ ရရှိခဲ့ပြီး ကမ္ဘာ့ဝေစု ၈ ဒသမ ၂ ရာခိုင်နှုန်းရရှိခဲ့သည်။ အမေရိကန်ပြည်ထောင်စုမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံဝင်ငွေရရှိခဲ့ပြီး ကမ္ဘာ့ဝေစု ၆ ဒသမ ၉ ရာခိုင်နှုန်းရရှိခဲ့သည်။ တရုတ်နိုင်ငံမှာ ဒေါ်လာ ၈၈၇ သန်းဖြင့် ကမ္ဘာ့ဝေစု ၃ ဒသမ ၆ ရာခိုင်နှုန်းရရှိခဲ့သည်ဟု သိရသည်။ အဆိုပါနိုင်ငံများနောက်တွင် အီတလီ၊ ဘရာဇီး၊ ဥရုဂွေး၊ ကမ္ဘောဒီးယား၊ မြန်မာ၊ နယ်သာလန်၊ ဘယ်လ်ဂျီယံ၊ ဩစတြေးလျ၊ ပါရာဂွေး၊ စပိန်၊ အာဂျင်တီးနား၊ ဂူယာနာ၊ ဂျာမနီနှင့် မက္ကဆီကိုတို့ ပါဝင်ကြကြောင်းသိရသည်။ ကမ္ဘာ့ဆန်တင်ပို့မှု စုစုပေါင်းတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၂၄ ဒသမ ၅ ဘီလီယံအထိ ၂၀၁၈ ခုနှစ်တွင်ရှိကြောင်း သိရသည်။ ဆန်တင်ပို့သော နိုင်ငံအများစုမှာအာရှတိုက် နိုင်ငံများဖြစ်ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၁ ဘီလီယံအထိရှိကြောင်း သိရပါသည်။ ကမ္ဘာ့ဝေစု၏ ၇၇ ဒသမ ၈ ရာခိုင်နှုန်းအထိရှိသည်။ မြောက်အမေရိကတိုက် ဆန်တင်ပို့သူများသည် ကမ္ဘာ့ဈေးကွက်၏ ၇ ဒသမ ၂ ရာခိုင်နှုန်းကိုသာ ရရှိထားသည်။ ဥရောပနိုင်ငံများမှာ ကမ္ဘာ့ဈေးကွက်၏ ၇ ဒသမ ၆ ရာခိုင်နှုန်းရှိကြောင်း သိရသည်။ သို့ဖြစ်၍ ကမ္ဘာ့ဆန်တင်ပို့သည့် ထိပ်တန်းနိုင်ငံများမှာ အာရှတိုက်တွင် ရှိသည်ဟု ဆိုနိုင်သည်။

## မြန်မာနိုင်ငံ၏ ဆန်တင်ပို့မှု

မြန်မာနိုင်ငံသည် ယခင်က ဆန်တင်ပို့မှုတွင် ထိပ်တန်းမှ ပါဝင်သော်လည်း နောက်ပိုင်းတွင် ဆန်တင်ပို့မှုနည်းပါးပြီး နှစ်စဉ် ပြည်ပတင်ပို့မှုမှာ အနည်းငယ်သာရှိခဲ့သည်။ ၂၀၁၀ ပြည့်နှစ် နောက်ပိုင်းတွင် ဆန်ပြည်ပတင်ပို့မှု တိုးတက်လာပြီး တန်ချိန် တစ်သန်းကျော်ထိ ရောက်ရှိလာသည်။ သို့ရာတွင် တရုတ်နိုင်ငံသို့ နယ်စပ်ကုန်သွယ်မှုမှ

> လက်ရှိနှစ်တွင် တရုတ်နိုင်ငံဘက် နယ်စပ်ကုန်သွယ်မှုမှတစ်ဆင့် တရားမဝင် တင်သွင်းသည့် အနေအထားကို လက်ခံခြင်းမပြုဘဲ ဖမ်းဆီးမှုများ ဆောင်ရွက်သဖြင့် နယ်စပ်မှ ဆန်တင်ပို့မှု လျော့ကျလာခဲ့သည်။

တင်ပို့မှုမှာ ၅၀ ရာခိုင်နှုန်းခန့် ပါဝင်လျက်ရှိသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဆန်တင်ပို့မှုမှာ တန်ချိန် ၃ ဒသမ ၅၈ သန်းအထိရောက်ရှိခဲ့ပြီး ဆန်တင်ပို့နိုင်မှု သမိုင်းတွင် နှစ်ပေါင်း ၇၀အတွင်း အများဆုံးအဖြစ် စံချိန်တင်နိုင်ခဲ့သည်။ သို့ရာတွင် အဆိုပါ နှစ်တွင်လည်း ဆန်တန်ချိန် ၁ ဒသမ၈ သန်းအထိ တရုတ်နိုင်ငံသို့ နယ်စပ်ကုန်သွယ်မှုမှတစ်ဆင့် တင်ပို့မှု ပါဝင်လျက်ရှိသည်။ လက်ရှိနှစ်တွင် တရုတ်နိုင်ငံဘက် နယ်စပ်ကုန်သွယ်မှုမှတစ်ဆင့် တရားမဝင် တင်သွင်းသည့် အနေအထားကို လက်ခံခြင်းမပြုဘဲ ဖမ်းဆီးမှုများ ဆောင်ရွက်သဖြင့် နယ်စပ်မှ ဆန်တင်ပို့မှု လျော့ကျလာခဲ့သည်။ သို့ဖြစ်၍ မြန်မာနိုင်ငံ၏ ယခုနှစ် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် (၁-၁၀-၂၀၁၈မှ ၁၄-၆-၂၀၁၉ထိ) ဆန်နှင့် ဆန်ကွဲတန်ချိန် ၁ ဒသမ ၆၈ သန်း သာတင်ပို့ခဲ့သည်။ ယခင်နှစ် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကာလတူဆန်တင်ပို့မှုမှာ ဆန်တန်ချိန် ၂ ဒသမ ၅၃ သန်းရှိသည်။ ဆန်တင်ပို့မှုကျဆင်းသွားသည်မှာ အဓိကအားဖြင့် တရုတ်နိုင်ငံသို့ နယ်စပ်မှ ဆန်တင်ပို့ရန် အခက်အခဲ ဖြစ်ပေါ်နေသဖြင့် တရားဝင်လမ်းကြောင်းမှ ပိုမိုတင်ပို့နိုင်ရန် ကြိုးပမ်းလာရသည်။

## ဆန်စက်များ၏ ကဏ္ဍ

ဆန်စပါး ဆိုသည်နှင့် ဆန်စက်များ၏ အခန်းကဏ္ဍသည် မပါလျှင် မပြီးဘဲပါဝင်လာရသည်။ ဆန်အရည်အသွေးကောင်း ရစေရန် ဆန်စက်များ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးသည်။ ဆန်စက်များ ကောင်းမွန်မှုမရှိလျှင် ဆန်ကောင်းကိုလည်း တွက်ခြေကိုက်စွာရရှိနိုင်မည် မဟုတ်ပါ။ အခြားနိုင်ငံများ၏ ဆန်စက်များကို လေ့လာခဲ့ရာတွင် မြန်မာနိုင်ငံ၏ ဆန်စက်များထက် များစွာ အဆင့် မြင့်မားနေကြပြီဖြစ်သည်။ မြန်မာနိုင်ငံဆန်စက်သမိုင်းကိုပြန်လေ့လာ ကြည့်လျှင် ရှေးယခင်က ဆန်စက်များသည် စပါးအများဆုံးထွက်သည့် ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူး၊ ရန်ကုန် ဒေသများတွင်သာ အများအပြားရှိခဲ့ကြသည်။ ဘွိုင်လာဆန်စက်ကြီးများဖြစ်ကြသည်။ မြန်မာနိုင်ငံတွင် ဆန်စက်ပေါင်း သောင်းချီရှိသည်။ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၏ ၂၀၁၃ ခုနှစ်စာရင်းများအရ မြန်မာတစ်နိုင်ငံလုံးတွင် တစ်ရက်လျှင် ဆန် ၁၅ တန် အောက်သာကြိတ်နိုင်သော ဆန်စက်ငယ်များမှာ ၁၅၄၇၂ စက်ရှိပြီး ၁၅ တန်အထက် ထွက်အောင်ကြိတ်နိုင်သော ဆန်စက်များမှာ ၁၃၆၂ စက်ရှိကြောင်း သိရသည်။ ၁၅ တန်အထက် ကြိတ်ခွဲအားရှိသော ဆန်စက်များတွင် ပြည်ပသို့ တင်ပို့နိုင်သော ဆန်အဆင့်မျိုး ကြိတ်ခွဲနိုင်သောစာရင်းမှာ မြန်မာတစ်နိုင်ငံလုံးတွင် စက်ပေါင်း ၃၂၉ စက်သာပါဝင်သည်။ ကြိတ်ခွဲနိုင်သော အင်အားမှာ တစ်ရက်လျှင် ဆန်တန်ချိန် မှာ ၁၂၃၀၄ တန်သာရှိသည်ဟုဆိုသည်။ အဆိုပါစာရင်းအရဆိုပါက မြန်မာနိုင်ငံမှ ပြည်ပဆန်တင်ပို့ရန် တစ်နှစ်လျှင် ကြိတ်ခွဲနိုင်မည့်ရက်ကို ရက် ၂၀၀ ဖြင့် တွက်ပါက ၂၄၆၀၈၀၀ ခန့်သာ ကြိတ်ခွဲနိုင်မည့် အခြေအနေဖြစ်သည်။ ၂၀၁၇-၂၀၁၈ ခုနှစ်တွင် ဆန်တန်ချိန် ၃ ဒသမ ၅ သန်းကျော် တင်ပို့ခဲ့သဖြင့် ထိုအချိန်စက်ကြိတ်အင်အားမှာ တစ်ရက်လျှင် တန်ချိန် ၁၅၀၀၀ ခန့်ရှိမည်ဟု ခန့်မှန်းနိုင်သည်။ အထက်ပါစာရင်းအရ ဆန်စက်အများစုမှာ ငါးပုံပုံဟာလာစက်ထက် အနည်းငယ်မျှသာ အဆင့်မြင့်သော ဆန်စက်များသာဖြစ်ကြသည်။ ယခုနောက်ပိုင်း ဆန် စက်များ တွင် ပြည်ပတင်ပို့ရန်၊ အဆင့်မြင့်ဆန်များကြိတ်ဖွပ်နိုင်ရန် Wet polisher ဆန်ဖြူအရောင်တင်စက်၊ ကာလာဆော့တာ (Color Sorter)နှင့် အခြားကိရိယာများ တပ်ဆင်လာကြသည်။

**စာမျက်နှာ ၁၆ သို့**

## ယခုတစ်ပတ် ဓာတ်ဆီ၊ ဒီဇယ်အဝင်ပို

ဇွန် ၁၆ ရက်မှ ၂၂ ရက်သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ၃၁၈၉၈၉၀၇ တန်ဖိုးရှိ ဒီဇယ် ၅၆၁၃၈ ဒသမ ၂၀ တန်နှင့် အမေရိကန်ဒေါ်လာ ၃၅၉၅၆၁၄၁ တန်ဖိုးရှိ ဓာတ်ဆီ ၇၂၃၉၇ ဒသမ ၁၃ တန်၊ စုစုပေါင်း ၁၂၈၅၃၅ ဒသမ ၃၃ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့သည်။

ယခုတစ်ပတ် ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်၊ အောက်တိန်း(92)နှင့် အောက်တိန်(95)တို့ တင်သွင်းခဲ့သည်။ ယခင်သီတင်းပတ်က ဒီဇယ်တန်ချိန် ၄၆၁၉၀ ကျော် တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၉၉၄၀ ကျော် ပိုမိုတင်သွင်းခဲ့ပြီး ယခင်သီတင်းပတ်တင်သွင်းခဲ့သော ဓာတ်ဆီတန်ချိန် ၃၂၅၉၀ကျော်နှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၃၉၇၉၀ ကျော် ပိုမိုတင်သွင်းခဲ့ကြောင်း သိရသည်။ ထို့ကြောင့် ယခုတစ်ပတ် ဒီဇယ်ရောဓာတ်ဆီပါ အဝင်ပိုခဲ့သည်။

နယ်စပ်စခန်းဖြစ်သည့် တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁၉၈၃၃၄ တန်ဖိုးရှိ ဒီဇယ်၃၅၇ဒသမ ၄၄ တန်နှင့် အမေရိကန်ဒေါ်လာ ၁၀၂၇၈၁ တန်ဖိုးရှိ ဓာတ်ဆီ ၂၀၃ ဒသမ ၉၆တန် တင်သွင်းခဲ့ကြောင်းသိရသည်။

## မိတ္ထီလာဈေးကွက်တွင် ငရုတ်သီးဈေးကျ

ယခုတစ်ပတ် မိတ္ထီလာဈေးကွက်အတွင်း ငရုတ်သီးဈေးကျနေကြောင်း သိရသည်။ ဈေးကျရခြင်းမှာ အိန္ဒိယငရုတ်သီးများ ဝင်လာခြင်းကြောင့် ပြည်တွင်း ငရုတ်သီးများဈေးကျကြောင်း၊ တရုတ်မှလည်းဈေးမြင့်၍ အဝယ်ရပ်ထားခြင်းတို့ကြောင့်ဖြစ်ကြောင်း သိရသည်။

မိတ္ထီလာဈေးကွက်သို့ဝင်သော ငရုတ်သီးများမှာ ကျောက်ဆည်ခရိုင်ဘက်မှ ထွက်သောအသီးများဖြစ်ကြောင်း၊ မိတ္ထီလာခရိုင်အနေဖြင့် ဇူလိုင်လလယ်ပိုင်းလောက်မှစတင်ထွက်ရှိမည်ဖြစ်ကြောင်း၊ ယခုတင်ပို့မှုအနေဖြင့် ယိုးဒယားဘက်သို့ အနည်းငယ်တင်ပို့မှုရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်က ငရုတ်သီးအခြောက်တစ်ပိဿာလျှင် ကျပ် ၅၈၀၀-၆၀၀၀၊ ငရုတ်သီး(အစို)တစ်ပိဿာလျှင် ကျပ် ၇၀၀၀-၈၀၀၀ ရှိရာမှ ယခုတစ်ပတ်တွင် ငရုတ်သီး (အခြောက်) တစ်ပိဿာ လျှင်ကျပ် ၄၅၀၀-၅၀၀၀၊ ငရုတ်သီး(အစို) တစ်ပိဿာလျှင် ကျပ် ၅၀၀၀ ထိ ဈေးကျလာကြောင်း ငရုတ်သီးကုန်သည်များထံမှ စုံစမ်းသိရှိရသည်။

**မူမူသန်း(မိတ္ထီလာ)**

## ဒေသထွက် ရာသီပေါ်သီးနှံများ ဈေးကောင်းရလျက်ရှိ

ပဲခူး(အနောက်) သာယာဝတီခရိုင်မှာတော့ ဒေသထွက် ရာသီပေါ် သီးနှံများဖြစ်တဲ့ ပုံလုံသီး၊ သခွားသီး၊ ရုံးပတီသီး၊ ငရုတ်သီးစိမ်းများကိုတစ်ပိုင်တစ်နိုင် စိုက်ပျိုးကြရာမှ ဈေးကွက်သို့ တင်ပို့ရောင်းချရာ ပုံလုံသီးများနှင့် ငရုတ်သီးစိမ်းများမှာ ဈေးကောင်းရလျက်ရှိသည်။

ပုံလုံသီးမှာလက်လီ တစ်တောင့်လျှင် ကျပ် ၂၀၀ခန့်မှ ၂၅၀ ခန့်ထိ ဈေးရရှိပြီး ၁၀တောင့်စည်းတစ်စည်းလျှင် ကျပ် ၁၂၀၀ ခန့်နှင့် သီရိမင်္ဂလာဈေးသို့ တင်ပို့ရောင်းချလျက်ရှိသည်။ ငရုတ်သီးစိမ်းများမှာလက်လီဝယ်ယူလျှင် ၁၀ ကျပ်သားကို ကျပ် ၂၀၀ ခန့်ထိဈေးကောင်းရလျက် ပိဿာလိုက်ဝယ်ယူလျှင် ကျပ်၁၈၀၀ခန့်ထိ ဈေးရရှိကာ အရောင်းအဝယ်လည်း ကောင်းနေကြောင်း ဈေးကွက်အတွင်းမှ လေ့လာသိရှိရသည်။

**ဝေဝေဖြိုး(သာယာဝတီ)**

## Energy NYMEX 28-6-2019

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 59.16 | -0.27 | -0.45 |
| Brent Crude Futr (USD/bbl) | 66.20 | -0.35 | -0.53 |
| Gasoline Rbob Fut (Cent/gal) | 193.10 | -1.56 | -0.80 |
| Natural Gas Futr (USD/MMBtu) | 2.32 | 0.00 | -0.09 |
| Heating Oil Futr (Cent/gal) | 194.75 | -0.50 | -0.26 |

## ပြည်တွင်းငွေလဲနှုန်း ထပ်မံကျဆင်းခဲ့သည့် ရက်သတ္တပတ်

ပြည်တွင်းငွေလဲဈေးကွက်သည် ယခုရက်သတ္တပတ်အတွင်းဈေးနှုန်း ထပ်မံကျဆင်းခဲ့ပြီး ဈေးငြိမ်နေခဲ့ကြောင်း ပြည်တွင်းငွေလဲဈေးကွက်မှ စုံစမ်းသိရှိရသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ရည်ညွှန်းငွေလဲနှုန်းကို ဇွန်လ တတိယပတ်က အမေရိကန်တစ်ဒေါ်လာလျှင် ၁၅၂၁ ကျပ်မှ ဇွန်နောက်ဆုံးပတ်တွင် ၁၅၁၅ကျပ်သို့ ပြောင်းလဲသတ်မှတ်ခဲ့သည်။

ပြည်တွင်းဈေးကွက်၌ ယခုရက်သတ္တပတ်တွင်အမေရိကန်ဒေါ်လာကို ဝယ်လိုအားနည်းနေခဲ့ပြီး အရောင်းအဝယ်နည်းခဲ့ကြောင်း၊ အမေရိကန်အနေဖြင့် အီရန်နှင့်စစ်ရေးတင်းမာမှု၊ တရုတ်နှင့်ကုန်သွယ်ရေး တင်းမာမှုများရှိနေချိန်တွင် Fedu ဘဏ်တိုးနှုန်းလျှော့ချရန် အစီအစဉ်မရှိသေးကြောင်း၊ ထို့ကြောင့် နိုင်ငံတကာဈေးကွက်အတွင်း အမေရိကန်ဒေါ်လာငွေဈေးမှာ ဆက်လက်ကျဆင်းနေခဲ့ခြင်းဖြစ်ကြောင်း၊ ပြည်တွင်းတွင်လည်း ရွှေဈေးမြင့်တက်နေခြင်းကြောင့် ဒေါ်လာဈေးကျဆင်းခဲ့ကြောင်း ပြည်တွင်းငွေကြေး အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်နေသူတစ်ဦးက ဆိုသည်။

ပြည်တွင်းငွေလဲနှုန်းဈေးကွက်တွင် ဇွန် ၂၄ရက်က အမေရိကန်တစ်ဒေါ်လာ ရောင်းဈေး ၁၅၂၀ကျပ်၊ဝယ်ဈေး ၁၅၁၆ ကျပ်မှ ဇွန် ၂၆ရက်တွင်အမေရိကန်တစ်ဒေါ်လာရောင်းဈေး ၁၅၂၁ကျပ်၊ ဝယ်ဈေး ၁၅၁၇ကျပ်ဖြင့် ဈေးဖြစ်ပေါ်ခဲ့ပြီး ဇွန် ၂၈ရက်တွင် အမေရိကန်တစ်ဒေါ်လာ ရောင်းဈေး ၁၅၁၈ကျပ်၊ ဝယ်ဈေး ၁၅၁၄ ကျပ်ဖြင့်ဈေးပြန်ကျခဲ့ကြောင်း သတင်းရရှိသည်။

**သန်းထိုက်အောင်**

## ပြည်တွင်းရွှေနှင့် နိုင်ငံတကာရွှေဈေးမြင့်တက်

ပြည်တွင်းရွှေဈေးနှင့် နိုင်ငံတကာရွှေဈေးတို့မှာဇွန်လပထမပတ်ကတည်းက စံချိန်တင်မြင့်တက်ခဲ့ရာမှ ယခုတစ်ပတ်တွင်လည်း ဆက်လက်မြင့်တက်ခဲ့သည်။ ဇွန်လတတိယပတ်က အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၀၉၈၀၀၀ ရှိခဲ့ရာမှ ယခုရက်သတ္တပတ်အတွင်း ကျပ် ၁၁၁၅၀၀၀သို့ မြင့်တက်ခဲ့ခြင်းဖြစ်သည်။

“ရွှေဈေးတက်နိုင်မယ့်အခြေအနေတွေရှိနေပါသေးတယ်။ တရုတ်-အမေရိကန်ထိပ်သီးတွေဖြစ်တဲ့ ရှီနဲ့ထရန့်တွေ့ဆုံဆွေးနွေးပွဲ မအောင်မြင်ရင် ကျိန်းသေပါပြီ။ ဂျပန်မှာတွေ့ဆုံမယ့် ဒီဆွေးနွေးပွဲက အနာဂတ်ရွှေဈေးနဲ့ အကြီးအကျယ်ကို ချိတ်ဆက်နေပါတယ်။ ဒီလိုမရေရာတဲ့အခြေအနေတွေကြောင့် ရွှေဈေးက လွန်ခဲ့တဲ့ သုံးနှစ်အတွင်း အားအကောင်းဆုံးကာလဖြစ်နေတယ်။ ပြည်တွင်းမှာလည်း ရွှေဈေးက လိုက်မြင့်တက်နေတော့ဈေးကွက်မှာမျက်နှာပန်း လှနေတယ်။ ခုဆို ၁၁သိန်းကိုတောင် ကျော်သွားတယ်”ဟုပြည်တွင်းရွှေအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ဆိုသည်။

ပြည်တွင်းရွှေဈေးကွက်တွင် ဇွန် ၂၄ ရက်က အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ်၁၁၀၉၀၀၀ရှိခဲ့ရာမှ ဇွန် ၂၆ရက်တွင် အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၁၁၂၀၀၀သို့မြင့်တက်ခဲ့ပြီး ဇွန် ၂၁ရက်တွင် ကျပ်၁၁၁၅၀၀၀သို့ထပ်မံမြင့်တက်ခဲ့ကြောင်းသိရသည်။ကမ္ဘာ့ရွှေဈေးကွက် မှာတော့ ဇွန် ၂၄ရက်ကရွှေတစ်အောင်စလျှင်အမေရိကန်ဒေါ်လာ ၁၄၀၈ဒေါ် လာရှိခဲ့ရာမှ ဇွန် ၂၆ရက်တွင် တစ်အောင်စလျှင်အမေရိကန်ဒေါ်လာ ၁၄၀၆ဒေါ်လာသို့ရောက်ရှိခဲ့သော်လည်း ဇွန် ၂၈ရက်တွင် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၄၁၄ ဒေါ်လာ ဖြင့် ဈေးပိတ်ခဲ့သည်။

**သန်းထိုက်အောင်**



## MTSH အစုရှယ်ယာတစ်စုလျှင် အမြတ်ဝေစု ကျပ် ၂၅၀ဖြင့် အဆိုပြု

Myanmar Thilawa SEZ Holdings Public Co.,Ltd. (MTSH) မှ မတ် ၃၁ရက်တွင် ကုန်ဆုံးခဲ့သော ဘဏ္ဍာနှစ်အတွက် အဆိုပြုအမြတ်ဝေစုပမာဏကို သာမာန်အစုရှယ်ယာတစ်စုလျှင် ကျပ် ၂၅၀နှုန်းဖြင့်ခွဲဝေရန် ဇွန် ၁၉ရက်က ပြုလုပ်ခဲ့သည့် ဒါရိုက်တာအဖွဲ့အစည်းအဝေး၌ အဆိုပြုဆုံးဖြတ်ခဲ့သည်။

ယခုအဆိုပြုထားသော အမြတ်ဝေစု ပမာဏကို စက်တင်ဘာ ၇ရက်တွင် ပြုလုပ်ရန် စီစဉ်ထားသည့် ဆဋ္ဌမအကြိမ် နှစ်ပတ်လည်အထွေထွေအစည်းအဝေးတွင် အစုရှယ်ယာရှင်များ၏ အတည်ပြုချက်ဖြင့် ခွဲဝေသွားမည်ဖြစ်ကြောင်းသိရသည်။ MTSH ကုမ္ပဏီအနေဖြင့် အမြတ်ဝေစုခံစားခွင့်ရှိသော အစုရှယ်ယာရှင်များကို ဇူလိုင် ၁၂ရက် (အမြတ်ဝေစုခံ စားခွင့်ရရှိမည့် အစုရှယ်ယာရှင်အဖြစ် အတည်ပြုရက်) (Record Date)တွင်ရှိသော အစုရှယ်ယာရှင်စာရင်းအရ သတ်မှတ်သွားမည်ဖြစ်ကြောင်း၊ အစုရှယ်ယာရှင်များက အတည်ပြုပြီးသော အမြတ်ဝေစု ပမာဏနှင့် အမြတ်ဝေစု ခွဲဝေပေးမည့်နေ့ကို ဆဋ္ဌမအကြိမ် နှစ်ပတ်လည် အထွေထွေအစည်းအဝေးပြီးနောက် ဆက်လက်အသိပေး ထုတ်ပြန်ပေးသွားမည်ဟု သိရသည်။ MTSH ကုမ္ပဏီသည် ရန်ကုန်စတော့အိတ်ချိန်းသို့ ၂၀၁၆ခုနှစ် မေလတွင် ဝင်ရောက်ခဲ့သည်။

**သန်းထိုက်အောင်**

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 24-June | 15.36 | 2568.54 | 1746.01 | 5936.47 | 811.00 |
| 25-June | 15.38 | 2615.05 | 1764.74 | 5941.10 | 810.00 |
| 26-June | 15.19 | 2634.22 | 1775.76 | 5964.47 | 805.00 |
| 27-June | 15.15 | 2592.12 | 1784.79 | 5961.16 | 810.00 |
| 28-June | 15.26 | 2567.22 | 1776.20 | 5947.05 | 814.00 |

## Currency Exchange Rate

June 28, 2019
Base Currency is
United States Dollar - USD

| Currency Unit | Units per USD |
|---|---|
| AUD Australia Dollars | 1.42 |
| BDT Bangladesh Taka | 84.52 |
| CAD Canada Dollars | 1.30 |
| CNY China Yuan Renminbi | 6.86 |
| EUR Euro | 0.87 |
| H KD Hong Kong Dollars | 7.80 |
| I NR India Rupees | 68.95 |
| I DR Indonesia Rupiahs | 14108.09 |
| JPY Japan Yen | 107.69 |
| MYR Malaysia | 4.13 |
| PKR Pakistan Rupees | 163.62 |
| PHP Philippines Pesos | 51.21 |
| RUB Russia Rubles | 63.10 |
| SGD Singapore Dollars | 1.35 |
| KRW South Korea Won | 1154.95 |
| LKR Sri Lanka Rupe | 176.48 |
| THB Thailand Baht | 30.70 |
| GBP United Kingdom Pounds | 0.78 |
| VND VietnamDon | 23272.53 |

*Source:xe.com*

## World Gold Price

June- 2019 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 24 | 1410 | 1408 | 1408 |
| 25 | 1433 | 1431 | 1431 |
| 26 | 1411 | 1408 | 1409 |
| 27 | 1406 | 1404 | 1405 |
| 28 | 1420 | 1419 | 1418 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 24-6- 2019 | 1110.00 | 1110.00 |
| 25-6- 2019 | 1126.00 | 1124.00 |
| 26-6- 2019 | 1114.50 | 1115.00 |
| 27-6- 2019 | 1114.50 | 1114.00 |
| 28-6- 2019 | 1116.00 | 1116.00 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဇွန်လ ၂၀၁၉ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 24 | 6.87 | 30.78 | 83.94 | 69.51 |
| 25 | 6.88 | 30.73 | 84.37 | 69.35 |
| 26 | 6.88 | 30.86 | 84.58 | 69.39 |
| 27 | 6.87 | 30.77 | 84.40 | 69.20 |
| 28 | 6.86 | 30.70 | 84.52 | 68.95 |

## ဘိလပ်မြေ

# ရေလမ်းမှ ဘိလပ်မြေတန်ချိန်၂၀၀၀ နီးပါးဝင်

ဇွန် ၁၆ ရက်မှ ၂၂ ရက်သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၃၂၃၈၁ တန်ဖိုးရှိ ဘိလပ်မြေ ၁၇၉၅ ဒသမ ၂၄၈ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့သည်။ ယခုတစ်ပတ် ထိုင်းနိုင်ငံမှသာတင်သွင်းခဲ့ကြောင်း သိရသည်။ ယခင်သီတင်းပတ်က ဘိလပ်မြေတန်ချိန် ၂၀၀ တန်တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၁၅၀၀ ကျော် တင်သွင်းမှုပိုခဲ့ကြောင်း သိရသည်။

ဇွန် ၁၅ ရက်မှ ၂၁ ရက်အတွင်း နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ တန်ချိန် ၁၂၅၇၀ကျော်ရှိခဲ့ပြီး ယခင်သီတင်းပတ်က ဘိလပ်မြေအဝင်မှာ တန်ချိန် ၅၁၅၀ ကျော်ရှိခဲ့ခြင်းကြောင့် ယခုတစ်ပတ်မှာ တန်ချိန် ၇၄၂၀ ကျော် အဝင်ပိုခဲ့သည်။ ထို့ကြောင့် ယခုတစ်ပတ်မှာ ရေလမ်းရောနယ်စပ်လမ်းပါ ဘိလပ်မြေအဝင်ပိုခဲ့ကြောင်း သိရသည်။

# ဘိလပ်မြေဈေးကွက် အရောင်းပုံမှန်ရှိ



**တောင်ကြီးဘိလပ်မြေ ဈေးကွက်၌** အရောင်းအဝယ်ပါးကြောင်း သိရသည်။ ယခုတစ်ပတ် ကမ္ဘောဇ ဘိလပ်မြေက ပစ္စည်းပြတ်နေကြောင်း သိရသည်။ အပါချီနဲ့ ကြံ့ဘိလပ်မြေက ကျပ် ၂၀၀ဈေးကျလာပြီး ကျန်ဘိလပ်မြေများက ယခင်ဈေးဖြင့် အရောင်းအဝယ်ဖြစ်ကြောင်းသိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ စိန်(ထိုင်း) ကျပ် ၈၄၀၀၊ အေသုံးလုံး ကျပ် ၅၂၀၀၊ အပါချီ ကျပ် ၆၅၀၀၊ ကမ္ဘောဇ ကျပ် ၆၄၀၀၊ ဆင်(ထိုင်း)ကျပ် ၇၈၀၀၊ ကြံ့ကျပ် ၆၀၀၀ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရသည်။

**မန္တလေးဘိလပ်မြေဈေးကွက်၌** ပုံမှန် အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။ ယခုတစ်ပတ် အေသုံးလုံးဘိလပ်မြေကကျပ် ၁၁၀၀ ဈေးမြင့်ခဲ့ပြီး ကျန်ဘိလပ်မြေများက ယခင်ဈေးနှင့်အရောင်းအဝယ်ဖြစ်ကြောင်းသိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ အေသုံးလုံး ကျပ် ၅၄၀၀၊ ကြံ့နှစ်ကောင် ကျပ် ၅၃၀၀၊ အယ်လ်ဖာ ကျပ် ၅၃၀၀၊ ဘလူးဒိုင်းမွန်း ကျပ် ၄၈၀၀၊ ခရောင်းကျပ် ၅၆၀၀၊ အပါချီကျပ် ၅၁၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရသည်။

**မော်လမြိုင်ဘိလပ်မြေဈေးကွက်၌** မိုးများနေသောကြောင့် အရောင်းအဝယ် တော်တော်အေးနေကြောင်းနှင့် ဘိလပ်မြေဈေးများငြိမ်နေကြောင်း သိရသည်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ ကြံ့တစ်ကောင် (အပြာ)ကျပ် ၅၇၅၀၊ ဆင်မြန်မာ ကျပ် ၆၁၅၀၊ ကြံ့နှစ်ကောင်(နီ)(စိမ်း)ကျပ် ၆၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း စုံစမ်းသိရှိရသည်။

**မကွေးဘိလပ်မြေဈေးကွက်၌** ယခုတစ်ပတ် အရောင်းအဝယ်ပုံမှန်ပြန်ဖြစ်လာကြောင်းသိရသည်။ အရောင်းအဝယ်ပုံမှန်ဖြစ်လာသော်လည်း ဘိလပ်မြေဈေးက အပြောင်းဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ အပါချီကျပ်၅၀၅၀၊ ဆင်(ထိုင်း) ကျပ် ၆၅၀၀၊ ကြံ့ ကျပ် ၅၇၀၀၊ ကမ္ဘောဇ ကျပ် ၄၃၀၀၊ ဘလူးဒိုင်းမွန်းကျပ် ၄၃၀၀ နှင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရှိရသည်။

သီတာဝင်း(DOT) စုစည်းသည်

## ဓာတ်မြေသြဇာ

# ယခင်တစ်ပတ်ထက် မြေသြဇာအဝင်လျော့

ဇွန် ၁၆ရက်မှ ၂၂ရက် သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၆၆၆၂၉၉ တန်ဖိုးရှိ မြေသြဇာတန်ချိန် ၁၂၃၅၇ ဒသမ ၂၈တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့သည်။ ယခုတစ်ပတ် ဘီလာရုစ်နိုင်ငံမှ ၂၅၅၇ ဒသမ ၅ တန်၊ တရုတ်နိုင်ငံမှ ၂၅၁၁ တန်၊ ဂျာမနီနိုင်ငံမှ တန်ချိန် ၅၄၀၊ နော်ဝေနိုင်ငံမှ ၃၄၇ ဒသမ ၀၂ တန်၊ ဆော်ဒီအာရေဗျနိုင်ငံမှ ၄၀၇၆ ဒသမ ၈၂ တန်၊ တိုင်ဝမ်နိုင်ငံမှ ၄ တန်၊ ထိုင်းနိုင်ငံမှ ၁၀၆၉ ဒသမ ၉၄ တန်နှင့်ယူကေမှ တန်ချိန် ၅၂၀ တင်သွင်းခဲ့ကြောင်းသိရသည်။ ယခုတစ်ပတ် ဆော်ဒီအာရေဗျနိုင်ငံမှ တန်ချိန် အများဆုံး တင်သွင်းခဲ့သည်။ တင်သွင်းခဲ့သည့်အမျိုးအစားများမှာ ကွန်ပေါင်း(၁၅း၁၅း၁၅)၊ ပိုတက်၊ အမိုးနီးယားဆာလဖိတ်၊ ယူရီးယား(၄၆%)၊ ကွန်ပေါင်း(၂၄း၇း၇)တို့ဖြစ်သည်။ ယခင်သီတင်းပတ်က မြေသြဇာတန်ချိန် ၂၈၂၁၀ကျော်ရှိခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၁၅၈၅၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့သည်။

# မြေသြဇာဈေးကွက် အရောင်းအေး

ဇွန် ၁၅ ရက်မှ ၂၁ ရက်အထိ နယ်စပ်လမ်းမှ မြေသြဇာအဝင်မှာ တန် ၃၃၁၄၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၃၁၇၆၀ ကျော်ရှိခဲ့ခြင်းကြောင့် ယခုတစ်ပတ်မှာ တန်ချိန် ၁၃၈၀ ကျော်အဝင်ပိုကြောင်း သိရသည်။

ပြည်တွင်းဈေးကွက်များဖြစ်သည့် မော်လမြိုင်၊ မန္တလေးနှင့်တောင်ကြီးတို့တွင်အရောင်းအေးပြီး မကွေး၌အရောင်းပုံမှန်ရှိကြောင်း သိရသည်။

**မော်လမြိုင်ဈေးကွက်၌** မိုးများနေသောကြောင့် မြေသြဇာများအရောင်းအဝယ်အေးပြီး ဈေးငြိမ်ကြောင်းသိရသည်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ ပုလဲ-အကြီး(ထိုင်း) မြင်းပျံ ကျပ်၂၈၅၀၀၊ ပုလဲ-မြန်မာ (အမ်ပီအီး) ကျပ် ၂၈၅၀၀၊ ပုလဲ-မြန်မာ (ရွှေတောင်-တရုတ်) ကျပ်၃၁၀၀၀၊ ကွန်ပေါင်း (အစိမ်း) (၁၅း၁၅း၁၅) ကျပ် ၄၈၀၀၀၊ မြန်မာ့သြဘာ(ရွှေကောမတ်) ကျပ် ၄၀၅၀၀၀၊ ကွန်ပေါင်း(၁၆း၁၆း၈)(မြင်းပျံ-ထိုင်း) ကျပ်၄၇၀၀၀၊ တီစူပါ ၄၆%(သံကွင်း-တရုတ်) ကျပ် ၂၇၀၀၀၊ပိုတက် (မြန်မာ့သြဘာ)ကျပ် ၃၅၀၀၀၊တီစူပါ (၁၂း၁၃) (မြားကမ္ဘာ) ကျပ်၁၃၅၀၀၊ ပိုတက်(အာမို) ကျပ် ၃၁၅၀၀၊ ကွန်ပေါင်း(၄၆%) (စံပြ) ကျပ် ၄၇၃၀၀ နဲ့အရောင်းအဝယ်ဖြစ်နေကြောင်း သိရှိရသည်။

**မန္တလေးဈေးကွက်၌** အရောင်းအဝယ်ပါးကြောင်း သိရသည်။ ယခုတစ်ပတ် တီစူပါ(၄၆%)နဲ့ အာမို(၁၅)ပတ်လည်က ကျပ် ၂၀၀ ၊ ပန်းသီးစုံက ကျပ် ၁၀၀ဈေးကျပြီး ကျန်မြေသြဇာများက ယခင်ဈေးအတိုင်း အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာယူရီးယား(ရွှေတောင်-တရုတ်) ကျပ် ၂၈၀၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၈၅၀၀၊ သံကွင်း (၄၆%-တရုတ်) ကျပ် ၂၄၈၀၀၊ မြားသီးစုံ ကျပ် ၁၈၂၀၀၊ ပန်းသီးစုံ ကျပ် ၁၈၁၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၂၀၀၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၃၉၈၀၀၊ ပိုတက်ကျပ် ၂၈၅၀၀ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

**တောင်ကြီးဈေးကွက်၌** မိုးများလာသောကြောင့် အရောင်းအဝယ်အေးလာကြောင်း သိရသည်။ ဈေးကွက်ထဲ(ရွှေတောင်)ကပစ္စည်းပြတ်နေပြီး တီစူပါ (၂၀%)က ကျပ် ၁၁၀၀၊ တီစူပါ(၁၀း၁၀း၅)က ကျပ် ၁၀၀၀ ဈေးလျော့ခဲ့ပြီး ဓာတ်ဆားက ကျပ် ၅၀၀ ဈေးမြင့်ခဲ့ကြောင်းသိရသည်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၈၀၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၃၀၀၀၀၊တီစူပါ၂၀% (တရုတ်) ကျပ် ၁၄၅၀၀၊ ပိုးသတ်ဆေး ကျပ် ၂၂၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ကျပ် ၄၀၅၀၀၊ တီစူပါ ၁၀း ၁၀း၅ (တရုတ်) ကျပ် ၁၈၅၀၀၊ ဓာတ်ဆား (တရုတ်) ကျပ် ၁၇၅၀၀၊ ပိုတက် (တရုတ်) ကျပ် ၃၀၀၀၀၊ ယူရီးယား (ယူအေအီး) ကျပ် ၂၉၀၀၀၊ မြားကမ္ဘာ ကျပ် ၁၉၅၀၀၊ ရွက်ဖျန်းကျပ် ၃၀၀၀၊ ဆိုင်ကလုန်း ကျပ် ၃၀၀၀၊ ဆိုက်ပါကျပ် ၆၀၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်ကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရသည်။

## နို့ဆီ/နို့မှုန့်

# ယခုတစ်ပတ် နို့ဆီရော နို့မှုန့်ပါ အဝင်လျော့

ဇွန် ၁၆ ရက်မှ ၂၂ ရက်အတွင်း အမေရိကန်ဒေါ်လာ ၄၈၉၇၀ တန်ဖိုးရှိ နို့ဆီ ၄၉ ဒသမ ၆၀၈ တန်ကို ပင်လယ်ရေကြောင်းလမ်းမှ တင်သွင်းခဲ့သည်။ ယခုတစ်ပတ် မလေးရှားနိုင်ငံမှတင်သွင်းခဲ့သည်။ ယခင်သီတင်းပတ်က နို့ဆီတန်ချိန် ၄၄၀ ကျော် တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၃၉၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့ကြောင်း သိရသည်။

အမေရိကန်ဒေါ်လာ ၇၉၉၈၀ တန်ဖိုးရှိ နို့မှုန့် ၂၆ ဒသမ ၄၀ တန်ကို တင်သွင်းခဲ့သည်။ ယခုတစ်ပတ် နယူးဇီလန်နိုင်ငံမှ ၂၅ ဒသမ ၆၀ တန်နှင့် အိုင်ယာလန်နိုင်ငံမှ သုည ဒသမ ၈၀ တန် တင်သွင်းခဲ့သည်။ ယခင်သီတင်းပတ်က နို့မှုန့် ၁၄၉ တန်ကျော် တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင်တန်ချိန်၁၂၀ ကျော် တင်သွင်းမှုလျော့နည်းကြောင်း သိရသည်။ ထို့ကြောင့်ယခုတစ်ပတ်မှာ နို့ဆီရော နို့မှုန့်ပါ အဝင်လျော့နည်းခဲ့သည်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၅/၆ မှ ၂၁/၆ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၈/၆ မှ ၁၄/၆ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၃၅.၈၅ | ၅၂.၉၅ | (-) | ၁၇.၁၀ |
| ၂။ | လွယ်ဂျယ် | - | - | | - |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | ၄၆၅.၀၀ | - | (+) | ၄၆၅.၀၀ |
| ၅။ | တာချီလိတ် | ၅၉၀၀.၀၀ | ၅၁၀၀.၀၀ | (+) | ၈၀၀.၀၀ |
| ၆။ | မြဝတီ | - | - | | - |
| ၇။ | ကော့သောင်း | ၂၇၅.၀၀ | - | (+) | ၂၇၅.၀၀ |
| ၈။ | မြိတ် | ၅၉၀၀.၀၀ | - | (+) | ၅၉၀၀.၀၀ |
| | စုစုပေါင်း | ၁၂၅၇၅.၈၅ | ၅၁၅၂.၉၅ | (+) | ၇၄၂၂.၉၀ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၅/၆ မှ ၂၁/၆ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၈/၆ မှ ၁၄/၆ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၁၅၀၈.၇၅ | ၁၀၁၀၅.၅၄ | (+) | ၁၄၀၃.၂၁ |
| ၂။ | လွယ်ဂျယ် | ၁၇၇၁.၉၀ | ၂၁၂၂.၀၀ | (-) | ၃၅၀.၁၀ |
| ၃။ | ချင်းရွှေဟော် | ၁၃၃၉၄.၇၅ | ၁၂၀၈၇.၅၀ | (+) | ၁၃၀၇.၂၅ |
| ၄။ | ကန်ပိုက်တီ | ၄၂၄၈.၀၀ | ၅၂၅၀.၀၀ | (-) | ၁၀၀၂.၀၀ |
| ၅။ | မြဝတီ | - | - | | - |
| ၆။ | ကော့သောင်း | - | - | | - |
| ၇။ | မြိတ် | - | - | | - |
| ၈။ | ရိဒ် | ၂၂၂၅.၀၀ | ၂၂၀၀.၀၀ | (+) | ၂၅.၀၀ |
| ၉။ | တမူး | - | - | | - |
| | စုစုပေါင်း | ၃၃၁၄၈.၄၀ | ၃၁၇၆၅.၀၄ | (+) | ၁၃၈၃.၃၆ |

ခင်မိုးသူ




# Trade Facilitation For Export/Import ဆွေးနွေးပွဲ ကျင်းပ

အမျိုးသားပို့ကုန်မဟာဗျူဟာ (NES)ရှိ အထောက်အကူပြုကဏ္ဍတစ်ရပ်ဖြစ်သည့် ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးနှင့် ထောက်ပံ့ပို့ဆောင်ရေးကဏ္ဍတွင် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပို့ကုန်လုပ်ငန်းများ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းရှင်များအကြား ခေတ်သစ်ကုန်သွယ်မှုစနစ်များနှင့်အညီ လိုက်လျောညီထွေဆောင်ရွက်နိုင်ရေးအတွက် ရှေ့ဆက်ဆောင်ရွက်မည့် အစီအမံများကို သိရှိနိုင်ရန်နှင့် အခက်အခဲများကို တင်ပြနိုင်ရန် ရည်ရွယ်ချက်ဖြင့် Trade Facilitation For Export/Import ဆွေးနွေးပွဲကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ဦးဆောင်၍ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် ပူးပေါင်းပြီး ဇွန် ၂၄ နှင့် ၂၅ ရက်တို့တွင် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်စိုးနှင့် ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းတို့က အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးနှင့် ထောက်ပံ့ပို့ဆောင်ရေးအတွက် ပို့ဆောင်ရေး( ကုန်းလမ်း၊ ရေလမ်း၊ ဆိပ်ကမ်း၊ ရေကြောင်း၊ရထား)၊ ထောက်ပံ့ပို့ဆောင်ရေး၊ ကုန်သွယ်ရေးဆိုင်ရာမူဝါဒနှင့် ဖြေလျှော့မှုများ၊ မြန်မာ-တရုတ် နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန် တည်ထောင်အကောင်အထည်ဖော်ရေး၊ အကောက်ခွန်၊ ဗဟိုဘဏ်ဆိုင်ရာ ဆောင်ရွက်ထားရှိမှုများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို သက်ဆိုင်ရာဌာနအသီးသီးမှ တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

ဆွေးနွေးပွဲ တက်ရောက်လာသော အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ပို့ကုန်သွင်းကုန် လုပ်ငန်းရှင်များမှ သိရှိလိုသည်များနှင့် ၎င်းတို့ကြုံတွေ့နေရသည့် အခက်အခဲများကိုတင်ပြရာ သက်ဆိုင်ရာ တာဝန်ရှိသူများမှ ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲသို့ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်ရေးဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာနတို့မှ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် သက်ဆိုင်ရာဌာနအသီးသီးမှ အရာထမ်းများ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် လုပ်ငန်းရှင်များ စုစုပေါင်း ၁၅၀ ဦးခန့် တက်ရောက်ခဲ့ကြသည်။ **(NES Unit)**



# မန္တလေးတိုင်းဒေသကြီးတွင် မြန်မာနိုင်ငံယှဉ်ပြိုင်မှု ကော်မရှင်မိတ်ဆက်ပွဲ အခမ်းအနားကျင်းပ

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့တွင် မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင် မိတ်ဆက်ပွဲအခမ်းအနားကို ဇွန် ၂၄ ရက်က မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(MRCCI)တွင် ပြုလုပ်ခဲ့သည်။ ယင်းမိတ်ဆက်ပွဲအခမ်းအနားသို့ ဖိတ်ကြားထားသည့် မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရဌာနဆိုင်ရာ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ကုန်သည်များ၊ လုပ်ငန်းရှင်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားကို မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးသန်းမောင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ကော်မရှင်အတွင်းရေးမှူး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်းက မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင် ဖွဲ့စည်းခဲ့မှုများနှင့်ကော်မရှင်အဖွဲ့ဝင် တစ်ဦးချင်းစီ၏ကိုယ်ရေးအကျဉ်းများဖြင့် မိတ်ဆက်ပေးခဲ့သည်။ ဆက်လက်၍ မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင် ဖွဲ့စည်းတည်ထောင်ထားမှုအခြေအနေ၊ ရည်ရွယ်ချက်၊ လုပ်ငန်းတာဝန်များ၊ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေးတင်ပြခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင်ဒုတိယဥက္ကဋ္ဌ ဥပဒေပညာရှင် ဦးသန်းမောင်က "မြန်မာနိုင်ငံယှဉ်ပြိုင်မှုဥပဒေနှင့်နည်းဥပဒေများအကြောင်း သိကောင်းစရာများ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် စီးပွားရေးပညာရှင် ဦးသုတအောင်က "စီးပွားရေးလုပ်ငန်းများနှင့်ယှဉ်ပြိုင်မှု" ခေါင်းစဉ်ဖြင့်လည်းကောင်း ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာသူများမှသိလိုသမျှမေးမြန်းမှုများကိုကော်မရှင်အဖွဲ့ဝင်များက ပြန်လည်ဖြေကြားပေးခဲ့ကြသည်။ **Dr.SP**

## ပြည်တွင်းဆီဈေးနှုန်းများ (၂၈-၆-၂၀၁၉) ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၆၀၀၀ | ၆၀၀၀ | □ | ၆၆၀၀ | ၆၆၀၀ | □ | ၁၇၀၀ | ၁၆၅၀ | ▽ |
| ရန်ကုန် | ၇၀၀၀ | ၇၀၀၀ | □ | ၇၅၀၀ | ၇၅၀၀ | □ | ၁၇၀၀ | ၁၇၀၀ | □ |
| မန္တလေး | ၆၀၀၀ | ၆၀၀၀ | □ | ၇၂၀၀ | ၇၂၀၀ | □ | ၁၇၀၀ | ၁၇၀၀ | □ |
| ပဲခူး | ၆၄၀၀ | ၆၄၀၀ | □ | ၆၄၀၀ | ၆၄၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| မကွေး | ၇၀၀၀ | ၆၅၀၀ | ▽ | ၇၅၀၀ | ၇၅၀၀ | □ | ၁၆၀၀ | ၁၈၀၀ | △ |
| မုံရွာ | ၅၈၀၀ | ၆၀၀၀ | △ | ၅၅၀၀ | ၅၅၀၀ | □ | ၁၆၀၀ | ၁၆၀၀ | □ |
| စစ်တွေ | ၇၀၀၀ | ၇၀၀၀ | □ | ၅၅၀၀ | ၅၅၀၀ | □ | ၂၂၀၀ | ၂၂၀၀ | □ |



## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၂၈-၆-၂၀၁၉ US$/Ton

| အမျိုးအစား | ဇွန်ဒုတိယပတ် | ဇွန်တတိယပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၅၀၃.၅၀ | ၄၉၂.၅၀ | ▽ |
| RBD P.Olein | ၅၀၅.၅၀ | ၅၀၄.၀၀ | ▽ |
| RBD P.Stearin | - | ၄၆၃.၅၀ | - |

*Source: bepi.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၂၈-၆-၂၀၁၉) ရက်

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၃၂၇.၀၁ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၃.၃၂ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၆.၆၄ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၇.၁၅ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၇၅.၉၀ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၃၀.၆၀ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၇ .၄၄ |
| ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | | ၁၄၆၃.၈၅၇ |

မှတ်ချက်။

၁။ အထက်ပါတွက်ချက်မှုမှာ ၂၈-၆-၂၀၁၉ နေ့ (CIF ဈေး Cloud Point 8 ˚C Max 535 ဒေါ်လာနှင့် USD ဈေး ၁၅၁၈ ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။

၂။ ၂၈-၆-၂၀၁၉ နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။

၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။

၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၅၁၈ကျပ်ဖြင့် တွက်ချက်ထားပါသည်။

၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ရာခိုင်နှုန်း ဖြစ်ပါသည်။

၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

## ဆန်၊ ပဲ၊ ပြောင်း၊ ဂျုံနှင့်သီးနှံများမှ တန်ဖိုးမြင့်စားသောက်ကုန် ထုတ်လုပ်ရောင်းချနိုင်ရေး သင်တန်းဆင်းပွဲကျင်းပ

ကရင်ပြည်နယ်အတွင်း လယ်ယာနှင့် ဥယျာဉ်ခြံထွက်သီးနှံများ ကိုအခြေခံပြီး တန်ဖိုးမြင့်စားသောက်ကုန် ထုတ်လုပ်နည်းသင်တန်းဆင်းပွဲကို ဇွန် ၂၀ ရက်က ဘားအံမြို့ ရက်ကန်းနှင့်အသက်မွေးပညာသင်တန်းကျောင်းရှိ နည်းပညာသင်တန်းဆောင်တွင် ကျင်းပသည်။အဆိုပါသင်တန်းတွင် ဒေသထွက်သီးနှံများဖြစ်သည့် သရက်၊ သံပရာ၊ ရှောက်သီး၊ နာနတ်သီး၊ ငှက်ပျောသီး စသည့် သီးနှံများကိုယို၊ ဖျော်ရည်၊ ဝိုင်၊ ဆော့ပြုလုပ်နည်း၊ ပြည်တွင်းထွက် ဆန်ပြောင်းကိုအခြေခံ၍ ဘီစကွတ်၊ ကွတ်ကီးပြုလုပ်နည်းများကို သင်တန်းဆရာများမှ သင်ကြားပို့ချပေးခဲ့ပြီး သင်တန်းအောင် လက်မှတ်များပေးအပ်ခဲ့သည်။

သင်တန်းဆင်းပွဲသို့ ဘားအံမြို့ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း ကျောင်းအုပ်ကြီး ဒေါ်ဧကရီအောင်အောင်၊ လူသရမ်ဝေါဖက်ဒရေးရှင်းမြန်မာ စီမံကိန်းမှ စီမံကိန်းညှိနှိုင်းရေးမှူး ဒေါ်မိမိလှိုင် နှင့် တာဝန်ရှိသူများ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ဖွဲကပင်ကုန်သွယ်မှုဗဟိုဌာန ပြည်နယ်တာဝန်ခံ ဦးခင်မောင်မောင်အုန်းနှင့်ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ သင်တန်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဖွဲကပင် T/C**

## မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ 16th CA Expo ကုန်စည်ပြပွဲအတွက် အကြိုညှိနှိုင်းအစည်းအဝေး ကျင်းပ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကွမ်ရှီးပြည်နယ် နန်နင်းမြို့တွင် စက်တင်ဘာ ၂၀ ရက်မှ ၂၃ ရက်အထိ ကျင်းပမည့် 16thCAExpo ကုန်စည်ပြပွဲတွင် မကွေးတိုင်းဒေသကြီးမှ နှစ်လိုဖွယ်ရာမြို့အဖြစ် စည်ကားသိုက်မြိုက်စွာ ပြသနိုင်ရေးအတွက် ကြိုတင်ညှိနှိုင်းအစည်းအဝေးကို ဇွန် ၁၅ ရက်၌ကျင်းပရာ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဇော်မင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဝင်းမော်ဌေး၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်နော်မူတာကပေါ တို့ တက်ရောက်၍စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဇော်မင်းက အဖွင့်အမှာစကား ပြောကြားခဲ့သည်။

အဆိုပါ အကြိုဆွေးနွေးပွဲတွင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်နော်မူတာကပေါက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဆောင်ရွက်ပေးလျက်ရှိသော လုပ်ငန်းစဉ်များနှင့် အမျိုးသားပို့ကုန်မဟာဗျူဟာပါ ဆီထွက်သီးနှံကဏ္ဍ ဖွံ့ဖြိုးရေးဆောင်ရွက်နေမှုအခြေအနေ၊ ယခင်နှစ်များက ကုန်စည်ပြပွဲ (CAExpo) သွားရောက်ပြသခဲ့မှု အခြေအနေများနှင့် ယခုနှစ် မကွေးမြို့ကို ရွေးချယ်ရသည့် အခြေအနေများအား ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြမြစိန်က ကုန်စည်ပြပွဲ သွားရောက်ရာတွင်တွေ့ကြုံရသည့်အခြေအနေများကို လုပ်ငန်းရှင်များအားချပြဆွေးနွေးပြီး လုပ်ငန်းရှင်များ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။ အခမ်းအနားသို့သက်ဆိုင်ရာဌာနဆိုင်ရာ အကြီးအကဲများနှင့် ကုန်သည် လုပ်ငန်းရှင်များ စုစုပေါင်း ၄၀ ဦးခန့် တက်ရောက်ခဲ့သည်။

**လှမိုးခိုင်(ဖန်ခါးမြေကုန်သွယ်မှုဗဟိုဌာန)**

## မိုးကြောင့် ပဲတီစိမ်းဈေးကျ

မကွေးတိုင်းဒေသကြီး အတွင်း ကုန်စည်ဒိုင်များတွင် ပဲမျိုးစုံအရောင်းအဝယ်ဖြစ်လျက်ရှိရာ ယခုတစ်ပတ်အတွင်း ပဲတီစိမ်း အကျဘက်တွင် ရောက်ရှိအရောင်းအဝယ်ဖြစ်ခဲ့သည်။

ဇွန်လ တတိယပတ်တွင် ပဲတီစိမ်းတစ်တင်းလျှင် ကျပ် ၃၁၅၀၀ မှ ယခုတစ်ပတ်တွင် ကျပ် ၂၉၅၀၀ သို့ ဈေးကျသွားသော်လည်း အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ယခုလို ဈေးကျဆင်းသွားရခြင်းမှာ မိုးရွာသွန်းမှုကြောင့် အစိမ်းရောင်ဘက်မသမ်းဘဲ ကြံရည်ရောင်အတိုင်းအရောင်ပျက်ပြီး အရည်အသွေးကျဆင်းခြင်းတို့ကြောင့် ဈေးကျသွားရခြင်းဖြစ်ကြောင်း ကုန်သည်များက ပြောကြားသည်။

မကွေး၊ပခုက္ကူ၊ ရေစကြိုကုန်စည်ဒိုင်များ၌ ယခုတစ်ပတ်၏ ပဌမ (၃/၄) ရက်များတွင် ပဲတီစိမ်းအိတ် ၅၀ မှ ၇၀၀ အတွင်း အရောင်းအဝယ်ဖြစ်ခဲ့သော်လည်း ယခုတစ်ပတ်၏ နောက်ဆုံးရက်များတွင် မိုးကြောင့် အရည်အသွေးကျကာ အရောင်းအဝယ် ရပ်ဆိုင်းခဲ့သည်။ ဇွန် ၂၄ ရက်တွင် ပဲတီစိမ်းတစ်တင်းလျှင် မကွေးကုန်စည်ဒိုင်တွင် ကျပ် ၂၉၅၀၀၊ ပခုက္ကူကုန်စည်ဒိုင်တွင် ကျပ် ၃၀၀၀၀၊ ရေစကြိုကုန်စည်ဒိုင်တွင် ကျပ် ၃၀၅၀၀ ဈေးဖြစ်ပေါ်လျက်ရှိကြောင်း သိရှိရသည်။

**လှမိုးခိုင်**
**(ဖန်ခါးမြေကုန်သွယ်မှုဗဟိုဌာန)**



## မုံရွာကုန်စည်ဒိုင်၌ ဖြစ်ပေါ်သော ပဲမျိုးစုံဈေးနှုန်း

ဇွန်လနောက်ဆုံးပတ်အတွင်း ဖြစ်ပေါ်ခဲ့သော မုံရွာကုန်စည်ဒိုင်တွင် အရောင်းအဝယ်ဖြစ်ခဲ့သည့် ပဲမျိုးစုံဈေးကွက်နှင့် ဈေးနှုန်းမှာကုလားပဲနှင့် ဂျုံသီးနှံတို့မှာ ဒေသတွင်းသုံးအနေနဲ့ ပဲခွဲစက်နှင့် ကြာဆန်စက်၊ ခေါက်ဆွဲစက်သမားများ အဝယ်ရှိ၍ ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

ယခုတစ်ပတ် ပေါက်ဈေးနှုန်းမှာ ကုလားပဲဖြူလုံးကြီးတစ်တင်း ကျပ် ၂၇၇၀၀၊ ထိုင်ဝမ်တစ်တင်း ကျပ် ၂၇၇၀၀၊ 929 တစ်တင်း ကျပ် ၂၈၀၀၀၊ V3, V7 ကျပ် ၂၆၅၀၀ နှုန်းပေါက်ပြီး ယခင်နှစ် ကာလတူပေါက်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ပျမ်းမျှအားဖြင့် တစ်တင်း ကျပ် ၇၀၀၀ ခန့်ဈေးမြင့်လျက်ရှိသည်။ ဂျုံဖြူသန့်တစ်တင်း ပေါက်ဈေးနှုန်းမှာကျပ် ၁၇၀၀၀မှ ၁၇၅၀၀ ရှိပြီး နေ့စဉ် တင်းပေါင်း ၂၀၀မှ၃၀၀ ကြားအရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ပဲစင်းငုံ၊ မတ်ပဲ၊ ပဲတီစိမ်းသီးနှံများကတော့ ပြည်ပဝယ်လက်ရှိ၍ ယခင်နှစ်ကာလတူပေါက်ဈေးနှုန်းထက်ဈေး အနည်းငယ်မြင့်တက်လာသည်ကို တွေ့ရသည်။ ယခုတစ်ပတ် ပေါက်ဈေးနှုန်းမှာ ပဲစင်းငုံ(အဟောင်း)တစ်တင်း ကျပ် ၂၉၂၀၀၊ (အသစ်)ကျပ် ၃၃၅၀၀ ဖြစ်ပြီး နေ့စဉ် တင်း ၅၀၀ မှ၈၀၀ ကြား၊ မတ်ပဲသီးနှံတစ်တင်း ကျပ် ၂၄၀၀၀ မှ ၂၆၀၀၀ နှုန်းပေါက်လျက်ရှိပြီး ယခင်တစ်ပတ်ပေါက်ဈေးနှုန်းအတိုင်း ဈေးငြိမ်လျက်ရှိသည်။

ယခုတစ်ပတ် ပဲတီစိမ်းသီးနှံ ပေါက်ဈေးနှုန်းမှာ တစ်တင်း ကျပ် ၂၉၀၀၀ မှ ၃၁၅၀၀ နှုန်းပေါက်လျက်ရှိပြီး နေ့စဉ်တင်း ၁၀၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ယခုတစ်ပတ်အတွင်း ပဲကြီးတစ်တင်းပေါက်ဈေး နှုန်း မှာ ကျပ် ၃၀၅၀၀၊နေ့စဉ်တင်း ၂၀၀ခန့်၊ ပဲနီလုံးရိုးရိုးတစ်တင်း ကျပ် ၁၇၅၀၀ နဲ့ တင်း ၂၀၀ ခန့်၊ ပဲနီလုံးကျားတစ်တင်း ကျပ် ၁၈၇၀၀၊ တင်း၁၅၀ခန့်၊ CP ပြောင်းတစ်တင်း ကျပ် ၈၃၀၀ နှုန်းနဲ့ တင်း ၁၀၀၀ခန့် အသီးသီး အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း မုံရွာကုန်စည်ဒိုင်မှ သိရသည်။

**ကြည်ကြည်နွယ်**



## မြေပဲဆန်ပေါက်ဈေးနှုန်းနှင့် ဈေးကွက်

ဇွန်လနောက်ဆုံးပတ်အတွင်း မုံရွာကုန်စည်ဒိုင် ပဲမျိုးစုံဈေးကွက်တွင် ဆီထွက်သီးနှံဖြစ်သော မြေပဲဆန်ဈေးကွက်မှာ ပြည်ပဝယ်လက်ရှိ၍ ဈေးအနည်းငယ်မြင့်တက်ပြီး အဝင်ရှိသလောက် အရောင်းအဝယ်ဖြစ်လျက်ရှိ သည်။

ယခုတစ်ပတ် မြေပဲဆန်တစ်ပိဿာ ပေါက်ဈေးနှုန်းမှာ လုံးဆန် (ဖြူ) ကျပ် ၃၃၅၀ မှ၃၄၀၀၊ လုံးဆန်(နီ) ကျပ် ၃၆၀၀ မှ ၃၆၅၀၊ ဆီဆန်ကျပ် ၂၈၅၀ မှ ၂၉၀၀ နှုန်းဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ယခင်နှစ်ကာလတူ အချိန်ပေါက်ဈေးနှုန်းမှာ မြေပဲဆန်တစ်ပိဿာ ပေါက်ဈေးနှုန်းမှာ လုံးဆန်(ဖြူ) ကျပ် ၂၂၅၀ မှ ၂၃၅၀၊ လုံးဆန် (နီ) ကျပ် ၂၄၅၀ မှ ၂၅၀၀၊ ဆီဆန်ကျပ် ၂၀၀၀ နှုန်းဖြစ်၍ ယခင်နှစ်ပေါက်ဈေးနှုန်းထက် တစ်ပိဿာ ပျမ်းမျှအားဖြင့် ကျပ် ၁၀၀၀ ခန့် ဈေးမြင့်လာသည်ကို တွေ့ရသည်။ မုံရွာကုန်စည်ဒိုင်၏ ဆီပေါက်ဈေးနှုန်းများမှာ မြေပဲဆီ တစ်ပိဿာ ကျပ် ၆၀၀၀၊ နှမ်းဆီတစ်ပိဿာကျပ် ၆၆၀၀၊ စားအုန်းဆီ တစ်ပိဿာ ကျပ် ၁၅၃၀ မှ၁၅၅၀ နှုန်းပေါက်လျက်ရှိကြောင်းသိရသည်။

**ကြည်ကြည်နွယ်**

## နွေနှမ်းဈေးကွက် ယခင်နှစ်ထက် ပိုကောင်း

မန္တလေးတိုင်းဒေသကြီးတွင် နှမ်းကို မိုး၊ ဆောင်း၊ နွေ ရာသီသုံးမျိုးစလုံးတွင် စိုက်ပျိုးသည်။ ယခု လတ်တလောတွင် နွေနှမ်း စတင်ထွက်ပေါ်နေပြီဖြစ်ရာ ယခင်နှစ်ထက် နှမ်းဈေးပိုကောင်းလာခဲ့ကြောင်း တိုင်းဒေသကြီးအတွင်း နွေနှမ်းအများဆုံးစိုက်ပျိုးသည့် ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် ပေတောကျေးရွာမှ တောင်သူကြီး ဦးဇော်ဝင်းထွန်း၏ပြောကြားချက်အရ သိရသည်။

ကျောက်ဆည်ခရိုင်တွင် နွေနှမ်းများကို မတ်လတွင် စတင်စိုက်ပျိုးပြီး နှမ်းဖြူ နှမ်းညို ၊ နှမ်းနက် မျိုးများကိုစိုက်ပျိုးကြောင်း သိရသည်။ နွေနှမ်းတစ်ဧက ကုန်ကျစရိတ်မှာ ကျပ် ၂၀၀၀၀၀ ဝန်းကျင်ရှိပြီး တစ်ဧကလျှင် ရှစ်တင်းမှ ၁၀ တင်း ဝန်းကျင်ထွက်ကြောင်း၊ နှမ်းတစ်တင်းဈေးနှုန်းမှာ ယခင်နှစ်က နှမ်းဖြူ ကျပ် ၄၅၅၀၀၊ နှမ်းညို ကျပ် ၃၆၀၀၀၊ နှမ်းနက် ကျပ် ၅၃၅၀၀ ဈေးနှုန်းဖြစ်ခဲ့ပြီး ယခုနှစ် နှမ်းတစ်တင်းပေါက်ဈေးမှာ နှမ်းဖြူ ကျပ် ၆၀၀၀၀၊ နှမ်းညို ကျပ် ၅၃၀၀၀၊ နှမ်းနက် ကျပ် ၅၃၅၀၀ ဈေးဖြစ်၍ နှမ်းဖြူ နှမ်းညိုဈေးသည် ယခင်နှစ်ထက် ဈေးနှုန်းပိုမိုရရှိကြောင်းတွေ့ရှိရသည်။

လတ်တလော မန္တလေးကုန်စည်ဒိုင်ဈေးကွက်တွင် နှမ်းဖြူ ဈေးမှာ အမြင့်ဆုံးနှင့် ရောင်းဝယ်မှု အကောင်းဆုံးဖြစ်နေကြောင်း သိရသည်။ မန္တလေးကုန်စည်ဒိုင်တွင် ဖြစ်ပေါ်နေသော နွေနှမ်းတစ်တင်း လက်ရှိပေါက်ဈေးများမှာ နှမ်းဖြူ ၅၉၃၃၃ ကျပ်၊ နှမ်းညို ကျပ် ၅၃၀၀၀၊ နှမ်းနက် ကျပ် ၅၃၅၀၀ ဖြစ်ပြီး ယခင်တစ်ပတ် ဈေးမှာ နှမ်းဖြူ ကျပ် ၆၀၀၀၀၊ နှမ်းညို ၅၃၃၃၃ ကျပ်၊ နှမ်းနက် ကျပ် ၅၃၅၀၀ဖြစ်၍ ယခင် နှစ်ကာလတူဈေးမှာ နှမ်းဖြူ တစ်တင်းလျှင် ၅၀၆၆၆ ကျပ်၊ နှမ်းညို ၄၁၆၆၆ ကျပ်၊ နှမ်းနက်ကျပ် ၄၅၀၀၀ ရှိခဲ့သည်။

မန္တလေး-မူဆယ် နယ်စပ်လမ်းကြောင်းမှ တရုတ်နိုင်ငံသို့ နှမ်းတင်ပို့မှု အခြေအနေမှာ ၂၀၁၈ ခုနှစ် မေတွင် ၁၁၉၆ တန် တင်ပို့ခဲ့ပြီး ၂၀၁၉ ခုနှစ်မေ၌ ၂၂၅၁ တန် တင်ပို့နိုင်ခဲ့ခြင်းကြောင့် နှမ်းတင်ပို့မှုပိုလာခဲ့သည်။

**မြင့်မြင့်လှိုင်**
**ရတနာပုံကုန်သွယ်မှုဗဟိုဌာန**

## မူဆယ်မှ တရုတ်နယ်စပ်သို့ သစ်သီးဝလံတင်ပို့မှု

မူဆယ်မှ တရုတ်နယ်စပ်သို့ သစ်သီးဝလံများ တင်ပို့လျက်ရှိရာ ဇွန် ၁ရက်မှ ၂၅ရက်အထိ သရက်သီးများသာ တင်ပို့နိုင်ခဲ့ပြီး ရာသီပေါ်သီးနှံဖြစ်သည့် နာနတ်သီးမှာ တင်ပို့နိုင်ခြင်းမရှိခဲ့ပေ။

တင်ပို့သရက်သီးအမျိုးအစားများမှာ ရွှေဟင်္သာ၊ စိန်တလုံး ၊ ရင်ကွဲ၊ ပတ္တမြားငမောက်နှင့် မချစ်စု သရက်တို့ကို ဇွန် ၂၃ရက်အထိ အများအပြား တင်ပို့နိုင်ခဲ့ပြီး ဇွန် ၂၃ရက်နောက်ပိုင်းတွင် ရွှေဟင်္သာ သရက်မှာ တင်ပို့မှုနည်းပါးသွားခဲ့သည်။

အခြားသော သရက်သီးမျိုးများ ဈေးပြောင်းလဲမှုမရှိသော်လည်း ရင်ကွဲသရက်သီးမှာ အရည်အသွေးကိုလိုက်၍ ဈေးကျသွားသည်။ သရက်သီးဈေးမှာ ၁၆ ကီလိုတစ်ခြင်းလျှင် စိန်တလုံး အိတ်သီးရှယ် ယွမ် ၁၂၀-၁၄၀၊ အလယ်အလတ် ၉၀-၁၁၀ အသေးစား ယွမ်၆၀-၈၀၊ အိတ်လွတ် ယွမ်၆၅-၈၀ဖြင့် ဆက်လက်ဈေးရနေပြီး ရင်ကွဲဈေးမှာ အိတ်စွပ် ယွမ်၆၅-၈၀မှ ယွမ်၄၀-၇၀၊ အိတ်လွတ် ယွမ် ၄၀-၅၅ဈေးမှ ယွမ် ၁၅-၂၅၊ ပတ္တမြားငမောက် ယွမ် ၆၀-၇၅မှ ယွမ် ၅၀-၇၀သို့ ကျဆင်းသွားကြောင်း သိရပြီး ရွှေဟင်္သာသရက်မှာ တင်ပို့မှုမရှိသလောက် နည်းသွားသည်။

ငွေဈေးမှာ တစ်ယွမ်လျှင် သုည ဒသမ ၀၀၄၆၅ ဈေးပေါက်ခဲ့ပြီး တစ်ယွမ်လျှင် ၂၁၅ ကျပ် ဈေးဖြစ်ခဲ့သည်။ သရက်သီးတင်ပို့မှုမှာ ဇွန် ၁ ရက်မှ ၂၃ ရက်ထိ သိသိသာသာပြောင်းလဲမှုမရှိသော်လည်း ၂၃ရက်နောက်ပိုင်းတင်ပို့မှု နည်းသွားခဲ့သည်။ တစ် တန်ဈေးနှုန်းမှာလည်း ယွမ် ၁၀၀၀ -၉၆၀၀၊ မြန်မာကျပ်ငွေ ၂၁၅၀၀၀-၂၀၆၄၅၀၀ ရရှိခဲ့သည်။ ဇွန် ၁ရက်မှ ၂၅ရက်ထိ တရုတ်နိုင်ငံသို့ သရက်သီးတင်ပို့တန်ချိန်မှာ ၁၂၈၃၇ ဒသမ ၅ တန်၊ ဖရဲသီး ၅၄ ဒသမ ၅ တန်၊ ကန်ဇွန်းဥ ၁၅တန်၊ သခွားမွှေး ခုနစ်တန် တင်ပို့နိုင်ခဲ့သည်။ ရှမ်းပြည်မြောက်ပိုင်း (လားရှိုး၊ သီပေါ) ဒေသထွက် နာနတ်သီးများ ခူးဆွတ်နေပြီဖြစ်သော်လည်း တရားဝင် တင်ပို့နိုင်ခြင်းမရှိကြောင်း သိရသည်။ ယခုရာသီတွင် နာနတ်စိုက်တောင်သူများ ယခင်နှစ်များ၏ ဝယ်လိုအားကြောင့် ပိုမိုရင်းနှီးမြှုပ်နှံ စိုက်ပျိုးထားကြောင်း သိရသည်။

ရှမ်းပြည်(မြောက်ပိုင်း) နာနတ်သီးများသည် အရည်ရွှမ်းခြင်း၊ အသားများခြင်း၊ အလုံးကြီးပြီး အရောင်လှခြင်း စသည့်အရည်အသွေးကောင်းများရှိပြီး စိုက်ပျိုးဒေသတို့နှင့် ရောင်းချဈေးကွက် နီးကပ်နေခြင်းကြောင့် တရုတ်ဝယ်လက်ကြိုက်သည့် သီးနှံဖြစ်ကြောင်း သစ်သီးဝလံကုန်စည်ဒိုင်နှင့်ပွဲရုံများမှ သိရသည်။

**စုစုသာ (မောဝ်ရွှေလီကုန်သွယ်မှုဇုံဟိုဌာန)**

## ဟင်္သာတခရိုင်၌ မိုးစပါးစိုက်ဧက ၇၀ ရာခိုင်နှုန်းစိုက်ပျိုးပြီးစီး



ဧရာဝတီ တိုင်းဒေသကြီး ဟင်္သာတခရိုင်သည် မိုးစပါးစိုက်ဧက ၅၃၂၇၇၉ ဧကနှင့် နွေစပါး ၄၃၁၃၅ ဧက စိုက်ပျိုးသော ဒေသဖြစ်သည်။ ယခုဇွန်လနောက်ဆုံးပတ်တွင် မိုးစပါးစိုက်ဧက၏ ၇၀ ရာခိုင်နှုန်းခန့် စိုက်ပျိုးပြီးစီးခဲ့ပြီး တောင်သူများမှာ အခြောက်ကြဲခင်းစိုက်နည်းစနစ်ကိုအများဆုံးစိုက်ပျိုးလာကြသည်။ အခြောက်ကြဲခင်းစိုက်နည်းစနစ်ကို အသုံးပြုရခြင်းမှာ လယ်ယာလုပ်သားရှားပါးမှုနှင့် ကရိကထနည်းခြင်းကြောင့်ဖြစ်ကြောင်း တောင်သူများထံမှသိရသည်။

အဆိုပါစနစ်ဖြင့် ဧက ၅၀ ခန့် စိုက်ပျိုးသူ တောင်သူတစ်ဦးက ပြောကြားရာတွင် ဧပြီလမှာ ၂၁ သွား ထယ်တပ်ဆင်ထားသော ထွန်စက်ကြီးဖြင့် တစ်ဧကကို နှစ်စပ်မောင်းပြီး မြေလှန်ထားခဲ့ကြောင်း၊ ထိုသို့ နွေရာသီမှာ ထယ်ခွဲထားခြင်းကြောင့် တချို့ပေါင်းမြက်များအား သတ်ပြီးဖြစ်သွားကြောင်း၊ မေလနှောင်း မိုးအနည်းငယ်ရွာပြီးချိန်တွင် မြေစာကျွေးသည့်အနေဖြင့် တစ်ဧကလျှင် တီစူပါ ၂၅ ကီလိုနှုန်း ကြဲပက်ခဲ့ကြောင်း၊ နောက်သုံးရက်ခန့်တွင် တစ်ဧကလျှင် တစ်တင်းခွဲနှုန်းဖြင့် မျိုးစပါးကြဲပက် ခဲ့ကြောင်း၊ ကြဲပက်ပြီးသည်နှင့် လက်တွန်းထွန်စက်ဖြင့် မြေစာဖုံးခြင်းကို ဆောင်ရွက်ခဲ့ပြီး မိုးအနည်းငယ်မှန်ချိန်တွင် စပါးပင်များ ပေါက်လာသောအခါ ၁၅ ရက်သားခန့်တွင် ပေါင်းသတ်ဆေးဖျန်းခြင်း၊ ပေါင်းသတ်ခြင်းကို ဆောင်ရွက်ခဲ့ကြောင်း၊ ပေါင်းနှိမ်ပြီး စပါးပင် ပြန်အားတက်ချိန်တွင် ကွန်ပေါင်းမြေသြဇာ (15;15;15) ကို တစ်ဧကလျှင် ၅၀ ကီလိုနှုန်းကြဲပက်ခဲ့ပြီး ရေသွင်းရေထုတ်ကို လိုသလို ချိန်ညှိပေးရကြောင်း ရှင်းပြသည်။

**မောင်မောင်မြတ်ခိုင်**

## မန္တလေးတိုင်းတွင် ကြက်သွန်နီဈေးနှုန်း မြင့်တက်လာ

မန္တလေးတိုင်းဒေသကြီး ကြက်သွန်နီဈေးကွက် အခြေအနေမှာ နွေကြက်သွန်နီလက်ကျန် နည်းနေခြင်း၊ မိုးကြက်သွန်နီစိုက်ပျိုးရန်ပြင်ဆင်ဆဲကာလဖြစ်ခြင်းကြောင့် ဈေးကွက်လက်ကျန်နည်းပြီး ကြက်သွန်နီဈေး အနည်းငယ်မြင့်တက်နေကြောင်းသိရသည်။

မန္တလေးတိုင်း ဒေသကြီးတွင် ကြက်သွန်နီကို ကျောက်ဆည်ခရိုင်နှင့် မြင်းခြံခရိုင်တို့တွင် အများဆုံး စိုက်ပျိုးပြီး မန္တလေးဈေးကွက်သို့ တိုင်းတွင်းစိုက်ပျိုးသည့် ကျောက်ဆည်၊ မြင်းခြံ၊ တောင်သာ စသည့်နယ်များနှင့် စစ်ကိုင်းတိုင်းဒေသကြီး ကြက်သွန်စိုက်ပျိုးသည့်ဒေသများမှ နေ့စဉ်ဝင်ရောက် အရောင်းအဝယ် ဖြစ်နေသည်။

မန္တလေးဈေးကွက်တွင် ယခုတစ်ပတ် ကြက်သွန်နီ တစ်ပိဿာ လက်ကားဈေးနှုန်းများမှာ ထိပ်စ ကျပ် ၈၅၀၊ အလတ်စ ကျပ် ၈၀၀၊ အနိမ့်စကျပ် ၇၀၀ ဖြင့်နေ့စဉ်ကုန်ချိန်ပိဿာ ၃၀၀၀၀ မှ ၅၀၀၀၀ ကြားတွင် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

မန္တလေးတိုင်းအတွင်း အရည်အသွေးကောင်းသော ကြက်သွန်နီထွက်ရှိသည့် ကျောက်ဆည်နှင့် မြစ်သားဈေးကွက်တွင်လက်ကားဈေးမှာ တစ်ပိဿာလျှင် မြစ်သားကြက်သွန် ကျပ် ၉၀၀၊ ကျောက်ဆည်ကြက်သွန် အမြင့်စကျပ် ၇၀၀၊ အလတ်စ ကျပ် ၅၀၀ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

မြင်းခြံ ကုန်စည်ဒိုင်ဈေးကွက်သို့ မြင်းခြံ၊ တောင်သာနှင့် အနီးတစ်ဝိုက်မှ ကြက်သွန်နီ အများအပြား စိုက်ပျိုးသည့်ရွာများမှ နေ့စဉ် ကုန်ချိန် ပိဿာ ၃၀၀၀၀ မှ ၄၈၀၀၀ ပိဿာထိ ဝင်ရောက်မှုရှိကြောင်း၊ လက်ကားဈေးတစ်ပိဿာလျှင်ကျပ် ၆၀၀ မှ ၈၂၅ကျပ် ပေါက်ဈေးဖြင့် အရောင်းအဝယ်ဖြစ်နေသည်။ တရုတ်နိုင်ငံဘက်က ကြက်သွန်နီ အဆွဲများနေပြီး ဆိပ်ဖြူနှင့်မြင်းခြံ စသည့် ဒေသများမှ ရွှေဖလားအဝါစ မျိုးများကို ပိုမိုကြိုက်နှစ်သက်ကြောင်း သိရသည်။

**ချောစုဝင်း**
**ရတနာပုံကုန်သွယ်မှုဇုံဟိုဌာန**

## မူဆယ်မှ တရုတ်နယ်စပ်သို့ ကြက်သွန်နီ ပိုမိုတင်ပို့

မူဆယ်မှ တရုတ်သို့ ကြက်သွန်နီများ နေ့စဉ် တင်ပို့လျက်ရှိရာ ဇွန် ၁၉ရက်မှ ၂၅ ရက်အထိ ကြက်သွန်နီ တင်ပို့တန်ချိန်မှာ ၁၇၈၈ ဒသမ ၅ တန် ကားစီးရေ ၁၀၅ စီး၊ ဇွန် ၁၂ ရက်မှ ၁၈ရက်အထိ တင်ပို့မှုမှာ ကားစီးရေ ၇၂စီး၊ တင်ပို့တန်ချိန် ၁၂၆၇ဒသမ၅ တန်ဖြစ်သဖြင့် ရက်သတ္တနှစ်ပတ်အတွင်း နှိုင်းယှဉ်လျှင် တင်ပို့မှု ၅၂၁ တန်ခန့် ပိုမိုတင်ပို့နိုင်ခဲ့သည်။

မတ်လတွင် ကြက်သွန်နီတင်ပို့တန်ချိန် ၁၀၂၃၈တန်၊ ဧပြီလတွင်တင်ပို့တန်ချိန် ၁၀၈၁၇တန်၊ မေလတွင် တင်ပို့တန်ချိန် ၁၀၇၆၁ တန်ခန့် ဖြစ်သဖြင့် ကြက်သွန်နီတင်ပို့တန်ချိန်မှာ အနည်းငယ်ပိုခဲ့သည်။ ကြက်သွန်နီဈေးမှာလည်း ဇွန်လအတွင်း တစ်ပိဿာ ကျပ် ၄၅၀ ဝန်းကျင်မှ ကျပ် ၇၉၀ ဝန်းကျင်သို့ ဈေးမြင့်သွားသည်။ ကြက်သွန်နီ စိုက်ပျိုးထွက်ရှိရာ ဒေသများမှာ (ပခုက္ကူ၊ ဆိတ်ဖြူ၊ မကွေး) တို့ဖြစ်ပြီး ပခုက္ကူကြက်သွန်နီမှာဈေးနိမ့်ပြီး မကွေးကြက်သွန်နီမှာ ဈေးအကောင်းဆုံးဖြစ်သည်။

ကြက်သွန်နီဈေးမှာ ၂၀၁၇ ခုနှစ်တွင် ကျပ် ၂၀၀၀ ဝန်းကျင်ဈေးဖြင့် ရောင်းရပြီး ၂၀၁၈ခုနှစ်တွင် ကျပ်၁၀၀၀ ဝန်းကျင်ဈေးဖြင့် ရောင်းရကာ ၂၀၁၉ ခုနှစ်တွင် ကျပ်၅၀၀ ဝန်းကျင်ဖြင့် ရောင်းနေရသော်လည်း ဇွန်လတွင် ကျပ် ၇၉၀ထိ ဈေးတက်ခဲ့သည်။

ဇွန် ၁၉ရက်မှ ၂၆ရက်အတွင်း တရုတ်ငွေဈေးမှာ ၂၁၅-၂၁၇ကျပ်ဝန်းကျင်ဖြစ်ခဲ့ပြီး ကြက်သွန်နီ တစ်တန်လျှင် မြန်မာငွေကျပ်၄၉၂၄၀၀ ဝန်းကျင်ဖြင့် အရောင်းအဝယ်ဖြစ်သဖြင့် ကြက်သွန်နီ တစ်ပိဿာလျှင် ကျပ် ၇၉၀ ဝန်းကျင် တရုတ်ယွမ် ၃ ဒသမ ၆ ယွမ်ခန့်ရရှိကြောင်း ပဲ၊ ပြောင်း၊ နှမ်း ကုန်စည်ဒိုင်စာရင်းအရ သိရသည်။ **ထွန်းမင်းထွန်း (မောဝ်ရွှေလီကုန်သွယ်မှုဇုံဟိုဌာန)**

## မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ တရုတ်နယ်စပ်တင်ပို့ လယ်ယာထွက်ကုန်

မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ တရုတ်နိုင်ငံသို့ ဆန်၊ ဆန်ကွဲ၊ ပြောင်းဖူးစေ့နှင့် ပဲမျိုးစုံတို့အပြင် ဆီထွက်သီးနှံ၊ စက်မှုကုန်ကြမ်းသီးနှံ၊ စားဖိုဆောင်သီးနှံတို့ တင်ပို့လျက်ရှိသည်။

ဆန်တင်ပို့မှုအနေဖြင့် ဇွန် ၁ရက်မှ ၂၄ရက်အထိ ၂၁၆၁၉ ဒသမ ၃ တန်၊ ဆန်ကွဲ ၂၃၃၅ ဒသမ ၉၅ တန်၊ ပြောင်းဖူးစေ့ ၅၆၆၈ဒသမ၄၅ တန်၊ ပဲမျိုးစုံ တင်ပို့မှုအနေဖြင့် ပဲယင်း (၃၂၇ တန်၊ ပဲကြီး ၃၉၂ တန်၊ ပဲလွန်းဖြူ ၂၄၀ ဒသမ ၃ တန်၊ မြေထောက်ပဲ ၄၁ဒသမ၇၅ တန်၊ ထောပတ်ပဲ ( ၁၈၉ ဒသမ ၉၅ )၊ ပဲနီကျား ၃၁၀ ဒသမ၅ တန်၊ ပဲတီစိမ်း၁၀၂၀၄ဒသမ၅တန်၊ ပဲတီစိမ်းအခွံချွတ် ၃၀ ဒသမ၅ တန်၊ စွန်တာနီ ၄၉ ဒသမ ၈၅ တန်ခန့် တင်ပို့ခဲ့သည်။

ဆန်တင်ပို့မှုတွင် လုံးပုဆန်များဖြစ်သည့် (ထွန်းပု၊ ကရင်မ၊ သုခ၊ ငစိန်) ဆန် အများဆုံးဖြစ်ပြီး ဆန်ဈေးမှာ ၁၅ မှတ် တစ်အိတ်လျှင် ၁၀၀-၁၀၄ ယွမ် မှ ၉၈-၁၀၂ ယွမ်သို့ ပြောင်းသွားခဲ့သော်လည်း ဆန်ကွဲဈေးမှာ ပြောင်းလဲခြင်းမရှိပါ။ ငွေဈေးနှုန်းမှာ တစ်ယွမ်လျှင် ၂၁၅ကျပ်ခန့် ရှိသည်။

ဆီထွက်သီးနှံအနေဖြင့် နှမ်းအခွံချွတ် ၉၉ ဒသမ ၅ တန်၊ နှမ်းနက် ၆၂၉ ဒသမ ၇၅ တန်၊ နှမ်းဖြူ ၁၂၄ဒသမ၉၁တန်၊ မြေပဲဆန် ၇၆၇ဒသမ၇တန် တင်ပို့ခဲ့သည်။ စားဖိုဆောင်သီးနှံအနေဖြင့် ကြက်သွန်နီ ၇၃၂၁တန်၊ နနွင်းတက် ၁၅၂၈ဒသမ၉တန်၊ ငရုတ်သီးခြောက် ၁၁၅ တန် တင်ပို့ခဲ့ပြီး ကြက်သွန်နီမှာ ဧပြီ၊ မေ၊ ဇွန်သုံးလနှင့် နှိုင်းယှဉ်လျှင် ယခုလတွင် ဈေးအများဆုံး ရောင်းချခဲ့ရသည်။

လယ်ယာထွက်ကုန် ပစ္စည်းများတင်ပို့မှုကို ဧပြီလနှင့် မေလနှိုင်းယှဉ်လျှင် ဆန်၊ ဆန်ကွဲ၊ ပြောင်းဖူးစေ့၊ နှံစားပြောင်း၊ ထောပတ်ပဲ၊ ပဲတီစိမ်း၊ ပဲတီစိမ်းအခွံချွတ်၊ ပဲစင်းငုံ၊ နှမ်းအခွံချွတ်၊ နှမ်းဖြူ၊ နှမ်းနီ၊ညို ၊ သရက်၊ ရော်ဘာ၊ နနွင်းတက်၊ ငရုတ်သီးခြောက်တို့မှာ မေလတွင် တင်ပို့မှုများခဲ့သည်။

လယ်ယာထွက်ကုန်များဖြစ်သည့် မြေပဲဆန်၊ ပဲယင်း၊ ပဲကြီး၊ ပဲလွန်းဖြူ ပဲပုပ်၊ မြေထောက်ပဲ၊ ပဲနီကျား၊ စွန်တာနီ/ပြာ၊ နိုင်လွန်ပဲ၊ ကြက်သွန်နီ၊ ဖရဲ၊ သခွား၊ ကျောက်ဖရုံတို့မှာ ဧပြီလ တင်ပို့မှုအောက် လျော့နည်းခဲ့သည်။ ဈေးနှုန်းအနေဖြင့် မေလတွင် ဆန်၊ ဆန်ကွဲ၊ ပြောင်းဖူးစေ့၊ ပဲစင်းငုံတို့ ဈေးကျခဲ့ပြီး ကြက်သွန်နီ၊ သရက်၊ ဖရဲသီးနှံများဈေးမြင့်ခဲ့ပါသည်။ အခြားတင်ပို့လယ်ယာထွက်ကုန်များ ပုံမှန်ဈေးအတိုင်းဖြစ်ကြောင်း ပဲ၊ ပြောင်း၊ နှမ်း ကုန်စည်ဒိုင်မှ သိရသည်။

**ထွန်းမင်းထွန်း (မောဝ်ရွှေလီကုန်သွယ်မှုဇုံဟိုဌာန)**

# စက်သုံးဆီ(ဓာတ်ဆီ၊ ဒီဇယ်)၊ ဆန်၊ သကြား၊ ရွှေနှင့် အမေရိကန်ဒေါ်လာ ပြည်တွင်း

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့်ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

ကမ္ဘာ့လောင်စာဆီဈေးကွက် အခြေအနေအား လေ့လာကြည့်ရာတွင် ဓာတ်ဆီဈေးနှုန်းသည် ၂၀၁၉ခုနှစ်၊ ဇွန် ၂၄ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၁၂ နိုင်ငံအနက် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၁၁ နိုင်ငံရှိပြီး ဈေးနှုန်းမြင့်တက်မှုအမြင့်ဆုံးနိုင်ငံဖြစ်သည့် Namibia နိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းထက် ၂ ဒသမ ၄၀ ရာခိုင်နှုန်းဈေးနှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရှိရသည်။

ယခုတစ်ပတ်အတွင်း အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ စင်ကာပူ၊ ဗီယက်နမ်၊ ဟောင်ကောင်၊ ထိုင်ဝမ်၊ အိန္ဒိယ၊ တရုတ်၊ နီပေါ၊ ပါကစ္စတန်၊ ရုရှား၊ သီရိလင်္ကာ၊ ဘာဘေဒို၊ အီဂျစ်၊ ကင်ညာ၊ ကူဝိတ်၊ ပီရူး၊ ကာတာနှင့် တောင်အာဖရိကစသည့် နိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၅၉ နိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဓာတ်ဆီဈေးနှုန်းတည်ငြိမ်ခဲ့ကြောင်း လေ့လာ တွေ့ရှိရသည်။

ဓာတ်ဆီဈေးနှုန်းကျဆင်းသွားသည့် နိုင်ငံများအနေဖြင့်မြန်မာ၊ ကမ္ဘောဒီးယား၊ တောင်ကိုရီးယား၊ ဂျပန်၊ နော်ဝေ၊ နယူးဇီလန်၊ ဆွစ်ဇာလန်၊ ဘရာဇီး၊ ဂျာမနီ၊ အီတလီ၊ တူရကီနှင့် စပိန် စသည့် နိုင်ငံပေါင်း ၄၂ နိုင်ငံသာရှိ၍ ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၅ ဒသမ ၉၀ ရာခိုင်နှုန်းထိ ကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၉ ခုနှစ် ဇွန် ၂၄ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဓာတ်ဆီဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ဖိလစ်ပိုင်နိုင်ငံတွင် သုည ဒသမ ၇၀ ရာခိုင်နှုန်းနှင့် ထိုင်းနိုင်ငံတွင် သုည ဒသမ ၇၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းများမြင့်တက်ခဲ့ပြီး မြန်မာနိုင်ငံတွင် ၂ ဒသမ ၂၀ ရာခိုင်နှုန်းနှင့် ကမ္ဘောဒီးယားနိုင်ငံတွင် ၄ ဒသမ ၅၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းများကျဆင်းခဲ့ကာ ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

ဒီဇယ်ဆီဈေးနှုန်းသည် ၂၀၁၉ ခုနှစ် ဇွန် ၂၄ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၁၂ နိုင်ငံအနက် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၁၈ နိုင်ငံရှိပြီး ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် Namibia နိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းထက် ၂ ဒသမ ၃၀ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရှိရသည်။

ယခုတစ်ပတ်အတွင်း အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ဗီယက်နမ်၊ တရုတ်၊ နီပေါ၊ ပါကစ္စတန်၊ ရုရှား၊ သီရိလင်္ကာ၊ ဘာဘေဒို၊ အီဂျစ်၊ ဂျော်ဒန်၊ ကူဝိတ်နှင့် တောင်အာဖရိက စသည့် နိုင်ငံများ အပါအဝင် ၅၂ နိုင်ငံတွင် ယခင်တစ်ပတ်များအတိုင်း ဈေးနှုန်းအပြောင်းအလဲမရှိဘဲ ဒီဇယ်ဈေးနှုန်းတည်ငြိမ်ခဲ့ကြောင်း တွေ့ရှိရသည်။

ဒီဇယ်ဈေးနှုန်းကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် ကမ္ဘောဒီးယား၊ တောင်ကိုရီးယားနှင့် ဂျပန်၊ ပီရူး၊ ဂရိ၊ ဂျာမနီ၊ ဘရာဇီး၊ အီတလီ၊ ကနေဒါ၊ နယ်သာလန်နှင့် စပိန် စသည့်နိုင်ငံ ၄၂ နိုင်ငံသာရှိပြီး ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၉ ဒသမ ၄၀ ရာခိုင်နှုန်းထိ ကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၉ ခုနှစ် ဇွန် ၂၄ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ထိုင်းနိုင်ငံတွင် ၁ ဒသမ ၆၀ ရာခိုင်နှုန်း၊ မြန်မာနိုင်ငံတွင် ၁ ဒသမ ၁၀ ရာခိုင်နှုန်း၊ စင်ကာပူနိုင်ငံတွင် သုည ဒသမ ၆၀ ရာခိုင်နှုန်းနှင့် ဖိလစ်ပိုင်နိုင်ငံတွင် သုည ဒသမ ၅၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းများမြင့်တက်ခဲ့ပြီး ကမ္ဘောဒီးယားနိုင်ငံတွင် ၅ ဒသမ ၁၀ ရာခိုင်နှုန်းဖြင့်ဈေးနှုန်းကျဆင်းခဲ့ကာ ကျန်ရှိသော အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၉ ခုနှစ် ဇွန် ၂၄ ရက်တွင် ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ် တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၀.၅၈ | ၀.၆၀ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၇၃ | ၀.၈၈ |

## ဆန်ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၁၉ ခုနှစ် ဇွန် ၂၄ ရက်တွင် International Rice Market Website ၌ ဖော်ပြချက်အရ ပါကစ္စတန်ဆန်ဈေးနှုန်းများမှာ ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၀ ဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၂၀ ဖြင့်လည်းကောင်း၊ ထိုင်းဆန်ဈေးနှုန်းများမှာ ၁၀၀ % ဘီဂရိတ် ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၀၂ ဖြင့်လည်းကောင်း၊ ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၉၂ ဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၈ ဖြင့်လည်းကောင်း၊ ပေါင်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၂၇ ဒေါ်လာဖြင့်လည်းကောင်းရှိခဲ့သည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၃၀ ဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅မှတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၀၇ ဖြင့်လည်းကောင်း၊ အိန္ဒိယနိုင်ငံတွင် ဧည့်မထ ၂၅ မှတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၀ ဖြင့် လည်းကောင်း၊ ပေါင်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၆ ဖြင့်လည်းကောင်း အသီးသီးရှိသည်ကို လေ့လာတွေ့ရှိရသည်။ ယခင်တစ်ပတ်ဈေးနှုန်းများနှင့် နှိုင်းယှဉ်ပါက ထိုင်းနိုင်ငံတွင် ၁၀၀ % ဘီဂရိတ်ဆန်၊ ဧည့်မထ ၅ မှတ်ဆန်၊ ၂၅ မှတ် ဆန်နှင့် ပေါင်းဆန်ဈေးနှုန်းများ အနည်းငယ် ဈေးမြင့်တက်ခဲ့ပြီး ပါကစ္စတန်နိုင်ငံတွင် ဧည့် မထ ၅ မှတ်ဆန်နှင့် ဧည့်မထ ၂၅မှတ်ဆန်များ ဈေးအနည်းငယ် ကျဆင်းခဲ့ကြောင်း သိရှိရသည်။ အိန္ဒိယနိုင်ငံတွင် ဧည့်မထ ၂၅မှတ်ဆန်နှင့် ပေါင်းဆန်ဈေးမှာ အနည်းငယ်ဈေးမြင့်တက်ခဲ့ပြီး ဗီယက်နမ်နိုင်ငံတွင် ဧည့်မထ ၅မှတ်ဆန်မှာ ဈေးအနည်းငယ် ကျဆင်းခဲ့ကြောင်း လေ့လာသိရှိရသည်။

ဆန်ဈေးကွက်နှင့် စပ်လျဉ်းသည့် ပြည်ပသတင်းများအနေဖြင့် ဗီယက်နမ် လယ်ယာကုန်စည်များ၊ အထူးသဖြင့် ဆန်၊ ဟင်းသီးဟင်းရွက်နှင့် ပီလောပီနံတို့ကို တရုတ်နိုင်ငံဈေးကွက်သို့တင်ပို့ရာတွင် အဟန့်အတားများနှင့် ရင်ဆိုင်နေရကြောင်း ဗီယက်နမ် စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ထုတ်ပြန်ချက်အရ သိရှိရသည်။ ထုတ်ကုန်အညွှန်းတပ်ခြင်း၊ ထုပ်ပိုးခြင်းနှင့် သတင်းအချက်အလက်ဆိုင်ရာ တင်းကျပ်မှုများအပြင် တရုတ်နယ်စပ်ဂိတ်များ၌ သွင်းကုန်လုပ်ငန်းစဉ်များ တင်းကျပ်မှုနှင့်ပါ ရင်ဆိုင်နေရပြီး ပီလောပီနံမှာ အဆိုပါဟန့်တားမှုကို ရင်ဆိုင်နေရသည့် နောက်ဆုံးကုန်စည်ဖြစ်လာကြောင်း လယ်ယာကုန်စည် စီမံထုတ်လုပ်မှုနှင့် ဈေးကွက်ဖွံ့ဖြိုးရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်ကိုသိရှိရသည်။

တရုတ်နိုင်ငံသည် ၂၀၁၈ ခုနှစ် နှစ်ဦးပိုင်းမှစ၍ ဗီယက်နမ်နိုင်ငံမှ ကောက်ညှင်းဆန် တင်သွင်းမှုအပေါ် အခွန် ၅ ရာခိုင်နှုန်းရှိနေရာမှ ၅၀ ရာခိုင်နှုန်းသို့မြှင့်တင်ခဲ့ပြီး အခြားဆန်အမျိုးအစားများကိုလည်း သွင်းကုန်တင်းကျပ်ခဲ့ကြောင်း သိရှိရသည်။ ဗီယက်နမ်ဆန်တင်ပို့လုပ်ငန်း ၁၅၀ က တရုတ်ဈေးကွက်သို့တင်ပို့ခွင့် လျှောက်ထားခဲ့ရာတွင် လုပ်ငန်း ၂၀ သာ ခွင့်ပြုချက်ရရှိခဲ့ပြီးအခွန်နှုန်းထားအသစ်များနှင့် စံချိန်စံညွှန်းသစ်များကြောင့် တင်ပို့နေကျဖြစ်သော တရုတ်ဈေးကွက်သို့ ဆန်ရောင်းချရန် ခက်ခဲလာကြောင်း၊ ဗီယက်နမ်သည် ယခုနှစ် ပထမငါးလတွင် ဆန်တန်ချိန် ၂ ဒသမ ၈၃ တန်တင်ပို့ပြီး ဝင်ငွေ ဒေါ်လာ ၁ ဒသမ ၂၁ သန်းရရှိခဲ့ရာ နှစ်အလိုက်ပမာဏ ၄ ရာခိုင်နှုန်းနှင့် တန်ဖိုး ၂၀ ဒသမ ၇ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း သိရှိရသည်။

ယခုနှစ် ပထမနှစ်လတွင် တရုတ်နိုင်ငံသည် ဗီယက်နမ်၏ သတ္တမအကြီးဆုံး ဆန်ဈေးကွက်အဖြစ်သို့ လျော့ကျခဲ့ကြောင်း ဗီယက်နမ် အကောက်ခွန်ဦးစီးဌာနက ထုတ်ပြန်ခဲ့သည်။ ကုန်သွယ်ရေး အဟန့်အတားများရှိနေသည့်တိုင်တရုတ်က ဗီယက်နမ်လုပ်ငန်း ၂၂ ခုကို ဆန်တင်ပို့ခွင့်ပြုခဲ့ပြီးနောက် တရုတ်ဈေးကွက်သို့ဗီယက်နမ် အရည်အသွေးမြင့်ဆန် တိုးမြှင့်တင်ပို့နိုင်မည်ဟု မျှော်လင့်ကြောင်း၊ ဗီယက်နမ် စက်မှုလုပ်ငန်းနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနကလည်း တောင်ကိုရီးယားနိုင်ငံသို့ ဆန်တင်ပို့မှုခွဲတမ်း တိုးမြှင့်ရရှိရေး ဆွေးနွေးမည်ဖြစ်ပြီး ဗီယက်နမ်သည် ယခုနှစ် တတိယနှင့် စတုတ္ထသုံးလပတ်တို့တွင် အင်ဒိုနီးရှားနိုင်ငံသို့ ဆန်တင်ပို့မှုမြှင့်တင်နိုင်ရန်လည်း မျှော်လင့်ထားကြောင်း၊ ထို့ပြင် ဆန်အဝယ်စာချုပ်များ ချုပ်ဆိုနိုင်ရန် ဖိလစ်ပိုင်နှင့်လည်း ဆွေးနွေးမှုစတင်ခဲ့ကြောင်း လေ့လာသိရှိရသည်။

ပြည်တွင်းဆန်စပါးသတင်းများအနေဖြင့် တရုတ်နိုင်ငံသို့ ပင်လယ်ရေကြောင်းမှ ဆန်တန်ချိန်တစ်သိန်းကို ကိုတာစနစ် (အခွန်သက်သာခွင့်)ဖြင့် တင်ပို့ရန် မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်နှင့် တရုတ်အစိုးရပိုင်အဖွဲ့ (COFCO) တို့အကြား အကြိုသဘောတူစာချုပ်ကို ဇွန် ၂၀ ရက်တွင် တရုတ်နိုင်ငံ ပေကျင်းမြို့တွင် ချုပ်ဆိုခဲ့ကြောင်း သိရှိရသည်။ ပြီးခဲ့သည့် ဧပြီလ ကဒုတိယ အကြိမ်မြောက်ရပ်ဝန်းနှင့်ပိုးလမ်းမအပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဖိုရမ်သို့တက်ရောက်ခဲ့သော နိုင်ငံတော်၏အတိုင်ပင်ခံ ခရီးစဉ်တွင် မြန်မာနိုင်ငံမှ ဆန်တန်ချိန် တစ်သိန်းတရားဝင်ဝယ်ယူရေး သဘောတူညီမှု စတင်အကောင်အထည်ဖော်ခြင်း ဖြစ်သည်ကို သိရှိရသည်။ ဆက်လက်တင်ပို့ရေး လုပ်ငန်းစဉ်များကို ယခုနှစ် အောက်တိုဘာလကုန်အတွင်း အပြီးသတ် တင်ပို့နိုင်ရန် ကြိုးပမ်းလျက်ရှိပြီး ရွေးချယ်လက်ခံထားသည့် ပြည်တွင်းကုမ္ပဏီ ၁၁ ခု နှင့် တိုက်ရိုက်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

တရုတ်သို့တင်ပို့ခွင့်ရရှိသည့် ကုမ္ပဏီ ၁၁ ခုကို မြန်မာကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက်(MITS)နှင့် COFCO တို့က စိစစ်ရွေးချယ်ပေးခဲ့ခြင်းဖြစ်ပြီး တရုတ်အစိုးရက လက်ခံပါက တင်ပို့ခွင့်ရရှိမည်ဖြစ်ကြောင်း သိရှိရသည်။ တရုတ်နိုင်ငံသို့ဆန်တန်ချိန် တစ်သိန်း တင်ပို့နိုင်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများစွာရှိနေပြီး ဆန်စက်များ၏ အရည်အသွေးပိုင်းကို အဖွဲ့အစည်းများနှင့် သွားရောက်စစ်ဆေးခြင်း၊ ဆန်စက်တည်နေရာနှင့် အရည်အသွေးမြင့် ကြိတ်ခွဲနိုင်ခြင်းများကို စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပိုးမွှားကာကွယ်ရေးဌာနသို့ပေးပို့၍ အတည်ပြုချက်ရယူပြီး တရုတ်နိုင်ငံဘက်သို့ပေးပို့ရခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အဖွဲ့ဝင်တစ်ဦးက ပြောကြားခဲ့သည်ကို သိရှိရသည်။

ထို့ပြင် တရုတ်နိုင်ငံသို့ဆန်တင်ပို့ခွင့်ရရှိရန် လျှောက်ထားသည့် ကုမ္ပဏီ ၄၂ ခုထဲမှ အပြီးသတ်ရွေးချယ်၍ ဇူလိုင်လဆန်းအတွင်း တရုတ်နိုင်ငံဘက်သို့ အကြောင်းကြား ပေးပို့မည်ဖြစ်ကြောင်း၊ မြန်မာကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက် (MITS) က လျှောက်ထားသည့် ကုမ္ပဏီ ၄၂ ခု၏ ဆန်စက်စုစုပေါင်း ၁၀၃ စက်ကို ကွင်းဆင်းစစ်ဆေးခဲ့ပြီး ယခုအခါ ကွင်းဆင်းစစ်ဆေးမှုလုပ်ငန်းများပြီးစီးပြီဖြစ်၍ ရွေးချယ်ရေးများကို ဆက်လက်ဆောင်ရွက်ရန်ကျန်ရှိနေပြီး ကြီးကြပ်ရေး အဖွဲ့က အပြီးသတ်ရွေးချယ်ခြင်းကို အမြန်ဆုံးညှိနှိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသင်းချုပ်ထံမှသိရှိရသည်။

တရုတ်နိုင်ငံသို့တင်ပို့ခွင့်ရရှိမည့်ကုမ္ပဏီစာရင်း အကြောင်းကြားပေးပို့ခြင်းကို တရုတ်နိုင်ငံသို့မြန်မာ့ဆန်တင်ပို့နိုင်ရေး လုပ်ငန်းကြီးကြပ်ရေးအဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်များနှင့်အညီ စိုက်ပျိုးရေးဦးစီးဌာနက

စာမျက်နှာ ၁၇ သို့

# ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ၊ အပတ်စဉ်ဈေးနှုန်း သုံးသပ်ချက်

| | | | | |
|---|---|---|---|---|
| ၃ | ထိုင်း | လီတာ | ၁.၁၅ | ဝ.၈၅ |
| ၄ | ဗီယက်နမ် | လီတာ | ဝ.၈၈ | ဝ.၇၂ |
| ၅ | စင်္ကာပူ | လီတာ | ၁.၅၈ | ၁.၃၁ |
| ၆ | မလေးရှား | လီတာ | ဝ.၅ဝ | ဝ.၅၃ |
| ၇ | ဖိလစ်ပိုင် | လီတာ | ဝ.၉၉ | ဝ.၇၉ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ဝ.၉၄ | ဝ.၈၃ |
| ၉ | လာအို | လီတာ | ၁.၂၄ | ၁.ဝဝ |
| ၁ဝ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

၂ဝ၁၉ ခုနှစ် ဇွန် ၂၄ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့စက်သုံးဆီဈေးနှုန်းမှာ ဓာတ်ဆီ တစ်လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၂ နှင့် ဒီဇယ်ဆီ တစ်လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ဝ၃ ရှိပြီး စက်သုံးဆီဈေးနှုန်း နိုင်ငံအလိုက် နည်း/များတွင် မြန်မာနိုင်ငံသည် ဓာတ်ဆီဈေးနှုန်း တစ်လီတာ သုည ဒသမ ၅၈ ဒေါ်လာနှုန်းဖြင့် ၂၂ နိုင်ငံမြောက်နှင့် ဒီဇယ်ဆီဈေးနှုန်း တစ်လီတာ သုည ဒသမ ၆ဝ ဒေါ်လာနှုန်းဖြင့် ၂၅ နိုင်ငံမြောက်တွင် ရှိနေကြောင်း တွေ့ရှိရသည်။ ယခုတစ်ပတ်တွင် ဓာတ်ဆီ၊ ဒီဇယ်ဈေး နှုန်း အနည်းဆုံး/အများဆုံး နိုင်ငံများစာရင်းကို တစ်လီတာဈေးနှုန်းများဖြင့် တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဓာတ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဓာတ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | Cuba | လီတာ | ဝ.ဝ၉ | ဟောင်ကောင် | လီတာ | ၂.၂၁ |
| ၂ | ဆူဒန် | လီတာ | ဝ.၁၄ | ဘာဘေဒို | လီတာ | ၁.၉၈ |
| ၃ | အီရန် | လီတာ | ဝ.၂၉ | နော်ဝေ | လီတာ | ၁.၉၈ |
| ၄ | အယ်ဂျီရီးယား | လီတာ | ဝ.၃၅ | Monaco | လီတာ | ၁.၉၇ |
| ၅ | ကူဝိတ် | လီတာ | ဝ.၃၅ | C.A. Republic | လီတာ | ၁.၉၁ |

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဒီဇယ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဒီဇယ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | အီရန် | လီတာ | ဝ.ဝ၇ | Monaco | လီတာ | ၁.၈၇ |
| ၂ | Cuba | လီတာ | ဝ.ဝ၈ | နော်ဝေ | လီတာ | ၁.၈၃ |
| ၃ | ဆူဒန် | လီတာ | ဝ.ဝ၉ | ဟောင်ကောင် | လီတာ | ၁.၈၃ |
| ၄ | ဆော်ဒီအာရေဗျ | လီတာ | ဝ.၁၃ | Iceland | လီတာ | ၁.၈၂ |
| ၅ | အယ်ဂျီးရီးယား | လီတာ | ဝ.၁၉ | ဆွစ်ဇာလန် | လီတာ | ၁.၇၅ |

မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုအများဆုံး ဆောင်ရွက်သော တရုတ်၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံများ၏ စက်သုံးဆီ တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | တရုတ် | လီတာ | ၁.ဝ၄ | ဝ.၉၃ |
| ၂ | ဂျပန် | လီတာ | ၁.၃၃ | ၁.၁၅ |
| ၃ | အိန္ဒိယ | လီတာ | ၁.ဝ၅ | ဝ.၉၅ |

Oil-Price.Net Website ၌ဖော်ပြထားရှိသည့် ကမ္ဘာ့ရေနံစိမ်း (Crude Oil) နေ့စဉ် ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်

ကြယ်စင်(တန့်ဆည်မြေ)


ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ရက်စွဲ | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|---|
| ၁ | ၂၁.၆.၂ဝ၁၉ | စည် | ၅၆.၆၅ |
| ၂ | ၂၄.၆.၂ဝ၁၉ | စည် | ၅၇.၉ဝ |
| ၃ | ၂၅.၆.၂ဝ၁၉ | စည် | ၅၇.၈၃ |
| ၄ | ၂၆.၆.၂ဝ၁၉ | စည် | ၅၉.၃၈ |
| ၅ | ၂၇.၆.၂ဝ၁၉ | စည် | ၅၉.၄၃ |

source : http://www.oil-price.net/

၂ဝ၁၉ ခုနှစ် ဧပြီ ၂၉ ရက်မှ ဇွန် ၂၄ ရက်အထိ အပတ်စဉ် ဓာတ်ဆီ၊ ဒီဇယ်နှင့် ရေနံစိမ်းဈေးနှုန်း ပြောင်းလဲမှုများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-




စာမျက်နှာ ၁၆ သို့

## ရွှေနှင့် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း

ယခုတစ်ပတ်အတွင်း ကမ္ဘာ့ရွှေဈေးမှာ ဆက်လက်မြင့်တက်လျက်ရှိသည့်အတွက် ကမ္ဘာ့ရွှေဈေးနှင့် ချိတ်ဆက်ထားသည့် ပြည်တွင်းဈေးကွက်တွင်လည်း ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၁ သိန်းနှင့်အထက်သို့ ပေါက်ဈေးရှိကြောင်း ဈေးကွက်အတွင်းမှ သိရှိရသည်။ ကမ္ဘာ့ရွှေဈေးမှာ အပြောင်းအလဲများ ဖြစ်ပေါ်နေခြင်းကြောင့် ပြည်တွင်းရွှေဈေးမှာလည်း တည်ငြိမ်မှုမရှိကြောင်း၊ ကမ္ဘာ့ရွှေဈေး ဆက်တက်နေသည့်အတွက် ပြည်တွင်းရွှေဈေးမှာလည်း ဆက်လက်မြင့်တက်နေဦးမည် ဖြစ်ကြောင်း ရွှေဘုံသာရွှေဈေးကွက်အတွင်းမှ သိရှိရသည်။

တရုတ်နည်းပညာကုမ္ပဏီများနှင့် အီရန်နိုင်ငံတို့အပေါ်၌ အမေရိကန်ပြည်ထောင်စုက အရေးယူပိတ်ဆို့မှုများ ထပ်မံပြုလုပ်မည့်သတင်းကြောင့် ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၄ဝဝ အထက်သို့ ရောက်ရှိလာခဲ့ပြီး အမေရိကန်အစိုးရ၏ ကြေညာချက်ကြောင့် ဇွန် ၂၄ ရက်နံနက်ပိုင်းမှစတင်၍ အာရှဈေးကွက်အတွင်း၌ စတော့ရှယ်ယာဈေးနှုန်းများ ကျဆင်းကာ ရွှေကိုဝယ်ယူစုဆောင်းမှု များပြားလာပြီး ရွှေဈေးနှုန်း ထပ်မံမြင့်တက်ခဲ့ကြောင်း သိရှိရသည်။ ထို့ပြင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယိုက အီရန်နိုင်ငံအပေါ် ပြင်းထန်သော အရေးယူပိတ်ဆို့မှုများအား အမြန်ဆုံးပြုလုပ်သွားမည်ဟု ဇွန် ၂၄ ရက်တွင် ကြေညာခဲ့ခြင်းသည်လည်း ပထဝီနိုင်ငံရေးအခြေအနေအပေါ် စိုးရိမ်ပူပန်မှုများကို ပိုမိုဖြစ်ပေါ်စေကာ ကမ္ဘာ့ရွှေဈေးနှုန်းကို ထပ်မံမြင့်တက်စေသည့် အခြားအချက်တစ်ခုဖြစ်ကြောင်း သိရှိရ သည်။

ဇွန် ၂၄ ရက် နံနက်ပိုင်းတွင် အာရှဈေးကွက်အတွင်း၌ ရွှေဈေးနှုန်းမှာ သုည ဒသမ ၆ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၄ဝ၆ ဒသမ ၅၆ ရောက်ရှိခဲ့ကြောင်း၊ အဆိုပါဈေးနှုန်းသည် ခြောက်နှစ်တာကာလအတွင်း အမြင့်ဆုံးဈေးနှုန်းဖြစ်ကြောင်း၊ လက်ရှိအချိန်၌ ကမ္ဘာပေါ်၌ အကြီးမားဆုံးရွှေရောင်းဝယ်ရေး ကုမ္ပဏီကြီးဖြစ်သည့် SPDR Gold Trust အပါအဝင် ရွှေကုမ္ပဏီကြီးများသည် ရွှေစုဆောင်းမှုများကို တိုးမြှင့်ပြုလုပ်လျက်ရှိကြောင်း၊

စာမျက်နှာ ၁၇ သို့

## သကြား ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ယခုတစ်ပတ်အတွင်း ကမ္ဘာ့သကြားဈေးနှုန်းများအနေဖြင့် International Sugar Organization (ISO) ၏ website ဖြစ်သော www.isosugar.org တွင် ဖော်ပြချက်များအရ နေ့စဉ်ဖြစ်ပေါ်နေသည့် ကမ္ဘာ့သကြားဈေးနှုန်းများကို လေ့လာတွေ့ရှိရသည်။ အဆိုပါ website တွင် ဖော်ပြချက်များအရ သကြားဖြူ (White Sugar) တစ်တန်လျှင် ၃-၆-၂ဝ၁၉ ရက်တွင် အမေရိကန်ဒေါ်လာ ၃၃၄ ဒေါ်လာပေါက်ဈေးရှိခဲ့ရာမှ အတက်အကျ အပြောင်းအလဲများ ဆက်လက်ဖြစ်ပေါ်လျက်ရှိပြီး ၂၆-၆-၂ဝ၁၉ ရက်တွင် သကြားဖြူ (White Sugar) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၂၂ ဒသမ ၃ ဖြစ်ပေါ်ခဲ့သည်ကို အောက်ပါအတိုင်း တွေ့ရှိရသည်-

| Date | ISA Daily Price | 15 Day Average | White Sugar Price Index | |
|---|---|---|---|---|
| 26-Jun-19 | 12.53 cts/lb | 12.93 cts/lb | 322.30 $/T | 14.62 cts/lb |
| 25-Jun-19 | 12.79 cts/lb | 12.94 cts/lb | 327.00 $/T | 14.83 cts/lb |
| 24-Jun-19 | 12.72 cts/lb | 12.94 cts/lb | 325.90 $/T | 14.78 cts/lb |
| 21-Jun-19 | 12.71 cts/lb | 12.94 cts/lb | 327.70 $/T | 14.86 cts/lb |
| 20-Jun-19 | 12.91 cts/lb | 12.93 cts/lb | 334.15 $/T | 15.16 cts/lb |
| 19-Jun-19 | 12.97 cts/lb | 12.90 cts/lb | 335.45 $/T | 15.22 cts/lb |
| 18-Jun-19 | 13.06 cts/lb | 12.86 cts/lb | 336.30 $/T | 15.25 cts/lb |
| 17-Jun-19 | 13.07 cts/lb | 12.81 cts/lb | 336.45 $/T | 15.26 cts/lb |
| 14-Jun-19 | 13.15 cts/lb | 12.76 cts/lb | 339.00 $/T | 15.38 cts/lb |
| 13-Jun-19 | 13.12 cts/lb | 12.69 cts/lb | 339.90 $/T | 15.42 cts/lb |
| 12-Jun-19 | 13.05 cts/lb | 12.64 cts/lb | 338.15 $/T | 15.34 cts/lb |
| 11-Jun-19 | 13.01 cts/lb | 12.59 cts/lb | 339.65 $/T | 15.41 cts/lb |
| 10-Jun-19 | 12.88 cts/lb | 12.54 cts/lb | 337.35 $/T | 15.30 cts/lb |
| 7-Jun-19 | 12.97 cts/lb | 12.49 cts/lb | 340.85 $/T | 15.46 cts/lb |
| 6-Jun-19 | 12.94 cts/lb | 12.45 cts/lb | 341.70 $/T | 15.50 cts/lb |
| 5-Jun-19 | 12.70 cts/lb | 12.41 cts/lb | 335.10 $/T | 15.20 cts/lb |
| 4-Jun-19 | 12.84 cts/lb | 12.40 cts/lb | 339.75 $/T | 15.41 cts/lb |
| 3-Jun-19 | 12.69 cts/lb | 12.37 cts/lb | 334.00 $/T | 15.15 cts/lb |

Source: www.isosugar.org

ပြည်တွင်းသကြားဈေးကွက်နှင့်ပတ်သက်သည့် သတင်းများအနေဖြင့် မြန်မာ-တရုတ် နားလည်မှုစာချွန်လွှာအရပြည်တွင်းထုတ်သကြားတန်ချိန် ၁၂ဝဝဝဝ ကို တရုတ်နိုင်ငံက ငါးလအတွင်း ဝယ်ယူမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ သကြားနှင့်ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးဝင်းဌေးက ပြောကြားခဲ့သည်ကို သိရှိရသည်။ ယူနန်အစိုးရ၏ လတ်တလောလိုအပ်ချက်အရ MOU လက်မှတ်ရေးထိုးထားသည့်အထဲတွင် သကြားတန်ချိန် တစ်သိန်းနှစ်သောင်းမှ သကြားတန်ချိန် တစ်သောင်းကို စတင်တင်ပို့သွားမည်ဖြစ်ကြောင်း သိရှိရသည်။

မြန်မာနှင့် တရုတ်နိုင်ငံတို့အကြား ဇွန် ၁၂ ရက်က ကူမင်းမြို့တွင် နားလည်မှုစာချွန်လွှာ ရေးထိုးခဲ့ပြီး ငါးလအတွင်း တင်ပို့နိုင်ရန်အတွက် ရည်မှန်းထားကြောင်း၊ တင်ပို့မည့်သကြားများကိုတရုတ်ဘက်မှ လာရောက်စစ်ဆေးမှုများ ပြုလုပ်မည်ဖြစ်ပြီး တင်ပို့ရာတွင်လည်း အရည်အသွေးပြည့်ဝသည့် စက်ရုံများမှ ပစ္စည်းများကို ဝယ်ယူမည်ဖြစ်ကြောင်း၊ ပြည်ပက တင်သွင်းပြီး ပြန်လည်တင်ပို့သည့် Re-Export သကြားများကိုမူ ဝယ်ယူမည်မဟုတ်ကြောင်း သိရှိရသည်။

ယခုကဲ့သို့ နှစ်နိုင်ငံ တရားဝင်နားလည်မှုစာချွန်လွှာ ရေးထိုးနိုင်ခြင်းကြောင့် ကြံနှင့်သကြားဈေးကွက်တွင် ဈေးနှုန်းကျဆင်းခဲ့သည့် အခြေအနေဖြစ်ပေါ်ခဲ့သော်လည်း တရုတ်နိုင်ငံဘက်မှ လက်ရှိဝယ်ယူမည် ဖြစ်သောကြောင့် ဈေးကွက်အခြေအနေ ပြန်လည်ကောင်းမွန်လာနိုင်ကြောင်း သိရှိရသည်။ ပြည်တွင်းထုတ် သကြားများကို တင်ပို့နိုင်မည်ဖြစ်ခြင်းကြောင့် တောင်သူများအတွက် အဆင်ပြေလာနိုင်မည် ဖြစ်ကြောင်း သကြား၊ သကာရည်လုပ်ငန်းရှင်များ ကထိန်တော်အသင်း ဥက္ကဋ္ဌ ဦးမောင်အေးက ပြောကြားခဲ့သည်ကို သိရှိရသည်။

ပြည်တွင်း ကြံကြိတ်စက်များမှ ထုတ်လုပ်သည့်သကြားများကို ဝယ်ယူမည်ဟုဆိုသော်လည်း အရည်အသွေး သတ်မှတ်ချက်နှင့်ညီသည့် စက်ရုံများကသာ ဝယ်ယူမည်ဟု သတ်မှတ်ထားကြောင်း၊ ထို့ကြောင့် ဂရိတ်ဝေါလ်၊ ငွေရည်ပုလဲ စသည့် အကြီးစားစက်ရုံများသာ အကျိုးအမြတ်

စာမျက်နှာ ၁၆ သို့

## စာမျက်နှာ (၃) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန. . . မှအဆက်

အခြေအနေများအပေါ် မူတည်၍ ရရှိလာနိုင်မည့် အခွင့်အရေးများကို အကျိုးရှိစွာ အသုံးချနိုင်ရန်အတွက် အချင်းချင်းပူးပေါင်း ဆွေးနွေးလေ့လာရန်နှင့် ပိုမိုနီးကပ်စွာပူးပေါင်းဆောင်ရွက်သွားနိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။ ထို့နောက်အစည်းအဝေးသို့ တက်ရောက်လာကြသော ပုဂ္ဂိုလ်များက သိရှိလိုသည်များ မေးမြန်းချက်များအပေါ် သက်ဆိုင်ရာဝန်ကြီးများမှ ပြန်လည်ဖြေကြား ပေးခဲ့သည်။

CLMVT Forum 2019 သို့ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ ဗီယက်နမ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကျွမ်းကျင်သူများ၊ ပညာရှင်များနှင့် စီးပွားရေးလုပ်ငန်းရှင် များ စုစုပေါင်း ၃၅၀ ခန့်ပါဝင်တက် ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**MOC(IR)**

## စာမျက်နှာ (၃) ဒုတိယဝန်ကြီး ဦးအောင်ထူး . . . မှအဆက်

ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုစီမံကိန်းသည် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း (Myanmar Sustainable Development Plan– MSDP) (2018-2030) တို့နှင့်ချိတ်ဆက်နေပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်ရသည့် Job Creation လုပ်ငန်းစဉ်များကိုလည်း အထောက်အကူပြုနေကြောင်း၊ စီမံကိန်းပါ Category နှင့် Component များသည် တစ်ချိန်တည်း ဖြစ်ပေါ်တိုးတက်ရန် လိုအပ်သည့်အတွက် သတ်မှတ်ချိန်အတွင်း အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေး သက်ဆိုင်ရာအစိုးရဌာနများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်အဖွဲ့အစည်းများ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ယခုစီမံကိန်းမှာ Tier 2 အဆင့်အတွက် ဆောင်ရွက်ခြင်းဖြစ်ပြီး Tier 1 အဆင့်တွင် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာ စီမံကိန်းကို ၂၀၁၅ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂကိုယ်စားလှယ်၊ ကမ္ဘာ့ဘဏ်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ညီနောင်အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ စုစုပေါင်းလူဦးရေ ၂၀၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မွန်းတည့် ၁၂ နာရီတွင် ILO Liaison Office in Myanmar မှ Liaison Officer ဖြစ်သူ Mr. Rory Mungoven ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ အား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး၌ လက်ခံတွေ့ဆုံခဲ့ သည်။

ထိုသို့တွေ့ဆုံရာတွင် ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ILO နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများ အဆင်ပြေချောမွေ့စွာ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးနိုင်မှု တိုးမြှင့်နိုင်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များအား ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**MOC(IR)**

## စာမျက်နှာ (၈) ဆန်အရည်အသွေးနှင့်. . . မှအဆက်

သို့ရာတွင် အရေအတွက်အားဖြင့်များပြား ခြင်းမရှိသေးပါ။ စနစ်တကျ တပ်ဆင်ခြင်းမျိုးလည်းဖြစ်ရန် လိုနေသေးသည်ဟုထင်သည်။ အဆိုပါခေတ်မီစက်များကို ကွန်ပျူတာဖြင့်ထိန်းသိမ်းသည့်စနစ်မျိုး၊ သီးသန့် ထားရှိနိုင်သည့်စနစ်မျိုးလည်း လိုအပ်သည်။

### ဆန်စက်များနှင့် စားနပ်ရိက္ခာ ဘေးကင်းလုံခြုံရေး

ဆန်သည် စားစရာဖြစ်သော်လည်း မြန်မာလူမျိုးများ၏စိတ်တွင် ထမင်းအိုးအတွင်းရောက်မှသာ စားစရာအဖြစ် မြင်သလားဟုပင် မေးချင်မိပါသည်။ ဆန်စက်အတွင်းသွားကြည့်လျှင် ထောင်းထောင်းထနေသော ဖုန်မှုန့်များ၊ ဖုန်အလိမ်းလိမ်းကပ်လျက်ရှိသော ပိုးမျှင်များ၊ ကြည့်ရုံနှင့်ပင် ကာလကြာရှည်သန့်ရှင်းမှု တစ်စုံတစ်ရာမလုပ်ထားသော ကြမ်းခင်းများ၊ ဖိနပ်စီးပြီး ဆန်အိတ်များကို လှေကားသဖွယ်ဆင့်၍ ဆန်အိတ်ကို နင်းကြမ်းလုပ်ထားသည်များ၊ ဆန်များကို ကြမ်းပေါ်ချပြီး ရောနှောမွှေနှောက်နေသည်များ၊ အဆိုပါဆန်ပုံပေါ်တွင် ထိုင်၍ ဆန်ရွေးနေသည်များ၊ မလှမ်းမကမ်းတွင် ကွမ်းတံတွေး ထွေးထားသည်များ စသည့် အကြောင်းများအားလုံးသည် စားစရာအဖြစ် သဘောမထားသည်ကိုပြနေကြောင်း၊ တစ်နည်းအားဖြင့် စားနပ်ရိက္ခာဘေးကင်း လုံခြုံရေးဆိုသော ကျန်းမာရေးဆိုင်ရာလိုအပ်ချက်များနှင့် ဆန့်ကျင်နေသည်ကို တွေ့နိုင်ပါသည်။

ထို့ပြင် ဆန်စက်အတွင်းတွင်ဖြစ်စေ၊ ဆန်စက်နှင့်တွဲလျက် သိုလှောင်ရုံများတွင်ဖြစ်စေ၊ အခြား သိုလှောင်ရုံများတွင်ဖြစ်စေ ကုန်ကြမ်းဖြစ်သော စပါးနှင့် ကုန်ချောဖြစ်သော ဆန်ကို သီးခြားစီမထားဘဲ ကပ်လျက်ထားတတ်ကြသည်။ အထူးသဖြင့် စပါးများကို အိတ်မသွတ်ဘဲ အလွတ်ထားလေ့ရှိပြီး ဆန်အိတ်များနှင့် တွဲလျက်သိုလှောင်တတ်ကြပါသည်။ ထို့ပြင် ဆန်ကွဲနှင့် ဖွဲနုကဲ့သို့ ဘေးထွက်ပစ္စည်းဖြစ်သော်လည်း ရောင်းချ တင်ပို့နိုင်သည့် ပစ္စည်းများကိုလည်း စနစ်တကျ မထားတတ်ဘဲ ပိုးများ၊ အမှိုက်သရိုက်များနှင့်မဝေးကွာဘဲထားတတ်ကြသည်။ အဆိုပါအချက်များမှာ မလုပ်သင့်သော အချက်များအဖြစ် ဆန်စက်ပိုင်ရှင်များက သဘောထားပြီး အလေ့အကျင့်ကောင်းများကို မိမိတို့ဆန်စက်တွင် မွေးမြူရန် လိုအပ်လာပြီဖြစ်ကြောင်း သတိပေးလိုပါသည်။

ကျွန်တော်တို့ ဆန်စက်များသည် ဆန်ထွက်နှုန်းကောင်းရန်၊ ဆန်များများကျရန်၊ ဆန်ကောင်းဆန်သန့် ထုတ်လုပ်နိုင်ရန် အပြင် စားနပ်ရိက္ခာဘေးကင်း လုံခြုံမှုဟူသော စားစရာဆန်ကို ကျန်းမာရေးရှုထောင့်ကပါကြည့်ပြီး ပြည်တွင်း၊ ပြည်ပ စားသုံးသူများအတွက် ထုတ်လုပ်ကြပါစို့ဟု တိုက်တွန်းလိုက်ပါသည်။

### မြန်မာ့ဆန်အနာဂတ်

မြန်မာ့အမျိုးသားပို့ကုန်မဟာဗျူဟာ National Export Strategy- NES ကို ၂၀၂၀-၂၀၂၅ အတွက် ပြန်လည်ရေးဆွဲလျက်ရှိသည်။ အဆိုပါ မဟာဗျူဟာတွင် ဆန်စပါးကို ဦးစားပေးကဏ္ဍအဖြစ် ဆက်လက်ထည့်သွင်းရန်ရှိပြီး ဆန်စပါး တင်ပို့မှုတိုးတက်ရေးအတွက် မဟာဗျူဟာများတွင် ပြည်ပအကူအညီများရရှိရေး၊ စပါးမှစပြီး ဆန်ဖြစ်သည်အထိ Value Chain တစ်ခုလုံးတိုးတက်ရေးတို့အတွက် ဆောင်ရွက်နိုင်ရန် လိုအပ်သည်။ ဆန်ကို လက်ရှိပြည်ပတင်ပို့နေရသည့် ဈေးပေါပေါဖြင့် ရောင်းချနေရသည်ကို ဈေးကောင်းရရှိစေရန် ပြုပြင်ဆောင်ရွက်ခြင်း၊ အရည်အသွေးကောင်း ဆန်များ ထုတ်လုပ်နိုင်ရန်ဆောင်ရွက်ခြင်း၊ ပြည်ပတင်ပို့သော ဈေးကွက်များ တိုးတက်များပြားလာစေရန် ဆောင်ရွက်ခြင်း၊ ပြည်ပတင်ပို့သည့် Rice Exporters များတွင် တစ်နှစ်လျှင်ဆန်တန်ချိန် တစ်သိန်း အထက်တင်ပို့နိုင်သူများများပြားလာစေရန်ကြိုးပမ်းခြင်းနှင့် ထိုပုဂ္ဂိုလ်များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်း၊ ဈေးကွက်အလိုက် ဈေးကွက်ထိုးဖောက်မည့် မဟာဗျူဟာများချမှတ်ဆောင်ရွက်ခြင်း၊ စားနပ်ရိက္ခာဘေးကင်းလုံခြုံမှုအချက်များနှင့် ပြည့်စုံသော ဆန်ကောင်းများ ထုတ်လုပ်နိုင်ခြင်း စသည့် အချက်များကိုဦးတည်ပြီး ဆောင်ရွက်နိုင်မည်ဆိုပါက မြန်မာ့ဆန်အနာဂတ်မှာ လွန်စွာလှပမည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

## စာမျက်နှာ (၁၅) စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်). . . မှအဆက်

မြန်မာနိုင်ငံ၏ တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော စက်သုံးဆီဈေးနှုန်းများအား လေ့လာရာတွင် ကျိုင်းတုံမြို့တွင် ဓာတ်ဆီတစ်ဂါလန်လျှင် ကျပ် ၄၉၅၀၊ ဒီဇယ် တစ်ဂါလန်လျှင် ၅၁၇၅ ကျပ်၊ ဟားခါးမြို့တွင် ဓာတ်ဆီတစ်ဂါလန် လျှင် ၄၅၈၀ ကျပ်နှင့် ဒီဇယ်တစ်ဂါလန်လျှင် ကျပ် ၄၅၁၀ ဖြင့် အမြင့်ဆုံးဖြစ်ပေါ်နေပြီး ပုသိမ်မြို့တွင် ဓာတ်ဆီတစ်ဂါလန်လျှင် ကျပ် ၃၇၀၀၊ ဒီဇယ်တစ်ဂါလန်လျှင် ကျပ် ၄၄၀၀၊ ပဲခူးမြို့တွင် ဓာတ်ဆီ တစ်ဂါလန်လျှင် ကျပ် ၃၇၀၀၊ ဒီဇယ်တစ်ဂါလန်လျှင် ကျပ် ၄၁၀၀ နှင့် ရန်ကုန်မြို့တွင် ဓာတ်ဆီတစ်ဂါလန်လျှင် ကျပ် ၄၀၅၀၊ ဒီဇယ် တစ်ဂါလန်လျှင် ကျပ် ၄၀၆၉ ဖြင့် အနည်းဆုံးဖြစ်ပေါ်နေကြောင်း တွေ့ရှိရသည်။

ဇွန် ၂၇ ရက်တွင် Yangon Denko စက်သုံးဆီဆိုင်၏ ရောင်းဈေးများအရ ဒီဇယ်တစ်လီတာလျှင် ၉၁၅ ကျပ်၊ ပရီ မီယမ် ဒီဇယ်တစ်လီတာလျှင် ၉၂၅ ကျပ်၊ အောက်တိန်း-92 တစ်လီတာလျှင် ၈၀၅ ကျပ်၊ အောက်တိန်း-95 တစ်လီတာလျှင် ၈၉၅ ကျပ်ရှိခဲ့ကြောင်း လေ့လာသိရှိရသည်။ မြန်မာနိုင်ငံအတွင်းရှိ မြို့ကြီးများ၏ စက်သုံးဆီဈေးနှုန်းများမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ဈေးနှုန်းအတက်အကျ အနည်းငယ်ဖြစ်ပေါ်နေကြောင်း လေ့လာသုံးသပ်တင်ပြအပ်ပါသည်။

## စာမျက်နှာ (၁၅) သကြား. . . မှအဆက်



ရရှိနိုင်ကြောင်း၊ သတ်မှတ်ထားသည့် အရည်အသွေးစိစစ်မှုများ ပြုလုပ်မည်ဖြစ်သဖြင့် ပြည်တွင်းတွင် အရည်အသွေး အဆင့်မီသည့် သကြားစက်များ နည်းနေသေးကြောင်း၊ အဆင့်မြှင့်တင်နိုင်ရန် လိုအပ်လျက်ရှိနေကြောင်း၊ သကြားစက်အားလုံး အဆင်ပြေနိုင်မည့် အနေအထားမရှိနိုင်သေးကြောင်း လက်ရှိတွင် ပြည်တွင်းထုတ်သကြားများ တင်ပို့ရမည်ဆိုခြင်းကြောင့် ကုန်သည်များ ဈေးနှုန်းတိုးမြှင့်ရောင်းချရန် စီစဉ်သော်လည်း ပြည်တွင်း၌ သကြားလက်ကျန်များစွာရှိနေခြင်းကြောင့် ဈေးနှုန်းတိုးမြှင့်မရနိုင်ကြောင်း သိရှိရသည်။

လက်ရှိတွင် သကြား၊ သကာရည်လုပ်ငန်းရှင်များအသင်း ဈေးနှုန်းများမှာ ပေါင်းသကြား QCA အဆင့် သကြားတစ်ပိဿာ ကျပ် ၁၀၂၀ ၊ QCB အဆင့်ရှိ တစ်ပိဿာလျှင် ကျပ် ၉၅၀ ၊ QCC အဆင့်တစ်ပိဿာလျှင် ကျပ် ၉၀၀ ရှိကြောင်း၊ မြန်မာနိုင်ငံတွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ကြံဧက လေးသိန်းကျော် စိုက်ပျိုးခဲ့ပြီး သကြားတန်ချိန် ငါးသိန်းကျော် ထုတ်လုပ်နိုင်ခဲ့ကြောင်း မြန်မာနိုင်ငံ သကြားနှင့်ကြံထွက်ပစ္စည်း လုပ်ငန်းရှင်များအသင်းထံမှ သိရှိရသည်။

၂၀၁၉ ခုနှစ် ဇွန်လနောက်ဆုံးပတ်အတွင်း တရုတ်နိုင်ငံတွင် ဖြစ်ပေါ်နေသော သကြားဈေးနှုန်းမှာ တစ်တန်လျှင် ပျမ်းမျှအမေရိကန် ဒေါ်လာ ၇၆၇ ဖြစ်ပေါ်ခဲ့ပြီး အမေရိကန်နိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှဒေါ်လာ ၂၄၉၊ ပါကစ္စတန်နိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၄၀၄-၄၃၁၊ အိန္ဒိယနိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ ၄၆၈-၆၀၅ ဖြစ်ပြီး ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက အိန္ဒိယနိုင်ငံတွင် သကြားဈေးနှုန်းများမှာ အနည်းငယ် မြင့်တက်လျက်ရှိပြီး ပါကစ္စတန်နှင့် အမေရိကန်နိုင်ငံများတွင် ဈေးနှုန်းအနည်းငယ် ကျဆင်းခဲ့ကာ တရုတ်နိုင်ငံတွင် ဈေးနှုန်းတည်ငြိမ်လျက်ရှိကြောင်း သိရှိရသည်။ မြန်မာ-တရုတ်နယ်စပ်ရှိ တစ်ဖက်နိုင်ငံ ဒေသပေါက်ဈေးမှာ တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၆၄၈ ဖြစ်ကြောင်း လေ့လာသိရှိရသည်။

၂၀၁၉ ခုနှစ်၊ ဇွန်လ နောက်ဆုံးပတ်ပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်မူဆယ်ဒေသ၌ သကြားတစ်တန်လျှင် ပျမ်းမျှဈေးမှာ အမေရိကန်ဒေါ်လာ ၆၅၂ ရှိပြီး တရုတ်နိုင်ငံတွင် သကြားတစ်တန်လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ ၇၆၇ ပေါက်ဈေးရှိသောကြောင့် တစ်တန် ပေါ်တွင် အမေရိကန်ဒေါ်လာ ၁၁၅ ဒေါ်လာ ဈေးနှုန်းကွာဟချက် ရှိသည်။ မြန်မာ-ထိုင်းနယ်စပ် မြဝတီမြို့တွင် သကြားတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၀၀ ဝန်းကျင်ရှိပြီး ထိုင်းနိုင်ငံ၊ မဲဆောက်မြို့၌ တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၅၂၅ ဝန်းကျင်ခန့်ရှိကြောင်း လေ့လာသိရှိရသည်။

ထို့ပြင် ရက်သတ္တပတ်အတွင်း တိုင်းဒေသကြီး/ပြည်နယ်များရှိမြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော သကြားပေါက်ဈေးများကို လေ့လာရာတွင် ဟားခါးမြို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၉၀၀ နှင့် ရန်ကုန်မြို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၈၀၀ ဖြင့် အမြင့်ဆုံးဖြစ်ပေါ်နေပြီး၊ ဘားအံမြို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၁၀၀ ဖြင့် အနည်းဆုံးဖြစ်ပေါ်နေကြောင်း တွေ့ရှိရသည်။

Trading Economics Website တွင် ဖော်ပြချက်အရ ၂၀၁၉ ခုနှစ် ဇွန် ၂၇ ရက်တွင် ကမ္ဘာ့သကြားဈေးနှုန်းသည် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် သုည ဒသမ ၈၀ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်သွားကြောင်း လေ့လာတွေ့ရှိရသည်။ မြန်မာနိုင်ငံ အနေဖြင့် ၂၀၁၉ ခုနှစ်ဇွန်လနောက်ဆုံးပတ်အတွင်း ပြည်တွင်း သကြားဈေးနှုန်းများမှာ အတက်အကျ အပြောင်းအလဲမရှိဘဲ ဈေးနှုန်းတည်ငြိမ်လျက်ရှိကြောင်း လေ့လာတွေ့ရှိရသည်။

## စာမျက်နှာ (၁၄) ဆန်ပြည်တွင်းဈေးနှုန်းနှင့် . . . မှအဆက်

ဆက်လက်ပေးပို့သွားမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံဘက်မှ တရားဝင်ဆန်ပို့မည့် ဆန်စက် ၁၁ လုံးကို အသိအမှတ်ပြုပြီးဖြစ်ကြောင်း၊ ယခုနှစ်အတွက် ကိုတာရရှိသည့် ဆန်တန်ချိန် တစ်သိန်းကို သုံးလအတွင်းတင်ပို့နိုင်ပါက နောက်နှစ်တွင် တန်ချိန် ငါးသိန်းခန့်အထိ တင်ပို့နိုင်ရန် တောင်းဆိုနိုင်မည်ဖြစ်ပြီး ယင်းကဲ့သို့ တိုးချဲ့တင်ပို့နိုင်ရန်အတွက် ကုမ္ပဏီများကို ထပ်မံလျှောက်ထားစေခြင်းဖြစ်ကြောင်း သိရှိရသည်။

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား ချုပ်ဆိုထားသည့် မြန်မာနိုင်ငံမှ ဆန်ကို တရုတ်နိုင်ငံသို့ တင်ပို့ရန် စစ်ဆေးခြင်းနှင့် ပိုးမွှားကင်းစင်ရေး သဘောတူစာချုပ် (SPS Protocol) တွင် ပါဝင်သည့် စာပိုဒ်(၃)အရ တရုတ်နိုင်ငံသို့ဆန်တင်ပို့မည့် ကုမ္ပဏီများ၊ ဆန်စက်များကို တရုတ်နိုင်ငံ၏ လိုအပ်ချက်နှင့်အညီ စိစစ်ဆောင်ရွက်နိုင်ရန်အတွက်လည်း လုပ်ငန်းစဉ်များကို ကုမ္ပဏီများအား ဖိတ်ခေါ်ရှင်းလင်းခဲ့ကြောင်း၊ တရုတ်နိုင်ငံသို့ SPS Protocol နှင့်အညီ ဆန်များတင်ပို့နိုင်ရေးအပါအဝင် ဆန်တင်ပို့မှုလုပ်ငန်းစဉ်များအပေါ် ကြီးကြပ်ဆောင်ရွက်နိုင်ရေးအတွက် တရုတ်နိုင်ငံသို့မြန်မာ့ဆန်တင်ပို့နိုင်ရေးလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ကို အဖွဲ့ဝင် ၁၃ ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ထံမှ သိရှိရသည်။

မြန်မာ-တရုတ် နယ်စပ်ဒေသဖြစ်သော မူဆယ်မြို့တွင် ၂၀၁၉ ခုနှစ် ဇွန် ၂၇ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်း တစ်ယွမ်လျှင် ၂၂၃ ကျပ်နှုန်းရှိပြီး ဧည့်မထဆန် ၂၅ မှတ်ဆန် တစ်အိတ်လျှင် ၂၀၅၁၆ ကျပ်မှ ၂၀၇၃၉ ကျပ်အထိပေါက်ဈေးရှိကြောင်း သိရှိရသည်။ မြန်မာ-ထိုင်း နယ်စပ်ဒေသဖြစ်သော မြဝတီမြို့တွင် ဇွန် ၂၇ ရက်တွင်ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်း အနေဖြင့် တစ်ဘတ်လျှင် ၄၈ ကျပ်နှုန်းပေါက်ဈေးရှိကြောင်း သိရှိရသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်မှရရှိသော အချက်အလက်များအရ ဆန်ဈေးနှုန်းများကို လေ့လာရာတွင် ဇွန် ၂၇ ရက်အတွင်းဖြစ်ပေါ်နေသော ဈေးနှုန်းစာရင်းများအား တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော ဧည့်မထဆန်ဈေးနှုန်းများကို လေ့လာကြည့်ပါက မုံရွာမြို့နှင့် ဟားခါးမြို့တို့တွင် ဧည့်မထဆန်တစ်ပြည်လျှင် ကျပ် ၂၁၀၀ ဖြင့် အမြင့်ဆုံးဈေးနှုန်းများဖြစ်ပေါ်ခဲ့ပြီး ဘားအံ၊ မော်လမြိုင်၊ မြိတ်၊ ပုသိမ်၊ စစ်တွေ၊ ပြည်နှင့် ပဲခူးမြို့တို့တွင် ဧည့်မထဆန် တစ်ပြည်လျှင် ကျပ် ၁၁၀၀ ဖြင့် အနိမ့်ဆုံးဈေးနှုန်းများဖြစ်ခဲ့သည်ကို တွေ့ရှိရသည်။

Trading Economics Website ၌ ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ကမ္ဘာ့ဆန်ဈေးနှုန်းမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ၁ ဒသမ ၃၇ ရာခိုင်နှုန်းဈေးကျဆင်းခဲ့ကြောင်း သိရှိရသည်။ ၂၀၁၉ ခုနှစ်၊ ဇွန်လနောက်ဆုံးပတ်အတွင်း နိုင်ငံတကာ ဆန်ဈေးနှုန်းများတွင် အတက်အကျ ပြောင်းလဲမှုများရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ဆန်ဈေးနှုန်းများ အတက်အကျ ပြောင်းလဲမှုများ ဖြစ်ပေါ်နေသည်ကို လေ့လာသုံးသပ် တင်ပြအပ်သည်။

| စဉ် | အမျိုးအစား | ရာခိုင်နှုန်း | ဈေးနှုန်း |
|---|---|---|---|
| | | | ၂၇.၆.၂၀၁၉ |
| ၁ | ရက်(၉၀) | 85(Raw) | ၂၂၀၀၀ |
| ၂ | ရက်(၉၀) | 80(Raw) | ၂၀၀၀၀ |
| ၃ | သီးထပ် | 90(Raw) | ၂၁၀၀၀ |
| ၄ | သီးထပ် | 80(Raw) | ၂၀၀၀၀ |
| ၅ | ဧည့်မထ | 70(Raw) | ၁၈၅၀၀ |
| ၆ | ဧည့်မထ | 65(Raw) | ၁၈၀၀၀ |
| ၇ | ကရင်မ | 90(Raw) | ၂၁၅၀၀ |
| ၈ | ကရင်မ | 80(Raw) | ၂၁၀၀၀ |

## စာမျက်နှာ (၁၅) ရွှေနှင့် အမေရိကန်ဒေါ်လာ . . . မှအဆက်

SPDR Gold Trust ၏ ရွှေသိုလှောင်မှု ပမာဏသည် ဇွန် ၂၀ ရက်တွင် တန်ချိန် ၇၆၄ ဒသမ ၁၀ တန်ရှိခဲ့ရာမှ ဇွန် ၂၁ ရက်တွင် ရွှေသိုလှောင်မှု ပမာဏမှာ ၄ ဒသမ ၅၇ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး စုစုပေါင်းရွှေတန်ချိန် ၇၉၉ ဒသမ ၀၃ တန်သို့ ရောက်ရှိခဲ့သည်ဟု www.reuters.com အင်တာနက် website တွင် ဖော်ပြထားသည်ကို သိရှိရသည်။

၂၀၁၉ ခုနှစ်၊ ဇွန် ၁ ရက်မှ ၂၇ ရက်အတွင်း ကမ္ဘာ့ရွှေဈေးနှင့် မြန်မာ့ရွှေဈေး အခြေအနေတို့ကို အောက်ပါအတိုင်း တွေ့ရှိရပါသည်-

| စဉ် | နေ့စွဲ | ရွှေဈေးနှုန်း | |
|---|---|---|---|
| | | အခေါက်ရွှေ ၁ ကျပ်သားဈေးနှုန်း | (ဒေါ်လာ/ အောင်စ) |
| ၁ | ၁.၆.၂၀၁၉ | ၁၀၅၄၅၀၀ | ၁၃၀၅ |
| ၂ | ၃.၆.၂၀၁၉ | ၁၀၅၅၅၀၀ | ၁၃၀၇ |
| ၃ | ၄.၆.၂၀၁၉ | ၁၀၆၀၅၀၀ | ၁၃၂၆ |
| ၄ | ၅.၆.၂၀၁၉ | ၁၀၆၆၅၀၀ | ၁၃၃၇ |
| ၅ | ၆.၆.၂၀၁၉ | ၁၀၆၆၅၀၀ | ၁၃၃၆ |
| ၆ | ၇.၆.၂၀၁၉ | ၁၀၆၈၅၀၀ | ၁၃၃၃ |
| ၇ | ၈.၆.၂၀၁၉ | ၁၀၆၉၅၀၀ | ၁၃၄၀ |
| ၈ | ၉.၆.၂၀၁၉ | ၁၀၆၉၅၀၀ | ၁၃၄၀ |
| ၉ | ၁၁.၆.၂၀၁၉ | ၁၀၆၉၀၀၀ | ၁၃၂၂ |
| ၁၀ | ၁၂.၆.၂၀၁၉ | ၁၀၇၃၅၀၀ | ၁၃၃၅ |
| ၁၁ | ၁၃.၆.၂၀၁၉ | ၁၀၇၃၀၀၀ | ၁၃၃၆ |
| ၁၂ | ၁၄.၆.၂၀၁၉ | ၁၀၈၁၅၀၀ | ၁၃၅၆ |
| ၁၃ | ၁၅.၆.၂၀၁၉ | ၁၀၇၉၅၀၀ | ၁၃၄၂ |
| ၁၄ | ၁၆.၆.၂၀၁၉ | ၁၀၇၉၀၀၀ | ၁၃၄၂ |
| ၁၅ | ၁၈.၆.၂၀၁၉ | ၁၀၈၅၅၀၀ | ၁၃၄၆ |
| ၁၆ | ၁၉.၆.၂၀၁၉ | ၁၀၈၃၀၀၀ | ၁၃၄၃ |
| ၁၇ | ၂၀.၆.၂၀၁၉ | ၁၀၉၆၅၀၀ | ၁၃၈၀ |
| ၁၈ | ၂၁.၆.၂၀၁၉ | ၁၁၁၂၀၀၀ | ၁၄၀၆ |
| ၁၉ | ၂၂.၆.၂၀၁၉ | ၁၁၀၅၅၀၀ | ၁၄၀၀ |
| ၂၀ | ၂၃.၆.၂၀၁၉ | ၁၁၀၇၅၀၀ | ၁၄၀၀ |
| ၂၁ | ၂၄.၆.၂၀၁၉ | ၁၁၀၈၅၀၀ | ၁၄၀၈ |
| ၂၂ | ၂၆.၆.၂၀၁၉ | ၁၁၁၂၅၀၀ | ၁၄၀၆ |
| ၂၃ | ၂၇.၆.၂၀၁၉ | ၁၁၁၁၅၀၀ | ၁၄၀၅ |

Source: estimate of world's exchange rate and gold price page

ယခုတစ်ပတ်အတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ website တွင် Economic Indicator (%) ဖော်ပြချက်များအရ GDP Growth ၆ ဒသမ ၈၀ ရာခိုင်နှုန်း ၊ Annual Rate of Inflation ၇ ဒသမ ၅၁ ရာခိုင်နှုန်း၊ Year on Year Inflation ၈ ဒသမ ၇၃ ရာခိုင်နှုန်း ရှိသည်ကို လေ့လာသိရှိရသည်။

အမေရိကန်ဗဟိုဘဏ် အစည်းအဝေးဂယက်နှင့် အမေရိကန် - အီရန် စစ်ရေးတင်းမာမှု ဂယက်တို့ကြောင့် အမေရိကန်ဒေါ်လာတန်ဖိုးမှာ သုံးလအတွင်း အနိမ့်ဆုံးသို့ ရောက်ရှိခဲ့ပြီး ယခုရက်ပိုင်းအတွင်း ကျင်းပပြီးစီးခဲ့သည့် အမေရိကန်ဗဟိုဘဏ်အစည်းအဝေး၌ ၂၀၁၉ ခုနှစ် လက်ကျန် ကာလများအတွင်း ဘဏ်တိုးနှုန်းကို အများအပြားလျှော့ချရန် စီစဉ်နေခြင်းနှင့် ပါရှန်ပင်လယ်ကွေ့အတွင်း၌ အမေရိကန်မောင်းသူမဲ့ သူလျှိုလေယာဉ်အား အီရန်တပ်မတော်က ပစ်ချခဲ့ပြီးနောက် အမေရိကန်-အီရန်စစ်ရေးတင်းမာမှုမှာ အမြင့်ဆုံး အနေအထားသို့ ရောက်ရှိလာခြင်း အစရှိသည့်အချက်များကြောင့် ရင်းနှီးမြှုပ်နှံသူများသည် အမေရိကန်ဒေါ်လာအစား ရွှေနှင့် အခြားငွေကြေးများကို ပြောင်းလဲစုဆောင်းမှုများ ပြုလုပ်နေသည့်အတွက် အမေရိကန်ဒေါ်လာတန်ဖိုးမှာ သုံးလအတွင်း အနိမ့်ဆုံးသို့ ရောက်ရှိခဲ့ကြောင်း သိရှိရသည်။


ထို့ပြင် ယခုရက်သတ္တပတ်အတွင်း ဂျပန်နိုင်ငံ၌ ကျင်းပပြုလုပ်မည့် စက်မှုထိပ်သီးနိုင်ငံ (၂၀) အစည်းအဝေး၌ အမေရိကန်သမ္မတနှင့် တရုတ်သမ္မတတို့ ကုန်သွယ်ရေးကိစ္စများ ဆွေးနွေးမည့်အခြေအနေအပေါ် ရင်းနှီးမြှုပ်နှံသူများက စောင့်မျှော်နေခြင်းသည်လည်း ကမ္ဘာ့ဈေးကွက်အတွင်း၌ အမေရိကန်ဒေါ်လာဝယ်ယူမှုကို အားပျော့စေကာ အမေရိကန်ဒေါ်လာတန်ဖိုးကို ကျဆင်းစေသည့်အခြားအချက်တစ်ခုဖြစ်ကြောင်း သိရှိရသည်။

အမေရိကန်ဒေါ်လာတန်ဖိုးသည် အမေရိကန်ဗဟိုဘဏ် အစည်းအဝေးပြီးဆုံးသည့် ဇွန် ၁၉ ရက်မှစ၍ လက်ရှိအချိန်အထိ ကာလအတွင်း ၁ ရာခိုင်နှုန်းအထိကျဆင်းခဲ့ပြီး ၂၀၁၉ ခုနှစ် ဇွန် ၂၂ ရက်တွင် တစ်ယူရိုလျှင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၃၆၈လဲလှယ်မှုနှုန်း၊ အမေရိကန်တစ်ဒေါ်လာလျှင် ဂျပန်ယန်းငွေ ၁၀၇ ဒသမ ၃၀ ယန်းလဲလှယ်မှုနှုန်း၊ အမေရိကန်တစ်ဒေါ်လာလျှင် တရုတ် ယွမ်ငွေ ၆ ဒသမ ၈၆၈၅ ယွမ် လဲလှယ်မှုနှုန်းများသို့ အသီး သီးရောက်ရှိခဲ့ကြောင်း၊ အဆိုပါ လဲလှယ်မှု နှုန်းများအရ အမေရိကန် ဒေါ်လာတန်ဖိုးသည် ၂၀၁၉ ခုနှစ်၊ မတ် ၂၂ ရက်နောက်ပိုင်း အနိမ့်ဆုံးအနေအထားသို့ ရောက်ရှိနေခြင်းဖြစ်သည်ဟု www.reuters.com အင်တာနက် website တွင် ဖော်ပြထားသည်ကို သိရှိရသည်။

၂၀၁၉ ခုနှစ်၊ ဇွန် ၂၁ ရက်မှ ၂၇ ရက်အထိ ရက်အလိုက်ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန်တစ်ဒေါ်လာနှင့်ညီမျှသော နိုင်ငံတကာငွေလဲလှယ်နှုန်းများကို အောက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်-

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ထုတ်ပြန်ချက်အရ ဇွန် ၂၁ ရက်တွင် တစ်ဒေါ်လာ လျှင် ၁၅၂၁ ကျပ်ရှိခဲ့ရာမှ ဇွန် ၂၇ ရက်တွင် ၁၅၁၇ ဒသမ ၅၀၀ ကျပ် ဖြစ်ပေါ်ခဲ့ပြီး တစ်ပတ်အတွင်း အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း သုည ဒသမ ၂၃ ရာခိုင်နှုန်း ကျဆင်းခဲ့သည်ကို တွေ့ရှိရသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ထုတ်ပြန်ချက်အရ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၃ ရက်မှ ၂၇ ရက်အထိ နေ့အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန်ဒေါ်လာဖြင့် ကျပ်ငွေလဲလှယ်နှုန်း တန်ဖိုးများအား အောက်ပါဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-




ပြင်ပဒေါ်လာဈေးကွက်တွင်လည်း အရောင်းအဝယ်မှာ အတက်အကျ အပြောင်းအလဲများဖြစ်ပေါ်နေပြီး ဇွန် ၂၁ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၂၂ ကျပ်၊ ဇွန် ၂၄ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၂၁ ကျပ်၊ ဇွန် ၂၅ ရက်တွင် ၁၅၁၆ ကျပ်၊ ဇွန် ၂၆ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၂၀ ကျပ်နှင့် ဇွန် ၂၇ ရက်များတွင် ၁၅၁၇ ကျပ် စသည်ဖြင့် အသီးသီးပေါက်ဈေးများ ဖြစ်ပေါ်ခဲ့ကြောင်း လေ့လာသိရှိရသည်။

**တစ်ပတ်အတွင်း အမေရိကန် တစ်ဒေါ်လာ နှင့်ညီမျှသော နိုင်ငံတကာ ငွေလဲနှုန်းဇယား**

| စဉ် | နိုင်ငံတကာ ငွေကြေးများ | | ၂၁-၆-၁၉ | ၂၄-၆-၁၉ | ၂၅-၆-၁၉ | ၂၆-၆-၁၉ | ၂၇-၆-၁၉ | တစ်ပတ်အတွင်း ငွေလဲလှယ်နှုန်း အတက်/အကျ (%) | |
|---|---|---|---|---|---|---|---|---|---|
| ၁ | Myanmar | kyat | ၁၅၂၁.၀ | ၁၅၁၉.၁ | ၁၅၁၅.၇ | ၁၅၁၇.၃ | ၁၅၁၇.၅ | -၀.၂၃ | ⬇ |
| ၂ | Thai Baht | THB | ၃၀.၈၈၅ | ၃၀.၇၇၅ | ၃၀.၇၃၅ | ၃၀.၇၁၅ | ၃၀.၇၈၅ | -၀.၃၂ | ⬇ |
| ၃ | Singapore Dollar | SGD | ၁.၃၅၇ | ၁.၃၅၄ | ၁.၃၅၃ | ၁.၃၅၄ | ၁.၃၅၅ | -၀.၁၅ | ⬇ |
| ၄ | Malaysian Ringgit | MYR | ၄.၁၅၂ | ၄.၁၄၅ | ၄.၁၄၄ | ၄.၁၄၉ | ၄.၁၄၅ | -၀.၁၇ | ⬇ |
| ၅ | Indonesian Rupiah | IDR | ၁၄၁၅၅ | ၁၄၁၄၀ | ၁၄၁၂၄ | ၁၄၁၇၅ | ၁၄၁၄၀ | -၀.၁၁ | ⬇ |
| ၆ | Chinese Yuan | CNY | ၆.၈၇၇ | ၆.၈၈၃ | ၆.၈၈၁ | ၆.၈၈၃ | ၆.၈၇၇ | ၀.၀၀ | |
| ၇ | Indian Rupee | INR | ၆၉.၅၉၅ | ၆၉.၄၇၆ | ၆၉.၄၀၀ | ၆၉.၂၆၁ | ၆၉.၁၂၈ | -၀.၆၇ | ⬇ |
| ၈ | Japanese Yen | JPY | ၁၀၇.၄၂၃ | ၁၀၇.၃၉၅ | ၁၀၇.၀၈၆ | ၁၀၇.၄၄၂ | ၁၀၇.၉၄၆ | ၀.၄၉ | ⬆ |
| ၉ | Australian Dollar | AUD | ၁.၄၄၆ | ၁.၄၃၉ | ၁.၄၃၅ | ၁.၄၃၂ | ၁.၄၂၉ | -၁.၁၈ | ⬇ |
| ၁၀ | Euro | EUR | ၀.၈၈၅ | ၀.၈၇၈ | ၀.၈၇၈ | ၀.၈၈၀ | ၀.၈၈၀ | -၀.၅၆ | ⬇ |
| ၁၁ | Pound Sterling | GBP | ၀.၇၈၉ | ၀.၇၈၅ | ၀.၇၈၃ | ၀.၇၈၉ | ၀.၇၈၈ | -၀.၁၃ | ⬇ |

Source– Central Bank of Myanmar

# MYAT PANN YAMONE COMPANY LIMITED

## Logistics Company

Export
Import

One Stop Export / Import Service Company

Building (2), Room No.(101) Aung Zeya Yeik Mom Housing, Ahlone, Yangon Region, Myanmar.
PH : 09421078062,
Email : htarhtaraye.lovey@gmail.com

# TTKS

# THEIN THAN KYEI SIN Co., Ltd.

Beans & Pulses Trading

No. Nga/4(B), Yaetamar Street, Bayintnaung Pwe Yone Tan, Mayangone Township, Yangon, Union of Myanmar.

951-3680437, 3686125
Fax : 951-3686124

Pro biotics
Pre

# Innolac

Diarrhoea • Dispepsia • Constipation

Korean "Kimchi" Lac.




ဝမ်းလျော၊ ဝမ်းပျက် အစာမကြေခြင်းအတွက်

LIN MIN THU Company Limited

# GOLDEN COMPOSURE CO., LTD.



Add : No.26, Padayhar Steel, Sawyanpaing Taung Ward, Ahlone Township, Yangon, Myanmar.
PH : 959 5002339, 959 965002339, 959 695002339, 959 785002339
Fax : 951 2302144
Email : aungzayagtc@gmail.com, goldencomposuremm@gmail.com

# မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED

## Internet Banking



## Mobile Banking



MPU UnionPay JCB

**Internet Banking Website : https://mwdibanking.com**

1. **Account Transfer (စာရင်းပြောင်း) ပြုလုပ်နိုင်ခြင်း**
2. **Remittance (ငွေလွှဲ) ပြုလုပ်နိုင်ခြင်း**
3. **Cardless Cash Withdrawl ဆောင်ရွက်နိုင်ခြင်း**
4. **ဖုန်းဘေလ် ဖြည့်သွင်းခြင်း**

Email
marketing@mwdbank.com

မြဝတီဘဏ်(ရုံးချုပ်) ၊အမှတ်-၁၄၄၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့်ပါးတန်းလမ်းထောင့်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့
Phone No : (01) 2301367, 2301368, 2301452, 2301378,
Fax : (01) 2301395, 2301450, 2301402, 2301418
Website : www.mwdbank.com

MINN THU TA TRADING

# Car Sales Center

JPCTRADE
Japanese Partner for your Car

ဂျပန်လေလံကားများနှင့်
**Left Hand Drive(Dubai)** ကားများကို
ကျွန်တော်တို့ **Minn Thu Ta Car Sales Center** မှ
အချိုသာဆုံးဈေးနှုန်း၊ အကောင်းဆုံးဝန်ဆောင်မှုများဖြင့်
ရောင်းချပေးနေပြီး

ICHIBAN
JAPANESE NO.1 MOTOR OIL

ဂျပန်နိုင်ငံထုတ်
အဆင့်မြင့်အင်ဂျင်ဝိုင်နှင့်
အင်ဂျင်ဝိုင်အားဖြည့်ဆီ

လူကြီးမင်းတို့ ကားများကိုလဲ
**JPC Auto Service** မှ
စိတ်တိုင်းကျပြုပြင်ပေးနေပါပြီ ...





**YOUR BEST JAPANESE CAR BUSINESS PARTNER**

Yangon Branch
No (4/B ) 14 Ward, Kyauk Kone Street,Yankin Tsp,
Yangon, Myanmar.
09-448026203, 09-450006407
WWW.JPCTRADE.COM.MM

Mandalay Branch
No. R-9/23, Yadanar Street, Between 39x40
Street and 65x66, Maha Aung Myay Tsp,
Mandalay, Myanmar.
09-979069640
WWW.ICHIBANOIL.COM

ဂျပန်ပြည်တွင်းသုံး အင်ဂျင်ဝိုင်အားဖြည့်ဆီ (***ACTIVE POWER***) နှင့် စက်သုံးဆီအမျိုးမျိုးတို့ကိုလည်း ***ICHIBAN*** အမှတ်တံဆိပ်ဖြင့်
တိုက်ရိုက်တင်သွင်းဖြန့်ချိပေးနေပါသည်။

# wpfcgolyfpm;frm; tE&Am,fumuGfzb

# ujkifud.onf.wm.wjzi.yav.iumuGf

တစ်နေ့က နေပြည်တော်ဟိုတယ်တစ်ခုမှာ ပြုလုပ်တဲ့ အစည်းအဝေးတစ်ခုကို တက်ဖြစ်ခဲ့သည်။ နာမည်ကြီးဟိုတယ်တစ်ခုပီပီ ဧည့်ဝတ်ကျေပွန်မှု၊ ဖော်ရွေမှု၊ စားသုံးသူများကို ဂရုစိုက်မှုများသည် အပြစ်ဆိုဖွယ်မရှိပေ။ သံပရာရည်ဖြင့် ဧည့်ခံသောအခါ ကျွန်တော် အမြဲတမ်းကြုံတွေ့နေကျ၊ သုံးစွဲနေကျ အလေးချိန်ပေါ့ပါး သည့် တစ်ခါသုံးပလတ်စတစ် ပိုက်မဟုတ်ဘဲ၊ အလေးချိန်စီးသည့် ပိုက်တစ်ခုဖြစ်နေသည်ကို ထူးခြားစွာခံစားမိ၍ ဧည့်ခံနေသည့် ဝန်ထမ်းလေးကို မေးကြည့်ရာ ဝါးပိုက်ကလေးများဖြစ်ကြောင်း သိရသည်။ ဟိုတယ်မှ တာဝန်ရှိသူ၊ စီမံကွပ်ကဲသည့်သူများကို မလေးစားဘဲ မနေနိုင်ပေ။ သာမန်ပိုက်ကလေးသုံးစွဲမှုလေးများကိုပင် အသေးအဖွဲဟူ၍ သဘောမထားဘဲ အလေးအနက်စေတနာထားကာ ဆောင်ရွက်ပေးမှုကို မချီးကျူးဘဲ မနေနိုင်ခဲ့ပေ။ သာမန်အရည်များကို စုပ်ယူရန် ဈေးပေါပြီး အလွယ်တကူ ဝယ်ယူရရှိနိုင်သည့် တစ်ခါသုံး ပလတ်စတစ်ပိုက်ကလေးနေရာတွင် ဈေးကြီးမည်၊ လုပ်ရမည်မှာ လက်ဝင်မည်၊ ဟိုတယ်၏ အမြတ်ငွေဆုံးရှုံးမည်ကို သိလျက်နှင့် စားသုံးသူများကို စေတနာထား ဆောင်ရွက်ပေးသည့်အဆိုပါလုပ်ငန်းရှင်ကို ကျေးဇူးတင်မိသည်။ သာမန်တစ်ခါသုံးပလတ်စတစ်ပိုက်ကလေးသည် သဘာဝမြေကြီးထဲတွင် ပျော်ဝင်ပျက်စီးရန် နှစ်ပေါင်းထောင်ချီ ကြာမြင့်နိုင်သည်။ ဝါးပိုက်ကလေးသည် သုံးလေးနှစ်အတွင်း သဘာဝမိခင်မြေကြီးကို အာဟာရပေးနိုင်သည်။ မစွန့်ပစ်ခင် ခွဲစိတ်၍ အသားကင်တံလေးအဖြစ် အသုံးပြုမလား၊ အလှဆင်ပစ္စည်းလေး အဖြစ်သုံးမလား၊ သန့်စင်၍ ခွဲစိတ်ကာသွားကြား ထိုးတံလေးအဖြစ် အသုံးတော်ခံမလား၊ ယုတ်စွအဆုံးမီးမွှေးသည့် ပစ္စည်းလေးအဖြစ်၊ ထင်းအဖြစ် သုံးမလားရပေသည်။

ကမ္ဘာကြီးတွင် နေ့တစ်နေ့ကုန်ဆုံးတိုင်း တစ်ခါသုံးစွန့်ပစ်ပစ္စည်း တန်ချိန်ခြောက်သန်းကျော် စွန့်ပစ်လျက်ရှိကြောင်း၊ ထိုအထဲမှ ၄၂ ရာခိုင်နှုန်းကျော်ကိုသာ ပြန်လည်သုံးစွဲကြပြီး ကျန်ရှိသည့် ၅၈ ရာခိုင်နှုန်းကျော်သည် မြေကြီးထဲသို့လည်းကောင်း၊ ပင်လယ် သမုဒ္ဒရာ၊ မြစ်၊ ချောင်း၊ အင်းအိုင်များထဲသို့လည်းကောင်း၊ မီးရှို့ဖျက်ဆီးသဖြင့် သဘာဝလေထုထဲသို့ အဆိပ်မိုးခိုးများအဖြစ်လည်းကောင်း နေ့စဉ်ပျောက်ကွယ်သွားမည်မှာ သေချာလှပေသည်။ တစ်လ၊ တစ်နှစ်ဆိုပါက မည်မျှအထိ ဖြစ်မည်ကို တွေးမကြည့်ရဲပေ။

နိုင်ငံတော်အကြီးအကဲများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ ဦးဆောင်၍ အမှိုက်ပြဿနာများကို နိုင်ငံသူနိုင်ငံသားများ အလေးဂရုထားလိုက်ပါဆောင်ရွက်ကြရန် အချိန်မအားလပ်သည့်ကြားမှ စံပြအဖြစ် ဆောင်ရွက်ပြနေသည်။ လိုက်ပါဆောင်ရွက်ကြသဖြင့် အမှိုက်ကင်းစင်သော ကျေးရွာအချို့ပေါ်လာသည်။ သို့သော် နည်းပါးနေသေးသည်။ မြန်မာတစ်နိုင်ငံလုံးကို တစ်ခါသုံးအမှိုက်များက လွှမ်းခြုံနေဆဲပင်ရှိသေးသည်။ ပရဟိတ စိတ်ရှိသူ၊ မြေကမ္ဘာကို မြတ်နိုးသူများကမူ စိတ်ဓာတ်မကျ၊ ကိုယ်တိုင်လည်း ဇွဲမလျှော့ အားတင်း၍ တစ်ခါသုံး စွန့်ပစ်ပစ္စည်းများကို မြေကမ္ဘာပေါ်မှ ဖယ်ရှားနေဆဲ၊ ကောက်ယူနေဆဲ၊ အခြားသူများကို ပညာပေး ဆွေးနွေး၍ ကိုယ်တိုင်လည်းစံပြအဖြစ် လုပ်ကိုင်နေဆဲပင်ဖြစ်သည်။ တာဝန်ရှိသည့် ဌာနများကလည်း စွန့်ပစ်သည့်တစ်ခါသုံးပစ္စည်းများကို ဝန်နှင့်အားမမျှသော်လည်း ရှင်းလင်းနေဆဲ၊ ဖျက်ဆီးနေဆဲပင်ဖြစ်သည်။

လက်ရှိမြန်မာနိုင်ငံတွင် ပလတ်စတစ်အရည်စုပ်ပိုက်လေးများနေရာတွင် ဝါးငယ်လေးများဖြင့် အစားထိုးအသုံးပြုနေသလို အုန်းပင်ထွက်ပစ္စည်းလေးများဖြင့် ပန်းကန်မျိုးစုံကို အစားထိုးထုတ်လုပ်၍ ပလတ်စတစ်ဖော့ဘူးများ၊ ပလတ်စတစ်ပန်းကန်ပြားများ၊ ပလတ်စတစ် ထမင်းစားဘူးများနေရာတွင် အစားထိုးဝင်ရောက်ရန် ကြိုးစားနေသလို စွန့်ပစ်တစ်ခါသုံး ပစ္စည်းများဖြစ်သည့် ကော်ဖီထုပ်ခွံများကို အသုံးပြု၍ လှပသည့် ဒီဇိုင်းများဖြင့် လက်ဆွဲအိတ်၊ လက်ဆွဲခြင်း၊ စားပွဲခင်း၊ ကုလားထိုင်ခင်း၊ ဖျာများပြုလုပ်၍ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချနေသည်ကို ဟိုမှာဒီမှာ တွေ့နေရသည်။ ပို၍ထူးခြားသည်မှာ မည်သည့် အပိုပစ္စည်းမျှမပါဘဲ ရောင်စုံကော်ဖီထုတ်မျိုးစုံကိုသာ

**နိုင်ဦး (DOCA)**

အသုံးပြု၍ ခြသေ့်ပုံ၊ ဥဒေါင်းပုံ၊ သဘာဝရှုခင်းပုံများကို ပုံဖော်၍ ပန်းချီကားကဲ့သို့ ပြုလုပ်ရောင်းချနေသည်ကိုလည်း တွေ့မြင်ရသည်။ စွန့်ပစ်ဖော့ဘူး၊ ရေသန့်ဘူး၊ အချိုရည်ဘူး၊ ဘီယာဘူးများကို အသုံးပြု၍ အိမ်များ၊ ဆိုင်များ၊ ပြခန်းများတွင် အလှဆင်ထားကြသည်ကိုလည်း မြင်တွေ့ရသည်။ အဆိုပါပစ္စည်းများကို အသုံးပြု၍ ငရုတ်၊ ပူစီနံ၊ ကြက်သွန်ဖြူ/နီ၊ ပန်းပင်စသည်များ စိုက်ပျိုး၍ အကျိုးရှိစွာ သုံးစွဲနေကြသည်ကိုလည်း တွေ့မြင်နေရသည်။ ကျွန်တော်တို့နေထိုင်ရာ ကမ္ဘာမြေကို ကြီးမားစွာ အန္တရာယ်ဖြစ်ပေါ်စေသော တစ်ခါသုံး စွန့်ပစ်ပစ္စည်းများနေရာတွင် သဘာဝပစ္စည်းများဖြင့် အစားထိုးသုံးစွဲရန် ဆောင်ရွက်ခြင်းသည် ညစ်ညမ်းမည့် မြေထု၊ ရေထု၊ လေထုအတွက် ကာကွယ်ရာရောက်သဖြင့် အားပေးကူညီပေးစေချင်ပါသည်။

မကြာမီက အိမ်နီးချင်း အိန္ဒိယနိုင်ငံရှိ မြို့တစ်မြို့တွင် တစ်ခါသုံးစွန့်ပစ်ပစ္စည်းများနှင့် အခြားစွန့်ပစ်အမှိုက်များ ဧကထောင်ပေါင်းများစွာပေါ်တွင် နေ့စဉ်စွန့်ပစ်နေကြသဖြင့် ကမ္ဘာ့ကုလသမဂ္ဂက ကမ္ဘာ့အညစ်ညမ်းဆုံးမြို့အဖြစ် သတ်မှတ်စာရင်းသွင်းရန် စဉ်းစားနေကြောင်း မီဒီယာများတွင် ဖော်ပြထားသဖြင့်သိရသည်။ ကျွန်တော်တို့နိုင်ငံကိုလည်းတစ်ခါသုံးစွန့်ပစ်ပစ္စည်းများနှင့် အခြားအမှိုက်များကြောင့် မကောင်းသည့်အမြင်ရှိကာ တစ်ခုခုသတ်မှတ်မှာ စိုးရိမ်မိသလို ၅၁ သန်းကျော်ရှိသော ပြည်သူများကလည်း လက်ခံနိုင်မည် မဟုတ်ပေ။

တစ်ခါက ခရီးတစ်ခုသွားရင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင်တစ်ဦးနှင့် ဆုံဖြစ်သည်။ ကျွန်တော်တို့နေ့စဉ်စားသုံးလျက်ရှိသော ဆန်၊ ဟင်းသီးဟင်းရွက်၊ အသီးအနှံများတွင် တစ်ခါသုံးစွန့်ပစ်ပစ္စည်းများ၊ ဓာတုဆေးဝါးများ၊ ပလတ်စတစ်များကြောင့် အဆိပ်သင့်နေကြပြီဖြစ်ကြောင်းပြောပြသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းသည့် အမူအကျင့်များကို ပျိုးထောင်ပေးရမည်ဖြစ်ကြောင်း၊ အားပေးကူညီရမည်ဖြစ်ကြောင်း၊ တစ်ခါသုံးစွန့်ပစ်ပစ္စည်းများ သုံးစွဲမှုများကို လျှော့ချနိုင်ရေးကြိုးစားရမည်ဖြစ်ကြောင်း၊ တစ်ခါသုံးပစ္စည်းများ သုံးစွဲမှု လျော့နည်းစေရေးအတွက် သဘာဝပစ္စည်းများဖြင့် အစားထိုး ထုတ်လုပ်သည့် လုပ်ငန်းများကို အားပေးရမည်ဖြစ်ကြောင်း စုံလင်စွာ ပြောပြ၍ ဗဟုသုတလည်းရသည်။ လိုက်နာဆောင်ရွက်ရမည်ဟူသော အသိလည်းရသည်။

ခရီးတစ်ခုသွားရင်း တစ်ခါသုံးစွန့်ပစ်ရေသန့်ဘူးများနှင့် ပလတ်စတစ်စများကို အသုံးပြု၍ ပရဟိတလူငယ်အဖွဲ့တစ်ခုက ပြုလုပ်ရောင်းချသည့် လှပသေသပ်သော စားပွဲတင်မီး အုပ်ဆောင်းလေးတွေ၊ နံရံကပ်မီးလုံးကာလေးတွေ၊ မျက်နှာကြက် မီးအလှဆင် ပစ္စည်းလေးတွေ ကိုဝယ်ယူဖြစ်သည်။ မေးကြည့်တော့ ပစ္စည်းလေးတွေ ရောင်းချရရှိငွေများဖြင့် ဆင်းရဲနွမ်းပါးသည့် ရင်ခွင်မဲ့ကလေးငယ်စောင့်ရှောက်ရေးဂေဟာတစ်ခုကို လှူဒါန်းနေကြောင်း ဓာတ်ပုံမှတ်တမ်းတွေကို ကျွန်တော့်ကိုပြတယ်။ လူငယ်လေးတွေဖြစ်ပေမယ့် စိတ်ထားမြင့်မြတ်ကြပါလား။ ဖြူစင်သည့် ပရဟိတစိတ်ထားလေးတွေကို အခြေခံကာ ကမ္ဘာမြေလည်းစိမ်းလန်းစိုပြည်စေ၊ တစ်ခါသုံးစွန့်ပစ်ပစ္စည်းများလည်းလျော့နည်းစေ၊ အကျိုးလည်းရှိစေ၊အခက်အခဲရှိသူများကိုလည်း ကူညီရာရောက်စေ၊ အမှိုက်များကိုလည်း ငွေဖြစ်စေ၊ အခြားသူများကိုလည်း ပညာပေးရာရောက်စေသဖြင့် အတုယူသင့်ပါသည်။

တစ်ခါသုံးပစ္စည်းများကို အလွယ်တကူရယူသုံးစွဲကာ လွယ်လွယ်စွန့်ပစ်သဖြင့် ပတ်ဝန်းကျင်အလှအပများကို ပျက်စီးစေသည်။ သက်ရှိသတ္တဝါများ၊ အပင်မျိုးစိတ်များ၏ ဂေဟစနစ်ကို ပျက်စီးစေသည်။ မြေဆီလွှာများကို ပျက်စီးစေသည်။ အနံ့အသက်မကောင်းသော လေကိုရှူရှိုက်ရသည်။ ကြည်လင်အေးမြသန့်စင် သောရေရရှိမှု ခဲယဉ်းနိုင်သည်။ ရေရှည်မဆင်မခြင်ဆောင်ရွက်ပါက၊ သုံးစွဲနေပါက၊ စွန့်ပစ်နေပါက ရင်လေးစရာပင်ဖြစ်သည်။ လက်ရှိတွင် ကျွန်တော်တို့သည် တစ်ခါသုံးစွန့်ပစ်ပစ္စည်းများကိုစည်း ကမ်းမဲ့စွာ ဘယ်လောက်အထိစွန့်ပစ်မိခဲ့ပြီလဲ မသိနိုင်ပေ။ တစ်ခါသုံး စွန့်ပစ်ပစ္စည်းများကို အကျိုးရှိစွာ အသုံးပြုနိုင်သည့်အရေးအတွက် ဘယ်လောက်များ ရှိသလဲ မသိနိုင်ပေ။ သို့သော် တစ်ခါသုံးစွန့်ပစ်ပစ္စည်းတွေကို တတ်နိုင်သမျှ လျှော့ချသုံးစွဲမည်၊ အကျိုးရှိစွာ ပြန်လည်အသုံးချမည်၊ တစ်ခါသုံး ပစ္စည်းများနေရာတွင် သဘာဝ ပစ္စည်းများဖြင့် အစားထိုးသုံးစွဲမည် ဆိုပါက နောက်မကျသေးဟု ထင်မိပါသည်။

**စာမျက်နှာ (၃၁)သို့**

# ဗီယက်နမ်နိုင်ငံသည် လိုင်ချီးသီး ဒုတိယအများဆုံးတင်ပို့သည့်နိုင်ငံဖြစ်လာခဲ့

ဗီယက်နမ်နိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာ ဈေးကွက်ဝေစု၏ ၁၉ ရာခိုင်နှုန်းဖြင့် ကမ္ဘာပေါ်တွင် လိုင်ချီးသီး ဒုတိယအများဆုံး တင်ပို့သည့်နိုင်ငံဖြစ်လာခဲ့ကြောင်းကို သစ်သီးဝလံပန်းမန် အတတ်ပညာဆိုင်ရာ အသင်းအဖွဲ့ (ISHS)၏ ပြောပြချက်အရ သိရှိရသည်။

မက်ဒါဂါစကားနိုင်ငံသည် လိုင်ချီးစိုက်ပျိုးမြေဧရိယာ နည်းပါးသော်လည်း ကမ္ဘာလုံးဆိုင်ရာ တင်ပို့မှုများ၏ ၃၅ ရာခိုင်နှုန်းဖြင့် ကမ္ဘာပေါ်တွင် လိုင်ချီးသီးအများဆုံး တင်ပို့သည့် နိုင်ငံဖြစ်ခဲ့ကြောင်း ပြီးခဲ့သော သီတင်းပတ်တွင် ဟန္ဒိုင်းမြို့၌ ကျင်းပခဲ့သော (၆) ကြိမ်မြောက် လိုင်ချီးသီးနှင့်ပတ်သက်သည့် အပြည်ပြည်ဆိုင်ရာ ကွန်ဖရင့်တွင် ISHS မှ ကိုယ်စားလှယ်တစ်ဦး က ပြောကြားခဲ့သည်။

အဆိုပါနိုင်ငံ၏နောက်တွင် တရုတ်နိုင်ငံက ၁၈ ရာခိုင်နှုန်း၊ ထိုင်းနိုင်ငံက ၁၀ ရာခိုင်နှုန်းနှင့် တောင်အာဖရိကနိုင်ငံက ၉ ရာခိုင်နှုန်းတို့ ရှိကြောင်း၊ ဗီယက်နမ်နိုင်ငံ၏ လိုင်ချီးသီးအရည်အသွေးသည် အိန္ဒိယနိုင်ငံနှင့်တရုတ်နိုင်ငံတို့မှ ထွက်ရှိသော အလားတူ ထွက်ကုန်များထက်ပို၍ ကောင်းမွန်ကြောင်း သိရှိရသည်။

လိုင်ချီးသီးထွက်ရှိသည့်ကာလတွင် တရုတ်သည် တစ်နှစ်လျှင် တန်ချိန် နှစ်သန်း ထွက်ရှိပြီး အိန္ဒိယနိုင်ငံသည် တန်ချိန် ၆၇၇၀၀၀ တန်နှင့် ဗီယက်နမ်နိုင်ငံသည် တန်ချိန် ၃၈၀၀၀၀ ထွက်ရှိ ကြောင်း အဆိုပါ ISHS ၏ ကိုယ်စားလှယ်က ပြောကြားခဲ့သည်။

ဗီယက်နမ်နိုင်ငံသည် ကမ္ဘာပေါ်တွင် လိုင်ချီးစိုက်ပျိုးမြေဧရိယာ ဒုတိယ အများဆုံး ရှိသော်လည်း အိန္ဒိယနိုင်ငံမှ ထွက်ရှိသော လိုင်ချီးသီး ၉၉ ရာခိုင်နှုန်းကျော်ကို ပြည်တွင်းတွင် စားသုံးကြကြောင်း၊ တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့၏ လိုင်ချီးသီးထွက်ရှိမှုနှင့်နှိုင်းယှဉ်ပါက ဗီယက်နမ်နိုင်ငံ၏လိုင်ချီးသီး ထွက်ရှိမှုမှာ ပို၍နည်းပါးကြောင်း၊ သို့သော် မျိုးစေ့အရည်အသွေးကွာခြားခြင်းနှင့် ခူးဆွတ်သည့် အချိန်ကာလတို့ကြောင့် ဗီယက်နမ်နိုင်ငံသည် လိုင်ချီးသီးတင်ပို့မှုတွင် အားကောင်းသော တိုးတက်မှုကို မြင်တွေ့ရကြောင်းကို သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် သုတေသနတက္ကသိုလ်မှ အကြီးအကဲက ပြောကြားခဲ့သည်။

ယခုနှစ်တွင် တရုတ်နိုင်ငံသို့ တင်ပို့ခဲ့သည့် တင်ပို့မှုအဆင့်အတန်းနှင့် ကိုက်ညီသည့် အခြားဒေသ ၃၆ ခု ရှိသော်လည်း၊ အမေရိကန်ပြည်ထောင်စုရှိ စိုက်ပျိုးမွေးမြူရေးဌာနခွဲမှ လက်ခံထားသော စိုက်ပျိုးသည့်ဒေသကုတ်များတွင် ဗီယက်နမ်နိုင်ငံမှ လိုင်ချီးစိုက်ပျိုးထားသော ဒေသ ၁၈ ခုပါရှိကြောင်း သိရှိရသည်။ **Source;vietnamnews.vn**

**ချိုချိုမာ (ရန်ကုန်)**

# တရုတ်နိုင်ငံသို့ ဒုတိယကိုတာ မြန်မာ့ဆန် တန် တစ်သိန်း တင်ပို့ရေး ဆန်စက်များကို စစ်ဆေးပြီးပြီ

| မောင်လွင်ပြင် |

မြန်မာနိုင်ငံသည် တရုတ်နိုင်ငံသို့ ဆန်တန်ချိန် တစ်သိန်း တင်ပို့ခွင့် ရရှိထားသည်။ ယင်းသည် ဒုတိယအကြိမ်ရှိသည့် ကိုတာ (Quota)ဖြစ်သည်။ ဆန်တန်ချိန် တစ်သိန်း တင်ပို့ခွင့်ရထားသဖြင့် တရုတ်နိုင်ငံအစိုးရပိုင် အဖွဲ့ COFCO ကုမ္ပဏီနှင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် (MRF)တို့ ဇွန် ၂၀ ရက်က နားလည်မှု စာချွန်လွှာရေးထိုးခြင်း ပြုလုပ်ခဲ့သည်။ တရုတ်အစိုးရ၏ မြန်မာ့ဆန်များ တင်ပို့ခွင့်ကိုတာ ဒုတိယအကြိမ် ရရှိထားပြီးဖြစ်သော်လည်း တရုတ်နိုင်ငံအစိုးရ COFCO နှင့် မြန်မာ MRFတို့ နားလည်မှုလက်မှတ်ရေးထိုးခြင်းမှာ အရောင်းအဝယ်စာချုပ်ချုပ်ခြင်း သဘောမဟုတ်ပေ။ နားလည်မှုစာချွန်လွှာ (MoU) ရေးထိုးခြင်းသာဖြစ်သည်။ တရုတ်ဘက်က မြန်မာ့ဆန်တန်ချိန် တစ်သိန်း တင်သွင်းရန် တရုတ်က မြန်မာကုမ္ပဏီ ၁၁ခုကို ရွေးချယ်ထားသည်။ ယင်းကုမ္ပဏီ ၁၁ခုနှင့် တိုက်ရိုက်ချိတ်ဆက်ညှိနှိုင်း အရောင်းအဝယ်ပြုသွားမည်ဖြစ်သည်။ ယင်းအစီအစဉ်များကို မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ ဦးရဲမင်းအောင်က မီဒီယာများသို့ ပြောကြားသည်။

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်သည် နားလည်မှုစာချွန်လွှာ လက်မှတ်ထိုးပြီးဖြစ်၍ COFCO အား မြန်မာ့ဆန်စပါးဈေးကွက် သတင်းအချက်အလက်များ ပေးရမည်ဖြစ်သည်။ ထို့ပြင် မြန်မာ့ဆန် ဝယ်ယူသည့်ကိစ္စများအပေါ် အကူအညီပေးရမည်ဖြစ်သည်။ တရုတ်က တိုက်ရိုက်ချိတ်ဆက်ဝယ်ယူမည့် မြန်မာကုမ္ပဏီများအား လောလောဆယ်တော့ ကုမ္ပဏီ ၁၁ ခုကိုသာ ရွေးထားရသေးကြောင်း၊ သက်ဆိုင်ရာက ယင်းကုမ္ပဏီများကို စိစစ်ရွေးချယ်ခြင်းဖြစ်ကြောင်း၊ ရွေးချယ်ထားသောကုမ္ပဏီများအနက် သတ်မှတ်ချက်များနှင့်ကိုက်ညီသည့် ကုမ္ပဏီများ တရုတ်နိုင်ငံဘက်မှ လက်ခံသည်နှင့် ဆက်လက် တင်ပို့ခွင့်ရသွားမည်ဟုလည်း မြန်မာနိုင်ငံဆန်စပါး အသင်းချုပ် ဥက္ကဋ္ဌက ရှင်းပြပြောဆိုသည်။ တရုတ်အစိုးရပိုင် COFCO နှင့် မြန်မာ MRF တို့သည် ပထမအကြိမ် ဆန်တန်ချိန် တစ်သိန်းတင်ပို့ရန် နားလည်မှုစာချွန်လွှာကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလအတွင်း ရေးထိုးခဲ့သေးကြောင်း သိရ၏။ ယင်းပထမအကြိမ်ဆန်တန်ချိန် တစ်သိန်းတင်ပို့ခွင့် ကိုတာမှာ သမ္မတဦးသိန်းစိန်အစိုးရလက်ထက် ၂၀၁၄ခုနှစ် စက်တင်ဘာလအတွင်း သမ္မတဦးသိန်းစိန်နှင့် တရုတ်နိုင်ငံဝန်ကြီးချုပ် မစ္စတာလီခယ်ကျန်းတို့ တွေ့ဆုံရာက ရခဲ့ခြင်း ဖြစ်သည်။ ယခု ဒုတိယအကြိမ် ဆန်တန်ချိန် တစ်သိန်းတင်ပို့ခွင့် ကိုတာကို ၂၀၁၉ ဧပြီလအတွင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တရုတ်နိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်တို့ တွေ့ဆုံစဉ် တရုတ်အစိုးရက ခွင့်ပြုခဲ့ခြင်းဖြစ်သည်။ ၂၀၁၉ခုနှစ် ဧပြီ ၂၅ရက်မှ ၂၇ရက်အထိ တရုတ်နိုင်ငံပေကျင်းမြို့တော်၌ ရပ်ဝန်းနှင့် ပိုးလမ်းမ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဒုတိယအကြိမ် ဖိုရမ်ကျင်းပခဲ့သည်။ ယင်းဖိုရမ် မကျင်းပမီ တစ်ရက်အလို ဧပြီ ၂၄ ရက်တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တရုတ်နိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်တို့ အကြိုတွေ့ဆုံညှိနှိုင်း ဆွေးနွေးခဲ့သည်။ ထိုသို့ တွေ့ဆုံဆွေးနွေးစဉ် တရုတ်နိုင်ငံသမ္မတကြီးက ရပ်ဝန်းနှင့် ပိုးလမ်းမအစီအစဉ်တွင် မြန်မာနိုင်ငံက တက်တက်ကြွကြွ ပါဝင် ပူးပေါင်းဆောင်ရွက်ပေးသည့်အတွက် ကျေးဇူးအထူးတင်ရှိကြောင်း ပြောဆိုသည်။ ရပ်ဝန်းနှင့် ပိုးလမ်းမအစီအစဉ် (BRI-Belt and Road Initiative) သည် မြန်မာနိုင်ငံအတွက် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေးကိုလည်း များစွာ အထောက်အပံ့ဖြစ်စေမည် ဖြစ်ကြောင်း၊ နှစ်နိုင်ငံပြည်သူများ အကျိုးစီးပွားကိုလည်း ထိရောက် အောင်မြင်စွာ အကျိုးဖြစ်ထွန်းမည်ဖြစ်ကြောင်းများကို ပြောကြားခဲ့သည်။ ထို့နောက်မြန်မာနိုင်ငံအား နည်းပညာဆိုင်ရာ အကူအညီ ယွမ်ငွေ သန်း ၁၀၀၀နှင့် ဆန်တန်ချိန် တစ်သိန်း တင်ပို့ခွင့်ပြုမည်ဟု ကတိစကားပြောကြားခဲ့သည်။ ယခု ဒုတိယအကြိမ်ရရှိခဲ့သည့် ကိုတာကို တင်ပို့နိုင်ရေး သက်ဆိုင်ရာအဖွဲ့အစည်းတို့ စီစဉ်ဆောင်ရွက်နေကြခြင်းဖြစ်သည်။

၂၀၁၉ ဇွန်လ MRF၏ ထုတ်ပြန်ချက်အရ မြန်မာ့ဆန်များ နိုင်ငံပေါင်း ၅၆ နိုင်ငံသို့ တင်ပို့လျက်ရှိကြောင်း သိရသည်။ မြန်မာ့ဆန် တင်ပို့မှု ငါးနိုင်ငံစာရင်းထဲတွင် အာဖရိကတိုက်နိုင်ငံများ ပါဝင်လာသည်။ တင်ပို့မှုအများဆုံး ငါးနိုင်ငံမှာ တရုတ်၊ ဖိလစ်ပိုင်၊ ကင်မရွန်၊ အိုင်ဗရီကို့စ်၊ ဂါနာ နိုင်ငံတို့ဖြစ်သည်။ မြန်မာ့ဆန်ကွဲ အများဆုံးတင်ပို့သော ငါးနိုင်ငံမှာ ဘယ်လ်ဂျီယံ၊ အင်ဒိုနီးရှား၊ တရုတ်၊ ဗြိတိန်နှင့် နယ်သာလန်နိုင်ငံတို့ဖြစ်သည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ၂၀၁၉ ခုနှစ် မေလအထိ နိုင်ငံပေါင်း ၅၄ နိုင်ငံသို့ ဆန်တန်ချိန် ၁ ဒသမ ၂ သန်းကျော် တင်ပို့ထားပြီးဖြစ်သည်ဟုလည်း သိရသည်။ ယင်းအတွက် ဒေါ်လာ ၃၉၂ ဒသမ ၀၅၈ သန်း ရရှိထားသည်။

ယခုအခါ တရုတ်နိုင်ငံသို့ မြန်မာ့ဆန်တင်ပို့နိုင်ရေးလုပ်ငန်းကြီးကြပ်မှုအဖွဲ့ကို ဖွဲ့စည်းထားသည်။ ဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ဒုတိယဥက္ကဋ္ဌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ အတွင်းရေးမှူး စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့ ဖြစ်ကြသည်။ စုစုပေါင်းအဖွဲ့ဝင် ၁၃ ဦးဖြင့် ဖွဲ့စည်းထားသည်။ ဇွန် ၁၉ရက်တွင် MRF က သတင်းထုတ်ပြန်ခဲ့သည်။ မြန်မာ့ဆန်များ တရုတ်နိုင်ငံသို့ တင်ပို့ရေး ပြည်တွင်းကုမ္ပဏီ ၄၂ ခု၏ ဆန်စက်ပေါင်း ၁၀၃ စက်အား ကွင်းဆင်းစစ်ဆေးခဲ့ပြီး ဆန်စက်များအပြီးသတ် ရွေးချယ်မှုကို ဇူလိုင်လအတွင်း ဆောင်ရွက်မည် သိရသည်။ ယင်းသို့ ဆန်စက်များ ကွင်းဆင်းစစ်ဆေးခြင်းသည် တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့ ချုပ်ဆိုထားသည့် မြန်မာ့ဆန်များ ကိုတာစနစ်ဖြင့် တရုတ်သို့ တင်ပို့နိုင်ရေးအတွက်ဖြစ်သည်။ တရုတ်သို့ တင်ပို့ရန်ချုပ်ဆိုထားသည့် စစ်ဆေးခြင်းနှင့် ပိုးမွှားကင်းစင်ရေးသဘောတူစာချုပ် (SPS Protocol) စာပိုဒ် (၃)အရ တရုတ်သို့ ဆန်တင်ပို့မည့် မြန်မာကုမ္ပဏီ ဆန်စက်များအား တရုတ်နိုင်ငံ GACC (General Administration of Customs China) ၏ လိုအပ်ချက်များနှင့်အညီ စိစစ်ဆောင်ရွက်ရခြင်းဖြစ်သည်။ ဆန်စက်များ စိစစ် ခြင်းကို မြန်မာ့ ဆန်တင်ပို့နိုင်ရေး လုပ်ငန်းကြီးကြပ်မှုအဖွဲ့ ကိုယ်စား မြန်မာကုန်ပစ္စည်း စစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက် (MITS) က တာဝန် ယူဆောင်ရွက်နေသည်။ MITS ၏ ဆန်စက်များ စိစစ်မှု အထောက်အကူ ပြုနိုင်ရန်လည်း စိုက်ပျိုးရေးဦးစီးဌာနက ဦးဆောင်ဖွဲ့စည်းထားသော TWG (Technical Working Group)အဖွဲ့က ကူညီဆောင်ရွက်နေသည်။ MITS သည် လျှောက်ထားလာသည့် ကုမ္ပဏီ ၄၂ ခု၏ ဆန်စက်ပေါင်း ၁၀၃ စက်အား ကွင်းဆင်းစစ်ဆေးလုပ်ငန်းများပြီးစီးပြီဖြစ်ကြောင်း သိရသည်။ စစ်ဆေးပြီးလျှင် ရွေးချယ်ရေးကိစ္စများ ဆက်လက်ဆောင်ရွက်မည်။ အပြီးသတ်ရွေးချယ်ခြင်းကိုတော့ လုပ်ငန်းကြီးကြပ်မှုအဖွဲ့က ဆောင်ရွက်မည်။ ယခုနှစ် ဇူလိုင်လဆန်းအတွင်း တရုတ်နိုင်ငံသို့ ရွေးချယ်ထားသော ဆန်စက်စာရင်းကို အမြန်ဆုံးပေးပို့သွားမည်သိရပါကြောင်း တင်ပြလိုက်ရပါသည်။

**Commerce ကာတွန်း**




## လက်ပံတန်းမြို့ မြို့နယ်ခန်းမတွင် စားသုံးသူကာကွယ်ရေးအသိပညာပေး

စားသုံးသူရေးရာဦးစီးဌာန သာယာဝတီခရိုင်၊ လက်ပံတန်းမြို့နယ်၊ (၂)လမ်း၊ မြို့နယ်ခန်းမ၌ ဇွန် ၂၂ ရက်တွင် ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် တောင်သူ ၃၂၅ ဦးနှင့်တွေ့ဆုံ၍ စားသုံးသူကာကွယ်ရေးဥပဒေ ရှင်းလင်းဆွေးနွေးဟောပြောပွဲ ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းက အဖွင့်အမှာ စကားပြောကြားပြီး စားသုံးသူရေးရာဦးစီးဌာန သာယာဝတီခရိုင်ဦးစီးမှူး ဦးမြင့်စိုး က စားသုံးသူကာကွယ်ရေးဥပဒေကို ၂၀၁၉ ခုနှစ် မတ် ၁၅ ရက်တွင် ပြည်ထောင်စု လွှတ်တော် ဥပဒေအမှတ်(၉/ ၂၀၁၉)ဖြင့် နိုင်ငံတော်သမ္မတက အတည်ပြု လက်မှတ်ရေးထိုးပြဋ္ဌာန်းပြီးဖြစ်ကြောင်း၊ ဥပဒေတွင်အခန်း(၂၅)ခန်းနှင့် ပုဒ်မ(၈၄)ခု ပါရှိကြောင်း၊ အခန်း(၉)ပါ စားသုံးသူ၏ အခွင့်အရေးနှင့်တာဝန်များ ၊အခန်း(၁၀)ပါ စီးပွားရေးလုပ်ငန်းရှင်၏ အခွင့်အရေးနှင့်တာဝန်များ၊ အခန်း(၁၁)ပါ ကုန်စည်နှင့် စပ်လျဉ်း၍ အာမခံချက်ပေးခြင်း၊ အခန်း(၁၃)ပါ ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ အာမခံချက်ပေးခြင်း၊ အခန်း(၁၈) ပါ ကုန်ညွှန်းအမှတ်အသား ဖော်ပြခြင်းနှင့်ပတ်သက်၍ ဤဥပဒေထုတ်ပြန်သည့်နေ့မှ စတင်၍ တစ်နှစ်ပြီးမြောက်သည့်နေ့တွင် အာဏာတည်မည်ဖြစ်ကြောင်း၊ အခန်း(၂၄)ပါ ပြစ်မှုနှင့်ပြစ်ဒဏ်များ အကြောင်းကို အကျယ်တဝင့် ရှင်းလင်းဟောပြောဆွေးနွေးပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

**ခိုင်ခိုင်ရီ (သာယာဝတီ)**

# မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း ကရင်ပြည်နယ်အသင်းခွဲ၏ ၂၀၁၉-၂၀၂၂ အတွက် အမှုဆောင်သစ် ရွေးချယ်တင်မြှောက်ပွဲကျင်းပ

မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း (ကရင် ပြည်နယ်အသင်းခွဲ) ၏ ၂၀၁၉-၂၀၂၂ သက်တမ်းအတွက် ဆန်စက်လုပ်ငန်းရှင်များအသင်း ပြန်လည်ဖွဲ့စည်းခြင်း အခမ်းအနားကို ကရင်ပြည်နယ်စားသုံးသူရေးရာ ဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံး၌ ဇွန် ၂၄ ရက်တွင် ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံဆန်စက်လုပ်ငန်း ရှင်များအသင်းမှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပြည်နယ်ဆန်စက်လုပ်ငန်းရှင်များအသင်းကိုယ်စားလှယ်များ၊ ကရင်ပြည်နယ်ရှိဆန်စက် လုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ စုစုပေါင်း ၄၀ ဦး တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ကရင်ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးစိန်လွင်က အဖွင့်အမှာစကားပြောကြားရာတွင် ကရင်ပြည်နယ်၌ ဆန်ကြိတ်ခွဲထုတ်လုပ်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးတွင် ဆန်စက်လုပ်ငန်း ဖွံ့ဖြိုးရေးသည် မရှိမဖြစ်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်ဖြစ်သည့်အပြင် ရေရှည်တွင် ဆန်ကြိတ်ခွဲမှု အရည်အသွေးနှင့် အထွက်နှုန်းကောင်းမွန်သည့် ဆန်စက်များ ပေါ်ထွက်လာရေးသည် အရေးကြီးကြောင်း၊ သို့ဖြစ်ရာ ယခုကရင်ပြည်နယ် အသင်းခွဲ၏ ၂၀၁၉-၂၀၂၂ သက်တမ်းအတွက် အမှုဆောင်သစ်ရွေးချယ်ခြင်းကြောင့် ကရင်ပြည်နယ်တွင် ဆန်စက် ကြိတ်ခွဲထုတ်လုပ်မှုလုပ်ငန်း ခေတ်မီဖွံ့ဖြိုးတိုးတက်စေခြင်း၊ ဆန်စက် လုပ်ငန်းရှင် အချင်းချင်း စည်းလုံးညီညွတ်၍ စိုက်ပျိုးထုတ်လုပ်သူများ၏ ကုန်ထုတ်စွမ်းအား တိုးတက်မြင့်မားစေပြီး ဆန်နှင့်ဆန်ထွက်ပစ္စည်းများ၏ ဈေးကွက်ဝင် အရည်အသွေး ပြည့်မီလာမည်ဖြစ်ကြောင်း၊ မိမိဌာနအနေဖြင့် မကြာမီပင်ဒိန်းမတ်နိုင်ငံ၏ အကူအညီဖြင့် လုပ်ငန်းရှင်များအား ကူညီပေးသွားမည်ဖြစ်ကြောင်း၊ လိုအပ်သည့်ကိစ္စရပ်များကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကရင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဦးမင်းလွင်က စိုက်ပျိုးရေးနှင့်ပတ်သက်သော အကြောင်းအရာများကိုရှင်းလင်းခြင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌဦးတင်ဝင်းက MRMA အခြေအနေများ၊ ပြန်လည်ဖွဲ့စည်းရခြင်း၏ အကြောင်းအရာများအားရှင်းလင်းပြီး မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌဦးကျော်ဝင်းက ရွေးချယ်တင်မြှောက်မည့် အစီအစဉ်များ၊ အသင်း၏စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ တက်ရောက်လာသူများက မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း (ကရင်ပြည်နယ်အသင်းခွဲ) ၏ ဆန်စက်လုပ်ငန်းရှင်များအသင်းအတွက် အမှုဆောင်သစ်များအား အဆိုပြုခြင်း၊ ထောက်ခံခြင်းစနစ်ဖြင့် ဥက္ကဋ္ဌ၊ ဒုတိယ ဥက္ကဋ္ဌအပါအဝင်အဖွဲ့ဝင် ၂၇ ဦးကို ရွေးချယ်တင်မြှောက်ခဲ့ကြပြီး ရွေးချယ်ခံ ကရင်ပြည်နယ်၊ ဆန်စက်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ(သစ်) ဦးအောင်ဇော်ထက်က နှုတ်ခွန်းဆက်စကား ပြောကြားခဲ့သည်။ **အိအိခိုင် (ကရင်ပြည်နယ်)**

# ဇွန်လတတိယပတ်အတွင်း ရော်ဘာတန်ချိန် လေးထောင်ကျော်တင်ပို့

ဇွန်လတတိယပတ်ဖြစ်သည့် ၁၅ ရက်မှ ၂၁ ရက်အထိ သီတင်းတစ်ပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာနှစ်သန်းကျော် တန်ဖိုးရှိ ရော်ဘာတန်ချိန် ၁၇၀၀ကျော် တင်ပို့ခဲ့ကြောင်း သိရသည်။ မူဆယ် (၁၀၅) ကုန်သွယ်ရေးဇုန်မှရော်ဘာ RSS-3 အမျိုးအစားတန်ချိန် ၅၇၀ ကျော်၊ RSS-5 အမျိုးအစား တန်ချိန် ၃၀၀ကျော်နှင့် MSR-20 အမျိုးအစားတန်ချိန် ၂၀၀ ကျော်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ရော်ဘာ တန်ချိန် ၆၃၀ နီးပါးတင်ပို့ခဲ့သည်။ ယခင်တစ်ပတ် တင်ပို့မှုနှင့် နှိုင်းယှဉ်ပါက တန်ချိန် ၄၀၀ ကျော် လျော့ကျခဲ့ကြောင်း သိရသည်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဇွန် ၁၆ ရက်မှ ၂၂ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုံးသန်းကျော်တန်ဖိုးရှိ ရော်ဘာတန်ချိန် ၂၆၀၀ ကျော်တင်ပို့ခဲ့ရာ တရုတ်၊ ဂျပန်၊ ကိုရီးယား၊ မလေးရှားနှင့် အိန္ဒိယနိုင်ငံများသို့ တင်ပို့ခဲ့ကြောင်း သိရသည်။ အများဆုံးတင်ပို့မှုများမှာ တရုတ်နိုင်ငံသို့ Synthetic Rubber အမျိုးအစား တန်ချိန် ၁၂၀၀ ကျော်၊ မလေးရှားနိုင်ငံသို့ RSS-3 အမျိုးအစားတန်ချိန် ၅၄၀ ကျော် နှင့် ဂျပန်နိုင်ငံသို့ MSR-20 အမျိုးအစားတန်ချိန် ၄၀၀ နီးပါးဖြစ်သည်။ ယခင်တစ်ပတ်တင်ပို့မှုနှင့် နှိုင်းယှဉ်ပါက တန်ချိန် ၉၀၀ ကျော် လျော့ကျခဲ့ကြောင်း သိရသည်။

ယခုတစ်ပတ် နိုင်ငံတကာရော်ဘာဈေးအတက်အကျ သိပ်မရှိကြောင်းနှင့် ပြည်ပတင်ပို့မည့်မြန်မာ့ရော်ဘာဈေးလည်း အပြောင်းအလဲမရှိကြောင်း မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း၏ ဈေးနှုန်းထုတ်ပြန်ချက်အရ သိရသည်။

**ယဉ်ယဉ်အေး**

# တရုတ်နိုင်ငံ၊ ချန်ဒူးမြို့တွင် ကုန်စည်ပြပွဲကျင်းပမည်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ စစ်ချွမ်းပြည်နယ်၊ ချန်ဒူးမြို့တွင် ၂၀၁၉ ခုနှစ်၊ စက်တင်ဘာ ၁၇ရက်မှ ၂၀ ရက်အထိ "China (Sichuan)-South & Southeast Asia Business Leaders Summit" ကို ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါအစည်းအဝေးကို "စစ်ချွမ်းပြည်နယ်နှင့်ရပ်ဝန်းနှင့် ပိုးလမ်းမတွင်ပါဝင်သည့် တောင်နှင့် အရှေ့တောင်အာရှနိုင်ငံများအကြား စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ နက်ရှိုင်းစွာ ပူးပေါင်းဆောင်ရွက်ခြင်းကို မြှင့်တင်ခြင်းခေါင်းစဉ်ဖြင့် ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

သို့ဖြစ်ပါ၍ အဆိုပါအစည်းအဝေးသို့ မြန်မာနိုင်ငံမှ စီးပွားရေး လုပ်ငန်းရှင်များ ပါဝင်တက်ရောက်နိုင်ပြီး စိတ်ပါဝင်စားပါက မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ၊ ဖုန်း- ၀၆၇ ၄၃၀၄၄၆၊ ၄၃၀၄၄၇၊ ဖက်စ်- ၀၆၇၄၃၀၁၂၈၊ E-mail: moctradefair@gmail.com သို့လည်းကောင်း၊ မြန်မာကုန်သွယ်မှုဗဟိုဌာန(ရန်ကုန်မြို့)၊ ဖုန်း- ၀၁ ၂၅၄၀၂၄၊ ဖက်စ်-၀၁ ၂၅၄၀၂၃သို့ လည်းကောင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်း သိရသည်။ **ဆုမွန်သိန်း (TD)**

## အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | တိုက်ခန်း | တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၁) ရပ်ကွက်၊ လမ်းသွယ် | ၇၅၀ စ/ပေ | BR (2) ခန်း | ၃၅၀ သိန်း | | ၀၉/၂၅၀၃၇၆၃၇၉ |
| ၂။ | လုံးချင်းအိမ် | ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်းသွယ်၊ အေးရိပ်သာလမ်း | မြေ ၄၈၀၀ စ/ပေ အိမ် ၃၀၀၀ စ/ပေ | RC (2) ထပ်၊ MB (3) ခန်း၊ BR (5) ခန်း | ၄၅ သိန်း | (၁) လၾကားခန္နီး | ၀၉/၄၀၂၀၇၁၉၂၂ |
| ၃။ | တိုက်ခန်း | မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖဆပလရပ်ကွက်၊ (ပ)ထပ် | (၁၃ x ၄၅ )ပေ | BR(1)၊ လျှာထိုးခင်း | ၆၀၀ သိန်း | | ၀၉/၂၅၀၃၇၆၃၇၉ |
| ၄။ | အဆင့်မြင့် တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ ရှမ်းကုန်းလမ်း | (၃၀ x ၇၀ )ပေ | ( ပ ) ထပ်၊ ပြင်ဆင်ပြီး | ၁၂ သိန်း | (၁) လၾကားခန္နီး | ၀၉/၂၅၀၃၇၆၃၇၉ |
| ၅။ | လုံးချင်းမြေ | သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ | (၆၀ x ၇၀ )ပေ | မြေသီးသန့်၊ အုတ်ခတ် | ၃၀၀၀ သိန်း | ညှိနှိုင်းနိုင် | ၀၉/၄၀၂၀၇၁၉၂၂ |
| ၆။ | ကွန်ဒို | ကြည်မြင်တိုင်၊ အလုံ အောကစ်ကွန်ဒို | ၁၈၀၀ စ/ပေ | MB (2) ခန်း၊ BR (1) ခန်း | ၂၃၀၀ သိန်း | | ၀၉/၄၀၂၀၇၁၉၂၂ |
| ၇။ | အိမ်/မြေ | မန္တလေး၊ (၂၉)လမ်း၊ (၈၁x၈၂) လမ်းကြား | (၂၅ x ၆၀)ပေ | RC (2) ထပ် | သိန်းတစ်သောင်းငါး ထောင် | ညှိနှိုင်းနိုင် | ၀၉/၄၀၂၀၇၁၉၂၂ |
| ၈။ | မြေ | ပုဂံမြို့သစ်၊ အနောက်ရထာရပ်ကွက် | ၄၈၀၀ စ/ပေ | မြေသီးသန့် | ၁၈၀၀ သိန်း | ဂရန်ပေါက်မြေ | ၀၉/၄၀၂၀၇၁၉၂၂ |
| ၉။ | အိမ်/မြေ | ပြင်ဦးလွင်မြို့နယ်၊ ပြည်တော်သာ(၄)လမ်း | | | ၁၃၅၀ သိန်း | ထီးလှိုင်အနီး | ၀၉/၄၀၂၀၇၁၉၂၂ |

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ပရိုဘောက် (၂၀၁၁) | G | ၂၁၀ သိန်း | ၁.၅ ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၂။ | ဘယ်လ်တာ (၂၀၀၈) | E | ၁၅၅ သိန်း | ၁.၃ ဓာတ်ဆီ၊ ရန်ကုန် |
| ၃။ | ကလူဂျာ (၂၀၀၃) | J | ၄၁၀ သိန်း | ၂.၄ ဓာတ်ဆီ၊ ရန်ကုန်၊ ကီလိုနည်း |
| ၄။ | ဗီလ်ဒါ (၂၀၀၅) | GG | ၂၄၀ သိန်း | ၁.၅ ဓာတ်ဆီ၊ ရန်ကုန် |
| ၅။ | ဝှရှ် (၂၀၀၆) | M | ၃၂၅ သိန်း | ၁.၈ ဓာတ်ဆီ၊ ရန်ကုန် |
| ၆။ | ပရာဒို (၂၀၀၃) | D | ၄၈၀ သိန်း | ၃.၄ ဓာတ်ဆီ၊ ရန်ကုန်၊ ဖိုးဝိုးလ် |
| ၇။ | လန်ခရူဇာ (၉၈) | D | ၄၇၀ သိန်း | ၄.၇ဓာတ်ဆီ၊ရန်ကုန်၊(ဂရိတ်မြင့်) |
| ၈။ | မတ်(ခ်)တူး(၂၀၀၃) | M | ၃၁၀ သိန်း | ၂.၀ ဓာတ်ဆီ၊ ရန်ကုန်(ရုပ်ပြောင်း) |
| ၉။ | ဟွန်ဒါ/စီအာဗီ (၂၀၀၂ ) | H | ၂၄၅ သိန်း | ၂.၀ ဓာတ်ဆီ၊ ရန်ကုန် |

# နောင်ချိုမြို့တွင် ပဲပုပ်ဈေးကွက် တန်ဖိုးမြှင့် ကွင်းဆက် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နောင်ချိုမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ စားသုံးသူရေးရာဦးစီးဌာန၏ ဦးဆောင်မှုဖြင့် စိမ်းလန်းဝေကုမ္ပဏီလီမိတက်နှင့်ပူးပေါင်း၍ ပဲပုပ်ဈေးကွက်တန်ဖိုးမြှင့်ကွင်းဆက်အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၂၂ ရက်တွင် ကျင်းပခဲ့သည်။

အဆိုပါ အလုပ်ရုံ ဆွေးနွေးပွဲသို့ စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မောင်း၊ စားသုံးသူရေးရာဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ ပဲပုပ်စိုက်တောင်သူများ၊ ပဲပုပ်သီးနှံကုန်သည်များ၊ ကုန်ချောထုတ်လုပ်ရောင်းချသူများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ကုန်ကြမ်း/ကုန်ချောစိုက်ပျိုးထုတ်လုပ်နည်းပညာပံ့ပိုးသူများတက်ရောက်ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်မှာ ရှမ်းပြည်နယ် (မြောက်ပိုင်း)အတွင်းရှိ ပဲပုပ်စိုက်ပျိုးတောင်သူများအား ပဲပုပ်မျိုးကောင်းမျိုးသန့်များမှန်ကန်စွာသုံးစွဲစိုက်ပျိုးနိုင်၍ထုတ်လုပ်နည်းပညာများကိုဒေသခံတောင်သူ များ စနစ်တကျစိုက်ပျိုးနိုင်ရေး အလေ့အကျင့်ကောင်းများရရှိစေရန်၊ ပဲပုပ်သီးနှံများဖြစ်ထွန်းပြီး ဈေးကွက်ဈေးကောင်းများပိုမိုရရှိစေရန်၊ ပြည်ပပို့ကုန် တိုးမြှင့်လာစေရေးအတွက် နောင်ချိုမြို့နယ်အတွင်း အဓိကစိုက်ပျိုးလျက်ရှိသော ပြောင်း၊ ကြံနှင့် အခြားသီးနှံများထက် ပြည်ပသို့ပိုမိုတင်ပို့နိုင်မည့် အလားအလာရှိပြီး ဝင်ငွေကောင်းသည့် ပဲပုပ်မျိုးကောင်းမျိုးသန့်များအား စိုက်ပျိုးတောင်သူများ စိတ်ဝင်စားပြီး အစားထိုးပိုမိုစိုက်ပျိုးလာနိုင်စေရန်ဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံ ပဲပုပ်သီးနှံအခန်းကဏ္ဍ တိုးတက်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ကြောင်း သိရှိရသည်။ **အောင်ကျော်မြင့် (လားရှိုး)**

# ပြည်ခရိုင်အတွင်း ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုနှင့် ဈေးကွက်ဈေးနှုန်းတည်ငြိမ်ရေး ဆွေးနွေး

ပြည်ခရိုင် စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်ဦးစီးမှူးရုံး၌ ဈေးကွက်ဝင်ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေး၊ ဈေးကွက်ဈေးနှုန်းတည်ငြိမ်ခိုင်မာရေး၊ စပါးထွက်ပေါ်သည့်ရာသီတွင် တောင်သူများအကျိုးစီးပွား မထိခိုက်စေရေးအတွက် စပါးဈေးကျဆင်းလာပါက ထိန်းညှိဝယ်ယူပေးနိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကိုဇွန် ၂၅ ရက်တွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး၊ စိုက်ပျိုးရေးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး၊ ပြည်ခရိုင်အတွင်းရှိလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်း/ခရိုင်/အဆင့်ဌာနဆိုင်ရာများ၊ တောင်သူလယ်သမားများ၊ ကုန်သည်လုပ်ငန်းရှင်များ၊ JICA မှ တာဝန်ရှိသူများ၊UMFCCI မှ တာဝန်ရှိသူများ ပါဝင်သော ဆွေးနွေးပွဲ ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲတွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် လက်ရှိနွေစပါးကာလအတွင်း စပါးတင်း ၁၀၀ ဈေးငါးသိန်းအောက် ကျဆင်းခဲ့ခြင်းနှင့် ပတ်သက်၍ ရေရှည်တွင်ဆန်စပါး စိုက်ပျိုးမှုကဏ္ဍဖွံ့ဖြိုးတိုးစေရန်အတွက် ဆန်စပါးလုပ်ငန်းနှင့် ဆက်စပ်လျက်ရှိသောကဏ္ဍအသီးသီးမှ ဆောင်ရွက်ရန် လိုအပ်သည့်အချက်များကို ပွင့်လင်းစွာ ရှင်းလင်းတင်ပြဆွေးနွေးစေလိုကြောင်း၊ ယခုအလုပ်ရုံဆွေးနွေးပွဲကရရှိလာတဲ့ ရလဒ်များကို မိမိတို့တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ဆောင်ရွက်ပေးနိုင်သည့်အချက်များကို ဆောင်ရွက်ပေးမှာဖြစ်ကြောင်း၊ ပြည်ထောင်စု အစိုးရသို့တင်ပြရန်လိုအပ်ပါက ဆက်လက် တင်ပြဆောင်ရွက်ပေးမှာဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဆက်လက် အမှာစကားပြောကြားရာတွင် ဒေသတွင်းတောင်သူများအနေဖြင့် ရိတ်သိမ်းအခြောက်ခံ သိုလှောင်ထိန်းသိမ်းသည့်စနစ်မရှိတော့ဘဲ ချက်ချင်းရိတ်၊ ချက်ချင်းရောင်းဖြစ်နေ၍ ကုန်သည်များက ဈေးနှိမ်ကာ ဝယ်ယူနေသည့် အခြေအနေဖြစ်သဖြင့် မိမိတို့ဝန်ကြီးဌာနမှ ဆန်စပါးထုတ်လုပ်သည့်ဌာနဖြစ်သည့်အတွက် ဈေးကွက်ဈေးကောင်းရရှိရန် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ တောင်သူအစုအဖွဲ့များဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တောင်သူ အစုအဖွဲ့များဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တောင်သူများကလည်း နိုင်ငံတကာ ဆန်စပါးဈေးကွက်သို့ ထိုးဖောက်နိုင်ရေးအတွက် ပြည်ပဈေးကွက်ဝင် မျိုးများပြောင်းလဲ တိုးချဲ့စိုက်ပျိုး၍ လိုအပ်မည်ဖြစ်ကြောင်း စုပေါင်းလယ်ယာစနစ် ပေါ်ထွန်းလာစေရေးအားလုံးတညီတညွတ်တည်း ပူးပေါင်းဝိုင်းဝန်းလုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ဆည်မြောင်းများ ရေသွင်း/ရေထုတ်ကောင်းမွန်မှုရှိအောင်လည်း မိမိတို့ဌာနမှ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း၊ တက်ရောက်လာသူများမှ တောင်သူတို့၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များ အကြံပြုဆွေးနွေးပေးစေလိုကြောင်း ပြောကြားခဲ့သည်။

တက်ရောက်လာသူများက ဆွေးနွေးရာတွင် လက်ရှိနွေစပါးကာလအတွင်းစပါးတင်း ၁၀၀လျှင် ငါးသိန်းဈေးအောက် ကျဆင်းခဲ့ခြင်းနှင့် ပတ်သက်၍ကုန်သည်၊ စက်ပိုင်များနှင့် တောင်သူများအကြား သဘောထားကွဲလွဲမှုများရှိနေသဖြင့် မြေမှန်၊ မျိုးမှန်၊ စိုက်နည်းစနစ်မှန်၊ ရာသီမှန်မှ ဈေးကွက်ဈေးနှုန်းမျှော်မှန်း၍ ရနိုင်မည်ဖြစ်ကြောင်း၊ ပြည်ပဈေးကွက်ဝင် ဆန်စပါးမျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ အဆင့်မြင့်စိုက်နည်းစနစ်များဖြင့် တစ်ကွင်းတစ်စပ်တည်း စိုက်ပျိုးနိုင်ရေး ရေသွင်းရေးထုတ်စနစ် ကောင်းမွန်ရေး၊ ကုန်ထုတ်လမ်းများ လွယ်ကူအဆင်ပြေချောမွေ့စေရေး၊ Logistic Heart တည်ဆောက်၍ အဆင့်မြင့် သိုလှောင်သည့်စနစ်ဖြင့် သိုလှောင်ကာ ဈေးကောင်းရရှိအောင် ရောင်းချနိုင်ရေး၊ ပြည်ပဈေးကွက်ရှာဖွေရေးအဖွဲ့ ဖွဲ့စည်းဆောင်ရွက်နိုင်ရေး၊ထုတ်လုပ်မှုအပိုင်းတွင်လည်း Mass Quality ထုတ်လုပ်နိုင်ရေးအတွက် အစုအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်သွားရေး၊ တောင်သူနှင့် ကုန်သည်အပြန်အလှန်ထိန်းကျောင်းနိုင်မည့် Contract Farming စနစ် ဖော်ဆောင်နိုင်ရေး၊ လယ်ယာဖွံ့ဖြိုးရေးဘဏ်ချေးငွေနှင့် ပတ်သက်၍ အစုအဖွဲ့ဖြင့် ထုတ်ချေးသည့် စနစ်ဆောင်ရွက်နိုင်ရေး၊ စပါးသီးနှံအပြင် ဈေးကွက်ဝင်အခြားသီးနှံများ ပြောင်းလဲတိုးချဲ့ စိုက်ပျိုးနိုင်ရေး စသည့်အချက်များကို တက်ရောက်လာသူများက သက်ဆိုင်ရာကဏ္ဍအလိုက် အကြံပြုဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

**ဝင်းလှဲ့ဝါ (ပြည်)**

## မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း (မွန်ပြည်နယ်အသင်းခွဲ)၏ အလုပ်အမှုဆောင်သစ်ရွေးချယ်

ပြည်တွင်းထုတ်ကုန်များ၏ သတင်းအချက်အလက်များ ပံ့ပိုးပေးရန်နှင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေရန် အသင်းအဖွဲ့များ၊ ဇုန်များ၊ ကုန်စည်ဒိုင်များ ဖွဲ့စည်းနိုင်ရေးအတွက်တွန်းအားပေး ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း (မွန်ပြည်နယ်အသင်းခွဲ) ၏ ၂၀၁၉-၂၀၂၂ သက်တမ်းအတွက် အလုပ်အမှုဆောင်သစ် ရွေးချယ်တင်မြှောက်ခြင်း အခမ်းအနားကို ဇွန် ၂၃ ရက် မွန်းလွဲ ၁ နာရီခွဲတွင် မွန်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံး၌ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ မွန်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူး ဦးခင်အောင်သွင်က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးတင်ဝင်းက မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေအား ရှင်းလင်းခဲ့သည်။ ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဆန်စက်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးကျော်ဝင်းက အမှုဆောင်သစ်ရွေးချယ် တင်မြှောက်မည့်အစီအစဉ်အား ရှင်းလင်းပြောကြားပြီး အမှုဆောင်သစ်များအား ရွေးချယ်တင်မြှောက်ကြရာ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ စာရင်းစစ်၊ ဘဏ္ဍာရေးမှူးအပါအဝင် အမှုဆောင် ၂၁ ဦးအား ရွေးချယ်တင်မြှောက်ခဲ့ကြပါသည်။

ထို့နောက် ရွေးချယ်တင်မြှောက်ခံရသော မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း (မွန်ပြည်နယ် အသင်းခွဲ) ဥက္ကဋ္ဌဦးခိုင်ဦးက နှုတ်ခွန်းဆက်စကား ပြောကြားကာ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း(မွန်ပြည်နယ်အသင်းခွဲ) နာယက ဦးစိုးသန်းအေးက ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

**မိုးမိုး (မွန်)**

## အိန္ဒိယနိုင်ငံ ချန်နိုင်းမြို့တွင် First Reverse Buyer Seller Meet for the CLMV Region ဆွေးနွေးပွဲ ပြုလုပ်မည်

အိန္ဒိယနိုင်ငံ ချန်နိုင်းမြို့တွင် ၂၀၁၉ ခုနှစ်၊ စက်တင်ဘာ ၁၇ ရက်မှ ၁၈ ရက်အထိ "First Reverse Buyer Seller Meet for the CLMV Region"ဆွေးနွေးပွဲပြုလုပ်မည်ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါဆွေးနွေးပွဲတွင် မြန်မာနိုင်ငံရှိ နိုင်ငံတကာ Buyer များနှင့် အိန္ဒိယနိုင်ငံမှ အလားအလာရှိသည့် မိတ်ဖက်များအကြား တွေ့ဆုံချိတ်ဆက်၍ အကျိုးတူလုပ်ငန်း လုပ်ဆောင်နိုင်မည်ဖြစ်သည်။ ဆွေးနွေးပွဲတက်ရောက်မည့် မြန်မာနိုင်ငံမှ အမှုဆောင်အရာရှိချုပ်အဆင့်ရှိ ကိုယ်စားလှယ်များအတွက် CII မှ အသွား/အပြန် လေယာဉ်စရိတ် (ချွေတာရေးတန်း)နှင့် တည်းခိုနေထိုင်စရိတ် (နှစ်ညတာ)အား စရိတ်ကျခံပေးမည်ဖြစ်ကြောင်း သိရှိရသည်။

သို့ဖြစ်ပါ၍ အဆိုပါဆွေးနွေးပွဲသို့ မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်တက်ရောက်နိုင်ပြီး စိတ်ပါဝင်စားပါက မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ ၊ ဖုန်း-၀၆၇၄၃၀၄၄၆၊ ၄၃၀၄၄၇၊ ဖက်စ်-၀၆၇၄၃၀၁၂၈၊ E-mail:moctradefair@gmail.com သို့လည်းကောင်း၊ မြန်မာကုန်သွယ်မှုဗဟိုဌာန(ရန်ကုန်မြို့) ဖုန်း-၀၁ ၂၅၄၀၂၄၊ ဖက်စ်-၀၁ ၂၅၄၀၂၃ သို့လည်းကောင်း ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ကြောင်း သိရသည်။ **ဆုမွန်သိန်း (TD)**

### နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်


| | | |
|---|---|---|
| (၁) **မြန်မာကုန်သွယ်မှုဗဟိုဌာန** (Myanmar Trade Center) | **ဖုန်း**-၀၁ ၂၅၄၀၂၄ | **ဖက်စ်**- ၀၁ ၂၅၄၀၂၃ **အီးမေးလ်**-itpic.moc@gmail.com |
| (၂) Myanmar-EU Trade Help Desk | **ဖုန်း**- ၀၉ ၄၃၀ ၄၁ ၈၄၇ | **အီးမေးလ်**- mmeu.tradehelpdesk@gmail.com |

### ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ

| | |
|---|---|
| (၁) ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနဖြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |


# (၇) နေ့ သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
### ၁-၇-၂၀၁၉ မှ ၇-၇-၂၀၁၉ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး
(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** လုပ်ငန်းများတွင်ကျယ်မှုအားကောင်းနေမည်။ ဘယဆေးပစ္စည်းရောင်းဝယ်ရေးတွင် အကျိုးဖြစ်ထွန်းမှုရှိမည်။ ဘုန်းရှိန်ကံရှိန်တက်လိမ့်မည်။ ရည်ရွယ်ချက်အောင်မြင်မည်။ ပညာရေးကောင်းနေမည်။ အချစ်ရေးတွင်ချစ်သူ၏ငြိုငြင်မှုကိုခံရတတ်သည်။ ကျန်းမာရေးတွင် နှလုံး၊ သွေးနှင့်ပတ်သက်သောဝေဒနာကို သတိပြုပါ။

**လာဘ်ရွှင်ဂဏန်း။ ။၇၊၉။ ယတြာဆောင်။ ။ငွေရောင်အဝတ်အစားကိုအားပြုပါ။**




**တနင်္လာသားသမီးများအတွက်** ဦးတည်ဆောင်ရွက်နေသောလုပ်ငန်းတွင်အနှောင့်အယှက်ရှိတတ်သည်။ စက်ပစ္စည်း၊ လျှပ်စစ်ပစ္စည်းများ အကျိုးပေးမည်။ ပညာရေးထူးချွန်မှုအတွက်ကြိုးစားနေရမည်။ အချစ်ရေးတွင်ပေါ့ပေါ့နေတတ်သော သဘောကြောင့်ပြေလည်မှု အားနည်းနေလိမ့်မည်။ အိမ်ထောင်ရေး အေးဆေးတည်ငြိမ်နေမည်။ ကျန်းမာရေးတွင် သွေး၊ လေတို့နှင့်ပတ်သက်သော ဝေဒနာခံစားရမှု ရှိနေတတ်သည်။

**လာဘ်ရွှင်ဂဏန်း။ ။ ၂၊ ၆။ ယတြာ၊ အဆောင်။ ။ ဘုရားတွင်ကံ့ကော်ညွန့် ၁၅ ညွန့်လှူပါ။**



**အင်္ဂါသားသမီးများအတွက်** သစ်လုပ်ငန်းဖြင့်အောင်မြင်မည်။ လူမျိုးကွဲဘာသာကွဲတို့နှင့်အလုပ်ကိစ္စအခြေအတင်ဖြစ်တတ်သည်။ ဝင်ငွေထွက်ငွေမျှနေတတ်သောကာလဖြစ်သည်။ ပရိဘောဂလုပ်ငန်းအဆင်ပြေဖြစ်ထွန်းမှုရှိနေတတ်ပါသည်။ ပညာရေးအောင်မြင်မှုရမည်။ အချစ်ရေးတွင်ချစ်သူ၏ငြိုငြင်မှုကိုခံရတတ်သည်။ အိမ်ထောင်ရေးအဆင်ပြေသာယာမှုရှိမည်။ ကျန်းမာရေးတွင်အရိုးအဆစ်များနှင့်ပတ်သက်ပြီးဝေဒနာခံစားရတတ်ပါသည်။

**လာဘ်ရွှင်ဂဏန်း။ ။၃၊ ၄။ ယတြာ၊ အဆောင်။ ။ဇီဇဝါပန်းဘုရားကပ်လှူပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** အစီအစဉ်သစ်များစတင်လုပ်ကိုင်ရလိမ့်မည်။ အလှဆင်လုပ်ငန်း၊ မင်္ဂလာအခမ်းအနားပြင်ဆင်ခြင်း၊ ပန်းအလှများလုပ်ဆောင်ခြင်း၊ အခမ်းအနားအလှဆင်ခြင်းလုပ်ငန်းဖြင့် စီးပွားဖြစ်ထွန်းမှုရှိနေတတ်ပါသည်။ ပညာရေးကံ ကောင်းနေမည်။ အချစ်ရေးတွင် ရွေးချယ်ရခက်နေမည်။ အိမ်ထောင်ရေး သင့်တင့်မှုရှိမည်။ ကျန်းမာရေးတွင် အရေပြားတွင်ဖြစ်တတ်သော ရောဂါဝေဒနာ ခံစားရတတ်ပါသည်။

**လာဘ်ရွှင်ဂဏန်း။ ။ ၅၊ ၆ ။ယတြာ၊ အဆောင်။ ။ဘုရားတွင်ရွှေသကာန်းကပ်လှူပါ။**



**ကြာသပတေးသားသမီးများအတွက်** စက်မှုလက်မှုလုပ်ငန်းအကျိုးပေးမှုအောင်မြင်မည်။ အထူးသဖြင့် ပလတ်စတစ်ပုံသဏ္ဌာန်အမျိုးမျိုးဖော်ထွင်းလုပ်ကိုင်သောစက်ရုံ၊ အလုပ်ရုံနှင့်အကျိုးပေးအားကောင်းနေတတ်ပါသည်။ ပညာရေးကောင်းနေမည်။ အချစ်ရေးတွင်စိတ်တိုင်းကျမှုအားနည်းနေတတ်ပါသည်။ အိမ်ထောင်ရေးသာယာနေမည်။ ကျန်းမာရေးအနေဖြင့် ဝမ်းဗိုက်ဥပဒ်ရှိနေတတ်ပါသည်။

**လာဘ်ရွှင်ဂဏန်း။ ။ ၂၊ ၃။ ယတြာ၊ အဆောင်။ ။ မြေပဲယိုဆွမ်းကပ်ပါ။**



**သောကြာသားသမီးများအတွက်** စားသောက်ကုန်လုပ်ငန်းအကျိုးပေးမည်။ ဟိုတယ်၊ မိုတယ်နှင့်ပတ်သက်ပြီး စီးပွားဖြစ်ထွန်းလိမ့်မည်။ ဇိမ်ခံပစ္စည်းများအကျိုးရှိနေ မည်။ ပညာရေးအခက်အခဲကျော်လွှားနိုင်မည်။ အချစ်ရေး၊ အိမ်ထောင်ရေးသာယာဖြောင့်ဖြူးမှုရှိနေမည်။ ကျန်းမာရေးအနည်းငယ်ချူချာမှုရှိနေတတ်ပါသည်။

**လာဘ်ရွှင်ဂဏန်း။ ။ ၁၊ ၅။ ယတြာ၊ အဆောင်။ ။ နှင်းသီးလှူပါ။**



**စနေသားသမီးများအတွက်** ခရီးသွားလုပ်ငန်းတွင်အခက်အခဲရှိသော်လည်း အပေါင်းအသင်းများကြောင့် အောင်မြင်မှုရရှိလိမ့်မည်။ နိုင်ငံတကာဆက်သွယ်ရေးကောင်းနေမည်။ ပညာရေးတွင် ဘာသာရပ်အလိုက်ကြိုးစားမှုပြုနေရတတ်သည်။ အချစ်ရေးတွင် ချစ်သူအဟောင်းနှင့်ပြန်လည်ဆုံတွေ့နေရတတ်သည်။ အိမ်ထောင်ရေးသင့်တင့်မှုရှိနေမည်။ ကျန်းမာရေးအနေဖြင့် အကြော၊ လေတို့နှင့် ပတ်သက်သော ဝေဒနာခံစားရတတ်သည်။

**လာဘ်ရွှင်ဂဏန်း။ ။ ၀၊ ၁၊ ၅။ ယတြာ၊ အဆောင်။ ဒံပေါက်လှူပါ။**

# အသေးစား စားသောက်ကုန်လုပ်ငန်းရှင်များအား စားသုံးသူကာကွယ်ရေးဥပဒေသစ် ရှင်းလင်း



ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့ အမှတ် (၁) ရပ်ကွက် အတွင်းရှိ အသေးစား စားသောက်ကုန်လုပ်ငန်းရှင်များအား ဇွန် ၂၆ ရက်တွင် အမှတ်(၁)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ စာသုံးသူကာကွယ်ရေး ဥပဒေသစ်အား ရှင်းလင်းဆွေးနွေးခဲ့သည်။

အစည်းအဝေးတွင် အမှတ်(၁) ရပ်ကွက်အတွင်းရှိ အသေးစား စားသောက်ကုန်လုပ်ငန်းရှင်များဖြစ်သော မုန့်တီခြောက်လုပ်ငန်း၊ အကြော်စုံလုပ်ငန်း၊ မုန့်မျိုးစုံလုပ်ငန်းမှ လုပ်ငန်းရှင် ၂၀ ဦး တက်ရောက်ခဲ့ပြီး ဒုတိယ ပြည်နယ်ဦးစီးမှူးက စားသုံးသူကာကွယ်ရေး ဥပဒေသစ်ပါ စီးပွားရေးလုပ်ငန်းရှင်များ၏တာဝန်များ၊ လိုက်နာရမည့်အချက်များ၊ ရှောင်ကြဉ်ရမည့်အချက်များ၊ ကုန်အညွှန်းအမှတ်အသားဆိုင်ရာအချက်များအား အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့ရာ တက်ရောက်လာသူများက အပြန်အလှန် ဆွေးနွေးတင်ပြခဲ့ကြောင်း သိရှိရသည်။

ဆက်လက်၍ ဒုတိယပြည်နယ် ဦးစီးမှူးက ကျိုင်းတုံခရိုင် စားသုံးသူ ကာကွယ်ရေးအသင်း ဖွဲ့စည်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်းနှင့် တက်ရောက်လာသော လုပ်ငန်းရှင်များအနေဖြင့်လည်း ပူးပေါင်းပါဝင်ပေးစေလိုကြောင်း ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရှိရသည်။ **ရန်နောင် (ကျိုင်းတုံ)**

# နတ်မောက်မြို့နယ်ထွက် စိန်တလုံးသရက်များဈေးကောင်းရနေ

နတ်မောက်မြို့နယ် ဒေသထွက် စိန်တလုံးသရက်များ ပြည်ပ တင်ပို့သူများမှ အဝယ်သွက်နေကြောင်း အထက်ပါမြို့နယ်များရှိ သစ်သီးဈေးကွက်မှ သိရသည်။

"သစ်သီးပွဲစားတွေ မှုဆယ်ပို့တဲ့အတွက် အဝယ်သွက်တယ်။ ယခုဇွန်လနောက်ဆုံးပတ်မှာတော့ တစ်ပင်ကို ကျပ်သုံးသိန်းနှစ်သောင်းနဲ့ ဝယ်ပါတယ်။ အသီးအနေအထားပေါ် မူတည်ပြီး ဈေးရှိပါတယ်။ ပြည်တွင်းမှာလည်း ဒေသသီးတွေဖြစ်တဲ့ မနော်၊ ဘုရားကုန်း သရက်တွေကလည်း ရာသီကုန်ချိန်မို့ အဝင်နည်းခြင်းကြောင့် ဈေးမြင့်တာပါ။ အရောင်းအဝယ် သွက်ပါတယ်" ဟု နတ်မောက်မြို့နယ်ရှိ ခြံပိုင်ရှင်တစ်ဦးက ပြောသည်။

တရုတ်နိုင်ငံမှ ဝယ်ယူမှုကြောင့် သရက်သီး ဝယ်လိုအားရှိသဖြင့် အထက်ပါ မြို့နယ်ထွက် စိန်တလုံးကို မူဆယ်ဈေးကွက်၌ စိန်တလုံးသရက်သီးတစ်ခြင်းလျှင် ယွမ် ၁၀၀ မှ ၁၄၀ အထိ ရရှိနေကြောင်း သရက်သီးပွဲစားများထံက သိရသည်။ **ဆန်းညွန့် (ရေနံချောင်း)**

# အညာဒေသ၌ ကင်ပွန်းချဉ်စိုက်ပျိုးခြင်းဖြင့် ဝင်ငွေတိုး

အညာဒေသရှိ မြေနုကျွန်းများ၌ ကင်ပွန်းချဉ်ပင်ကို စိုက်ပျိုးကြရာဝင်ငွေရရှိနေကြောင်း ရေနံချောင်းမြို့နယ်မှ စိုက်ပျိုးသူနှင့်ရောင်းဝယ်သူများထံက သိရသည်။

ကင်ပွန်းချဉ်ပင်ကို မြေအမျိုးအစားမရွေးတစ်ပင်လျှင် သုံးပေခြား၍ မြေကျင်း၌ သဘာဝမြေဆွေး၊ သစ်ရွက်ဆွေးနှင့် နွားချေးများကို မြေကြီး၌ထည့်ပြီး သုံးရက်ခန့်ရေလောင်း၍ ကင်ပွန်းချဉ်ပျိုးပင်အား ၎င်းမြေကြီး၌ထည့်ပြီး စိုက်ရမည်။ စိုက်ပြီးသော သစ်ပင်ကိုရေပုံမှန်လောင်းခြင်းဖြင့် စိုက်ပြီးတစ်နှစ်ခွဲနှစ်နှစ်ဝန်းကျင်မှာ ကင်ပွန်းချဉ်ပင်ကနေ အပိုဝင်ငွေရနေကြောင်း စိုက်တောင်သူများထံမှ သိရသည်။

"ကျွန်မတို့ ကင်ပွန်းချဉ်ပင်ကို တစ်ပိုင်တစ်နိုင်စိုက်တာပါ။ အဝီစိရေကိုသုံးရက်တစ်ကြိမ် ရေသွင်းပေးပါတယ်။ ကုန်ကျစရိတ်မှာ ပျိုးပင်နှင့်မြေသြဇာ၊ ရေသွင်းစရိတ်ပါပဲ။ အပင်နှစ်နှစ်ကျော်ရင် ရေသိပ်မသွင်းရတော့ပဲ ဖြစ်ထွန်းပါတယ်"ဟု ဒေသခံမနွယ်က ပြောသည်။ ကင်းပွန်ချဉ်ပင်များမှအညွန့်များကို ကတ်ကြေးဖြင့်ဖြတ်၍ အညွန့်ငါးညွန့်တစ်စည်းလျှင်ကျပ် ၁၅၀ နှင့် ကုန်စိမ်းဒိုင်များသို့ ရောင်းချရပါတယ်။ တစ်ပတ်လျှင် သုံးရက်ကျပ် ၃၀၀၀ ကနေ ကျပ် ၅၀၀၀၀ အထိ ဝင်ငွေရနေတယ်"ဟု ၎င်းက ဆက်လက်ပြောဆိုသည်။

ရေနံချောင်းဒေသစိုက်ကင်ပွန်းချဉ်ကို ကျောက်ပန်းတောင်းနှင့် မကွေးမြို့များသို့ တင်ပို့ကြကာ အဝယ်သွက်နေကြောင်း သိရသည်။ **ရွှေမန်းကျည်း**

# ကန့်ဘလူမြို့ရှိ ကျောင်းမုန့်ဈေးတန်း စစ်ဆေး

စားသုံးသူရေးရာဦးစီးဌာန၊ ကန့်ဘလူခရိုင်၊ ကန့်ဘလူမြို့နယ်တာဝန်ခံဦးသိန်းဝင်းနှင့် ဝန်ထမ်းများသည် ဇွန် ၁၁ ရက်တွင် ကန့်ဘလူမြို့၊ အမှတ်(၅)ရပ်ကွက်၊ အမှတ်(၅)ကျောင်းရှိ ကျောင်းမုန့်ဈေးတန်းကို ကျောင်းစားသုံးသူ အဖွဲ့ခေါင်းဆောင် ဒေါ်နုနုရည်နှင့်အဖွဲ့ဝင်များ ပူးပေါင်းစစ်ဆေးခဲ့သည်။ ကျောင်းစားသုံးသူအဖွဲ့ခေါင်းဆောင်၊ အဖွဲ့ဝင်များနှင့် ဈေးသည်များအား စားသုံးသူကာကွယ်ရေးဥပဒေ အခန်း(၁၈)ပါ ကုန်အညွှန်း အမှတ်အသားဖော်ပြခြင်းကို လက်ကမ်းစာစောင်နှင့် စားသုံးသူအသိပညာပေး လက်ကမ်းစာစောင်တို့ကို ဖြန့်ဝေပေးပြီး အသိပညာပေးခြင်းများဖြင့် ဆောင်ရွက်ခဲ့သည်။

ကျောင်းမုန့်ဈေးတန်းစစ်ဆေးရာတွင် ကျောင်းသား/သူ၊ ကလေးလူငယ်များအတွက် အာဟာရဖြစ်စေရန် သန့်ရှင်းလတ်ဆတ်သော အစားအသောက်များကိုသာ ဈေးသည်များအနေဖြင့် ရောင်းချပေးစေလိုကြောင်း၊ ကျောင်းစားသုံးသူအဖွဲ့အနေဖြင့်လည်း ကျောင်းဈေးတန်းများကို အလေးထား စစ်ဆေးပေးစေလိုကြောင်း၊ မုန့်များနှင့်အချိုရည်များတွင် သက်တမ်း ရှိ/မရှိ၊ စားသုံး ရန်သင့်/မသင့်၊ အသုပ်ဆိုင်များနှင့် အကြော်ဆိုင်များတွင် သန့်ရှင်းမှု ရှိ/မရှိစသည်ဖြင့် ကြီးကြပ်ပေးရန်လိုကြောင်း ဆွေးနွေးပြောကြားခဲ့သည်။ **ရဲဆာကဲ (ကန့်ဘလူ)**

# မဘိမ်းမြို့နယ်တွင် ဆင်းကေရီ(၃) မျိုးစပါး ပြောင်းလဲစိုက်ပျိုးလာ

ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မဘိမ်းမြို့နယ်တွင် နွေစပါးစိုက်ဧကမှာ ၂၀၁၇-၂၀၁၈ ခုနှစ်တွင် ၆၀၇ ဧက၊ ၂၀၁၈- ၀၁၉ ခုနှစ်တွင် ၇၃၇ ဧက စိုက်ပျိုးထားကြောင်း သိရှိရသည်။ ယခုအခါရိတ်သိမ်းထားပြီး အထွက်နှုန်းမှာ တင်းပေါင်း ၆၁၂၉၃ တင်းဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရှိရသည်။

နွေစပါးစိုက်ပျိုးရာတွင် ရာသီဥတုဆိုးရွားပါက စပါးအထွက်နှုန်း နည်းပါးပြီး စပါးဈေးကောင်းမရ၍ အရှုံးပေါ်သည့်အတွက် ဆင်းကေရီ(၃)မျိုးစပါးကိုပြောင်းလဲစိုက်ပျိုးလာကြကြောင်း သိရှိရသည်။ နွေဆန်မှာကြမ်းသည့်အတွက် စားသုံးသူနည်းပါးပြီး ရောင်းဈေးမှာလည်းဈေးသိပ်မရကြောင်း၊ ယခုအခါ ဆင်းကေရီ(၃)မျိုးစပါးကို စိုက်ပျိုးလာကြပြီး မိုးစပါးဈေးအတိုင်း ဈေးကွက်ရရှိသည့်အတွက် နွေးစပါးစိုက်တောင်သူများ တွက်ခြေကိုက်၍ ဈေးကောင်းရရှိကြောင်း သိရှိရသည်။

ဆင်းကေရီ(၃) မျိုးစပါးမှာ တစ်တင်းလျှင် ကျပ် ၁၂၀၀၀ပေးရပြီး ယခုစပါးပေါ်ချိန် စပါးရောင်းဈေးမှာ တစ်တင်းလျှင်ကျပ် ၇၀၀၀ ဝန်းကျင် ဈေးရရှိကြောင်း သိရှိရသည်။

**ခင်မာကြည် (မဘိမ်း)**

# မီတာခများ ပြောင်းလဲမှု ရေရှည်မှာ အဆင်ပြေလိမ့်မည်ဟု ရန်ကုန်တိုင်းဝန်ကြီးချုပ်ပြော

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ယခု ပြောင်းလဲလိုက်သည့် လျှပ်စစ်နှုန်းထားသည် ရင်းနှီးမြှုပ်နှံသူများအတွက် ရေရှည်တွင် အဆင်ပြေနိုင်လိမ့်မည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောသည်။ ဇွန် ၂၆ ရက်က ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ၌ ပြုလုပ်ခဲ့သည့် မီဒီယာ တွေ့ဆုံပွဲတွင် ယင်းသို့ ပြောဆိုခဲ့ခြင်း ဖြစ်သည်။

"အခုပြုပြင်ပြောင်းလဲလိုက်တဲ့ အခြေနေမှာ ချက်ချင်းကြီး တည်ငြိမ်မှုရနိုင်တဲ့ လျှပ်စစ်ကို မပေးနိုင်ပေမယ့် တစ်နှစ်တန်သည် နှစ်နှစ်တန်သည် လောက်အတွင်းမှာ လုံးဝ တည်ငြိမ်မှု တစ်ခုကို ရသွားမယ်ဆိုရင် မြန်မာနိုင်ငံမှာ လျှပ်စစ်ကို အစိုးရကပေးတဲ့နှုန်းထားနဲ့ ဆောင်ရွက်မယ်ဆိုရင် အဆင်ပြေနိုင်တဲ့ ရင်းနှီးမြှုပ်နှံမှုတွေ၊ ထုတ်ကုန်တွေကို ပိုလုပ်နိုင်လိမ့်မယ်လို့ ယူဆပါတယ်။ ဒါဟာ လက်တွေ့ အလုပ်လုပ်နေတဲ့ Investor တွေရဲ့ အခက်အခဲကို ကျွန်တော်တို့လည်း ကြားသိနေရတဲ့ အခြေအနေဖြစ်ပါတယ်။ ဒါကြောင့် ဒီအခြေအနေလေးကတော့ ရင်းနှီးမြှုပ်နှံသူတွေ လျင်လျင်မြန်မြန်နဲ့ ဆောင်ရွက်သွားနိုင်ပါလိမ့်မယ်"ဟု ဝန်ကြီးချုပ်က ပြောသည်။

လက်ရှိ မြန်မာနိုင်ငံအနေဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးမှု ရေရှည်တိုးတက် ကောင်းမွန်စေရန် တိုးချဲ့ဆောင်ရွက်ရမည့် လုပ်ငန်းများအတွက် လည်းကောင်း၊ မဟာဓာတ်အားလိုင်းစနစ်မှ လျှပ်စစ် မရရှိသေးသော ဒေသများ လျှပ်စစ်ရရှိရန် ဆက်လက် ဆောင်ရွက်ရမည့် လုပ်ငန်းများအတွက် လည်းကောင်း၊ ဓာတ်အား ထုတ်လုပ်မှုစွမ်းအား စဉ်ဆက်မပြတ် တိုးတက်အောင် ဆောင်ရွက်နိုင်ရန်တို့အတွက် ယခု ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁ ရက်မှစ၍ လျှပ်စစ်ဓာတ်အားခ နှုန်းထားများကို တိုးမြှင့် ကောက်ခံမည်ဖြစ်ကြောင်း သိရသည်။

ယင်းသို့ လျှပ်စစ်မီတာခ နှုန်းထားများ ပြောင်းလဲသတ်မှတ်ခြင်းသည် NLD အစိုးရသက်တမ်း သုံးနှစ်အတွင်း ပထမဆုံး ပြောင်းလဲ သတ်မှတ်ခြင်းဖြစ်ပြီး အဆိုပါ မီတာခနှုန်းထား ပြင်ဆင်ရန်အတွက် ဧပြီလအတွင်း ပြုလုပ်ခဲ့သည့်ပြည်ထောင်စု အစိုးရအဖွဲ့အစည်းအဝေး၏ သဘောတူညီမှုဖြင့် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

"ဒါနဲ့ပတ်သက်ပြီး ထုတ်လုပ်စရိတ် တိုးနိုင်တယ်ဆိုတဲ့ဟာပေါ့။ ဒါကြောင့် ထုတ်လုပ်ရေးမှာ ကုန်ပစ္စည်းဈေးတက်မလား၊ အမြတ်ကိုပဲ လျှော့ပြီး ယူမလားဆိုတာ ကြားသိရပါတယ်။ ဒါပေမဲ့လျှပ်စစ်ကိုလုံလုံလောက်လောက်နဲ့ အပြည့်အဝပေးနိုင်မယ်ဆိုရင် မကုန်သင့်တဲ့ စရိတ်တွေ တော်တော်များများဟာ ကျသွားမှာဖြစ်တယ်။ ဒါကို ထည့်တွက်ဖို့လိုမယ် ထင်ပါတယ်။ မီးကို ပြည့်ပြည့်ဝဝနဲ့ ပေးနိုင်မယ်ဆိုရင် မမျှော်မှန်းနိုင်တဲ့ စရိတ်တွေ အများကြီး လျော့ကျသွားပါမယ်။ ဒီလိုလျော့ကျသွားမယ်ဆိုရင် ရင်းနှီးမြှုပ်နှံတဲ့ လုပ်ငန်းရှင်တွေအတွက် ကုန်ကျစရိတ်တွေ အများကြီး သက်သာသွားနိုင်ပါတယ်"ဟု ဝန်ကြီးချုပ်က ပြောသည်။

သို့ဖြစ်၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနဘက်ကလည်း ပြုပြင်ပြောင်းလဲမှုများကို မြန်ဆန်စွာဖြင့် ပိုမိုဆောင်ရွက်လာနိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း ဝန်ကြီးချုပ်က ဆိုသည်။ NLD အစိုးရ တာဝန်ယူချိန်မှစ၍ သုံးနှစ်မြောက်ဖြစ်သည့် ယခုနှစ် နွေရာသီတွင် ဓာတ်အားမလုံလောက်မှုများ နိုင်ငံတစ်ဝန်း ပိုမိုဖြစ်ပေါ်ခဲ့ပြီးနောက် ဓာတ်အား ထုတ်လုပ်မှု စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရန် ယခုကဲ့သို့ဓာတ်အားခ တိုးမြှင့်ကောက်ခံခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အိမ်သုံးမီတာခ နှုန်းထားများနှင့် စီးပွားရေးလုပ်ငန်းသုံး မီတာခ နှုန်းထားများ တက်လာသည့်အတွက် ကုန်ဈေးနှုန်းတက်ခြင်းနှင့် နောက်ဆက်တွဲအနေဖြင့် ငွေဖောင်းပွခြင်းများလည်း ယခုဘတ်ဂျက်ကာလ ခြောက်လအတွင်း ဖြစ်လာနိုင်ကြောင်း မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးနေလင်းဇင်က ပြောသည်။

"မြန်မာနိုင်ငံရဲ့ မီးမရသေးသော ၅၀ ရာခိုင်နှုန်းကျော် လူဦးရေ မီးရရှိရေးအတွက် တည်ငြိမ်သော လျှပ်စစ်ကို ပိုမိုဖြန့်ဖြူးပေးနိုင်ရေး၊ လျှပ်စစ်ဓာတ်အား ပိုမိုထုတ်လုပ် ဖြန့်ဖြူးနိုင်ရေးတို့အတွက် ယခုနှုန်းထားသစ်နဲ့ ကောက်ခံခြင်းကို ကြိုဆိုရပါမယ်။ ဒါပေမဲ့ လျှပ်စစ်ဝန်ကြီးဌာနအနေနဲ့ လျှပ်စစ်ဌာနဆိုင်ရာဝန်ထမ်းများရဲ့ မသမာမှုတွေ၊ Technical & Non Technical issues တွေ၊ losses တွေကို တာဝန်ယူမှု၊ တာဝန်ခံမှုရှိရှိ တာဝန်ယူဖို့လိုပါတယ်။ တည်ငြိမ်သော ဗို့အား၊ တည်ငြိမ်သောလျှပ်စစ်၊ ပြတ်တောက်မှုမရှိစေရေးအတွက်လည်း တာဝန်ခံမှုရှိဖို့ လိုပါတယ်"ဟု ဦးနေလင်းဇင်က ပြောသည်။

**ပန်းဆု**

## ပြည်တွင်းကုန်သည်များ ကုန်သွယ်မှုနှင့် ပတ်သက်၍ သတင်းအချက်အလက် လေ့လာမှု အားနည်း

ပြည်တွင်းရှိကုန်သည်အချို့နှင့် ကုန်သွယ်မှုပြုလုပ်နေသူအချို့သည် ကုန်သွယ်မှုနှင့်ပတ်သက်၍ သတင်းအချက်အလက် လေ့လာမှု အားနည်းလျက်ရှိကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ဝင်းမင်းဖြိုးက ဇွန် ၂၇ ရက်တွင် ပြောသည်။

ယင်းသို့ သတင်းအချက်အလက် လေ့လာမှု အားနည်းခြင်းကြောင့် ကုန်သွယ်ဘက် နိုင်ငံများ၏ ဆိပ်ကမ်းမှ ကုန်ပစ္စည်းများ ပြန်လည်သယ်ယူမှု ရှိသဖြင့် ဆုံးရှုံးမှုများ ဖြစ်ပေါ်နေရသည် ဟု ဆိုသည်။

"ကုန်သွယ်မှု သတင်းအချက်နဲ့ ပတ်သက်ပြီး မြန်မာနိုင်ငံက ကုန်သည်တွေ လေ့လာမှု အားနည်းတယ်။ အာဆီယံ ၁၀ နိုင်ငံ ကုန်သွယ်မှု သတင်းဝက်ဘ်ဆိုက်ရှိတယ်။ ကမ္ဘာ့ကုန်သွယ်မှုကိုပါ ကြည့်လို့ရတယ်။ ဒီလိုမျိုး ဝက်ဘ်ဆိုက်ကိုကြည့်ပြီး ဘယ်နိုင်ငံက ဘယ်လိုစည်းမျဉ်းတွေထားတယ်။ ဘယ်နိုင်ငံကတော့ ဘယ်လို အနေအထားရှိတယ်။ ဒီထဲဝင်ကြည့်ရင် စီးပွားကူးသန်းရဲ့ ကုန်သွယ်မှု ဖြေလျှော့မှုတွေ၊ လေ့လာလို့ရတယ်"ဟု ၎င်းက ပြောသည်။

နိုင်ငံတွင်း ကုန်သွယ်မှု ပြုလုပ် နေသူများအနေဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ကြေညာချက်များအား သတင်း ဝက်ဘ်ဆိုက်များတွင် ဝင်ရောက်လေ့လာမှု အားနည်းသဖြင့် ကုန်ပစ္စည်းများ ဆိပ်ကမ်းဂိတ်ပေါက်သို့ ရောက်ရှိပြီး နောက် မိမိကုန်သွယ်သည့် နိုင်ငံ၏မူဝါဒ၊ အချက်အလက်များ၊ စံချိန်စံညွှန်းများနှင့် ဥပဒေများကြောင့် ကုန်ပစ္စည်းများ အလေ့အလွင့်ဖြစ်၍ ကုန်သည်များ ဆုံးရှုံးနစ်နာမှုများနှင့် ကြုံတွေ့နေရကြောင်း ၎င်းက ပြောသည်။

"အာဆီယံ ၁၀ နိုင်ငံ ကုန်သွယ်မှု သတင်းဝက်ဘ်ဆိုက်ထဲကို ဝင်ကြည့်ရင် နိုင်ငံတိုင်းရဲ့ အကြမ်းဖျင်းဒေတာတွေ အဖွင့်သတင်းတွေတော့ ကိုယ်ရမယ်။ သူတို့နိုင်ငံတွေရဲ့ ကောက်ခံမှုနှုန်းထားတွေသိရမယ်။ အခုဆို ရေထွက်ကုန်ပို့မယ့်သူတွေ သတိထားရတော့မယ်။ တရုတ်က မူအသစ်တစ်ရပ် ထုတ်ပြန်ထားတယ်။ ဒါကို မသိလိုက်ရင် ဆုံးရှုံးမှုက ကိုယ့်အတွက်များမယ်။ ကိုယ့်အကျိုး အမြတ်ကို ရှာနိုင်ဖို့ ကုန်သွယ်သူတွေအနေနဲ့ ဒီသတင်းဝက်ဘ်ဆိုက်ကို အသုံးချသင့်တယ်။ ဆိပ်ကမ်းရောက်မှ ပြန်သယ်ရတာမျိုး မဖြစ်ရအောင် လေ့လာသင့်တယ်"ဟု ၎င်းက ဆက်လက် ပြောကြားသည်။

တရုတ်နိုင်ငံမှ ကုန်သွယ်ရေးနှင့် ပတ်သက်၍ ယခု ၂၀၁၉ ခုနှစ်၊ မေ ၁၅ ရက်က ရေထွက်ကုန်ကဏ္ဍ ကုန်သွယ်ရေးအတွက် အမိန့်ကြော်ငြာစာ အသစ်ကြေညာထားပြီး ယင်းအမိန့်ကြော်ငြာစာသည် ရက်ပေါင်း ၆၀ အတွင်း အသက်ဝင်လာမည်ဖြစ်သောကြောင့် ပြည်တွင်းကုန်သည်များ မသိရှိပါက အခက်အခဲဖြစ်နိုင်သည်ဟု ဆိုသည်။ အဆိုပါ စီးပွားရေးနှင့် ကူးသန်းရောင်း ဝယ်ရေးသတင်း ဝက်ဘ်ဆိုက်မှ အာဆီယံ ကုန်သွယ်မှုအပြင် ကမ္ဘာ့ကုန်သွယ်မှုကိုပါ လေ့လာနိုင်ကြောင်း သိရသည်။ ထို့ပြင် သက်ဆိုင်ရာ နိုင်ငံများကလည်း စောင့်ကြည့် လေ့လာနေသောကြောင့် ကုန်သွယ်မှု၏ ကောင်းကျိုး၊ ဆိုးကျိုးများအား သိရှိနိုင်ပြီး ယင်းမှရရှိ သည့် နည်းလမ်းများကို ပြန်လည်အသုံးချနိုင်ကြောင်း သိရသည်။

**ပန်းဆု**

## SDCCI အသင်းသားများ စုပေါင်း၍ ကုမ္ပဏီဖွဲ့စည်း တည်ထောင်နိုင်ရေးနှင့် ရှေ့လုပ်ငန်းစဉ်များ ဆွေးနွေး

စစ်ကိုင်းခရိုင်ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (SDCCI) အသင်းသူ၊ အသင်းသားများ စုပေါင်း၍ ကုမ္ပဏီဖွဲ့စည်းတည်ထောင်နိုင်ရေးနှင့် ရှေ့ဆက် လုပ်ဆောင်ရမည့် လုပ်ငန်းများအတွက် အကြိုညှိနှိုင်း အစည်းအဝေးကို ဇွန် ၁၇ ရက်တွင် စစ်ကိုင်းမြို့၊ ပန်းဘဲတန်းရပ်၊ ဆင်များရှင်ဘုရားဝင်းအတွင်း SDCCI ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ စစ်ကိုင်းနည်းပညာတက္ကသိုလ်၊ စစ်ကိုင်းသမဝါယမတက္ကသိုလ်၊ စစ်ကိုင်းပညာရေးတက္ကသိုလ်များမှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် ကျောင်းသား၊ ကျောင်းသူများ၊ ဌာနဆိုင်ရာများ၊ စစ်ကိုင်း၊ မြင်းမူ၊ မြောင်၊ ဆားတောင်မြို့နယ်များမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် (SDCCI) အသင်းသူ၊ အသင်းသား စုစုပေါင်း ၇၆ ဦး တက်ရောက်ခဲ့သည်။

အဆိုပါအစည်းအဝေးတွင် SDCCI အသင်း၏ ဥပဒေရေးရာနှင့် အထွေထွေအကြံပေး ဦးဝင်းမော်က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး၊ SDCCI အသင်းဥက္ကဋ္ဌ ဦးကျော်ကျော်စိုးက မြန်မာနိုင်ငံမှ အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းရှင်များ (SMEs) ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ဒိန်းမတ်နိုင်ငံမှ မြန်မာ ကျပ်ငွေ ၁၈ ဘီလီယံတန်ဖိုးရှိ ယှဉ်ပြိုင်မှုအတွက် ထောက်ပံ့ငွေ (Challenge Fund) ပေးအပ်ခြင်း အစီအစဉ်ဖြစ်သည့် RBF Myanmar Program ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ ထို Program မှာ မြန်မာနိုင်ငံတွင်ရှိသော အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းရှင်များ (SMEs) တွင် တာဝန်ယူမှု၊ တာဝန်ခံမှုဆိုင်ရာ အလေ့အထအပြုအမူများ ပိုမိုတိုးတက်လာစေရန်အတွက် ဆန်းသစ် တီထွင်မှုရှိသော စီမံကိန်းများကို ငွေကြေးတစ်စိတ်တစ်ပိုင်း ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ ထောက်ပံ့ပေးမည့်ကဏ္ဍများမှာ စွမ်းအင်အလေအလွင့်လျော့နည်းရေး၊ ရေအရင်းအမြစ်အသုံးချမှု၊ စွန့်ပစ်ပစ္စည်းနှင့် အညစ်အကြေးများ အသုံးချမှု၊ ကျန်းမာရေးနှင့် လုံခြုံရေးလုပ်ငန်းစဉ်များ၊ အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကြီးကြပ်ခြင်းနှင့် ကွပ်ကဲခြင်းနည်းပညာများနှင့် လက်တွေ့ပညာရပ်ဆိုင်ရာ နည်းပညာများတို့ဖြစ်သည်။

ဆက်လက်၍ လုပ်ငန်းရှင်များအနေဖြင့် မိမိလုပ်ငန်းသည် အထက်နယ်ပယ်များတွင် တာဝန်ယူမှု၊ တာဝန်ခံမှု ယှဉ်ပြိုင်လိုစိတ်ရှိသော လုပ်ငန်းတစ်ခု ဖြစ်ပေါ်လာစေရန်အတွက် လုပ်ကိုင်ရန်ငွေကြေး အခက်အခဲများနှင့် ကြုံတွေ့နေရခြင်း၊ နည်းပညာဆိုင်ရာ အခက်အခဲများရှိနေသည်ဆိုပါက RBF အနေဖြင့် စီးပွားရေး လုပ်ငန်းရှင်များတွင် အသုံးချနိုင်ရန် ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ သို့ပါ၍ မိမိအသင်းကြီးမှ အသင်းသူ၊ အသင်းသားများ စုပေါင်း၍ ကုမ္ပဏီ ဖွဲ့စည်းတည်ထောင်နိုင်ရေးနှင့် စစ်ကိုင်းမြို့တွင် ကုန်စည်ဒိုင် တည်ထောင်နိုင်ရေးတို့ကို ဆွေးနွေးတိုင်ပင်သွားကြရန်၊ RBF ကို တင်သွင်းလျှောက်ထားရန် လိုအပ်သော စာရွက် စာတမ်းများကို ရှင်းလင်းပြောကြားခဲ့ပြီး ဇူလိုင်လတွင် Form ပိတ်မည်ဖြစ်၍ စစ်ကိုင်းခရိုင်အတွင်းရှိ လုပ်ငန်းရှင်များကို RBF အခွင့်အရေး ဆုံးရှုံးမည်ဆိုး၍ ယခုတက်ရောက်လာသော လုပ်ငန်းရှင်များမှ RBF အကြောင်း သတင်းအချက်အလက်များကို မျှဝေပေးစေချင်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ စားသုံးသူရေးရာဦးစီးဌာန၊ စစ်ကိုင်းခရိုင်ဦးစီးမှူး ဦးတင်အောင်ကျော်က RBF ကို တင်သွင်းလျှောက်ထားရာတွင် ပူးတွဲတင်ပြရမည့် လိုအပ်သော စာရွက်စာတမ်းများမှာ Company လိုင်စင် (သို့) စည်ပင်လုပ်ငန်းလိုင်စင် (သို့) အခြားလုပ်ငန်းလိုင်စင်နှင့် လျှောက်ထားသူသည် SME ဖြစ်ကြောင်း သက်သေခံ စာရွက်စာတမ်းများနှင့်တကွ အများဆုံးဝန်ထမ်း အယောက် ၆၀၀ (သို့) ကျပ်သိန်း ၁၀၀၀၀ ထက်မများသော စုစုပေါင်းမတည်ရင်းနှီးငွေဖြင့် လုပ်ကိုင်ထားသောလုပ်ငန်းဖြစ်ကြောင်းများ ပူးတွဲတင်ပြရမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး ကုမ္ပဏီလိုင်စင်ရှိပါက ပြည်တွင်းမှ တင်ပို့ရန်နှင့်ပြည်ပမှ တင်သွင်းရန်အတွက် ပို့ကုန်၊ သွင်းကုန်လိုင်စင်ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဆောင်ရွက်ပေးကြောင်း၊ လိုအပ်ပါက ချိတ်ဆက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းများကို ဆွေးနွေးပြောကြားခဲ့သည်။

**ခင်စောဝင်း (စစ်ကိုင်း)**

# Emerald Bay စီမံကိန်းအား ပြည်တွင်းရှိ မြို့ကြီးများနှင့် ပြည်ပနိုင်ငံများမှာပါ မိတ်ဆက်သွားမည်

Emerald Bay စီမံကိန်းအား ပြည်တွင်းရှိ မြို့ကြီး ၁၀ မြို့နှင့် ပြည်ပနိုင်ငံများတွင် မိတ်ဆက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

Emerald Bay ၏ Branding နှင့် Project မိတ်ဆက်ပွဲအခမ်းအနားကို ဇွန် ၂၅ ရက်တွင် မန္တလေးမြို့ရှိ The Palace of Golden Duck တွင် ကျင်းပခဲ့ခြင်းဖြစ်ပြီး အဆိုပါစီမံကိန်းကို ပြည်တွင်းရှိ တက်လမ်းကုမ္ပဏီမှ ၃၀ ရာခိုင်နှုန်းနှင့် စင်ကာပူ ဂိုလ်းဒန်းပါရာဂွန်မှ ၇၀ ရာခိုင်နှုန်းတို့ဖြင့် ပူးပေါင်းဆောက်လုပ်ခြင်းဖြစ်ကြောင်း သိရသည်။

“ပရောဂျက်မိတ်ဆက်တာကို စင်ကာပူနိုင်ငံနဲ့ တရုတ်ပြည်မှာ မိတ်ဆက်သွားဖို့ရှိပါတယ်။ မြန်မာနိုင်ငံမှာဆိုရင်လည်း မြို့ကြီး ၁၀ မြို့ဖြစ်တဲ့ မန္တလေး၊ တောင်ကြီး၊ လားရှိုး၊ မြစ်ကြီးနား စတဲ့ မြို့ကြီးတွေမှာ မိတ်ဆက်သွားမှာပါ။ အိမ်နီးချင်းနိုင်ငံတွေမှာရှိတဲ့ ကွန်ဒိုမီနီယံ ဥပဒေအရ နိုင်ငံခြားသားတွေလည်း ဝယ်ယူနိုင်တော့မှာပါ”ဟု စီမံကိန်း၏ Key Account Manager ကိုရဲသက်ဦးက ပြောသည်။

Emerald Bay စီမံကိန်းအား ကာစတမ်မာများအတွက် တရားဝင် မိတ်ဆက်ရောင်းချခြင်းကို ၂၀၁၉ ခုနှစ် မတ်လ ၃၀ ရက်တွင် ရောင်းချပေးခဲ့ခြင်းဖြစ်ပြီး ရောင်းချမှုအပိုင်းတွင်လည်း အရစ်ကျစနစ်ဖြင့် သုံးနှစ်၊ တစ်နှစ် စသည်ဖြင့် ဝယ်ယူရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

“နယ်ကဝယ်ချင်တဲ့သူတွေအတွက် ချက်ချင်းဝယ်ယူဖို့မဖြစ်တဲ့အတွက် ရန် ကုန်ကို လာကြည့်ဖို့အတွက် ဖိတ်ခေါ် သွားမှာပါ။ ဒီနေ့ပွဲမှာလည်း အခန်းကို စိတ်ဝင်စားရင် USD 100 သို့မဟုတ် မြန်မာငွေကျပ်နှစ်သိန်းကို ဘွတ်ကင် ပေးသွင်းခဲ့လို့ရတယ်။ ပြီးမှ သေချာကြည့်ပြီး ဆုံးဖြတ်လို့ရပါတယ်။ မကြိုက်ခဲ့ဘူးဆိုရင်လည်း ပြန်လည်ထုတ်ပေးသွားမှာပါ”ဟု စီမံကိန်း၏ Key Account Manager ကိုရဲသက်ဦးက ပြောသည်။

Emerald Bay ပရောဂျက်အနေဖြင့် ပြီးခဲ့သည့်နှစ် အောက်တိုဘာ ၂၇ ရက်တွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု၏ တရားဝင်ခွင့်ပြုချက်ကိုရရှိခဲ့ကာ သာကေတမြို့နယ်တွင် ဆောက်လုပ်နေခြင်းဖြစ်ပြီး Phase 1 ရှိ တာဝါနှစ်လုံးကို စတင်ရောင်းချချိန်မှ ယခုအချိန်အထိ ၄၀ ရာခိုင်နှုန်းခန့် ရောင်းချပြီးသွားပြီဖြစ်ကြောင်း သိရသည်။

**ချောစု**

# ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကဏ္ဍ မြှင့်တင်ရန် Yangon Hotel Expo 2019 ကျင်းပမည်




မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များ အသင်း(ရန်ကုန်ဇုန်)သည် စီးပွားရေးမြို့တော် ရန်ကုန်မြို့ရှိ ဟိုတယ်များနှင့် ခရီးသွားလုပ်ငန်းများ၏စီးပွားရေး အခွင့်အလမ်းများကိုပိုမိုတိုးတက်လာစေရန်ရည်ရွယ်၍ Yangon Hotel Expo 2019 ပြပွဲကို ကြီးမှူးကျင်းပမည်ဖြစ်ကြောင်း ဇွန် ၂၅ ရက်က ရန်ကုန်မြို့ရှိ Wyndham Grand Yangon Hotel ၌ ကျင်းပသော သတင်းစာရှင်းလင်းပွဲမှ သိရသည်။

ပြပွဲကို အောက်တိုဘာ ၁၈ ရက်မှ ၂၀ ရက်ထိ ရန်ကုန်မြို့ သာကေတမြို့နယ်ရှိ Myanmar Expo တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

“ရန်ကုန်မြို့က ဟိုတယ်လုပ်ငန်းရှင်တွေသာမက မြန်မာနိုင်ငံရဲ့ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကဏ္ဍထဲကသူတွေ အားလုံးစုပေါင်းပြီး နိုင်ငံတကာလုပ်ငန်းရှင်တွေ၊ ရင်းနှီးမြှုပ်နှံသူတွေ၊ အော်ပရေတာတွေနဲ့ အားလုံးစုပြီး ရန်ကုန်မြို့ကြီးမှာ တစ်စုတစ်စည်းတည်း တွေ့ပြီး လုပ်ငန်းတွေ ပူးပေါင်းဆောင်ရွက်နိုင်အောင် ဒီပြပွဲကြီးကို နိုင်ငံတကာပြပွဲအဖြစ် စီစဉ်တာပါ။ အခုလက်ရှိမှာ ရန်ကုန်လေဆိပ်ကနေ ခရီးသွားတွေ အဝင်များပေမယ့် သူတို့တွေက ရန်ကုန်မှာတစ်ရက်လောက်ပဲ နေကြပါတယ်။ ဒါကြောင့် ခရီးသွားတွေ ရန်ကုန်မှာ ကြာကြာနေနိုင်အောင်၊ လည်ပတ်နိုင်အောင် ကျွန်တော်တို့အနေနဲ့ ရန်ကုန်မြို့ရဲ့ သမိုင်းဝင်နေရာတွေ၊ အထင်ကရနေရာတွေ၊ လည်ပတ်စရာနေရာတွေ၊ ဈေးဝယ်နိုင်မယ့်နေရာတွေကို သက်ဆိုင်ရာအဖွဲ့အစည်းတွေ၊ လုပ်ငန်းရှင်တွေနဲ့ ပူးပေါင်းပြီး မြှင့်တင်ရေး လုပ်ငန်းတွေလုပ်ဆောင်သွားမှာ ဖြစ်ပါတယ်” ဟု မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း (ရန်ကုန်ဇုန်) ဥက္ကဋ္ဌ ဦးတင်မြင့်က ပြောသည်။

ပြပွဲကာလအတွင်း ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ၏ ပြခန်းများ၊ အခြားသော ဆက်စပ်လုပ်ငန်းများ၏ ပြခန်းများ၊ မြန်မာပြည်၏ထုတ်ကုန်များကိုပြသမည့် Fair Trade Local Market၊ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနနှင့်သက်ဆိုင်ရာအဖွဲ့အစည်းများ၏ ပြခန်းများ၊ ရန်ကုန်မြို့၏သမိုင်းကြောင်းများ၊ အထင်ကနေရာများကို ရှင်းလင်းပြသမည့် ပြခန်းများအပြင် ရန်ကုန်မြို့အတွင်း လည်ပတ်နိုင်မည့် ခရီးစဉ်တိုများကိုလည်း စီစဉ်ထားကြောင်း သိရသည်။

**သန်းထိုက်အောင်**

# Promoting National Brand အခမဲ့ဟောပြောဆွေးနွေးပွဲ မန္တလေးမြို့တွင် ပြုလုပ်မည်

SP Bakery ၏ Franchising Launch Event ဖြစ်သော "Promoting National Brand"အခမဲ့ဟော ပြောဆွေးနွေးပွဲကို ဇူလိုင် ၆ ရက် နံနက် ၉ နာရီတွင် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ Mandalay Convention Centre ၌ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

ဟောပြောပွဲတွင် ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်၊ ဦးအောင်နိုင်ဦး၊ ဦးတင်ဇံကျော်၊ ဦးမြင့်ဇော်နှင့် ဦးသူရိန်ငြိမ်းတို့က Promoting National Brand ခေါင်းစဉ်ဖြင့် ဟောပြော ဆွေးနွေးမည်ဖြစ်သည်။

စိတ်ပါဝင်စားသူများအနေဖြင့် ဖုန်းနံပါတ် ၀၉-၉၅၁၀၉၃၅၀၆ သို့ အမည်၊ ဖုန်းနံပါတ်၊ အလုပ်အကိုင်ဖော်ပြကာ SMS စာတိုပေးပို့ကာ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

Franchis စီးပွားရေးလုပ်ငန်းပုံစံမှာ နိုင်ငံတကာစီးပွားရေးဈေးကွက်အတွင်း လူကြိုက်များနေသော စနစ်တစ်မျိုးဖြစ်ပြီး ကိုယ်ပိုင်လုပ်ငန်း စတင်လိုသူများအနေဖြင့် အတွေ့အကြုံ၊အရင်းအနှီး၊ နည်းပညာနှင့် ဈေးကွက်အခိုင်အမာရှိသော ကုန်ပစ္စည်းအမှတ်တံဆိပ်တစ်ခုဆီကနေ အမည်အမှတ်တံဆိပ် ရယူသုံးစွဲကာ ကိုယ်ပိုင်လုပ်ငန်းကို စတင်နိုင်သော စနစ်တစ်ခုဖြစ်သည်။

**သန်းထိုက်အောင်**

# CB Bank နှင့် Shop.com.mm တို့ ပူးပေါင်း၍ အတိုးမဲ့ အရစ်ကျစနစ်ဖြင့် ဝယ်ယူနိုင်

CB ဘဏ်၏ Credit Card ကိုင်ဆောင်သူများသည် ဇွန်လမှစတင်ကာ နိုဝင်ဘာလကုန်အထိ အတိုးမဲ့အရစ်ကျ ဈေးဝယ်ခြင်းအစီအစဉ် (သုည ရာခိုင်နှုန်း IPP)ဖြင့် Shop. com. mm တွင် ဈေး ဝယ်ယူနိုင်မည်ဖြစ်ကြောင်း ဇွန် ၂၈ ရက်က ရန်ကုန်မြို့ LOTTE Hotel ၌ ပြုလုပ်သော The Digital Journey စာနယ်ဇင်းရှင်းလင်းပွဲမှ သိရသည်။

“CB Bank ဖောက်သည်တွေရဲ့ လူနေမှုပုံစံကို ပံ့ပိုးပေးနိုင်ဖို့နဲ့ ဈေးဝယ်ရာမှာ ရွေးချယ်မှုတွေ တိုးပွားစေရန် ကျွန်တော်တို့အစဉ်အမြဲကြိုးစား ဆောင်ရွက်နေပါတယ်။ ကတ်ဖြင့်ငွေပေးချေမှုက လွယ်ကူအဆင်ပြေတဲ့အတွက် ကတ်ဖြင့် ပေးချေမှုများကို လူကြိုက်များလာတာတွေ့ရပါတယ်။ အထူးသဖြင့် အမျိုးသမီးနဲ့ လူငယ်များဟာဆိုရင် အွန်လိုင်းမှတစ်ဆင့် ဈေးဝယ်ထွက်တာ ပိုမိုများပြားလာပါတယ်။ CB Bankအနေနဲ့ ဝန်ဆောင်မှုသစ်များ မိတ်ဆက်ပေးခြင်း၊ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ခြင်းဖြင့် ဖောက်သည်တွေရဲ့ လူမှုဘဝ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နေပါတယ်” ဟု CB Bank ၏ Head of Card ရ Merchant ဦးဇေယျာအောင်က ပြောသည်။

ယခုမိတ်ဆက်လိုက်သော အစီအစဉ်အရ CB Bank ၏ Credit Card ကိုင်ဆောင်သူများသည် Shop.com. mm တွင် ကျပ်တစ်သိန်းအထက် ဝယ်ယူမှုများအတွက် အတိုးမဲ့ အရစ်ကျ ဈေးဝယ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

“အတိုးနှုန်းလုံးဝမရှိဘဲ Shop. com.mm မှာရှိတဲ့ ပစ္စည်းတွေကို CB ဘဏ်ကတ်အသုံးပြုသူများဝယ်ယူပြီး ခြောက်လအရစ်ကျစနစ်ဖြင့် ပေးချေနိုင်တော့မှာပါ။ ဇွန်လကစလို့ နိုဝင်ဘာလကုန် အထိ ဒီအခွင့်အရေးကို ရယူနိုင်မှာဖြစ်လို့ Shop.com.mm က ကျင်းပတဲ့ ဈေးရောင်းပွဲတော်တွေမှာ အသုံးပြုနိုင်မှာဖြစ်သလို မြန်မာပြည်ရဲ့ အကြီးမားဆုံး အွန်လိုင်းဈေးရောင်းပွဲတော်ကြီးဖြစ်တဲ့ ၁၁ ရက် ၁၁ လမှာလည်း အသုံးပြုနိုင်မှာ ဖြစ်တာကြောင့် လက်မလွှတ်သင့်ဘူးလို့ ပြောလိုပါတယ်”ဟု Shop. com.mm ၏ Managing Director ဖြစ်သူ Mr. Frans Maas က ပြောသည်။

CB Bank သည် ၁၉၉၂ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး ဘဏ်ခွဲ ၂၂၀ ကျော်ကို ဝန်ထမ်း ၉၀၀၀ ဦးခန့်ဖြင့် လုပ်ငန်းလည်ပတ်နေကြောင်း သိရသည်။

**သန်းထိုက်အောင်**

# အီးဗီဇာ လျှောက်ထားမှုအတွက် ဝက်ဘ်ဆိုဒ်များမှ လျှောက်ထားခြင်းကို ခွင့်မပြုတော့

ပြည်တွင်းသို့ ပြည်ဝင်ခွင့်ရရှိရန်အတွက် အီးဗီဇာ လျှောက်ထားရာတွင် ကြားခံဝန်ဆောင်မှုပေးသည့် ဝက်ဘ်ဆိုဒ်များမှတစ်ဆင့် လျှောက်ထားခြင်းကို ခွင့်မပြုတော့ကြောင်း ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ သိရသည်။

ပြည်ဝင်ခွင့်အတွက် အီးဗီဇာ လျှောက်ထားရာတွင် ဝန်ကြီးဌာနမှ ဆောင်ရွက်နေသည့် အီးဗီဇာကို ဝန်ဆောင်ခနှုန်းထား ကြီးမြင့်စွာကောက်ခံနေပြီး တစ်ဆင့်ခံဆောင်ရွက်မှုများရှိနေသည့်အတွက် www.ivisa.com မှ တစ်ဆင့် လျှောက်ထားမှုများကို ငြင်းပယ်သွားမည်ဖြစ်သလို ဝက်ဘ်ဆိုဒ် အီးမေးလ်ဒိုမိန်းဖြစ်သည့် govereply.visa.com ဖြင့် အီးဗီဇာ လျှောက်ထားမှုများကိုလည်း ငြင်းပယ်သွားမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ ဇွန် ၂၁ ရက်တွင် အသိပေး ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

“အီးဗီဇာကိစ္စက အခကြေးငွေယူပြီး အတုလုပ်တာတွေ ရှိလို ကန့်သတ်လိုက်တာပါ။ ဖမ်းမိတာတွေလည်းရှိပါတယ်။ အဲဒါကြောင့် တရားဝင်ဖြစ်တဲ့ ကျွန်တော်တို့ရဲ့ ဌာနရဲ့ ဝက်ဘ်ဆိုဒ်ကနေပဲ လျှောက်ထားကြပါလို့ ပြောချင်ပါတယ်”ဟု အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အီးဗီဇာ လျှောက်ထားလိုသူများ အနေဖြင့် တရားဝင်ဖြစ်သည့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ဝက်ဘ်ဆိုဒ်ဖြစ်သည့် https://evisa.moip.gov.mm မှ လျှောက်ထားရမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် မြန်မာနိုင်ငံအနေဖြင့် အီးဗီဇာစနစ်ကို ကမ္ဘာလှည့်ဗီဇာနှင့် နိုင်ငံပေါင်း ၁၀၀၊ စီးပွားရေးဗီဇာနှင့် နိုင်ငံပေါင်း ၅၅ နိုင်ငံကို ခွင့်ပြုထားပြီး အပြည်ပြည်ဆိုင်ရာလေဆိပ်သုံးခုအပြင် မြန်မာ- ထိုင်း၊ မြန်မာ- အိန္ဒိယ အပြည်ပြည်ဆိုင်ရာ နယ်စပ်ဝင်ထွက်ပေါက်များမှ ဝင်ထွက်ခွင့်ပြုထားကြောင်း သိရသည်။

**ချောစု**

# [illegible]

ကျွန်မတို့ကဲ့သို့သော ဝန်ထမ်းများသည် တာဝန်အရသော်လည်းကောင်း၊ မိမိကိုယ်ရေးကိုယ်တာအရသော်လည်းကောင်း မကြာခဏဆိုသလို ခရီးထွက်ခွာရလေ့ရှိရာ မတော်တဆဘေးဥပဒ်အန္တရာယ်နှင့်ရင်ဆိုင်ကြုံတွေ့ရန်ဖြစ်နိုင်ခြေများလှသည်။ နိုင်ငံ့ဝန်ထမ်းသည်မတော်တဆဘေးဥပဒ်အန္တရာယ်ကြောင့် အသက်အန္တရာယ်ထိခိုက်သွားမည်ဆိုပါက မိမိကိုမှီခိုအားထားနေရသော မိသားစုအရေးမှာရတက်မအေးဖွယ်ရာဖြစ်မည်။ ထို့ကြောင့် နိုင်ငံ့ဝန်ထမ်းများအား အသက်အရွယ်နှင့် ရရှိသော လစာနှုန်းထားများအရ မြန်မာ့အာမခံလုပ်ငန်းတွင် အသက်အာမခံထားရှိရန် မြန်မာ့အာမခံလုပ်ငန်းနည်းဥပဒေအခန်း(၆)၊ အပိုဒ်(၁၃)တွင် ဖော်ပြထားရှိသည်။ ထို့ပြင် ပြည်ထောင်စုအစိုးရအဖွဲ့၏ အစည်းအဝေး အမှတ် စဉ်(၉/၂၀၁၈) အရ သဘောတူညီပြီး နိုင်ငံဝန်ထမ်းများအတွက် ပိုမို အကျိုးရှိစေမည့် နိုင်ငံ့ဝန်ထမ်းအသက်အာမခံ(ကာလတို)အား ၂၀၁၈ ခုနှစ် ဇွန် ၂၀ ရက်မှစတင်၍ မြန်မာ့အာမခံလုပ်ငန်းမှလက်ခံ ဆောင်ရွက်ပေးလျက်ရှိသည်။

### ဝန်ထမ်းများစိတ်ဝင်စားမှုနည်းပါးရခြင်းအကြောင်းရင်းများ

အသက်အာမခံထားရှိရန်အတွက် ဝန်ထမ်းများစိတ်ဝင်စားမှုနည်းပါးရခြင်းအကြောင်းရင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ကာလကြာရှည်ခြင်း

(ခ) အာမခံလျော်ကြေးဆွဲဆောင်မှုမရှိခြင်း

(ဂ) ကာလရှည်ဖြစ်သည့်အတွက် ငွေကြေးဖောင်းပွမှုနှင့် ရင်ဆိုင်ရခြင်း

(ဃ) ပြန်လည်တောင်းခံသည့်အချိန်တွင် ငွေတန်ဖိုးကျဆင်းမှုတို့ကို ကြုံတွေ့ရခြင်း စသည့် အကြောင်းရင်းများကြောင့်ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် နိုင်ငံ့ဝန်ထမ်းအသက်အာမခံထားရှိစေရေး စိတ်ဝင်စားမှုရှိစေရန် အသက်ကန့်သတ်ချက် ၁၈ နှစ်မှ ၅၇ နှစ်အထိရှိသော နိုင်ငံ့ဝန်ထမ်းများသည် အာမခံထားငွေ အများဆုံး ကျပ်သိန်း ၃၀၀ အထိ ထားရှိနိုင်သည်။မြန်မာ့အာမခံလုပ်ငန်းသည် နိုင်ငံတော်ပိုင်လုပ်ငန်းဖြစ်သည်နှင့်အညီ နိုင်ငံ့ဝန်ထမ်းများအသက်အာမခံ(ကာလတို)ထားရှိရေးကို ဆောင်ရွက်လျက်ရှိသည်။

### အာမခံထားရှိခြင်းဖြင့်ရရှိမည့်အကျိုးကျေးဇူးများ

နိုင်ငံ့ဝန်ထမ်းများသည် အသက်အာမခံ (ကာလတို)ထားရှိခြင်းဖြင့် -

(က) ငွေစုဆောင်းသည့် အလေ့အထရရှိခြင်း

(ခ) ဝင်ငွေခွန်၊ဘဏ္ဍာခွန် ရရှိစေခြင်း

(ဂ) နှစ်စေ့တောင်းခံငွေတွင် အပိုဆုကြေးပါဝင်သောကြောင့် ငွေကြေးဖောင်းပွမှုကို အကာအကွယ်ပေးခြင်း

(ဃ) မမျှော်လင့်သော ဖြစ်ရပ်ဆိုးများနှင့်ကြုံခဲ့သော် မိသားစုအတွက် ငွေကြေးအထောက်အပံ့ရရှိစေခြင်း

(င) ပေးသွင်းရသည့် အာမခံငွေပမာဏထက် ပိုမိုသော အာမခံအကျိုးခံစားခွင့်ငွေရရှိနိုင်ခြင်း

(စ) အာမခံအကျိုးခံစားခွင့်ပေါ်တွင် အခွန်ကင်းလွတ်ပိုင်ခွင့်ရှိခြင်း

**မျိုးသီတာ (မြင်းခြံ)**

(ဆ) အာမခံမှရရှိသည့် အကျိုးခံစားခွင့်ကို မည်သည့် အကြွေးရှင်ကမျှ ဝရမ်းမကပ်နိုင်ခြင်း

(ဇ) နိုင်ငံတော်ဝင်ငွေတိုးပွားစေရန် ကူညီရာရောက်ခြင်း စသည့် အကျိုးကျေးဇူးများလည်း ရရှိခံစားရမည်ဖြစ်သည်။

### ကန့်သတ်ချက်များ

နိုင်ငံ့ဝန်ထမ်းများအတွက် အသက်အာမခံအကာအကွယ်ရရှိရန်အတွက် အသက် ၁၈ နှစ်မှ ၅၇ နှစ်ထိရှိသော နိုင်ငံ့ဝန်ထမ်းများသည် အာမခံသက်တမ်းအားသုံးနှစ်၊ ငါးနှစ်၊ ၁၀ နှစ်ဟူ၍ သတ်မှတ်ထားရာ မိမိနှစ်သက်ရာရွေးချယ်၍ အများဆုံးကျပ်သိန်း ၃၀၀ အထိ အာမခံထားရှိနိုင်ပြီး လစဉ်ပေးသွင်းသည့် အာမခံကြေးသည် လစာ၏ ၁၅ ရာခိုင်နှုန်းထက်ကျော်လွန်ခြင်းမရှိရပါ။ နိုင်ငံ့ဝန်ထမ်းသည် အာမခံထားငွေကျပ်သိန်း ၂၀ အထိ ဆေးစစ်ခြင်းကင်းလွတ်ခွင့်ရှိပြီး အာမခံထားငွေကျပ်သိန်း ၂၀ ထက်ကျော်လျှင် ကျန်းမာရေးဝန်ကြီးဌာနအသိအမှတ်ပြုဆေးရုံ၊ ဆေးခန်း၏ ဆေးစစ်ချက်ပုံစံဖြင့်ဆေးစစ်ရန်ဖြစ်ပြီး ဆေးစစ်ခကျသင့်ငွေကို လိုအပ်သည့်အထောက်အထားများဖြင့် ပြန်လည်ထုတ်ယူခံစားခွင့်ရှိသည်။

### အကျိုးခံစားခွင့်များ

နိုင်ငံ့ဝန်ထမ်း အသက်အာမခံ(ကာလတို)ထားရှိခြင်းအားဖြင့် အာမခံသက်တမ်းစေ့လျှင်အပိုဆုကြေးပါသော နှစ်စေ့တောင်းခံငွေကို အာမခံထားသူကိုယ်တိုင် ထုတ်ယူနိုင်သည်။ ဥပမာအားဖြင့် အာမခံသက်တမ်းသုံးနှစ်တွင် အာမခံထားငွေကျပ် ၁၀ သိန်းထားရှိပါက နှစ်စေ့လျှင်အကျိုးခံစားခွင့် ကျပ် ၁၂ သိန်းရရှိမည်ဖြစ်သည်။ အာမခံသက်တမ်းအတွင်း အာမခံထားသူကွယ်လွန်ပါက အကျိုးခံစားခွင့်ရှိသူမှ အများဆုံးအာမခံထားငွေပမာဏကို အကုန်ခံစားခွင့်ရှိသည်။အာမခံထားသူသည် ထာဝစဉ်မသန်မစွမ်းဖြစ်ပါက အများဆုံးအာမခံထားငွေပမာဏကို ထုတ်ယူနိုင်သည်။

### ချေးငွေပြန်လည်ထုတ်ယူနိုင်ခြင်း

နိုင်ငံ့ဝန်ထမ်းသည် လစဉ်လဆန်း ၁ ရက်တွင် အာမခံထားပြီး ၁၅ ရက်ထက်နောက်မကျစေဘဲ ပေးသွင်းရမည်ဖြစ်သည်။အသက်အာမခံပရီမီယံကို တစ်နှစ်ဆက်တိုက်ပေးသွင်းပြီးဖြစ်ပါက ပေါ်လစီတည်မြဲပြီး မိမိပေးသွင်းထားသော ပရီမီယံ၏ ၈၀ ရာခိုင်နှုန်းပေါ်တွင် ၉၅ ရာခိုင်နှုန်းကို ထုတ်ချေးခြင်းဖြစ်သည်။ ဥပမာဖြင့်ရှင်းလင်းတင်ပြရမည်ဆိုပါက အသက် ၂၅ နှစ်ရှိနိုင်ငံ့ဝန်ထမ်းသည် အသက်အာမခံ(ကာလတို)သုံးနှစ်သက်တမ်းထားသည်ဆိုပါစို့ ၎င်း၏ ပရီမီယံ လစဉ်ပေးသွင်းငွေမှာ ကျပ် ၃၂၁၀၀ ဖြစ်ရာ တစ်နှစ်လုံး ဆက်တိုက်ပေးသွင်းငွေကျပ် ၃၈၅၂၀၀ ဖြစ်ပြီး ပေးသွင်းငွေ၏ ၈၀ ရာခိုင် နှုန်းမှာ ကျပ် ၃၀၈၁၆၀ ဖြစ်သည်။သို့ဖြစ်ပါ၍ နိုင်ငံ့ဝန်ထမ်းသည် ပေးသွင်းငွေ ၈၀ ရာခိုင်နှုန်းဖြစ်သော ငွေကျပ် ၃၀၈၁၆၀ ၏ ၉၅ ရာခိုင်နှုန်း ၂၉၂၇၅၂ ကျပ်အားချေးငွေအဖြစ် ရရှိမည်ဖြစ်ပြီး တစ်နှစ် လျှင် အတိုးနှုန်း ၆ ဒသမ ၂၅ ရာခိုင်နှုန်းဖြင့် ချေးငွေကိုပြန်လည်ထုတ်ယူနိုင်မည်ဖြစ်သည်။

### နှစ်စေ့ခြင်း

အာမခံထားသူကိုယ်တိုင်အပိုဆု(အမြတ်)ပါသော နှစ်စေ့တောင်းခံငွေကို ထုတ်ယူနိုင်သည်။

### အကျိုးခံစားခွင့် အကျုံးမဝင်သော အချက်များ

သိန်းနှစ်ဆယ်အောက် အာမခံထားသူများမှာ အာမခံထားပြီးနောက်ခြောက်လအတွင်းဖြစ်သော ကင်ဆာ HIV/AIDS ရောဂါများအတွက် အကျိုးခံစားခွင့်မရရှိပါ။ မိမိကိုယ်ကိုသတ်သေခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် သေဆုံးခြင်း၊ ရာဇဝတ်မှုကျူးလွန်ခြင်းကြောင့်သေဆုံးခြင်းများအတွက် အကျိုးခံစားခွင့်မရနိုင်ပါ။

### အာမခံသက်တမ်းအလိုက်ပေးသွင်းရမည့်နှုန်းထားများ

နိုင်ငံ့ဝန်ထမ်းသည် အသက်အာမခံ(ကာလတို)အသက် အာမခံထားငွေ ကျပ် ၁၀ သိန်းထားရှိမည်ဆိုပါက အောက်ဖော်ပြပါ သက်တမ်းအလိုက် လစဉ်အာမခံငွေကို ပေးသွင်းရမည်ဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (က) | (၃)နှစ်သက်တမ်း | | |
| | အသက် (နှစ်) | နှုန်းထား(ကျပ်) | စုစုပေါင်းပေးသွင်းငွေ(ကျပ်) |
| | ၁၈-၃၂ | ၃၂၁၀၀ | ၁၁၅၆၀၀၀ |
| | ၃၃ - ၄၃ | ၃၂၂၀၀ | ၁၁၅၉၀၀၀ |
| | ၄၄ - ၄၈ | ၃၂၃၀၀ | ၁၁၆၃၀၀၀ |
| | ၄၉ - ၅၁ | ၃၂၄၀၀ | ၁၁၆၆၀၀၀ |
| | ၅၀ - ၅၃ | ၃၂၅၀၀ | ၁၁၇၀၀၀၀ |
| | ၅၄ - ၅၅ | ၃၂၆၀၀ | ၁၁၇၄၀၀၀ |
| | ၅၆ နှစ် | ၃၂၇၀၀ | ၁၁၇၇၀၀၀ |
| | ၅၇ နှစ် | ၃၂၈၀၀ | ၁၁၈၁၀၀၀ |
| (ခ) | (၅)နှစ်သက်တမ်း | | |
| | အသက် (နှစ်) | နှုန်းထား(ကျပ်) | စုစုပေါင်းပေးသွင်းငွေ(ကျပ်) |
| | ၁၈ - ၃၆ | ၁၈၂၀၀ | ၁၀၉၂၀၀၀ |
| | ၃၇ - ၄၄ | ၁၈၃၀၀ | ၁၀၉၈၀၀၀ |
| | ၄၅ - ၄၈ | ၁၈၄၀၀ | ၁၁၀၄၀၀၀ |
| | ၄၉ - ၅၁ | ၁၈၅၀၀ | ၁၁၁၀၀၀၀ |
| | ၅၂ - ၅၃ | ၁၈၆၀၀ | ၁၁၁၆၀၀၀ |
| | ၅၄ နှစ် | ၁၈၇၀၀ | ၁၁၂၂၀၀၀ |
| (ဂ) | (၁၀) နှစ်သက်တမ်း | | |
| | အသက် (နှစ်) | နှုန်းထား(ကျပ်) | စုစုပေါင်းပေးသွင်းငွေ(ကျပ်) |
| | ၁၈ - ၂၁ | ၇၈၀၀ | ၉၃၆၀၀၀ |
| | ၂၂ - ၃၈ | ၇၉၀၀ | ၉၄၈၀၀၀ |
| | ၃၉ - ၄၃ | ၈၀၀၀ | ၉၆၀၀၀၀ |
| | ၄၄ - ၄၆ | ၈၁၀၀ | ၉၇၂၀၀၀ |
| | ၄၇ - ၄၉ | ၈၂၀၀ | ၉၈၄၀၀၀ |
| | ၅၀ နှစ် | ၈၃၀၀ | ၉၉၆၀၀၀ |

**စာမျက်နှာ (၃၂)သို့**

## မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် ပူးပေါင်း၍ စားသုံးသူကာကွယ်ရေး အသိပညာပေးဟောပြော

မုံရွာမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် စားသုံးသူရေးရာဦးစီးဌာနတို့ပူးပေါင်း၍ မုံရွာမြို့နယ် အလုံအထက်တန်းကျောင်း သို့ ဇွန် ၂၁ ရက်ကလည်းကောင်း၊ ကြာပိုင်ကျေးရွာ အလယ်တန်းကျောင်းသို့ ဇွန် ၂၆ ရက်ကလည်းကောင်း အသိပညာပေး ဟောပြောပွဲများ ကျင်းပခဲ့သည်။ မုံရွာမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဌနှင့် အဖွဲ့ဝင်များတက်ရောက်ပြီး ဝမ်းပျက်ဝမ်းလျှောရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ၊ ရာသီတုပ်ကွေးရောဂါများနှင့် ပတ်သက်၍ ကြိုတင်ကာကွယ်နိုင်ရေး၊ ကျောင်းကျန်းမာရေး၊ သန့်ရှင်းရေးများ၊ ဆေးလိပ်ဆေးရွက်ကြီးနှင့်မူးယစ်ဆေးဝါးအန္တရာယ်များကို အသိပညာပေး ဟောပြောသည်။

ယခင်ခေတ်ကာလများက စားသုံးသူအကာအကွယ်ပေးမှုများ မရှိခဲ့သေးဘဲ လွန်ခဲ့သည့်ငါးနှစ်ကစတင်၍ မြန်မာနိုင်ငံအတွင်း စားသုံးသူ အခွင့်အရေးနစ်နာဆုံးရှုံးမှုမရှိအောင် ဥပဒေ ထုတ်ပြန်ထားရှိပြီး ကာကွယ်ပေးမည့် ဌာနအဖွဲ့အစည်း ပေါ်ပေါက်လာပြီဖြစ်သည့်အတွက် ယခုခေတ် ကလေးများအတွက် အကျိုးပြုကြောင်း၊ နိုင်ငံတကာ စံနှုန်းနှင့်အညီ သတ်မှတ်ထားသည့် စားသုံးသူအခွင့်အရေးများကို သိရှိပြီး ကာကွယ်တတ်ဖို့၊ လိုက်နာတတ်ဖို့၊ လက်တွေ့အသုံးချတတ်ဖို့လည်း လိုအပ်သဖြင့် စားသုံးသူကာကွယ်ရေးဥပဒေပါအချက်များကို လူငယ်များ နားလည်မှတ်သားနိုင်သည့်နမူနာများဖြင့် စားသုံးသူရေးရာဦးစီးဌာန မုံရွာခရိုင်ဦးစီးမှူးက ဟောပြောရှင်းလင်းခဲ့သည်။ **ရီလင်းထွဋ် (မုံရွာ)**

# စစ်ကိုင်းခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ (၂၂)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၂၂) ကြိမ်မြောက် (၆/၂၀၁၉) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၂၅ ရက်တွင် စစ်ကိုင်းခရိုင်၊ စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်ဦးစီးမှူးရုံး၌ကျင်းပခဲ့ရာ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့မှ အဖွဲ့ဝင်များ စားသုံးသူကိုယ်စားလှယ်၊ စီးပွားရေး လုပ်ငန်းရှင်၊ ဌာနမှဝန်ထမ်းများ အပါအဝင် စုစုပေါင်း ၁၇ ဦး တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် စစ်ကိုင်းခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ အတွင်းရေးမှူး စစ်ကိုင်းခရိုင်၊ စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးတင်အောင်ကျော်က ၅/၂၀၁၉ အစည်းအဝေး ဆုံးဖြတ်ချက်အပေါ် မှတ်တမ်းတင်ခွင့်ပြုပါရန်၊ ၂၀၁၉ ခုနှစ် မေ ၃၀ ရက်က စစ်ကိုင်းခရိုင်ဦးစီးမှူးရုံး စားသုံးသူရေးရာဦးစီးဌာနအစည်းအဝေးခန်းမတွင် ကျင်းပသော အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ လုပ်ငန်း ညှိနှိုင်းအစည်းအဝေးဆုံးဖြတ်ချက် ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် ဇွန်လ လုပ်ငန်းဆောင်ရွက်မှု စားသုံးသူရေးရာအဖွဲ့ ဖွဲ့စည်းပြီးစီးမှု၊ ၂၀၁၉ ခုနှစ် ဇွန်လအတွင်း ထုတ်ကုန်လုံခြုံစိတ်ချရမှုဌာနခွဲမှ မြို့နယ်အလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေ၊ လုံခြုံစိတ်ချရမှုမရှိသော ကုန်ပစ္စည်းများအား ဈေးကွက်အတွင်းမှ ပြန်လည်သိမ်းဆည်း/တားမြစ်ခြင်းဆောင်ရွက်မှု၊ ဈေးကွက်စောင့်ကြည့်လေ့လာစစ်ဆေးချက် မှတ်တမ်းဆောင်ရွက်မှု၊ ရှောင်တခင် ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်မှု၊ (၇/၂၀၁၉)လ အတွင်းဆောင်ရွက်မည့်အစီအစဉ်နှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများအား တင်ပြခဲ့သည်။

ထို့နောက် တက်ရောက်လာသည့် အဖွဲ့ဝင်များ၏ တင်ပြဆွေးနွေးမှုများကို ဝိုင်းဝန်းအကြံပြု ဆွေးနွေးခဲ့ကြပြီး မိတ်ဖက်ဆက်စပ်ဌာနများမှလည်း ရှေ့ဆက်လက် လုပ်ငန်းများကို ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အသေးစိတ်ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

**သင်းယုနွယ် (စစ်ကိုင်း DOCA)**

# ပုသိမ်မြို့တွင် စားသုံးသူကာကွယ်ရေး အသိပညာပေးဟောပြော

ပုသိမ်မြို့ စားသုံးသူရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစိုးအောင်နှင့် ဝန်ထမ်းများသည် Ocean Super Center ၌ ဇွန် ၂၄ ရက်တွင် စားသုံးသူကာကွယ်ရေး အသိပညာ ပေးဟောပြောပွဲကျင်းပရာ လုပ်ငန်းရှင်များနှင့် အရောင်းဝန်ထမ်းများ စုစုပေါင်း ၃၅ ဦး တက်ရောက်ခဲ့သည်။

စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးအောင်က အဖွင့်အမှာစကားပြောကြားရာတွင် စားသုံးသူ ကာကွယ်ရေးဥပဒေ (၂၀၁၉)ပါ ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ အာမခံပေးခြင်းနှင့် အရေးယူ ဆောင်ရွက်ပေးခြင်းများအကြောင်းကို ဥပမာပေးရှင်းလင်းဆွေးနွေးပြီး ပုသိမ်ခရိုင် ဦးစီးမှူး ဦးစိုးဦးက စားသုံးသူအခွင့်အရေးနှင့် အကျိုးစီးပွားများ ထိခိုက်နစ်နာမှုမရှိစေရေး အသိပညာပေး ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ စားသုံးသူရေးရာဌာနခွဲမှူး ဦးစောမိုက်ကယ်က စားသုံးသူကာကွယ်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဧရာဝတီတိုင်းဒေသကြီးအတွင်း စစ်ဆေးရေးအရာရှိ ၂၉ ဦးခန့်ထားပြီးဖြစ်ကြောင်းနှင့် ဥပဒေပါ သိကောင်းစရာများ၊ တိုင်ကြားမှုလက်ခံဆောင်ရွက်ပေးမှု အခြေအနေ၊ တိုင်ကြားလာမှုများအပေါ် ရသင့်ရထိုက်သော အခွင့်အရေးများမနစ်နာစေရေး ဆောင်ရွက်ပေးနေမှုများကို အကျယ်တဝင့် ဟောပြောဆွေးနွေး၍ လက်ကမ်းစာစောင်များ၊ ဥပဒေစာအုပ်များလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မင်းမင်းဦး (ပုသိမ်)**

# ရာဇသင်္ကြန်ဈေးနှင့် ပုဏ္ဏာမိဈေးတို့တွင် ဈေးကွက်အတွင်း ထုတ်ကုန်လုံခြုံစိတ်ချမှုရှိစေရေး ကွင်းဆင်းစစ်ဆေး

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ်ရှိ ရာဇသင်္ကြန်ဈေးနှင့် ပုဏ္ဏာမိဈေးရှိ ကုန်စုံဆိုင်များတွင် တောင်ဥက္ကလာပမြို့နယ်၊ စည်ပင်သာယာရေးကော်မတီရှိ ဈေးတာဝန်ခံများနှင့် စားသုံးသူရေးရာ ဦးစီးဌာန၊ အရှေ့ပိုင်းခရိုင်ဦးစီးမှူးရုံး၊ ဒုတိယခရိုင်ဦးစီးမှူးဦးဆောင်သော ဝန်ထမ်းအဖွဲ့တို့ပူးပေါင်း၍ ဇွန် ၁၃ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ကွင်းဆင်းစစ်ဆေးရာတွင် ရောင်းချထားသည့် ကုန်စည်များသက်တမ်းလွန်ခြင်း ရှိ/မရှိ၊ (၁/၂၀၁၉) စားသုံးသူကာကွယ်ရေးဥပဒေ၊ အခန်း (၁၈) ကုန်အညွှန်းအမှတ်အသား ဖော်ပြရာတွင် ကုန်စည်၏အမျိုးအမည်၊ အရွယ်အစား၊ အရေအတွက်နှင့် အသားတင်ပမာဏ၊ ထားသိုသိမ်းဆည်းမှုအညွှန်း၊ သုံးစွဲပုံနည်းလမ်း၊ ကျန်းမာရေးဆိုင်ရာဘေးထွက်ဆိုးကျိုးနှင့် ကြိုတင်သတိပေးချက်တို့ကို မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာနှင့် အခြားဘာသာ တွဲလျက်ဖြစ်စေ ရေးသားဖော်ပြမှသာလျှင် ဝယ်ယူရောင်းချရန်၊ ၂၀၂၀ ပြည့်နှစ် မတ် ၁၅ ရက်မှ စတင်အာဏာ သက်ရောက်မည်ဖြစ်ကြောင်း၊ ဈေးသူ/ဈေးသားများအနေဖြင့် ကုန်စည်များရောင်းချရာတွင် နိုင်ငံတော်မှ ချမှတ်ထားသည့် ဥပဒေများကို သိရှိရန်လိုအပ်ကြောင်း၊ စည်းမျဉ်းစည်းကမ်းနှင့်အညီ ရောင်းချရန်လိုအပ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

**နွယ်ဇင်(ရန်ကုန်)**

# ဖျာပုံမြို့ အထက(၁)နှင့် အမက(၁၈) တို့တွင် စားသုံးသူအသိပညာပေး ဟောပြော၊ ကျောင်းမုန့်ဈေးတန်းစစ်ဆေး

ဖျာပုံမြို့နယ် ကျန်းမာရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် စားသုံးသူရေးရာ ဦးစီးဌာနနှင့် ကျောင်းမုန့်ဈေးတန်းကြီးကြပ်ရေးအဖွဲ့များပူးပေါင်း၍ ဇွန် ၂၄ ရက် တွင် အ. ထ. က(၁)ကျောင်း၌လည်းကောင်း၊ ဇွန် ၂၅ ရက်တွင် အ. မ. က(၁၈) ချောင်းတွင်းတောင်ကျောင်း၌ လည်းကောင်း၊ စားသုံးသူ အသိပညာပေးဟောပြောခြင်းနှင့် ကျောင်းမုန့်ဈေးတန်းများအား ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

အဆိုပါကျောင်းများတွင် စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံ ဦးမိုးမင်းသန်းက စားသုံးသူကာကွယ်ရေးဥပဒေဖြစ်ပေါ်လာပုံနှင့် ဥပဒေအရလက်ရှိလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ ကျန်းမာရေးဦးစီးဌာနမှဒေါက်တာသန့်ဇင်နိုင်က သွေးလွန်တုပ်ကွေးကာကွယ်ရေးအကြောင်းနှင့် ရာသီတုပ်ကွေးH1N1 ရောဂါဖြစ်ပေါ်လာပုံနှင့် ကြိုတင်ကာကွယ်ရေးနည်းလမ်းများ၊ စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယမြို့နယ်တာဝန်ခံဦးမင်းဇော်က ၂၀၁၉ ခုနှစ် စားသုံးသူ ကာကွယ်ရေး ဥပဒေပါစားသုံးသူအခွင့်အရေးရှစ်ချက်နှင့် စီးပွားရေးလုပ်ငန်းရှင်၏တာဝန်များ၊ ဥပဒေအခန်း(၁၈)ပါ ကုန်အညွှန်းအမှတ်အသားဖော်ပြရာတွင် မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာဘာသာနှင့်အခြားဘာသာတစ်ခုသို့မဟုတ်တစ်ခုထက်ပို၍ တွဲလျက်ဖြစ်စေရေးသားဖော်ပြရန်နှင့် ၂၀၂၀ ပြည့်နှစ် မတ် ၁၅ ရက်နောက်ပိုင်းတွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဌာနတွင်သတင်းပြန်ကြားရေးနှင့် တိုင်ကြားစာလက်ခံဆောင်ရွက်ရေးစင်တာ(CICC) ဖွင့်လှစ်ထားကြောင်း၊ စားသုံးသူများနစ်နာဆုံးရှုံးမှုများကိုလူထုဆက်သွယ်ရေးနည်းလမ်းဖြင့် Website ကတိုင်ကြားနိုင်ကြောင်း၊ လက်ကမ်းစာစောင်တွင် တိုင်ကြားနိုင်သည့် ဖုန်းနံပါတ်များ၊ လိပ်စာများ ဖော်ပြပေးထားကြောင်း ဆွေးနွေးဟောပြောခဲ့သည်။

ဟောပြောပွဲသို့ အ. ထ. က(၁)မှ ဆရာ/ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ ၅၁၅ ဦး၊ အ. မ. က(၁၈)ချောင်းတွင်းတောင်ကျောင်းမှ ဆရာ/ဆရာမနှင့် ကျောင်းသား ကျောင်းသူ ၁၂၄ ဦး တက်ရောက်ကြောင်း သိရသည်။

**မင်းဇော်မွန်(ဖျာပုံ)**

# တန့်ဆည်မြို့နယ် စည်ပင်သာယာဈေးအမှတ်(၂)ရှိ ကုန်စုံဆိုင်များအား ရှောင်တခင်စစ်ဆေး



တန့်ဆည်မြို့နယ် အတွင်းရှိ စားသုံးသူပြည်သူများ ကုန်စည်များအား ဘေးဥပဒ်အန္တရာယ်ကင်းရှင်းစွာ၊ လုံခြုံစိတ်ချစွာ ဝယ်ယူသုံးစွဲနိုင်ရေး ရည်ရွယ်၍ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးကျော်ငွေ ခေါင်းဆောင်၍ တန့်ဆည်မြို့နယ် စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေးဌာန၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီ၊ တန့်ဆည်မြို့နယ် ရဲတပ်ဖွဲ့၊ ဈေးစားသုံးသူရေးရာအဖွဲ့တို့ ပါဝင်သော ပူးပေါင်းအဖွဲ့ ၁၁ ဦးသည် ဇွန် ၂၄ ရက်တွင် တန့်ဆည်မြို့နယ် စည်ပင်သာယာဈေးအမှတ်(၂)ရှိ ကုန်စုံဆိုင် ၁၃ ဆိုင်အား စားသုံးရန်မသင့် အစားအသောက်များ၊ သက်တမ်းလွန်အစားအစာများ ရောင်းချခြင်း ရှိ/မရှိ ရှောင်တခင် ကွင်းဆင်းစစ်ဆေးခဲ့သည်။ ထိုသို့စစ်ဆေးရာတွင် FDA ခွင့်မပြုသည့် ရွှေငရုတ်မင်း ငရုတ်သီးမှုန့်၊ ရွှေငရုတ်မင်း ငရုတ်အရောင်တင်မှုန့်၊ စူပါတံဆိပ်ဆေးမန်ကျည်း၊ သက်တမ်းလွန်နေသည့် Guan Shi Food ငရုတ်အဆီနှစ်၊ Golden Dragon Chilli Source၊ ကောင်းမင်းမာလာဟင်းအခြောက်စုံ၊ ရှယ်ရွှေဝက်အူချောင်း၊ ရွှေမြင့်မိုရ်မာလာဟင်း အခြောက်စုံ၊ DIANHU ANGJIJING ပုစွန်မှုန့်၊ နီလာ မာလာအခြောက်စုံ စသည့် ကုန်ပစ္စည်း စုစုပေါင်းတန်ဖိုး ကျပ် ၂၆၄၀၀ အား သိမ်းဆည်းခဲ့ပြီး ယင်းနေ့ နံနက် ၁၁ နာရီခွဲအချိန်တွင် တန့်ဆည်မြို့နယ်၊အမှတ်(၂) စည်ပင်သာယာဈေးရုံးအနီးတွင် သိမ်းဆည်းပစ္စည်းများအား ပူးပေါင်းအဖွဲ့ဖြင့် မီးရှို့ဖျက်ဆီးခဲ့သည်။ **ခင်ထား(တန့်ဆည်)**

# ကရင်ပြည်နယ်တွင် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်တင်ပို့နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

လယ်ယာထွက်ကုန် သီးနှံများအရည်အသွေးပြည့်မီပြီး သက်ဆိုင်ရာကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဈေးကွက်ဖော်ဆောင်နိုင်ရေး၊ တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်တင်ပို့နိုင်ရေးရည်ရွယ်၍ အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၂၇ ရက်တွင် ကရင်ပြည်နယ်စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံး၌ကျင်းပခဲ့ရာ ဌာနဆိုင်ရာမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း(ကရင်)၊ မြန်မာနိုင်ငံသစ်သီးဝလံပန်း မန်နှင့်ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း(ကရင်)၊ စီးပွားရေးလုပ်ငန်းရှင်များ၊ NGO အဖွဲ့အစည်းများ၊ စိုက်ပျိုးထုတ်လုပ်သူတောင်သူများ တက်ရောက်ခဲ့ကြသည်။

ဆွေးနွေးပွဲတွင် ကရင်ပြည်နယ်၊စိုက်ပျိုးရေးဦးစီးဌာန၊ ဒုတိယပြည်နယ်ဦးစီးမှူး ဦးကျော်မောင်မောင်က အဖွင့်အမှာစကားပြောကြား ပြီး ကရင်ပြည်နယ်၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှခက်က ဦးစီး ဌာန၏လုပ်ငန်းစဉ်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဆောင်ရွက်နေသည့် အကြောင်းအရာများအားလည်းကောင်း၊ ကရင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန၊ ဒုတိယပြည်နယ်ဦးစီးမှူး ဦးကျော်မောင်မောင်က သီးနှံများဘေးအန္တရာယ်ကင်းရှင်းစေရန် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများဖြင့် ဆောင်ရွက်သင့်သည့် အကြောင်းအရာများဖြင့်လည်းကောင်း၊ ကရင်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အိအိခိုင်က လယ်ယာထွက်ကုန်များ ပြည်ပသို့တိုးချဲ့တင်ပို့နိုင်ရန်အတွက် သီးနှံထွက်ကုန်များ၏အလားအလာများနှင့် ဆောင်ရွက်သင့်သည့် အကြောင်းအရာများအားလည်းကောင်း အသီးသီး ဆွေးနွေးခဲ့ကြသည်။

**အိအိခိုင်(ကရင်ပြည်နယ်)**

# မွန်ပြည်နယ်ရှိ အရပ်ဘက်လူမှုအဖွဲ့အစည်းများ ကွန်ရက်ချိတ်ဆက်ခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းခြင်း အခမ်းအနားတွင် စားသုံးသူကာကွယ်ရေးဆွေးနွေး

ဖွံ့ဖြိုးရေးမဏ္ဍိုင်အဖွဲ့မှ ကျင်းပသော မွန်ပြည်နယ်ရှိ အရပ်ဘက်လူမှုအဖွဲ့အစည်းများ ကွန်ရက်ချိတ်ဆက်ခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းခြင်းအခမ်းအနားကို ဇွန် ၂၅ ရက်တွင် မော်လမြိုင်မြို့ ဖက်ခင်းရပ်ရှိ Rehmonnya Hotel ၌ ကျင်းပခဲ့ရာ အခမ်းအနားသို့ အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ အဖွဲ့ဝင်များ၊ တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာ လုပ်ငန်းများပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့နှင့် ဥပဒေရေးရာကုစားရေးအဖွဲ့မှ ဥပဒေအရာရှိများ၊ တရားလွှတ်တော်ရှေ့နေများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးမှူးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် ဖွံ့ဖြိုးရေးမဏ္ဍိုင်အဖွဲ့မှ မွန်ပြည်နယ်တာဝန်ခံ ဦးမင်းဝင်းဗိုလ်က အခမ်းအနား ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြီး အဖွင့်အမှာစကားပြောသည်။ ထို့နောက် တရားဥပဒေ စိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာ လုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ခရိုင် ဥပဒေအရာရှိ-အငြိမ်းစား ဦးထွန်းအောင်က ၎င်းတို့၏ လုပ်ငန်းတာဝန်များနှင့် ဆောင်ရွက်နေမှုအခြေအနေများအား ရှင်းလင်း ဆွေးနွေးခဲ့သည်။ ဆရာဦးဘဟန်ကလည်း ဥပဒေဆိုင်ရာ အထောက်အကူပေးရေးနှင့်ပတ်သက်၍ ၎င်းတို့အဖွဲ့အနေဖြင့် ဖြေရှင်းဆောင်ရွက်ပေးနေမှု၊ ဆောင်ရွက်နေမှုများအား ရှင်းလင်းဆွေးနွေး ပြောကြားပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဟိန်းလင်းစိုးကလည်း ၎င်းတို့ဌာန၏ လုပ်ငန်းတာဝန်များနှင့် ဆောင်ရွက်နေမှုအခြေအနေများအား ရှင်းလင်း ဆွေးနွေးခဲ့သည်။

ထို့နောက် စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယဦးစီးမှူး ဦးမင်းနောင်က စားသုံးသူရေးရာဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်နေမှုများ၊ စားသုံးသူအခွင့်အရေးများ နစ်နာမှုမရှိစေရေး အသိပညာပေးလုပ်ငန်းများနှင့် စားသုံးသူပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာ စားသုံးနိုင်ရေးအတွက် ဈေးကွက်ကွင်းဆင်းစစ်ဆေးခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့ပြီး စားသုံးသူပြည်သူများ ကုန်စည်နှင့် ဝန်ဆောင်မှုအပေါ် နစ်နာမှုဖြစ်ပေါ်လာပါက အရေးဆိုတိုင်ကြားနိုင်သည့်နည်းလမ်းများ၊ ၂၀၁၉ ခုနှစ် မတ် ၁၅ ရက်တွင် ထုတ်ပြန်သော စားသုံးသူကာကွယ်ရေးဥပဒေပါ ကုန်အညွှန်းအမှတ်အသားနှင့် ပတ်သက်သည့် အကြောင်းအရာများ၊ စားသုံးသူကာကွယ်ရေးလုပ်ငန်းများကို အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် လုပ်ငန်းများ ကွန်ယက် ချိတ်ဆက်ဆောင်ရွက်နိုင်ရေးဆွေးနွေးခဲ့ပြီး ဥပဒေရေးရာကုစားရေးအဖွဲ့မှ တရားလွှတ်တော်ရှေ့နေ ဒေါ်သဥ္ဇာမြင့် ကလည်း ၎င်းတို့အဖွဲ့မှာ အမျိုးသမီးများနှင့် ကလေးသူငယ်များ နစ်နာသောအမှုကိစ္စများအား ဖြေရှင်းဆောင်ရွက်နေသောအဖွဲ့ဖြစ်ကြောင်းနှင့် ၎င်းတို့ဆောင်ရွက်နေသော လုပ်ငန်းတာဝန်များအား ရှင်းလင်းဆွေးနွေးခဲ့သည်။ အခမ်းအနားသို့ တက်ရောက်လာသော အဖွဲ့အစည်းများမှ အဖွဲ့ဝင်များ၏ မေးမြန်းဆွေးနွေး ချက်များကို သက်ဆိုင်ရာအဖွဲ့အစည်း/ဌာနတာဝန်ရှိသူများက ပြန်လည်ဖြေကြားဆွေးနွေးခဲ့ပြီး အဆိုပါ အခမ်းအနားသို့ စုစုပေါင်း ၇၀ ဦးခန့် တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။

**ဝါဝါမြိုင် (မွန်)**

# သာစည်အုတ်တွင်း အထက(ခွဲ)တွင် စားသုံးသူအကာအကွယ်ပေးရေးဟောပြော ကွင်းဆင်းစစ်ဆေး

မိတ္ထီလာခရိုင် သာစည်မြို့နယ် အုတ်တွင်းကျေးရွာ (အ. ထ. က(ခွဲ))တွင် ဇွန် ၂၁ ရက်မှစတင်၍စားသုံးသူအကာအကွယ်ပေးရေးဟောပြောပွဲနှင့် ကျောင်းမုန့်ဈေးဆိုင်များ စစ်ဆေးခြင်းတို့ကို ပြုလုပ်ခဲ့သည်။အဆိုပါပွဲတွင် စားသုံးသူရေးရာဦးစီးဌာနနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဆရာ/ဆရာမများ၊ ကျောင်းသား/ကျောင်းသူများ အပါအဝင် လူအင်အား ၁၆၄ ဦး တက်ရောက်ခဲ့သည်။

ဟောပြောပွဲတွင် စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးမှူး ဒေါ်ခင်စန်းမြင့်က စားသုံးသူရေးရာဦးစီးဌာန၏ဖွဲ့စည်းပုံ၊ ရည်ရွယ်ချက်များ၊ စားသုံးသူများ၏ အခွင့်အရေးနှင့် တာဝန်များ၊ ကုန်စည်နှင့် ဝန်ဆောင်မှုများနှင့် စပ်လျဉ်း၍ အာမခံချက် ပေးခြင်းကိစ္စများ၊ လုံခြုံစိတ်ချမှုရှိသော အစားအသောက်၊ ကုန်စည်နှင့်ဝန်ဆောင်မှုများကို မှန်ကန်စွာ ရွေးချယ်တတ်စေရေး၊ ဆိုးဆေးအန္တရာယ်အကြောင်းများ၊ ၂၀၁၉ ခုနှစ် မတ် ၁၅ ရက်တွင် ထုတ်ပြန်ထားသော စားသုံးသူအကာအကွယ်ပေးရေးဥပဒေဆိုင်ရာ ကိစ္စရပ်များနှင့် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့များမှ ဖြေရှင်းဆောင်ရွက်ပေးပြီးသော ကိစ္စများ၊ ဆောင်ရွက်ဆဲဖြစ်သော ကိစ္စများအားလည်းကောင်း ရှင်းလင်းပြောကြားခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်းနှင့် ကျောင်းမုန့်ဈေးတန်းစစ်ဆေးခြင်းများကို ပြုလုပ်ခဲ့သည်။

ဆက်လက်၍ စားသုံးသူရေးရာဦးစီးဌာနနှင့် ပူးပေါင်း အဖွဲ့သည် မွန်းလွဲ ၁ နာရီတွင် သာစည်မြို့နယ် အုတ်တွင်းကျေးရွာ၌ ဟောပြောပွဲပြုလုပ်ခဲ့ရာ လူအင်အား ၁၆၀ ဦး တက်ရောက်ခဲ့ပြီး စားသုံးသူ ရေးရာဦးစီးဌာနမှ ဦးစီးမှူး ဒေါ်ခင်စန်းမြင့်က စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ဟောပြောခဲ့ပြီး စားသုံးသူများနစ်နာဆုံးရှုံးမှုရှိခဲ့ပါက 'စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာ CICC' မိတ္ထီလာခရိုင် ဦးစီးမှူးရုံးသို့ တိုင်ကြားနိုင်ကြောင်း၊ စားသုံးသူရေးရာဦးစီးဌာန၏ နေ့စဉ်လုပ်ငန်းဆောင်ရွက်ချက်များအား CICC Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း၊ ဝေဖန်အကြံပြု မျှဝေနိုင်ကြောင်းများကို ပြောကြားခဲ့သည်။

**ဖြူဖြူထွန်း (မိတ္ထီလာ)**

# ဘားအံမြို့တွင် စားသုံးသူကာကွယ်ရေးဥပဒေ ၂၀၁၉ အား ရှင်းလင်းပို့ချ

ကရင်ပြည်နယ် ဘားအံမြို့ စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံး၌ ဇွန် ၂၁ ရက်တွင် စားသုံးသူရေးရာဦးစီးဌာန (ရုံးချုပ်)၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးရဲထွဋ်နိုင် ဦးဆောင်သောအဖွဲ့သည် ကရင်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန၏ ပြည်နယ်/ခရိုင်/မြို့နယ်များမှ ဝန်ထမ်းများကို စားသုံးသူကာကွယ်ပေးရေး ဥပဒေ ၂၀၁၉ ခုနှစ်နှင့် စပ်လျဉ်း၍ ရှင်းလင်းပို့ချခဲ့ကြောင်း သတင်းရရှိသည်။

အခမ်းအနားတွင် စားသုံးသူရေးရာဦးစီးဌာန(ရုံးချုပ်)၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးရဲထွဋ်နိုင်က အဖွင့်အမှာစကားပြောကြားခဲ့သည်။ ဆက်လက်၍ စားသုံးသူကာကွယ်ရေးဥပဒေ ၂၀၁၉ ရှင်းလင်းပို့ချမှုကို အပိုင်းသုံးပိုင်းဖြင့် ညွှန်ကြားရေးမှူး ဦးရဲထွဋ်နိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးထက်ဝင်းအောင်၊ ဦးစီးအရာရှိဒေါ်ဟန်နီစိုးတို့က ရှင်းလင်းပို့ချရာတွင် ပထမဦးစွာ လက်ထောက်ညွှန်ကြားရေးမှူး ဦးထက်ဝင်းအောင်က စားသုံးသူကာကွယ်ရေး ဥပဒေ ၂၀၁၉ ၏ ဥပဒေရေးဆွဲရခြင်းနှင့်ဖြစ်ပေါ်လာပုံအဆင့်ဆင့်ကိုလည်းကောင်း၊ ၂၀၁၉ ခုနှစ် မတ် ၁၅ ရက်တွင် ပြည်ထောင်စုလွှတ်တော်အမှတ် (၉) ဖြင့် ပြဋ္ဌာန်းလိုက်သည့်စားသုံးသူကာကွယ်ရေး ဥပဒေပါ ပြဋ္ဌာန်းချက် အခန်း ၂၅ ခန်းနှင့် ပုဒ်မ ၈၄ ခုအနက် အခန်း(၁)မှ အခန်း(၁၄) ထိ တစ်ခုချင်းစီ အဓိပ္ပာယ်ဖွင့်ဆိုချက်များကိုလည်းကောင်း ရှင်းလင်းပို့ချခဲ့သည်။

ထို့နောက် မွန်းလွဲပိုင်းတွင် ညွှန်ကြားရေးမှူး ဦးရဲထွဋ်နိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးထက်ဝင်းအောင်၊ ဦးစီးအရာရှိ ဒေါ်ဟန်နီစိုးတို့ က ဆက်လက်ပြီး ရှင်းလင်းပို့ချခဲ့သည်။

ရှင်းလင်းပို့ချမှုအပြီးတွင် တက်ရောက်လာသူများ၏ သိလိုသည်များ မေးမြန်းမှုကို ညွှန်ကြားရေးမှူး ဦးရဲထွဋ်နိုင်နှင့် လက်ထောက် ညွှန်ကြားရေးမှူး ဦးထက်ဝင်းအောင်တို့က ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။ **ခင်ကြည်(ကရင်ပြည်နယ်)**

## ထားဝယ်မြို့ပေါ်ရှိ ဆေးဆိုင်များအား စားသုံးသူရေးရာဦးစီးဌာနနှင့် မိတ်ဖက်ဌာနဆိုင်ရာများ ပူးပေါင်း၍ ကွင်းဆင်းစစ်ဆေး

တနင်္သာရီတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် ဇွန် ၂၁ ရက်တွင် မိတ်ဖက်ဌာနများနှင့်ပူးပေါင်း၍ ထားဝယ်မြို့ပေါ်ရှိဆေးဆိုင်ခုနစ်ဆိုင်အား ဘေးဥပဒ်အန္တရာယ် ဖြစ်စေနိုင်သောဆေးဝါးများ၊ သုံးစွဲရန်မသင့်ကြေညာထားသော တရားမဝင်၊ လိုင်စင်မဲ့၊ သက်တမ်းကုန်ဆေးဝါးများရောင်းချမှု ရှိ/မရှိ၊ ကောင်းမွန်သောဆေးဝါးရောင်းချမှုကျင့်စဉ်နှင့်အညီ ဆေးဝါးများရောင်းချမှု ရှိ/မရှိရှောင်တခင် ဝင်ရောက်စစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဆေးဆိုင်နှစ်ဆိုင်မှ သက်တမ်းလွန်ဆေးဝါးများ တွေ့ရှိရသဖြင့် သိမ်းဆည်းခဲ့ပြီး ဆေးဆိုင်ပိုင်ရှင်အား သက်တမ်းလွန်ဆေးဝါးများကို အများပြည်သူသုံးစွဲမိပါက ဘေးဥပဒ် အန္တရာယ်ဖြစ်စေနိုင်ကြောင်းနှင့် သက်တမ်းလွန်ဆေးဝါးများအား သက်ဆိုင်ရာ အစားအသောက်နှင့် ဆေးဝါး ကွပ်ကဲရေးဦးစီးဌာနသို့ အပ်နှံရန်အသိပညာပေး ဆွေးနွေးခဲ့ပြီး သက်တမ်းလွန်ဆေးဝါးများအား နောက်နောင်ရောင်းချခြင်းမပြုရန် အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီဝင်များ၏ ရှေ့မှောက်တွင် ဝန်ခံကတိလက်မှတ်ရေးထိုးစေခဲ့ကြောင်း သိရသည်။

**ရွှေဝယ်သား**

# ချမ်းအေးသာစံမြို့နယ်၌ စားသုံးသူကာကွယ်ရေး ဥပဒေအကြောင်း ဟောပြောဆွေးနွေး

မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် စားသုံးသူကာကွယ်ရေး အသိပညာပေး ဟောပြောပွဲများ ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၅ ရက်တွင် ချမ်းအေးသာစံမြို့နယ်ရှိ ကွန်ပျူတာ လုပ်ငန်းရှင်များအသင်းခန်းမတွင် စားသုံးသူ ကာကွယ်ရေး ဥပဒေအကြောင်း ဟောပြောဆွေးနွေးခဲ့သည်။

အဆိုပါ အသိပညာပေး ဟောပြောပွဲကို တိုင်းဒေသကြီးဦးစီးမှူး၊ ညွှန်ကြားရေးမှူး ဦးမြင့်ဇော်ဦးက အဖွင့်အမှာစကား ပြောကြားရာတွင် ၂၀၁၉ ခုနှစ် မတ် ၁၅ ရက်က အတည်ပြုပြဋ္ဌာန်းခဲ့သည့် စားသုံးသူ ကာကွယ်ရေးဥပဒေ၏ ရည်ရွယ်ချက်များ အောင်မြင်စေရန်နှင့် လုပ်ငန်းရှင်များအနေဖြင့် ဥပဒေပါ တာဝန်များ၊ တားမြစ်ချက်များ သိရှိလိုက်နာနိုင်ရန်၊ စားသုံးသူအခွင့်အရေးများ သိရှိစေရန်နှင့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများ ဝယ်ယူသုံးစွဲရာတွင် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ပါက တိုင်ကြားနိုင်တယ်ဆိုတာ သိရှိစေဖို့ ယခုလို ဟောပြောဆွေးနွေး ကျင်းပရခြင်းဖြစ်ကြောင်း အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ထို့နောက် ဦးစီးအရာရှိဦးဇော်မင်းက ဟောပြောဆွေးနွေးရာတွင် စားသုံးသူကာကွယ်ရေးဥပဒေ ၂၀၁၉ ပါ စားသုံးသူကာကွယ်ရေး၏ လုပ်ငန်းစဉ်များအကြောင်း ဘေးဥပဒ်အန္တရာယ် ကင်းရှင်းသော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ ရယူသုံးစွဲနိုင်ရေး၊ ဌာန၏ မျှော်မှန်းချက်၊ ရည်မှန်းချက်များ စားသုံးသူ၏ အခွင့်အရေးနှင့် တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်၏ တားမြစ်ချက်များ လိုက်နာမှုမရှိပါက ချမှတ်နိုင်သည့် စီမံခန့်ခွဲရေး ပြစ်ဒဏ်၊ ပြစ်မှုနှင့်ပြစ်ဒဏ်များအကြောင်း၊ ကုန်ပစ္စည်းများပေါ်၌ ကုန်အညွှန်းအမှတ်အသားများ မဖြစ်မနေ ဖော်ပြရမည်မှာ ၂၀၁၉ ခုနှစ် မတ် ၁၅ ရက်မှစ၍ တစ်နှစ်ပြည့်မြောက်သည့်နေ့ ၂၀၂၀ ပြည့်နှစ်၊ မတ် ၁၅ ရက်နေ့နောက်ပိုင်း ကုန်ပစ္စည်းများပေါ်၌ မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာဘာသာနှင့် အခြားဘာသာတွဲလျက်ဖြစ်စေ ဖော်ပြရမည်ဖြစ်ကြောင်း အသေးစိတ် အကျယ်တဝင့် ဟောပြောဆွေးနွေးခဲ့ပြီး တက်ရောက်လာကြသော လုပ်ငန်းရှင်များက သိရှိလိုသည်များ အပြန်အလှန်ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။

**သီတာဝင်း (စားသုံးသူ၊ မန္တလေး)**

# တိုက်စစ်မှူး ဖီးလစ်ကို ယူရို ၁၂၆ သန်းဖြင့် အက်သလက်တီကို ခေါ်မည်



စပိန်လာလီဂါကလပ် အက်အလက်တီကိုအသင်းသည် ဘင်ဖီကာအသင်းမှ ပေါ်တူဂီ လူငယ်တိုက်စစ်မှူး ဖီးလစ်ကို ယူရို၁၂၆ သန်းဖြင့်ခေါ်ယူရန် သဘောတူညီမှု ရရှိထားပြီဖြစ်ကြောင်း သိရသည်။ ဖီးလစ်သည် အသက်(၁၉)နှစ်သာ ရှိသေးပြီး ပေါ်တူဂီ၏ စီရိုနယ်ဒိုလက်သစ်ဟု တင်စားခေါ်ဆိုနေကြသည်။ ဖီးလစ်သည် ပေါ်တူဂီ ယူ-၁၈ အသင်း၊ ယူ-၁၉ အသင်းနှင့် ယူ-၂၁ အသင်းတို့တွင် ကစားခဲ့ဖူးသူဖြစ်ပြီး အသက် (၁၉)နှစ်သာရှိသေးသော်လည်း ပေါ်တူဂီလက်ရွေးစင် အသင်းကြီးတွင် ရွေးချယ်ခံထားရသူလည်း ဖြစ်သည်။

အက်သလက်တီကိုအသင်း နည်းပြ ဆီမွန်နီက 'ကျွန်တော်တို့ လူငယ်ကစားသမားတွေကို မွေးရမှာပါ။ ဖီးလစ်ဟာ အနာဂတ်မှာ အလားအလာရှိတဲ့ ကစားသမားတစ်ယောက်ပါ။ သူ့ရဲ့ ကစားပေါက်က စီရိုနယ်ဒိုနဲ့တူပါတယ်။ တိုက်စစ်မှူးဆိုပေမယ့် တောင်ပံပိုင်းမှာ ကစားရတာကို သူကပိုသဘောကျပါတယ်။ ဖီးလစ်ဟာ အခုမှ အသက်(၁၉)နှစ်ပဲရှိပါသေးတယ်။ နောက်ထပ် သူအများကြီး တိုးတက်လာဦးမှာပါ။ သူနဲ့ ရေရှည်လက်တွဲဖို့အတွက် ရည်မှန်းထားပါတယ်'ဟု ပြောခဲ့သည်။

'ကျွန်တော် ပေါ်တူဂီကနေစပိန်မြေကို ရောက်လာခဲ့မယ်ဆိုရင်တော့ ဒါဟာ ကျွန်တော့်အတွက် ကြီးမားတဲ့ စိန်ခေါ်မှုတစ်ရပ်ပါ။ အက်သလက်တီကိုဆိုတာ စပိန်လာလီဂါမှာ ထိပ်တန်းအသင်းကြီး တစ်သင်းပါ။ ဒီလိုအသင်းမှာ ကစားခွင့်ရရှိမှာကလည်း ကျွန်တော့်အတွက် အခွင့်အရေးကောင်းပါ။ အပြောင်းအရွှေ့အတွက် နှစ်ဦးနှစ်ဖက် သဘောတူပြီးပေမယ့် ဆေးစစ်ဖို့ ကျန်နေပါသေးတယ်'ဟု ဖီးလစ်ကပြောသည်။

အက်သလက်တီကိုအသင်းသည် လာလီဂါပြိုင်ဘက် အသင်းများဖြစ်သည့် ရီးရဲလ်မက်ဒရစ် အသင်းနှင့် ဘာစီလိုနာအသင်းတို့၏ ရာသီသစ်အတွက် ပြင်ဆင်နေမှုကို စောင့်ကြည့်နေပြီး အဆိုပါအသင်းများလောက် ဘဏ္ဍာငွေကြေး တောင့်တင်းမှုမရှိသော်လည်း ထိုက်တန်သည့် ကစားသမားခေါ်ယူမှုများကို ပြုလုပ်သွားမည် ဖြစ်ကြောင်း နည်းပြ ဆီမွန်နီက ပြောဆိုထားသည်။



# ဗဟိုခံစစ်ကစားသမား ဗန်ဒင်ဘတ်ဂ်ျကို လီဗာပူးအသင်း ခေါ်ယူ

လီဗာပူးအသင်းသည် PEC Zwolle အသင်းမှ နယ်သာလန်ယူ-၁၉ အသင်း ဗဟိုခံစစ်ကစားသမား ဗန်ဒင်ဘတ်ဂ်ျကို ခေါ်ယူစာချုပ်နိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။ လီဗာပူးအသင်းသည် ဗန်ဒင်ဘတ်ဂ်ျကို ပေါင် ၄ ဒသမ ၄ သန်းသာ ပေးချေခဲ့ရကြောင်းနှင့် ၎င်းကစားသမားကို အေဂျက်၊ ဘိုင်ယန်မြူးနစ်အသင်းတို့နှင့်အပြိုင် ခေါ်ယူခဲ့ရသည်ဟုဆိုသည်။

ဗန်ဒင်ဘတ်ဂ်ျသည် အသက်(၁၇)နှစ်သာ ရှိသေးသော်လည်း နယ်သာလန် ယူ-၁၉ အသင်းနှင့် PEC Zwolle အသင်းတို့တွင် ခြေစွမ်းကောင်းပြနေသူဖြစ်သည်။ လီဗာပူးအသင်းနည်းပြ ဂျာကင်ကလော့ပ်က ဗန်ဒင်ဘတ်ဂ်ျကို လူငယ်အသင်းတွင် အချိန်ဖြုန်းခိုင်းမည်မဟုတ်ဘဲ အသင်းကြီးတွင် အသုံးပြုသွားမည်ဖြစ်ကြောင်း ပြောခဲ့သည်။

ဗန်ဒင်ဘတ်ဂ်ျက 'ကျွန်တော့်အတွက် တကယ့်ကို အံ့ဩစရာဖြစ်ခဲ့ရပါတယ်။ လီဗာပူးအသင်းဆိုတာ ကမ္ဘာ့အကောင်းဆုံး အသင်းတွေထဲက တစ်သင်းပါ။ ဒီလိုအသင်းမျိုးမှာ ကစားခွင့်ရရှိတာဟာ ကြီးမားတဲ့ အခွင့်အရေးတစ်ရပ်ပါပဲ။ ကျွန်တော့်ကို လီဗာပူးအသင်းကြီးမှာ နေရာပေးသွားမယ်လို့ပြောတဲ့ နည်းပြ ဂျာကင်ကလော့ပ်ကိုလည်း ကျေးဇူးအများကြီးတင်ပါတယ်။ လီဗာပူးအသင်းမှာ ပါဝင်ကစားဖို့ကို ကျွန်တော် အရမ်းကို စိတ်လှုပ်ရှားနေပါပြီ။ ကျွန်တော် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသလောက် ကြိုးစားသွားမှာပါ'ဟု ပြောခဲ့သည်။ လီဗာပူးအသင်းသည် ဗန်ဒင်ဘတ်ဂ်ျကို ခေါ်ယူမှုမှာ ယခုအပြောင်းအရွှေ့ကာလတွင် ပထမဦးဆုံး ခေါ်ယူခြင်းလည်းဖြစ်သည်။

# ဂိုးသမား နီတိုကို ခေါ်ယူရန် ဘာစီလိုနာအသင်း သဘောတူညီမှုရရှိ



ဘာစီလိုနာအသင်းသည် ဗလန်စီယာအသင်းမှ ဘရာဇီးဂိုးသမား နီတိုကို ခေါ်ယူရန် သဘောတူညီမှု ရရှိထားပြီဖြစ်ကြောင်း စပိန် မာကာသတင်းစာက ဖော်ပြထားသည်။

ဘာစီလိုနာအသင်းသည် နီတိုကို ယူရို ၂၆ သန်းဖြင့် ခေါ်ယူရန် သဘောတူညီခဲ့ပြီး လေးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ကို ချုပ်ဆိုသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် နီတိုသည် ယခုချုပ်ဆိုမည့် စာချုပ်အရ ဘာစီလိုနာအသင်းတွင် ၂၀၂၂-၂၀၂၃ ဘောလုံးရာသီကုန်အထိ ရှိနေမည်ဖြစ်သည်။

ဘာစီလိုနာအသင်းသည် နီတိုကို ယူရို ၂၆ သန်းဖြင့် ခေါ်ယူနိုင်ခဲ့သော်လည်း ဘာစီလိုနာအသင်း လာလီဂါချန်ပီယံဖြစ်ခဲ့ပါက အဆိုပါကစားသမား ခေါ်ယူမှုအတွက် ဘာစီလိုနာအသင်းသည် ဘင်ဖီကာအသင်းကို နောက်ထပ် ယူရို ၉ သန်း ထပ်မံပေးချေရမည်ဖြစ်သည်။

လက်ရှိ ဘာစီလိုနာအသင်းတွင် စတီဂန်၊ အိုင်နာကီပီနား၊ စီလစ်ဆန်နှင့် ဂျိုကင် စသည့် ဂိုးသမားများ ရှိနေသည်။ သို့သော် ဘာစီလိုနာအသင်းသည် လက်ရှိအသင်းတွင် အားကိုးအားထားပြုနေရသည့် ဂိုးသမား စတီဂန်၏နောက်တွင် ဒုတိယဂိုးသမားအဖြစ် အသုံးပြုရန် နီတိုကို ခေါ်ယူရခြင်းဖြစ်ကြောင်း နည်းပြ ဗယ်ဗာဒီက ပြောသည်။

ဟန်နေသစ် စုစည်းသည်

# မန်ယူအသင်း ဘရူနိုဖာနန်ဒစ်ကို ပေါင်သန်း ၇၀ ဖြင့် ကမ်းလှမ်း



ရာသီသစ်အတွက် ကစားသမား အပြောင်းအလဲ များစွာ ပြုလုပ်ရန်ရှိနေသည့် မန်ယူအသင်းသည် လက်ရှိအချိန်တွင် ကွင်းလယ်ကစားသမားနှင့် ခံစစ်ကစားသမားများကိုသာ ဦးစွာခေါ်ယူရန် ပြင်ဆင်နေသည်။ မန်ယူအသင်းနည်းပြ ဆိုးလ်ရှားသည် စပို့တင်လစ္စဘွန်းအသင်းမှ ပေါ်တူဂီကွင်းလယ်ကစားသမား ဘရူနိုဖာနန်ဒစ်ကို ခေါ်ယူရန် ပေါင်သန်း ၇၀ ဖြင့် စတင်ကမ်းလှမ်းလိုက်ကြောင်း သိရသည်။

အသက်(၂၄)နှစ်ရှိ ဘရူနိုဖာနန်ဒစ်သည် ပေါ်တူဂီလက်ရွေးစင် ကစားသမားတစ်ဦးဖြစ်သလို စပို့တင်းလစ္စဘွန်းအသင်းတွင်လည်း အကောင်းဆုံး ခြေစွမ်းကိုပြသနေသူဖြစ်သည်။ ဘရူနိုဖာနန်ဒစ်သည် ကွင်းလယ်ကစားသမား တစ်ဦးဖြစ်သော်လည်း စပို့တင်းလစ္စဘွန်းအသင်းနှင့်အတူ သွင်းဂိုးများစွာရရှိနေသူဖြစ်သည်။

ဘရူနိုဖာနန်ဒစ်သည် စပို့တင်းလစ္စဘွန်းအသင်းနှင့်အတူ ၅၃ ပွဲတွင် ၃၂ ဂိုးသွင်းပေးထားပြီး ၁၈ ကြိမ်အထိ ဂိုးဖန်တီးပေးမှု ပြုလုပ်ထားနိုင်သူဖြစ်သည်။ မန်ယူအသင်းနည်းပြ ဆိုးလ်ရှားက 'ကျွန်တော်တို့အသင်း ဘရူနိုဖာနန်ဒစ်ကို ခေါ်ယူနိုင်ခဲ့မယ်ဆိုပါက အားနည်းချက်တွေရှိနေတဲ့ ကွင်းလယ်ပိုင်းကို အကောင်းဆုံး ဖြည့်ဆည်းနိုင်မှာပါ။ ဘရူနိုဖာနန်ဒစ်ဟာ အသင်းဖော်တွေဂိုးသွင်းနိုင်အောင် ဖန်တီးပေးမှုတွေ ပြုလုပ်ပေးနိုင်ရုံသာမကဘဲ ကိုယ်တိုင်လည်း ဂိုးတွေ သွင်းယူနိုင်တဲ့ ထိပ်တန်းကစားသမားတစ်ဦးပါ။ သူ့အကြောင်းကို ကျွန်တော် ကောင်းကောင်းလေ့လာပြီးပါပြီ။ သူ့ရဲ့ခြေစွမ်းက ဒီထက်တိုးတက်လာဖို့ ရှိနေပါတယ်'ဟု မီဒီယာများနှင့်တွေ့ဆုံစဉ် ပြောဆိုခဲ့သည်။

မန်ယူအသင်းသည် ဘရူနိုဖာနန်ဒစ်ကို ပေါင်သန်း ၇၀ ဖြင့် ကနဦးကမ်းလှမ်းခြင်းဖြစ်ပြီး ၎င်းကစားသမား၏ တန်ကြေးမှာ ပေါင်သန်း ၇၀ ထက်ပင် မြင့်တက်လာဖွယ်ရှိနေကြောင်း သတင်းများတွင် ထပ်မံဖော်ပြထားသည်။ အခြားတစ်ဖက်တွင် မန်ယူအသင်းသည် ခရစ္စတယ်ပဲလေ့စ်အသင်းမှ အင်္ဂလန် ယူ-၂၁ ညာနောက်ခံကစားသမား ဘစ်ဆာကာကို ပေါင်သန်း ၅၀ ဖြင့် ခေါ်ယူနိုင်ခဲ့ပြီ ဖြစ်ကြောင်း သတင်းထုတ်ပြန်ထားသည်။

# ကုန်သွယ်ရေးစစ်ပွဲမှ အကျိုးအမြတ်ရရှိနိုင်သည့် အာဆီယံ သုံးသပ်ဆွေးနွေးမှုများ

သိန်းမြင့်ဝေ

အမေရိကန်-တရုတ် ကုန်သွယ်ရေးစစ်ပွဲ ဆက်လက်ဖြစ်ပွားနေသောကြောင့် ကမ္ဘာတစ်ဝန်း လှုပ်ခတ်လျက်ရှိသည်။ ကုန်သွယ်ရေးစစ်ပွဲ ဆက်လက်ဖြစ်ပေါ်ပြီး ပိုမိုအရှိန်ပြင်းထန်လာပါက ကမ္ဘာ့စီးပွားရေးကို ကျဆင်းစေနိုင်ကြောင်း အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (International Monetary Fund-IMF) က သတိပေးပြောကြားထားသည်။ သို့သော် အဆိုပါစစ်ပွဲသည် အရှေ့တောင်အာရှနိုင်ငံများအသင်း (ASEAN) အတွက် သတင်းဆိုး မဟုတ်နိုင်ကြောင်း သုံးသပ်ပြောကြားမှုများကိုလည်း တွေ့ရသည်။

တရုတ်နိုင်ငံသည် အာဆီယံ၏ တစ်ခုတည်းသော အကြီးမားဆုံး ကုန်သွယ်ဖက်ဖြစ်သည်။ သို့သော်လည်း အမေရိကန်နိုင်ငံသည် အာဆီယံအတွက် အရေးပါသော စီးပွားရေးမိတ်ဖက်နှင့် မဟာဗျူဟာမြောက် ကုန်သွယ်ဖက် ဖြစ်သည်။ ထို့ပြင် အမေရိကန်ပြည်ထောင်စု၏ စီးပွားရေးတိုးတက်မှုနှင့် ယင်း၏ အသုံးစရိတ်သုံးစွဲနိုင်စွမ်းအား (Spending Power) သည် ကမ္ဘာတစ်ဝန်း ကုန်သွယ်ရေးကို အဓိကမောင်းနှင်လျက်ရှိသည်။

လက်ရှိအချိန်တွင် အကောက်ခွန်များ မြင့်တက်နေခြင်းနှင့်အတူ အရှေ့တောင်အာရှတွင် ထုတ်လုပ်သော ကုန်ပစ္စည်းများသည် အမေရိကန် စားသုံးသူများကို ပိုမိုဆွဲဆောင်လျက်ရှိသည်။ ၂၀၁၉ ခုနှစ်၊ ဇွန်လ ဒုတိယပတ်တွင် စင်ကာပူနိုင်ငံ၌ ကျင်းပသော ထိပ်သီးအစည်းအဝေး (Refinitive ASEAN Regulatory Summit) သို့ စီးပွားရေးခေါင်းဆောင် ၈၀၀ ကျော် တက်ရောက်ခဲ့သည်။ အဆိုပါ အစည်းအဝေးကို ဘဏ္ဍာရေးဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်များကိုဖြည့်ဆည်းပေးလျက်ရှိသော စင်ကာပူကုမ္ပဏီဖြစ်သည့် Refinitive က စုစည်း ကျင်းပခြင်းဖြစ်သည်။ အမေရိကန်နှင့် တရုတ်ကြား ကုန်သွယ်ရေးတင်းမာမှုများသည် နောက်ထပ် နှစ်နှစ်တိုင်အောင် အာဆီယံ စီးပွားရေးလုပ်ငန်းများအပေါ် ဆက်လက်လွှမ်းမိုးရှိနေနိုင်ကြောင်း အဆိုပါ ထိပ်သီးအစည်းအဝေးတွင် ခန့်မှန်းပြောဆိုကြသည်။ ထို့ပြင် တရုတ်နှင့် ချုပ်ဆိုထားသော အာဆီယံ၏ လွတ်လပ်သောကုန်သွယ်ရေး သဘောတူစာချုပ် (ASEAN's FTA) အရ တရုတ်-အာဆီယံကုန်သွယ်ရေးနှင့် ချိတ်ဆက်မှု (Bilateral trade and connectivity) ပိုမိုအားကောင်းလာနိုင်ကြောင်း၊ တရုတ်နိုင်ငံက တိုးချဲ့အကောင်အထည်ဖော်လျက်ရှိသော ရပ်ဝန်းနှင့် ပိုးလမ်းမ (Belt and Road Initiative - BRI) အစီအစဉ်ကြောင့် အာဆီယံ-တရုတ် စီးပွားရေးပေါင်းစည်းမှု ပိုမိုတိုးတက်လာနိုင်ကြောင်း ပြောဆိုဆွေးနွေးကြသည်။

## စစ်ပွဲဖြစ်စေသော အကြောင်းရင်းများ

တရုတ်နိုင်ငံသည် မမျှတသော ကုန်သွယ်ရေး လုပ်ဆောင်ချက်များ (Unfair trade practics) ကို ကျင့်သုံးနေကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလတွင် စတင်စွပ်စွဲခဲ့သည်။ မမျှတသော ကုန်သွယ်ရေးလုပ်ဆောင်ချက်များမှာ တရုတ်နိုင်ငံသုံး ယွမ်ငွေကြေးကို တန်ဖိုးချထားခြင်း၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း များကို အလွန်အမင်းထောက်ပံ့ကြေးပေးခြင်းနှင့် အသိဉာဏ်ပစ္စည်းပိုင်ဆိုင်မှုကို ချိုးဖောက်ခြင်းတို့ဖြစ်သည်။ အကျိုးဆက်အနေဖြင့် အမေရိကန်နိုင်ငံတွင် တရုတ်ကုန်ပစ္စည်းများ လွှမ်းမိုးလျက်ရှိပြီး အမေရိကန်-တရုတ် ကုန်သွယ်မှုတွင် အမေရိကန်သည် ကုန်သွယ်ရေးလိုငွေပြလျက်ရှိသည်။ ထို့ကြောင့် အမေရိကန်သမ္မတသည် အမေရိကန်ထုတ်ကုန်များကို တရုတ်နိုင်ငံသို့ ပိုမိုတင်ပို့ရောင်းချလိုပြီး အမေရိကန်ဒေါ်လာ ၄၁၉ ဘီလီယံရှိသော ကုန်သွယ်မှုလိုငွေကို လျှော့ချရန် ကြိုးပမ်းလျက်ရှိသည်။

၂၀၁၈ ခုနှစ်တွင် ကုန်သွယ်ရေးစစ်ပွဲ စတင်ခဲ့ရာ၌ အမေရိကန်နိုင်ငံက တရုတ်ကုန်ပစ္စည်း အမေရိကန် ဒေါ်လာ ၂၅၀ ဘီလီယံဖိုးအပေါ် အကောက်ခွန်များ စတင်မြှင့်တင်သကဲ့သို့ တရုတ်နိုင်ငံကလည်း အမေရိကန် ကုန်ပစ္စည်းဒေါ်လာ ၁၁၀ ဘီလီယံဖိုးအပေါ် အကောက်ခွန်များ တိုးမြှင့်ကောက်ခံခဲ့သည်။ အပြန်အလှန်ကောက်ခံကြသော ကုန်ပစ္စည်းတန်ဖိုး စုစုပေါင်းမှာ အမေရိကန် ဒေါ်လာ ၃၆၀ ဘီလီယံရှိသည်။

အထက်ပါ အခွန်တိုးမြှင့်ကောက်ခံသော အရေအတွက်မှာ ၂၀၁၉ ခုနှစ်၊ ဇွန် ၇ ရက်တွင် ထပ်မံ မြင့်တက်လာခဲ့သည်။ အဘယ်ကြောင့်ဆိုသော် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က အမေရိကန်ဒေါ်လာ ၂၀၀ ဘီလီယံတန်ဖိုးရှိသော တရုတ်သွင်းကုန်များအပေါ် ၁၀ ရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်းအကောက်ခွန် တိုးမြှင့်ကောက်ခံခဲ့သောကြောင့် ဖြစ်သည်။ အကျိုးဆက်အနေဖြင့် ကမ္ဘာလုံးဆိုင်ရာ စတော့ရှယ်ယာဈေးကွက်များကို ရုတ်တရက် ရိုက်ခတ်ခဲ့သည်။ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၇ ရက်တွင် ဝါရှင်တန်မြို့၌ အမေရိကန်သမ္မတနှင့် တရုတ်နိုင်ငံ ဒုတိယဝန်ကြီးချုပ် ဦးဆောင်သော တရုတ်ထိပ်တန်း ကုန်သွယ်ရေးစေ့စပ်ညှိနှိုင်းသူများနှင့် တွေ့ဆုံဆွေးနွေးမှုအပြီးတွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က နောက်ထပ် တရုတ်သွင်းကုန်ပစ္စည်းတန်ဖိုး အမေရိကန်ဒေါ်လာ ၃၀၀ ဘီလီယံအပေါ် ၂၅ ရာခိုင်နှုန်းအကောက်ခွန်တိုးမြှင့်ကောက်ခံခဲ့သည်။ အထူးသဖြင့် ကျန်ရှိသော တရုတ်သွင်းကုန်ပစ္စည်းအားလုံးအပေါ် အကောက်ခွန် ၂၅ ရာခိုင်နှုန်းထိ ထပ်မံတိုးမြှင့်ကောက်ခံခဲ့ခြင်း ဖြစ်ပါသည်။ ထို့အတွက် တရုတ်နိုင်ငံက အမေရိကန်နိုင်ငံကို လက်တုံ့ပြန်သော အစီအမံများ (Necessary counter-measures) ဖြင့် လိုအပ်သလို အရေးယူဆောင်ရွက်သွားမည်ဟု ပြောကြားခဲ့သည်။

အမေရိကန်၏ အကောက်ခွန်တိုးမြှင့်ကောက်ခံခြင်းခံနေရသော တရုတ်ထိပ်တန်း သွင်းကုန်ပစ္စည်း ၁၀ မျိုးရှိသည်။ ၎င်းတို့မှာ ဆက်သွယ်ရေးပစ္စည်းကိရိယာများ (ကန်ဒေါ်လာ ၁၉ ဒသမ ၁ ဘီလီယံ)၊ ကွန်ပျူတာလျှပ်စီးပတ်လမ်းဆိုင်ရာဘုတ်ပြား (ကန်ဒေါ်လာ ၁၂ ဒသမ ၅ ဘီလီယံ) ၊ အီလက်ထရောနစ်ပစ္စည်းကိရိယာ (ကန်ဒေါ်လာ ၅ ဒသမ ၆ ဘီလီယံ)၊ သတ္တုပရိဘောဂများ (၄ ဒသမ ၁ ဘီလီယံ)၊ ကွန်ပျူတာအစိတ်အပိုင်းများ (၃ ဒသမ ၁ ဘီလီယံ)၊ သစ်ပရိဘောဂများ (၂ ဒသမ ၉ ဘီလီယံ)၊ မီးအားမြှင့်စက်များ (၂ ဒသမ ၇ ဘီလီယံ)၊ ကြမ်းခင်းပြားများ (၂ ဒသမ ၅ ဘီလီယံ) ၊ သစ်သားဘောင်ကွပ်စားပွဲနှင့် ထိုင်ခုံများ (၂ ဒသမ ၅ ဘီလီယံ)နှင့် ကားပစ္စည်းအစိတ်အပိုင်းများ (ကန်ဒေါ်လာ ၂ ဒသမ ၃ ဘီလီယံ) ဖြစ်သည်။

## ဈေးကွက်အပြောင်းအရွှေ့နှင့် အကျိုးဆက်များ

အမေရိကန်-တရုတ် ကုန်သွယ်ရေးစစ်ပွဲကြောင့် လတ်တလော ကောင်းကျိုးခံစားနေရသော နိုင်ငံမှာ ဗီယက်နမ်ဖြစ်ကြောင်း၊ ဗီယက်နမ်နိုင်ငံသည် ကာလတိုအတွင်းမှာပင် ကောင်းကျိုးရရှိနေပြီး နိုင်ငံ့ဝင်ငွေ (GDP) ကို ၁ ဒသမ ၅ ရာခိုင်နှုန်းထိ ပိုမိုတိုးတက်စေနိုင်ကြောင်း သိရှိရသည်။ အလားတူစွာပင် အင်ဒိုနီးရှားနိုင်ငံ၏ ကဏ္ဍများစွာကို သိသိသာသာ ကောင်းမွန်စေပြီး နိုင်ငံ GDP ကို အထောက်အကူပြုနိုင်ကြောင်းလည်း သိရှိရသည်။

ဗီယက်နမ်သည် ကုန်သွယ်ရေးစစ်ပွဲ မဖြစ်ပွားမီကပင် စီးပွားရေးတိုးတက်နေသော နိုင်ငံဖြစ်သည်။ နိုင်ငံ၏ လုပ်သားပိုမိုအသုံးပြုရသော စက်မှုကုန်ချောထုတ်လုပ်သည့်ကဏ္ဍ (Labour - intensive manufacturing sector) က နိုင်ငံ၏ စီးပွားရေးကို တိုးတက်စေခြင်းဖြစ်သည်။ ဗီယက်နမ်နိုင်ငံ၏ ၂၀၁၈ ခုနှစ် စီးပွားရေးတိုးတက်မှုမှာ ၇ ရာခိုင်နှုန်းရှိခဲ့သည်။ ဗီယက်နမ်နိုင်ငံသည် ပြီးခဲ့သည့် ဆယ်စုနှစ်တစ်ခုကျော်အတွင်း ကမ္ဘာပေါ်တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အမြန်ဆန်ဆုံးနိုင်ငံ ဖြစ်ခဲ့သည်။ တရုတ်နိုင်ငံတွင် လုပ်သားစရိတ် မြင့်တက်ခြင်းနှင့် ရင်ဆိုင်နေရသော အကောက်ခွန်မြင့်တက်ခြင်း၏ ခြိမ်းခြောက်မှုကို ရင်ဆိုင်နေရသော ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ဗီယက်နမ်နိုင်ငံတွင် ပြောင်းရွှေ့ရင်းနှီးမြှုပ်နှံရန် စီစဉ်နေကြသည်။ ဗီယက်နမ်အစိုးရ၏ ၂၀၁၉ ခုနှစ်၊ ဧပြီလ ကိန်းဂဏန်းများ အရ ဗီယက်နမ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုမှာ ၈၁ ရာခိုင်နှုန်း တိုးတက်လျက်ရှိပြီး အရင်းအနှီးစီးဝင်မှုမှာ ၂၁၅ ရာခိုင်နှုန်း တိုးတက်လျက်ရှိသည်။

ကုန်သွယ်ရေးစစ်ပွဲကြောင့် အင်ဒိုနီးရှားနိုင်ငံ၏ ထိပ်တန်းပို့ကုန်ဈေးကွက်ကြီး နှစ်ခုဖြစ်သော တရုတ်နှင့် အမေရိကန်တို့သည် စီးပွားရေးတိုးတက်မှု နှေးကွေးလျက်ရှိသည်။ ကုန်သွယ်ရေးစစ်ပွဲအတွင်း မသေချာမှုများ တိုးပွားလျက်ရှိသောကြောင့် ကမ္ဘာလုံးဆိုင်ရာ ထုတ်လုပ်မှုလမ်းကြောင်းများ (Global production chains) ပြောင်းလဲလျက်ရှိသည်။ အဆိုပါ အပြောင်းအလဲကြောင့် အင်ဒိုနီးရှားနိုင်ငံအတွက် ကောင်းကျိုးဖြစ်ထွန်းနိုင်ကြောင်း၊ အထူးသဖြင့် တရုတ်နိုင်ငံရှိ ချည်ထည်နှင့် ဖိနပ်စက်ရုံ/ ကုမ္ပဏီများသည် အင်ဒိုနီးရှားသို့ ပြောင်းရွှေ့လျက်ရှိကြောင်း သိရှိရသည်။

ထိုနည်းတူစွာပင် အမေရိကန်၏ အကောက်ခွန်တိုးမြှင့်ကောက်ခံမှုကြောင့် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု သွေဖည်ခြင်း (Trade and investment diversion) ဖြစ်ပြီး တရုတ်နိုင်ငံရှိ စီးပွားရေးလုပ်ငန်းများ မလေးရှားနိုင်ငံသို့ ရောက်ရှိပြောင်းရွှေ့နိုင်သည်။ ဆက်လက်ဖြစ်ပွားနေနိုင်သေးသည့် ကုန်သွယ်ရေးစစ်ပွဲကြောင့် မလေးရှားနိုင်ငံ၏ တိုင်းပြည်ဝင်ငွေ (GDP) သည် ၁ ဒသမ ၈ ရာခိုင်နှုန်း ပိုမိုတိုးတက်လာနိုင်သည်။

## မြန်မာနှင့် အာဆီယံဈေးကွက်အလားအလာ

မြန်မာနိုင်ငံသည်လည်း တရုတ်နိုင်ငံနှင့် အိမ်နီးချင်းဖြစ်ခြင်း၊ လုပ်ခသက်သာခြင်း၊ စီးပွားရေး အခြေခံကောင်းများ ဖြစ်ထွန်းလျက်ရှိခြင်း၊ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းတွင် ပါဝင်လျက်ရှိခြင်း စသည်တို့ကြောင့် တရုတ်နိုင်ငံမှ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာနိုင်သည်။ ထို့ပြင် တရုတ်စီးပွားရေးလုပ်ငန်းရှင်များနှင့် ခရီးသွားဧည့်သည်များ ပိုမိုဝင်ရောက်လျက်ရှိသကဲ့သို့ ဆက်လက်ဝင်ရောက်ရန် အလားအလာကောင်းများကို တွေ့ရသည်။ တစ်ဖက်တွင်လည်း မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများ တိုးတက်လျက်ရှိခြင်းနှင့် ပထဝီဝင်နိုင်ငံရေးအရ အရေးပါခြင်းတို့ကြောင့် အမေရိကန်ပြည်ထောင်စု၏ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုစီးဝင်လာဖွယ်ရှိသည်။

အာဆီယံတစ်ခုလုံး၏ အားသာချက်များဖြစ်သော တည်နေရာ အချက်အချာကျခြင်း၊ ထုတ်လုပ်မှုလမ်းကြောင်းများ (Supply chains) အားကောင်းခြင်း၊ ကမ္ဘာလုံးဆိုင်ရာ ကုန်စည်ဖြန့်ဖြူးမှုကွန်ရက်များ (Global distribution networks) ကောင်းမွန်ခြင်း၊ လုပ်ခသက်သာသော လုပ်သားအင်အားထုရှိခြင်းအပြင် မဟာအင်အားကြီး နှစ်နိုင်ငံစလုံးနှင့် မိတ်ဖက်ဖြစ်ခြင်းတို့ကြောင့် ကုန်သွယ်ရေးစစ်ပွဲမှ ကောင်းကျိုးများကို ရရှိခံစားနိုင်မည် ဖြစ်သည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် ဤအခွင့်အရေးကို ရယူခံစားရန်အတွက် အချင်းချင်းမပြိုင်ဆိုင်ကြဘဲ လက်တွဲ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါသည်။

**Source : theaseanpost**

**စာမျက်နှာ (၂၀) တစ်ခါသုံးပစ္စည်းများအန္တရာယ်ကာကွယ်ဖို့ . . . မှအဆက်**

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ၏ မြေထု၊ ရေထု၊ လေထုကို ညစ်ညမ်းစေပြီး သက်ရှိသတ္တဝါများနှင့် အပင်မျိုးစုံတို့၏ သဟဇာတဖြစ်မှုကို အန္တရာယ်ပြုခြိမ်းခြောက်လျက်ရှိသော တစ်ခါသုံးပစ္စည်းများကို လွယ်ကူစွာရယူသုံးစွဲမှုကို တတ်နိုင်သရွေ့လျှော့သုံးကြပါရန်၊ စည်းကမ်းမဲ့စွန့်ပစ်ခြင်းများကို ရှောင်ရှား၍ အသုံးအဆောင်ပစ္စည်းအဖြစ်၊ စိုက်ပျိုးရေးလုပ်ငန်းသုံးအဖြစ် ပြန်လည်အသုံးပြုကြပါရန်၊ တစ်ခါသုံး ဆွေးမြေ့ရန်မလွယ်ကူသည့် ပစ္စည်းများအစား သဘာဝပစ္စည်းများဖြင့် ထုတ်လုပ်သော ပြည်တွင်းထုတ်ကုန်ပစ္စည်းများကို အားပေးကြပါရန်၊ အနာဂတ်လူငယ်များအတွက် စံနမူနာကောင်းပြသ၍ ကောင်းသောလုပ်ဆောင်မှုအမွေကို ပေးခဲ့ကြပါရန်၊ မိမိနိုင်ငံ စိမ်းလန်းစိုပြည်မှုရှိစေရေးအတွက် ကိုယ်စီအသိစိတ်ဓာတ်ဖြင့် ပူးပေါင်း ကာကွယ်ရေးကူညီဆောင်ရွက်ပေးကြပါရန် စေတနာရှေ့ထားကာ တိုက်တွန်းအပ်ပါသည်။

# ခေတ်နှင့်အမီလိုက်ခြင်းဖြင့် CLMVT နိုင်ငံများကို ယှဉ်ပြိုင်နိုင်စွမ်းရှိစေရန် ထိုင်းဝန်ကြီးချုပ်တိုက်တွန်း

ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံများအနေဖြင့် တီထွင်ဆန်းသစ်မှုများပြုလုပ်ရန် လိုအပ်ကြောင်း၊ သို့မဟုတ်ပါက ယှဉ်ပြိုင်စွမ်းအား ကျဆင်းဆုံးရှုံးမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံဝန်ကြီးချုပ် ပရာရွတ်ချန်အိုချာက ဇွန် ၂၄ ရက်က ပြုလုပ်သော CLMVT Forum 2019 ဖွင့်ပွဲတွင် ပြောကြားခဲ့သည်။ CLMVT နိုင်ငံများအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ တန်ဖိုးကွင်းဆက်တွင် အဓိကနေရာမှ ပါဝင်နေသော်လည်း ၎င်းတို့အနေဖြင့် ပထဝီနိုင်ငံရေးနှင့် ခေတ်ပေါ်နည်းပညာဆိုင်ရာ ခြိမ်းခြောက်စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရကြောင်းလည်း ပြောကြားခဲ့သည်။

နည်းပညာအသစ်များက ရှိရင်းစွဲ ကုန်ထုတ်လုပ်မှုကွန်ရက်များကို ပိုမိုမြန်ဆန်ကောင်းမွန်စွာ ချိတ်ဆက်စေကြောင်း (ဥပမာ ကန်ထရိုက်စနစ် ကုန်ထုတ်လုပ်မှု (Contract=Manufacturing)များ လျော့နည်းကျဆင်းနေသော်လည်း တစ်ဖက်တွင်အချို့ဒေသများ၌ ထုတ်လုပ်မှုကွန်ရက်အသစ်များက ခေတ်ပေါ်တန်ဖိုးကွင်းဆက်အသစ်များကို ဖန်တီးပေးလျက် သမားရိုးကျစနစ်များ၏ နေရာများကို နေရာယူလျက်ရှိကြောင်း၊ အလားတူပထဝီနိုင်ငံရေးဆိုင်ရာနှင့်ပတ်သက်၍ CLMVT နိုင်ငံများအနေဖြင့် ကမ္ဘာလုံးဆိုင်ရာဈေးကွက် ပြောင်းလဲမှုအပေါ် ဒေသတွင်းနိုင်ငံများအနေဖြင့် ထိရောက်စွာ စုစည်းစီမံကြရမှာဖြစ်ကြောင်း၊ အဓိကအားဖြင့် လယ်ယာစီးပွားရေး ကဏ္ဍ၊ ချည်ထည်၊ မော်တော်ကား၊ အီလက်ထရောနစ်စသည့် ကဏ္ဍများတွင် အားနည်းချက်၊ စိန်ခေါ်မှုများရှိနေကြောင်း ပြောကြားခဲ့သည်။




စီးပွားရေးလုပ်ငန်းများအနေဖြင့် ဒစ်ဂျစ်တယ်ကူးပြောင်းမှုစသည့်ခေတ်မီနည်းပညာများနှင့် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်ဖို့လိုအပ်ကြောင်း၊ သို့မှသာ စီးပွားရေးလုပ်ငန်းများအနေဖြင့် စားသုံးသူများ၏ လိုလားချက်များအပေါ် မိမိထုတ်ကုန်၏ ဒီဇိုင်းအသွင်အပြင်ကို ဖန်တီးဖြည့်ဆည်းနိုင်မှာ ဖြစ်သကဲ့သို့ လိုအပ်သည့်ပမာဏကိုလည်း အချိန်ကိုက်ထုတ်လုပ်ပေးနိုင်မှာဖြစ်ကြောင်း၊ နောက်ဆုံးပေါ် ခေတ်မီနည်းပညာများကို ထည့်သွင်းပေါင်းစပ်ဆောင်ရွက်ကြဖို့ လိုအပ်မှာဖြစ်ကြောင်း၊ ထောက်ပံ့ပို့ဆောင်ရေး၊ လက်လီလက်ကားနှင့် စီးပွားရေးအကျိုးဆောင်၊ ဘဏ္ဍာရေးအကျိုးဆောင်လုပ်ငန်းများအနေဖြင့်လည်း အလားတူဖြစ်ကြောင်း၊ ဒေသတွင်း အစိုးရများအနေဖြင့် စုပေါင်းလုပ်ကိုင်ကြရန် တိုက်တွန်းခဲ့သည်။

CLMVT ဒေသတွင်း ကြွယ်ဝမှုများကို မျှဝေနိုင်ရေးအတွက် ပုဂ္ဂလိကအပိုင်း၊ ပညာရေးအပိုင်းမှ ပုဂ္ဂိုလ်များနှင့် အစိုးရအပိုင်းတို့မှ အဓိကဦးဆောင်ပါဝင်ဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ ယခုအထိ ပုဂ္ဂလိကအပိုင်းမှ စီးပွားရေးချဲ့ထွင်မှုနှင့် တီထွင်ဆန်းသစ်မှုများကို ဆောင်ရွက်နေကြောင်း၊ ၂၀၁၇ ခုနှစ်တွင် CLMVTဒေသ၏ GDPမှာ ၂၀၁၃ ခုနှစ်ကထက် ၅ ဒသမ ၁ ရာခိုင်နှုန်း ပိုမိုကြီးထွားလာကြောင်း၊ ပြည်ပကုန်သွယ်မှုအနေဖြင့် ပျမ်းမျှ ၄ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်လာကြောင်း၊ CLMVT နိုင်ငံများအကြား ကုန်သွယ်မှုမှာလည်း ၇ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုမှာလည်း ၁၅ ဒသမ ၇ ရာခိုင်နှုန်းအထိ တိုးတက်ခဲ့ကြောင်း သိရှိရသည်။ **Source:Bangkok Post**

**လွင်မျိုးဇော်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့။**

# စင်ကာပူနိုင်ငံရောက် နိုင်ငံခြားသား အလုပ်သမားများက စင်ကာပူ၏ စီးပွားရေးအပေါ် အထောက်အကူပြုလျက်ရှိ

၂၀၁၈ ခုနှစ်တွင် စင်ကာပူနိုင်ငံရှိနိုင်ငံခြားသား အလုပ်သမားများက စင်ကာပူ GDP ၏ ၂ ဒသမ ၄ ရာခိုင်နှုန်း သို့မဟုတ် စင်ကာပူ ဒေါ်လာ ၁၁ ဒသမ ၁၀ ဘီလီယံထိ စင်ကာပူ၏စီးပွားရေးအပေါ် ပံ့ပိုးပေးနိုင်ခဲ့ကြောင်း၊ နိုင်ငံခြားသားအလုပ်သမား ၂၅၀၀၀၀ ၏ ကိုယ်ရေးကိုယ်တာ အသုံးစရိတ်များနှင့် အမှန် လုပ်ခလစာစသည်တို့ကို ထည့်သွင်း၍တွက်ချက်ထားခြင်းဖြစ်ကြောင်း သတင်းအချက်အလက်ဝန်ဆောင်မှုကုမ္ပဏီ Experian နှင့် Hong Kong Charity Enrich တို့က ပူးပေါင်းပြုလုပ်ခဲ့သည့် လေ့လာမှု စာတမ်းတစ်ခုတွင် ဖော်ပြထားသည်။

လေ့လာတွေ့ရှိချက်အရ နိုင်ငံခြားသားအလုပ်သမားများမှ မိခင်နိုင်ငံများသို့ ငွေလွှဲပို့မှုများသည်လည်း မိခင်နိုင်ငံများ၏ စီးပွားရေးအပေါ် ထောက်ပံ့ပေးလျက်ရှိကြောင်း၊ ၂၀၁၈ ခုနှစ်တွင် စင်ကာပူ၌ အခြေချသည့် နိုင်ငံခြားလုပ်သားများက စင်ကာပူ ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံထိ ငွေလွှဲပို့ခဲ့ကြောင်း သိရှိရပါသည်။

ဤကဲ့သို့ စင်ကာပူ၏ စီးပွားရေးအပေါ် သက်ရောက်မှုရှိသည့် အချက်မှာ စင်ကာပူ အိမ်ထောင်စုဦးရေတွင် နိုင်ငံခြားလုပ်သားများ ပါဝင်မှုအချိုး မြင့်မားနေခြင်းကြောင့်ဖြစ်ကြောင်း၊ စင်ကာပူ အိမ်ထောင်စုငါးစုတွင် တစ်စုသည် နိုင်ငံခြားလုပ်သားတစ်ဦး ငှားရမ်းလျက်ရှိကြောင်း၊ စင်ကာပူရောက် နိုင်ငံခြားလုပ်သားများ၏ ၅၀ ရာခိုင်နှုန်းခန့်သည် သက်ကြီးရွယ်အိုများ ပြုစုစောင့်ရှောက်ရန်အတွက် ငှားရမ်းခြင်းခံကြရပြီး မလေးရှားတွင် ၃၄ ရာခိုင်နှုန်းနှင့် ဟောင်ကောင်တွင် ၄၀ ရာခိုင်နှုန်းသာရှိကြောင်း၊ စင်ကာပူ၏သက်ကြီးပိုင်းလူဦးရေသည် ၂၀၁၈ ခုနှစ်တွင် စုစုပေါင်းလူဦးရေ၏ ၁၃ ဒသမ ၇ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၃၀ ပြည့်နှစ်တွင် ၂၄ ရာခိုင်နှုန်းထိ မြင့်တက်လာမည်ဟု ခန့်မှန်းထားသည့်အတွက် သက်ကြီးရွယ်အိုပြုစု စောင့်ရှောက်မည့် နိုင်ငံခြားသားအလုပ်သမားများ လိုအပ်ချက်မှာ ဆက်လက်မြင့်တက်လာမည်ဟု ခန့်မှန်းထားကြောင်းနှင့် ၂၀၁၀ ခုနှစ်မှစ၍ စင်ကာပူနိုင်ငံ၏ နိုင်ငံခြားလုပ်သားများအပေါ် မှီခိုမှုသည် မလေးရှားနှင့် ဟောင်ကောင်တို့ထက်ပင် မြင့်မားနေကြောင်း သိရှိရသည်။

**Source : Yahoo news Singapore**

**မြတ်နိုး၊ စီးပွားရေးသံမှူး(စင်ကာပူ)**

# ပြည်ပဈေးကွက်များတွင် တရုတ်ကုမ္ပဏီများအတွက် အရည်အသွေးက အဓိကဖြစ်လာ

ယခုအခါ တရုတ်ကုမ္ပဏီအများအပြားမှာ ကမ္ဘာအနှံ့တွင် လုပ်ငန်းများ ပိုမိုတိုးချဲ့လာကြရာ ‘ဈေးပေါသည်’ဟူသည့် စကားရပ်အစား ‘အရည်အသွေး’ ဟူသော စကားရပ်က အစားထိုးနေရာယူလာကြောင်း မကြာသေးမီက ထုတ်ပြန်ခဲ့သော ကမ္ဘာတစ်ဝန်းမှ လုပ်သားများဦးစားပေးထားသည့် လူမှုကွန်ရက် Linkedin ၏ ထုတ်ပြန်ချက်အရ သိရှိရသည်။

၎င်းအစီရင်ခံစာမှာ တရုတ်ကုမ္ပဏီများမှ ဈေးကွက်ရှာဖွေသည့်တာဝန်ရှိပုဂ္ဂိုလ် ၆၀၀ ကျော်နှင့် နိုင်ငံပေါင်း ၁၈ နိုင်ငံရှိ စီးပွားရေးလုပ်ငန်းအချင်းချင်း ပူးပေါင်း လုပ်ကိုင်ရန် ဆုံးဖြတ်ချက်ချမှတ်သူ ၂၀၀၀ ကျော်တို့ထံမှ စစ်တမ်းကောက်ခံချက်အပေါ် အခြေခံထားခြင်းဖြစ်သည်။

စစ်တမ်းကောက်ယူခဲ့သော ဆုံးဖြတ်ချက်ချမှတ်သူများ၏ ၈၁ ရာခိုင်နှုန်းက တရုတ်ကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်ရန် စိတ်ပါဝင်စားမှုကိုပြသခဲ့ပြီး ၄၀ ရာခိုင်နှုန်းက တရုတ်ကုမ္ပဏီများနှင့် အလုပ် အတူတကွ လုပ်ကိုင်ဖူးသည့် အတွေ့အကြုံ ရှိကြသည်။

သို့ရာတွင် ၅ ရာခိုင်နှုန်းကသာ တရုတ်ကုမ္ပဏီများနှင့် ရေရှည် မိတ်ဖက်ပြု ပူးပေါင်းဆောင်ရွက်နေကြသည်။

Linkedin Greater China ၏ ဈေးကွက်အဖြေရှာသည့် အထွေထွေမန်နေဂျာ VianneCai က “နိုင်ငံရပ်ခြားမှ ဆုံးဖြတ်ချက် ချမှတ်သူများသည် လွန်ခဲ့သော ငါးနှစ်အတွင်း တရုတ်အမှတ်တံဆိပ်များ၏ အရည်အသွေးကို စတင်အသိအမှတ်ပြုလာခဲ့ကြကြောင်း၊ သို့ရာတွင် တရုတ်ကုမ္ပဏီများမှာ ပြည်ပဈေးကွက်တွင် ၎င်းတို့၏ ရောင်းချပြီးနောက်ပေးသည့် ဝန်ဆောင်မှုများကို တိုးတက်ဆောင်ရွက်ထားခြင်း မပြုရသေးဘဲ ဒေသခံဝန်ဆောင်မှုပေးသည့် အဖွဲ့များကိုလည်း တည်ထောင်ထားခြင်း မရှိသေးကြောင်း” မှတ်ချက်ပြုခဲ့သည်။

ဆီလီကွန်တောင်ကြားတွင် အခြေပြုသည့် နည်းပညာလုပ်ငန်းဖြစ်သည့် Linkedin အနေဖြင့် ၂၀၁၄ ခုနှစ်တွင် တရုတ်နိုင်ငံသို့ တရားဝင် ဝင်ရောက်လာကတည်းက ၎င်း၏ဝန်ဆောင်မှုကို အသုံးပြုသည့် တရုတ်လူမျိုးများမှာ ၁၀ ဆတိုးကာ ၄၇ သန်းအထိ ရှိလာကြောင်း တွေ့ရှိထားသည်။

**Source : Xinhua**

**ဒေါက်တာရွှေစင်ကို**
**စီးပွားရေးသံမှူး (နန်နင်းမြို့)**

**စာမျက်နှာ (၂၇) စုငွေလည်းတိုးပွား၊အာမခံ . . . မှအဆက်**

**ဝန်ထမ်းပြောင်းရွှေ့ခြင်း**

နိုင်ငံ့ဝန်ထမ်းသည် တာဝန်အရ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရသည်ဆိုပါက မြန်မာ့အာမခံလုပ်ငန်းသို့လာရောက် အကြောင်းကြားခြင်းဖြင့် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရသော သက်ဆိုင်ရာ တိုင်း/ပြည်နယ်/ခရိုင်/မြို့နယ်ရှိ မြန်မာ့အာမခံလုပ်ငန်းသို့ အကြောင်းကြားပေးမည်ဖြစ်သည်။ နောက်ဆုံးထုတ်လစာ (LPC)လက်မှတ်တွင်လည်း လစာမှ အသက်အာမခံအကြောင်းများရေးသွင်းပေးရာ ပေါ်လစီအမှတ်၊ လစဉ်ဖြတ်တောက်ပေးသွင်းရန်ငွေ၊ ပြောင်းရွှေ့သွားသော ဌာန၊ မြို့တွင် ဆက်လက်ဖြတ်တောက်ရန် ရေးသားဖော်ပြသွားမည်ဖြစ်သည်။

မြန်မာ့အာမခံလုပ်ငန်းမှ အာမခံအမျိုးမျိုးအား ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံ့ဝန်ထမ်း အသက်အာမခံ(ကာလတို)သည် နိုင်ငံ့ဝန်ထမ်းများအတွက် နစ်နာမှုမရှိသော အာမခံအမျိုးအစားဖြစ်သည်။ နိုင်ငံ့ဝန်ထမ်းအနေဖြင့် ဦးစွာ လစဉ်မိမိလစာငွေမှ ဖြတ်တောက်၍ အာမခံငွေသွင်းခြင်းအားဖြင့် ငွေစုဆောင်းသည့်အလေ့အထကိုရရှိပြီး မိမိ၏မိသားစုနောင်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေသည့် အာမခံဖြစ်ကြောင်းနှင့် နိုင်ငံစုငွေလည်းတိုးပွား၊ အာမခံအကာအကွယ်လည်း ရရှိစေမည့် နိုင်ငံ့ဝန်ထမ်း (အသက် အာမခံ)အား ဝန်ထမ်းများအနေဖြင့် မြန်မာ့အာမခံလုပ်ငန်းနှင့် ချိတ်ဆက်ဆောင်ရွက်သင့်ကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။

# အမေရိကန်နှင့် တရုတ် ကုန်သွယ်ရေးအားပြိုင်မှု ပြင်းထန်နေစဉ် အာဆီယံဒေသတွင်း ကုန်သွယ်မှုမှာ အရှိန်မြင့်တက်နေ

တစ်ကမ္ဘာလုံးက အမေရိကန်နှင့် တရုတ်၏ ကုန်သွယ်ရေးစစ်ပွဲကြီးအပေါ် အာရုံစူးစိုက်နေရသည့်ကာလ၊ ကမ္ဘာလုံးဆိုင်ရာစီးပွားရေးကျဆင်းမှု ဖြစ်ပေါ်နိုင်ခြေရှိနေသည့်ကာလတွင် အာဆီယံဒေသတွင်း ကုန်သွယ်မှုမှာ အတက်ဘက်လမ်းကြောင်းတွင် ရှိနေကြောင်း သိရှိရသည်။

အာဆီယံဒေသအတွင်း ကုန်စည်သွင်းကုန်အနေဖြင့် ၂၀၀၀ ခုနှစ်တွင် ၂၁ ဒသမ ၄ ရာခိုင်နှုန်း၊ ၂၀၀၅ ခုနှစ်တွင် ၂၄ ဒသမ ၅ ရာခိုင်နှုန်း၊ ၂၀၁၀ ခုနှစ်တွင် ၂၅ ရာခိုင်နှုန်းနှင့် ၂၀၁၇ ခုနှစ်တွင် ၂၂ ဒသမ ၃ ရာခိုင်နှုန်းစသည်ဖြင့် စာရင်းပေါ်ခဲ့သည်။

အင်အားကြီးနှစ်နိုင်ငံအကြား ကုန်သွယ်ရေးတင်းမာမှုကြောင့် ဖြစ်ပေါ်လာသော ကုန်သွယ်ရေးလမ်းကြောင်းပြောင်းလဲလာမှုများသည် အာရှနိုင်ငံအများစုအတွက် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများကို ဖန်တီးပေးလျက်ရှိကြောင်း သုတေသန စာတမ်းများက ထောက်ပြထားသည်။ ယင်းသို့ အခွင့်အလမ်းများရရှိနေသည့်နိုင်ငံများအနက် ဗီယက်နမ်နိုင်ငံသည် GDP ၏ ၇ ဒသမ ၉ ရာခိုင်နှုန်းဖြင့် အကျိုးခံစားမှုအများဆုံးနိုင်ငံအဖြစ် ရပ်တည်လျက်ရှိကြောင်း၊ ထိုင်ဝမ်က GDP ၏ ၂ ဒသမ ၁ ရာခိုင်နှုန်းဖြင့် ဒုတိယနေရာတွင် ရပ်တည်ခဲ့ပြီး၊ ၎င်းနောက်တွင် မလေးရှားက စတုတ္ထ၊ ဟောင်ကောင်က ဆဋ္ဌမ၊ တောင်ကိုရီးယားက အဋ္ဌမနှင့် စင်ကာပူက နဝမနေရာတို့တွင် အသီးသီး ရပ်တည်လျက်ရှိကြောင်း သိရှိရသည်။

**မြတ်နိုး၊ စီးပွားရေးသံမှူး(စင်ကာပူ)**

# ထိုင်းနိုင်ငံ၏ FTA နှင့် GSP အသုံးပြုမှု ပထမလေးလပတ်တွင် ၅ ရာခိုင်နှုန်းတိုးတက်



ထိုင်းနိုင်ငံ ပို့ကုန်တင်ပို့သူများအနေဖြင့် လွတ်လပ်သော ကုန်သွယ်မှုဒေသ Free Trade Area (FTA) နှင့် အကောက်ခွန်ဆိုင်ရာအထူး အခွင့်အရေးပေးသည့်စနစ် (GSP) စသည့် အခွင့်အရေးများကို အသုံးပြုခြင်းဖြင့် ၂၀၁၉ ခုနှစ် ပထမ လေးလပတ်အတွက် ထိုင်းပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၂၄ ဒသမ ၂၇ ဘီလီယံရှိခဲ့ပြီး ယခင်နှစ်အလားတူကာလထက် ငါးရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း သိရှိရသည်။

နိုင်ငံခြားကုန်သွယ်မှုဌာန၏ပြောကြားချက်အရ FTA အသုံးပြုမှုအနေဖြင့် အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၅၄ ဘီလီယံရှိခဲ့ပြီး ၂၀၁၈ ခုနှစ်ကထက် ၃ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ GSP အသုံးပြုမှုအနေဖြင့် တန်ဖိုးအမေရိကန်ဒေါ်လာ ၁ ဒသမ ၇၂ ဘီလီယံ ရှိပြီး ၂၂ ဒသမ ၂ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း သိရှိရသည်။ ထိုသို့ FTA နှင့် GSP အသုံးပြုမှုမှာ ဇန်နဝါရီလမှ ဧပြီလအထိ ပိုမိုအသုံးပြုခဲ့သော်လည်း ထိုင်းနိုင်ငံ၏စုစုပေါင်း ပို့ကုန်တင်ပို့မှုမှာ ယခင်နှစ်အလားတူ ကာလထက် ၁ ဒသမ ၉ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း သိရှိရသည်။

နိုင်ငံခြားကုန်သွယ်မှုဌာနညွှန်ကြားရေးမှူးချုပ် AdulChotinisakorn က ထိုင်း-အာဆီယံ FTA စုစုပေါင်းအသုံးပြုမှုမှာ ယခုနှစ်ပထမလေးလပတ်တွင်အမေရိကန်ဒေါ်လာ ၈ ဒသမ ၂၇ ဘီလီယံရှိကြောင်း၊ ထိုင်း-တရုတ်FTAအသုံးပြုမှုမှာ အမေရိကန်ဒေါ်လာ ၆ ဒသမ ၂၂ ဘီလီယံနှင့် ထိုင်း၊ ဩစတြေးလျ FTA အသုံးပြုမှုမှာ အမေရိကန် ဒေါ်လာ ၂ ဒသမ ၆၆ ဘီလီယံရှိကြောင်း၊ ထိုင်း-ဂျပန်နှင့် ထိုင်း-အိန္ဒိယ FTA အသုံးပြုမှုမှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၅၇ ဘီလီယံနှင့် အမေရိကန် ဒေါ်လာ ၁ ဒသမ ၅၃ ဘီလီယံအသီးသီးရှိကြောင်း သိရှိရသည်။

ထိုင်း-ပီရူး FTAအသုံးပြုမှုမှာ အများဆုံးဖြစ်ပြီး ၃၅ ဒသမ ၄ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း၊ ထိုင်း-တရုတ် FTAအသုံးပြုမှု မှာ ၁၆ ဒသမ ၁ ရာခိုင်နှုန်းတိုးတက်ခဲ့ပြီး၊ အိန္ဒိယနှင့် FTA အသုံးပြုမှု ၈ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း သိရှိရသည်။ FTA အများဆုံးအသုံးပြုသည့် ကုန်ပစ္စည်းအမည်များမှာ ထရပ်ကားများ၊ သဘာဝရော်ဘာ၊ ရော်ဘာတုထုတ်ကုန်ပစ္စည်းများ၊ သကြား၊ လတ်ဆတ်သော ဒူးရင်းသီးများ၊ လတ်ဆတ် သရက်သီးများနှင့် သရက်သီးခြောက်များတို့ ဖြစ်ကြောင်း သိရှိရသည်။

ထိုင်းနိုင်ငံအနေဖြင့် နိုင်ငံပေါင်း ၁၃ နိုင်ငံနှင့် FTA ချုပ်ဆို ဆောင်ရွက်လျက်ရှိပြီး ဟောင်ကောင်လည်းပါဝင်ကြောင်း၊ ဟောင်ကောင်နှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သဘောတူညီချက်မှာ ဇွန် ၁၁ ရက်တွင် စတင်အသက်ဝင်မှာဖြစ်ကြောင်း သိရှိရသည်။ ထိုင်းနိုင်ငံအနေဖြင့် အမေရိကန်၊ ဆွစ်ဇာလန်၊ ရုရှားနှင့် နော်ဝေနိုင်ငံလေးနိုင်ငံမှ GSP အခွင့်အရေးများ ရရှိထားကြောင်း၊ GS P အသုံးပြုမှုအနေဖြင့် ဇန်နဝါရီလမှ ဧပြီလအထိ အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၂ ဘီလီယံရှိပြီး ၂၂ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ အမေရိကန် GSPမှာ စုစုပေါင်း GSP အသုံးပြုမှုတန်ဖိုး၏ ၉၂ ရာခိုင်နှုန်းရှိကြောင်း၊ ပထမ လေးလပတ် အတွက် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၉ ဘီလီယံရှိကြောင်း၊ ယမန်နှစ် ကာလတူထက် ၁၇ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ အဓိက GSPအသုံးပြုသည့်ကုန်ပစ္စည်းများမှာ လေအေးပေးစက် အစိတ်အပိုင်းများ၊ ရော်ဘာလက်အိတ်များ၊ စားသောက်ကုန်များ၊ မော်တော်ဆိုင်ကယ်များနှင့် မျက်မှန်များဖြစ်ကြောင်း သိရှိရသည်။ ဂျပန်နိုင်ငံအနေဖြင့် ထိုင်း GSPကို မတ် ၃၁ ရက်က ပြန်လည်ရုပ်သိမ်းခဲ့ကြောင်း၊ အမေရိကန်ကလည်း အိန္ဒိယ GSP ကို ဇွန် ၅ ရက်က ပြန်လည်ရုပ်သိမ်းခဲ့ကြောင်း သိရှိရသည်။

နိုင်ငံခြားကုန်သွယ်မှုဌာန ညွှန်ကြားရေးမှူးချုပ်က ထိုင်းပို့ကုန်တင်ပို့သူများအနေဖြင့် ကျောက်မျက်ထုတ်ကုန်ပစ္စည်းများ၊ လက်ကိုင်အိတ်များ၊ သားရေထည်ပစ္စည်းများ၊ လက်ဆွဲခြင်းများ၊ ပိုလီမာနှင့် ပလတ်စတစ်ထုတ်ကုန်ပစ္စည်းများကို အမေရိကန်ဈေးကွက်သို့ အစားထိုးတင်ပို့နိုင်ရေး အခွင့်အလမ်းကို အမိအရ ဆုပ်ကိုင်အသုံးချသင့်ကြောင်း၊ သို့ရာတွင် ထိုင်းနိုင်ငံအနေဖြင့် ထိုင်းနိုင်ငံသုံးဘတ်ငွေတန်ဖိုးတက်မှု၊ အမေရိကန်-တရုတ် ကုန်သွယ်ရေးတင်းမာမှုနှင့် ကမ္ဘာ့ကုန်သွယ်ရေးနှေးကွေးမှု စသည့်အချက်များက ထိုင်းနိုင်ငံ၏ FTA နှင့် GSP အခွင့်အရေးများ အသုံးချနိုင်မှုကို ကျဆင်းစေခဲ့ကြောင်း ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံ နိုင်ငံခြားကုန်သွယ်မှုဌာနအနေဖြင့် ယမန်နှစ်က FTA နှင့် GSP အသုံးပြုမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၇၄ ဘီလီယံ ရှိခဲ့သော်လည်း ယခုနှစ်အတွက် FTA နှင့် GSP အခွင့်အရေးများ အပေါ် အသုံးပြုမှု ကိုးရာခိုင်နှုန်း တိုးတက်လာစေရန်နှင့် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၈၁ ဒသမ ၀၂ ဘီလီယံရရှိစေရေးအတွက် ရည်မှန်းချက် (Target) ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

သို့ဖြစ်ရာ မိမိတို့နိုင်ငံအနေဖြင့် ဩစတြေးလျ၊ ဘီလာရုစ်၊ ကနေဒါ၊ အိုက်စလန်၊ ဂျပန်၊ နော်ဝေ၊ ရုရှား၊ ဆွစ်ဇာလန်၊ တူရကီ၊ ကာဇက်စတန်၊ နယူးဇီလန်စသည့် နိုင်ငံ ၁၂ နိုင်ငံနှင့် အီးယူ ၂၈ နိုင်ငံတို့မှ GSP အခွင့်အရေးများ ရရှိထားပြီးဖြစ်သကဲ့သို့ အာဆီယံFTA၊ အာဆီယံ(+)FTA များတွင်လည်း ပါဝင် ဆောင်ရွက်လျက်ရှိရာ၊ FTA တစ်ခုချင်းအလိုက်၊ GSP တစ်ခုချင်းအလိုက်၊ တစ်နိုင်ငံချင်းအလိုက်၊ ကုန်ပစ္စည်းတစ်မယ်ချင်းအလိုက်အပေါ် ဈေးကွက်ဝယ်လိုအားလည်းရှိပြီး အလားအလာအရှိဆုံးနှင့် အကျိုးအမြတ်အများဆုံး ရရှိတင်ပို့နိုင်မည့် ပို့ကုန်အမည်များအား သက်ဆိုင်ရာဌာနများ၊ ပို့ကုန် SupplyChain တစ်လျှောက်ပါဝင်သူအားလုံးနှင့် ဆွေးနွေးညှိနှိုင်းတိုင်ပင်ကာ၊ လအလိုက်၊ နှစ်အလိုက် တိုးမြှင့်တင်ပို့နိုင်မည့်ပို့ကုန် တစ်မယ်ချင်းအပေါ် တစ်နိုင်ငံချင်းအလိုက် တန်ချိန်၊ တန်ဖိုးမည်မျှ ပို့မည်။ ယမန်နှစ်က ထက်ရာခိုင်နှုန်းမည်မျှ ပို့ကုန်တိုးတက်အောင် တင်ပို့မည်ဆိုသည်ကို ရည်မှန်းချက် (Target) တိတိကျကျချမှတ် ဆောင်ရွက်သွားမည်။ လအလိုက်နှင့် လေးလပတ်အလိုက်ပြန်လည် စိစစ်သုံးသပ်ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သွားမည်ဆိုပါကပို့ကုန် အမှန်တကယ် မြှင့်တင်နိုင်မည်ဖြစ်သကဲ့သို့ ပို့ကုန် SupplyChain တစ်လျှောက် ပါဝင်ပတ်သက်သူအားလုံး ပိုမိုအကျိုးရှိစေမည်ဖြစ်ကြောင်း၊ နိဂုံးချုပ်အနေဖြင့် မိမိတို့ပါဝင်ဆောင်ရွက်နေသောFTA များနှင့် မိမိတို့ရရှိထားသော GSP အခွင့်အရေးများကို ထိထိရောက်ရောက် ပိုင်ပိုင်နိုင်နိုင် အသုံးပြုဆောင်ရွက်ရင်း ပြည်ပပို့ကုန်မြှင့်တင်သင့်ကြောင်း တင်ပြလိုက်ပါသည်။

**Source:Bangkok Post**

**လွင်မျိုးဇော်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ဗန်ကောက်မြို့**

# ကုန်ပစ္စည်းအမျိုးအစားခွဲခြားမှု ကြိုတင်သတ်မှတ်ခြင်း လျှောက်ထားမှုစနစ်အား ပြဌာန်းသတ်မှတ်

ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေး သဘောတူညီချက် (Trade Facili-tationAgreement–TFA) သည် ၂၀၁၃ ခုနှစ် ဒီဇင်ဘာတွင် အင်ဒိုနီးရှားနိုင်ငံ၊ ဘာလီမြို့၌ ကျင်းပခဲ့သည့် (၉) ကြိမ်မြောက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝန်ကြီးများအဆင့် ညီလာခံတွင် အဖွဲ့ဝင်နိုင်ငံများအားလုံး၏ တူညီဆန္ဒဖြင့် စတင်ဆောင်ရွက်ခဲ့သော သဘောတူညီချက်တစ်ခုဖြစ်ပြီး ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံများ၏ သုံးပုံနှစ်ပုံ အတည်ပြုမှုဖြင့် ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်တွင် စတင်အသက်ဝင်ခဲ့သည်။ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် အဆိုပါ သဘောတူညီချက်ပါ လုပ်ငန်းအစီအမံများကို အကောင်အထည်ဖော်ဆောင်ရွက်ရမည့် အချိန်ကာလလိုအပ်ချက်နှင့် နည်းပညာနှင့် ငွေကြေး အထောက်အပံ့ လိုအပ်ချက်အရ Category အမျိုးအစားများ သုံးမျိုး သတ်မှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ရသည်။ မြန်မာနိုင်ငံအနေဖြင့် Category A အောက်တွင် လုပ်ငန်းစဉ်သုံးခု၊ Category B အောက်တွင် လုပ်ငန်းစဉ်ခြောက်ခုနှင့် Category C အောက်တွင် လုပ်ငန်းစဉ် ၃၁ ခု ထားရှိသည်။ ကုန်ပစ္စည်းအမျိုးအစားခွဲခြားမှု ကြိုတင်သတ်မှတ်ခြင်း (Advanced Ruling) သည် ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေး သဘောတူညီချက် (Trade Facili-tation Agreement – TFA) ၏ Article (3) အဖြစ်ပါရှိပြီး မြန်မာနိုင်ငံအနေဖြင့် Category (C) တွင် သတ်မှတ်ထားသော လုပ်ငန်းစဉ်တစ်ခုဖြစ်သည်။

ကုန်သွယ်မှုပြုလုပ်ရာတွင် လွယ်ကူချောမွေ့စေရန် ပို့ကုန်၊ သွင်းကုန် လုပ်ငန်းရှင်များအနေဖြင့် ၎င်းတို့ တင်ပို့/တင်သွင်းမည့် ကုန်ပစ္စည်းဆိုင်ရာ အချက်အလက်များနှင့် အထောက်အထား စာရွက်စာတမ်းများကို ကုန်ပစ္စည်းအမျိုးအစားခွဲခြားမှု ကြိုတင်သတ်မှတ်ခြင်း လျှောက်လွှာတွင် ဖြည့်စွက်ပြီး တင်ပို့မည့်နိုင်ငံ အကောက်ခွန်ဌာနသို့ ကြိုတင်ပေးပို့လျှောက်ထားရသည့် စနစ်တစ်ခု ဖြစ်သည်။

Advanced Ruling ခွင့်ပြုချက်စာကို ကိုင်ဆောင်ထားသော လုပ်ငန်းရှင်များအနေဖြင့် ကုန်တင်ပို့ခြင်း၊ ကုန်တင်သွင်းခြင်းပြု လုပ်သည့်အချိန်တွင် တရားဝင်အာမခံချက် (Legal Guarantee) ကို ရရှိမည်ဖြစ်သည်။ လုပ်ငန်းရှင်များသည် Advanced Ruling ကို အသုံးပြုခြင်းအားဖြင့် ကုန်တင်ပို့ခြင်း၊ ကုန်တင်သွင်းခြင်းပြုလုပ်ရာတွင် ၎င်းတို့၏ကုန်ပစ္စည်းများ သင်္ဘောဆိပ်ကမ်း ဆိုက်ရောက်ချိန်၌ ကုန်စည်ရှင်းလင်းမှု ကိစ္စရပ်များ ဆောင်ရွက်ရာတွင် လွယ်ကူချောမွေ့စေမည်ဖြစ်ပြီး အကျိုးဆက်အားဖြင့် ကုန်စည်များထုတ်ယူမှုကို မြန်ဆန်စေမည့် အကျိုးကျေးဇူးများကို ခံစားရမည်ဖြစ်သည်။

ကုန်ပစ္စည်းအမျိုးအစားခွဲခြားမှု ကြိုတင်သတ်မှတ်ခြင်းကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး သဘောတူညီချက် Aritcle (3) တွင် အကျယ်တဝင့် ဖော်ပြထားသည်။ အဆိုပါသဘောတူညီချက်၏ Article (3.1) အရ အဖွဲ့ဝင်တိုင်းသည် ကုန်ပစ္စည်းအမျိုးအစား ခွဲခြားမှုကြိုတင်သတ်မှတ်ခြင်းကို လျှောက်ထားသူ (ကုန်တင်ပို့သူ/ ကုန်တင်သွင်းသူ) များထံသို့ ကျိုးကြောင်း ဆီလျော်သောအချိန်သတ်မှတ်ချက်တွင် ထုတ်ပြန်ပေးသင့်ကြောင်း၊ Article (3.6) အရ အဖွဲ့ဝင်တိုင်းသည် 'ကုန်ပစ္စည်း အမျိုးအစားခွဲခြားမှုကြိုတင်သတ်မှတ်ခြင်း' လျှောက်လွှာအတွက် လိုအပ်သောအချက်အလက်များ၊ လျှောက်လွှာထုတ်ပြန်သည့် အချိန်ကာလနှင့်ယင်း လျှောက်လွှာအသက်ဝင်သည့် အချိန်ကာလသတ်မှတ်ချက်များကို ထုတ်ပြန်သင့်ကြောင်း ဖော်ပြထားသည်။

မြန်မာနိုင်ငံတွင် ကုန်ပစ္စည်းအမျိုးအစားခွဲခြားမှု ကြိုတင် သတ်မှတ်ခြင်းကို ၂၀၁၆ ခုနှစ်တွင် စတင်ကျင့်သုံးခဲ့ပြီး ကုန်ပစ္စည်း အမျိုးအစားခွဲခြားမှုကြိုတင်သတ်မှတ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ၁၄-၁၀-၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၅၀/ ၂၀၁၆ ဖြင့် ထုတ်ပြန်ခဲ့သည်။

ယခုအခါ ကုန်ပစ္စည်းအမျိုးအစားခွဲခြားမှု ကြိုတင်သတ်မှတ်ခြင်း လျှောက်ထားလာမှု (Advanced Ruling on Classification) ကို တစ်စောင်လျှင် ကျပ် ၅၀၀၀၀ (ကျပ်ငါးသောင်းတိတိ) နှုန်းဖြင့် ကောက်ခံသွားမည်ဖြစ်ကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဌာနက ၂၀၁၉ ခုနှစ် ဧပြီ ၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၀/ ၂၀၁၉ ဖြင့် ထုတ်ပြန်ခဲ့ကြောင်း တွေ့ရှိရသည်။

မြန်မာနိုင်ငံ၏ ကုန်ပစ္စည်းအမျိုးအစားခွဲခြားမှု ကြိုတင်သတ်မှတ်ခြင်း လျှောက်လွှာပုံစံတွင် လျှောက်ထားသူများအနေဖြင့် လျှောက်ထားသူ၏ အချက်အလက်များ၊ အထောက်အထား စာရွက်စာရွက်များနှင့် ကုန်ပစ္စည်းဆိုင်ရာ အချက်အလက်များကို ပြည့်စုံစွာ ဖြည့်စွက်ပြီး အကောက်ခွန်ဦးစီးဌာနသို့ လျှောက်ထားရမည်ဖြစ်ကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရသည်။ အဆိုပါ လျှောက်လွှာသည် ရက်ပေါင်း ၁၈၀ အတွင်းသာ အကျုံးဝင်မည်ဖြစ်ပြီး အဆိုပါ လျှောက်လွှာအပြည့်အစုံကို အကောက်ခွန်ဦးစီးဌာနတွင် ရရှိနိုင်ကြောင်း သိရှိရသည်။

**လွင်ကိုကိုမောင် (WTO ဌာနခွဲ)**

# Telco Speed
Communications

Transporting Technology




Fiber Access နှင့် ပတ်သက်သော ပစ္စည်းများလည်း ရရှိနိုင်ပါသည်။ Installation Work အားလုံးကိုလည်း ကောင်းမွန်သေချာ မျိုးသေချာစေရန် နည်းများဖြင့် မြန်ဆန်ထိရောက်စွာ လုပ်ဆောင်ပေးနေပါပြီ။




Head Office - No.94, Baho Road, 2 Quarter, Mayangone Township, Yangon.
Branch - No.88/3-13, 58 st , Between B st;& Anawyabtar St; Kan Tar Yar Quarter, Mandalay.
Tel - 09 776899300, 09 256139673
Email - sales.telcospeed@gamil.com, www.telcospeed.com

# BINGSHAN



ရေခဲစက် နှင့် အအေးခန်းစက်ပစ္စည်းအရောင်းဆိုင်

**Yeu Horng Trading Co., Ltd.**

Add: J/8 Ahthawka St, Bayint Naung, Mayangone Township, Yangon, Myanmar.
Tel: 0095-1-681954, 680131 HP: 0095-9-5134908
Email: yeuhorng.bingshan@gmail.com
Http: //www.bingshan.com

# KTD ခိုင်သမာဓိလီမိတက်

AUTO PARTS



ထုတ်လုပ်သော စက်ရုံမှ တိုက်ရိုက်မှာယူ ဖြန့်ဖြူးရောင်းချပေးနေပါသည်။

**Auto Body Spare Specialist**

- နောက်ကြည့်မှန်
- နင်းခွဲမီး
- အရှေ့ဘောနက်
- ရွံ့ကာ
- ဘမ်ပါ
- ရှဲ
- အနောက်မီး
- ဘေးပါးခြမ်း
- အဲကွန်းရေတိုင်ကီ
- တံခါးလက်ကိုင်
- ဘမ်ပါကလစ်
- အရှေ့မီးကြီး



01545786 • 09450440999

တိုက်(၃)၊ အခန်း(၀၀၁)၊ ကျိုက္ကဆံအိမ်ရာ၊ ကျိုက္ကဆံလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

# HSL HTOO SHWE LINN COMPANY LIMITED.
*Export & Import*

**HSL-Logistics & Container Yard.**

**Asean Myawaddy Group Service Agency.**








*No. 88, Ward-5, Hsin Thiri Street, Myawaddy Township, Kayin State.*

Mya Tel: 09 794000013, 09 5670371, Viber 09 794000013
Thai Tel: +66 882911733, +66 816882354, Line: 088 2911733
Email: hsl.mwd@gmail.com/ makhaing9669@gmail.com
www.htooshwelinn.com

MADE IN ITALY

PEDROLLO®

... the spring of life

အီတလီနိုင်ငံထုတ်ရေစုပ်စက်အမျိုးမျိုး



**Uni Trade Yangon Limited**

Sales/Service Center Yangon-01-653330,653448,296778,385402 Naypyitaw-067-22842,21505 Mandalay-02-30649,32431,73011

Fax-01-663524 Email: uamutm@myanmar.com.mm



ShinShin®

*Instant Rice Noodle and Vermicelli*




GOOD MANUFACTURING PRACTICE (GMP) CERTIFIED

No. 69, Twin Thin Ahtwinwun U Tun Nyo Road, Hlaing Tharyar, Industry Zone 2, Yangon, Myanmar.

Tel : (951) 684780, 684724

Email : shinshinsales@chochoco.biz

www.shinshinfood.com

www.facebook.com/shinshin.mm



YumYum®

ယမ်ယမ်



Halal Certified

ISO 9001:2015 HACCP & GMP

No.(197,198,199), 10th Street, Yangon Industrial Park, Mingalardon Township,Yangon Region, Myanmar.

Customer Service Hotline : 09 863 5247

E-mail : yumyumsales@chochoco.biz

www.yumyummyanmar.com

www.facebook.com/yumyummyanmar

# COMMERCE INTERNATIONAL

# စင်ကာပူတွင် ဒစ်ဂျစ်တယ်ဘဏ်ငါးခုကို လိုင်စင်ချပေးမည်




ဘဏ်လုပ်ငန်းမဟုတ်သူများပါ ပါဝင်လုပ်ကိုင်နိုင်ရန်အတွက် ဒစ်ဂျစ်တယ်ဘဏ်လုပ်ငန်းလိုင်စင်ငါးခုကို ချထားပေးမည်ဟု စင်ကာပူ ငွေကြေးအာဏာပိုင်အဖွဲ့ Monetary Authority of Singapore (MAS) က ဇွန် ၂၈ ရက်တွင်ပြောကြောင်းချန်နယ်နယူးအေးရှသတင်းတွင် ဖော်ပြသည်။ စင်ကာပူနိုင်ငံသည် အင်တာနက်ဘဏ်လုပ်ငန်းမူဘောင်ကို ၂၀၀၀ ပြည့်နှစ်တွင် ချမှတ်ခဲ့သည်။ ထိုမူဘောင်အရ ဆောင်ရွက်နေသော စင်ကာပူဘဏ်လုပ်ငန်း အုပ်စုများက ထူထောင်ထားသော ဘဏ်များကို ချပေးခြင်းဖြစ်သည်။

'ဘဏ်လုပ်ငန်း လိုင်စင်သစ်တွေကို ချပေးတာဟာ စင်ကာပူဘဏ်လုပ်ငန်းရဲ့ ဖြေလျှော့မှုခရီးစဉ်မှာ အခန်းကဏ္ဍသစ်ကို ဖွင့်ပေးလိုက်တာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ပေးလိုက်တဲ့အတွက် စင်ကာပူဘဏ်လုပ်ငန်းကဏ္ဍက ဒူပေနာပေခံနိုင်တယ်၊ ယှဉ်ပြိုင်နိုင်တဲ့စွမ်းရည်ရှိတယ်၊ အားမာန်အပြည့်ရှိတယ်ဆိုတာကို ပြသတာဖြစ်ပါတယ်'ဟု စင်ကာပူဘဏ်လုပ်ငန်းအသင်း၏ (၄၆)နှစ်မြောက် နှစ်ပတ်လည် ညစာစားပွဲမှာ MAS ဥက္ကဋ္ဌ သာမန်းရှန်မူရက်တနန်ကပြောသည်။

လိုင်စင်သစ်များတွင် ဒစ်ဂျစ်တယ်အပြည့်အဝ ဘဏ်အဖြစ် ဆောင်ရွက်ခွင့်လိုင်စင်နှစ်ခုပါဝင်ပြီး ထိုဘဏ်များအား ဘဏ္ဍာရေးလုပ်ငန်းနယ်ပယ် ကျယ်ကျယ်ပြန့်ပြန့်လုပ်ကိုင်ခွင့်နှင့် လက်လီဖောက်သည်များထံမှ အပ်ငွေများကို လက်ခံခွင့်ပြုထားသည်။

လက်ကား ဒစ်ဂျစ်တယ်ဘဏ်လိုင်စင်ထုတ်ပေးသော ဘဏ်မှာ သုံးခုဖြစ်သည်။ ထိုဘဏ်များအား အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများနှင့် အခြားလက်လီမဟုတ်သော အစိတ်အပိုင်းများအား ဝန်ဆောင်မှုပေးရန် ခွင့်ပြုထားသည်။

စင်ကာပူတွင် ရုံးချုပ်ဖွင့်ထားသောကုမ္ပဏီများနှင့် စင်ကာပူနိုင်ငံသားတို့ကချုပ်ကိုင်ထားသောကုမ္ပဏီများသည် ဒစ်ဂျစ်တယ်စနစ်ဖြင့် အပြည့်အဝ ဆောင်ရွက်သော ဘဏ်လိုင်စင်ကို လျှောက်ထားနိုင်သည်။

## ဗီယက်နမ် လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် ပြင်းထန်သော ယှဉ်ပြိုင်မှုများနှင့် ရင်ဆိုင်ရဖွယ်ရှိ

စတင် အကောင်အထည်ဖော်တော့မည့် နှစ်နိုင်ငံသဘောတူစာချုပ်အရဥရောပသမဂ္ဂ(အီးယူ) မှ သွင်းကုန်များ၏ ပြင်းထန်သော ယှဉ်ပြိုင်မှုနှင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများ ရင်ဆိုင်ရဖွယ်ရှိကြောင်း ဗီယက်နမ်နယူးအေဂျင်စီသတင်းတွင်ဖော်ပြသည်။

အီးယူ-ဗီယက်နမ် လွတ်လပ်စွာကုန်သွယ်မှုသဘောတူစာချုပ်(EVFTA) နှင့် အီးယူ-ဗီယက်နမ် ရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ် (EVIPA) များကို ဇွန် ၃၀ ရက်တွင် လက်မှတ်ရေးထိုးရန် စီစဉ်ထားသည်။

နှစ်နိုင်ငံ သဘောတူစာချုပ်များက ဗီယက်နမ်လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအပေါ် သို့ဂယက်ရိုက်ခတ်လာမည်ကို လေ့လာနိုင်ရန် ကွန်ဖရင့်တစ်ရပ်ကို ဇွန် ၂၆ ရက်က ဟနွိုင်းမြို့တွင် ကျင်းခဲ့ရာ ထိုကွန်ဖရင့်၌ စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီး ထရန်တူအမ်အန်းက ယ ခုကဲ့သို့ ပြောခဲ့ခြင်းဖြစ်သည်။ပိုမိုဖွံ့ဖြိုးပြီးဖြစ်တဲ့ နိုင်ငံများမှ သွင်းကုန်များ၏ ယှဉ်ပြိုင်မှု တိုးတက်လာသည့်အတွက် ပေါင်းစည်းမှုက လုံးလုံးကြီး ပွင့်လင်းစည်ပင်မှုရှိမလာနိုင်ကြောင်း အန်းကပြောသည်။

'ယှဉ်ပြိုင်မှုဖိအားက ဝက်မွေးမြူရေးနဲ့ ကြံစိုက်ပျိုးရေးလို တချို့ကဏ္ဍတွေမှာ လုပ်ငန်းကျဆင်းတာတွေဖြစ်စေနိုင်ပါတယ်'ဟု အန်းကပြောသည်။

လယ်ယာစိုက်ပျိုးရေး ထုတ်ကုန်များသည် ကုန်များကိုငြင်းပယ်၍ ပြန်လည်တင်ပို့ခြင်း၊ ပို့ကုန်အခွင့်အရေးများဆုံးရှုံးခြင်း၊ သန့်ရှင်းရေးနှင့် ရောဂါကင်းစင်ရေး အကြောင်းပြချက်ဖြင့် အကြိမ်ကြိမ် စစ်ဆေးခံရခြင်း စသည့် ပြဿနာများနှင့် ရင်ဆိုင်တွေ့ကြုံနိုင်ဖွယ်ရှိကြောင်းနှင့် ဂျပန်နှင့်အီးယူနိုင်ငံများရှိ ဈေးကွက်များမှ နည်းပညာအတားအဆီးများနှင့် ကြုံတွေ့နိုင်ဖွယ်ရှိကြောင်း ၎င်းကပြောသည်။



## တောင်ကိုရီးယားနှင့် အာဆီယံတို့ သိပ္ပံပညာပူးပေါင်းဆောင်ရွက်ရေး ဗဟိုဌာနဖွင့်မည်

ပညာရပ်ဖလှယ်ရန်နှင့် မူဝါဒမျှဝေရန်အတွက် သိပ္ပံပညာနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေး ဗဟိုဌာနတစ်ခုတည်ထောင်ရန် တောင်ကိုရီးယားနှင့် အာဆီယံအဖွဲ့တို့ သဘောတူညီခဲ့ကြသည်ဟု တောင်ကိုရီးယားသိပ္ပံပညာနှင့် အိုင်စီတီဝန်ကြီးဌာနက ဇွန် ၂၈ ရက်ကပြောကြောင်း ကိုရီးယားဟာရယ်သတင်းတွင်ဖော်ပြသည်။

အင်ဒိုနီးရှားနိုင်ငံ၌ကျင်းပသော ကိုရီးယားအာဆီယံ သိပ္ပံနှင့် နည်းပညာပူးတွဲကော်မတီ၏ လေးကြိမ်မြောက်အစည်းအဝေးတွင် သဘောတူညီချက်ကိုရရှိခဲ့ခြင်းဖြစ်သည်။ နှစ်နှစ်တစ်ကြိမ်ကျင်းပသော ဤအခမ်းအနားသို့ အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံမှ သိပ္ပံနှင့်နည်းပညာမူဝါဒရေးရာကို ဦးဆောင်သူဦးရေ ၃၀ ခန့် တက်ရောက်ခဲ့သည်။

သိပ္ပံနှင့်နည်းပညာဗဟိုဌာန တည်ထောင်ခြင်းနှင့်အတူ ပညာရေးအစီအစဉ်တစ်ခုကို တည်ထောင်ရန်နှင့် သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ထူးချွန်သူသိပ္ပံပညာရှင်များနှင့် နည်းပညာကျွမ်းကျင်သူတို့အား ဆုများချီးမြှင့်ပေးရန်လည်း သဘောတူခဲ့ကြသည်။ နိုင်ငံ၏ တောင်ပိုင်းဒေသဆိုင်ရာမူဝါဒသစ်အရ ကုန်သွယ်မှုကိုဖြန့်ခွဲဆောင်ရွက်ရန်နှင့် စီးပွားရေးတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရန်ကြိုးပမ်းနေချိန်တွင် အာဆီယံနှင့်ဆက်ဆံရေးကိုမြှင့်တင်ရန် တောင်ကိုရီးယားအစိုးရက ကြိုးပမ်းဆောင်ရွက်နေချိန်တွင် ယခုဆောင်ရွက်မှုပေါ်လာခြင်းဖြစ်သည်။



## မုတ်သုံမိုး အားနည်းမှုကြောင့် သီးနှံစိုက်ပျိုးမှုအတွက် အိန္ဒိယစိုးရိမ်

အိန္ဒိယနိုင်ငံ၏ မုတ်သုံမိုးရွာသွန်းမှုသည် ပျမ်းမျှရွာသွန်းမှုအောက်သို့ သီတင်းလေးပတ်ဆက်တိုက် ကျဆင်းခဲ့ကြောင်း ရိုက်တာသတင်းတွင်ဖော်ပြသည်။ ဇွန် ၂၆ ရက်တွင် ကုန်ဆုံးခဲ့သောသီတင်းပတ်အတွင်း အိန္ဒိယနိုင်ငံ အလယ်ပိုင်းနှင့် အနောက်ပိုင်းဒေသတို့တွင် မိုးအနည်းငယ်သာ ရွာသွန်းခဲ့သည့်အတွက် အဓိသီးနှံများစိုက်ပျိုးထုတ်လုပ်မှုနှင့် အိန္ဒိယစီးပွားရေးတစ်ခုလုံးအတွက် စိုးရိမ်မှုများမြင့်တက်လျက်ရှိသည်။

မုတ်သုံမိုးသည် အိန္ဒိယနိုင်ငံလယ်ယာကဏ္ဍ ထုတ်လုပ်မှုနှင့် နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသော အခန်းကဏ္ဍမှပါဝင်လျက်ရှိသည်။ အိန္ဒိယနိုင်ငံ စိုက်ပျိုးနိုင်သောမြေ၏ ၅၅ ရာခိုင်နှုန်းသည် မိုးရေသောက်ဧရိယာများဖြစ်ပြီး အာရှတွင် တတိယအကြီးမားဆုံးဖြစ်ပြီး အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ ထရီလီယံတန်ဖိုးရှိသော အိန္ဒိယနိုင်ငံစီးပွားရေးတွင် လယ်ယာစိုက်ပျိုးရေးကဏ္ဍ၏ ပါဝင်မှုက ၁၅ ရာခိုင်နှုန်းရှိသည်။

အိန္ဒိယနိုင်ငံစီးပွားရေးမှာ ယခုနှစ် ဇန်နဝါရီမှ မတ်လ သုံးလအထိ လေးနှစ်ခန့် တိုးတက်မှုနှုန်းမှာ အနှေးကွေးဆုံးဖြစ်ခဲ့သည်။ ထို့ကြောင့် မုတ်သုံမိုးကျဆင်းသည့်အတွက် ထူးထူးခြားခြားမထိခိုက်နိုင်ဟု ခန့်မှန်းထားသည်။

လာမည့်သီတင်းပတ် နှစ်ပတ်သုံးပတ်အတွင်း မိုးရွာသွန်းမှုတိုးတက်မလာပါက အိန္ဒိယနိုင်ငံ၏သီးနှံ စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသ၏ ဝယ်လိုအားတွင် အကျပ်အတည်းဖြစ်ပေါ်နိုင်သည်။ လယ်သမားများအား လယ်ထွန်စက်မှအစပြု၍ ခေတ်မြေဩဇာ၊ လူသုံးကုန် အဓိကကုန်ပစ္စည်းအမျိုးမျိုးကို ရောင်းချနေသော ကုမ္ပဏီများတွင် ထိခိုက်မှုအများဆုံးဖြစ်နိုင်သည်။

**Don't use plastic and Be fantastic**

**ပတ်ဝန်းကျင် သာယာလှပစေရေး**
**ပလတ်စတစ်သုံးစွဲမှုကို ဆန့်ကျင်ပေး။**